www.burmeseclassic.com

လေးမောင်

မဂ္ဂဇင်း

ယုမိုက်တို့ရှုံးသွားရာလမ်း

ခေတ်သစ်သောနတ္ထိရ

သစ်ဆေးဝါးတိုက်ဖွက်ရေးနှင့်မှခင်း

www.burmeseclassic.com

www.burmeseclassic.com



**အယ်ဒီတာအဖွဲ့**

ကိုဒီ၊ သီဟ်မြလှိုင်၊ စံပြနီ

**မျက်နှာဖုံးခေါင်းစီးစာလုံး**

ပန်းချီတင်ထွဏ်း

**ထုတ်လုပ်မှုတာဝန်ခံ**

မိုးမြင့်လှိုင်

**အယ်ဒီတာအဖွဲ့ရုံးခန်း**

အမှတ် ၁၈၉၊ ဒုတိယထပ်၊

၃၄ လမ်းအထက်၊ ကျောက်တံတားမြို့နယ်

ဖုန်း၊ ဝ၉ ၅၁၉၆၃၃၁၊

ဝ၉ ၄၉၂၈၂၆၂ဝ

truemegazine@gmail.com



၁၅၈

အစိမ်းသရဲမ ခြောက်လို့ မအိပ်နိုင်ဘဲ မိုးလင်းခဲ့ရတဲ့ နယ်ထိန်းအဖွဲ့

နှင်းဒေလီမောင်

မဂ္ဂဇင်း

အမှတ် ( ၂၂၅)၊ စက်တင်ဘာ၊ ၂၀၁၃ ခုနှစ်

## နိုင်ငံတကာသတင်း

- ညှိမင်းလွင် ........................ ၁၇

## ပြည်တွင်းသတင်း

- မင်းဟိန်းခန့် ........................ ၂၆

## ဥပဒေရေးရာ

- နတ်တလင်းချစ်လွင် ............ ၅၄

ဥပဒေဒါန
- တင်ဖေသော် (သထုံ) ......... ၁၂၈

တရားခွင်အတွင်းက မြင်ကွင်းတစ်ခု
- ထက်အောင်ကျော်
(ကညွတ်ကွင်း) ............... ၁၅၂

ရုံးတော်က နှစ်ကြိမ်မြောက်မဆင်းမိ
- မြတ်နီ ........................ ၂၀၂

ကြာပွတ်တိုင် သစ္စာဘက်တော်သားတို့ရဲ့ ခံတပ်

## ရဲဘဝအတွေ့အကြုံ

- ကျော်သူ ........................ [illegible]

ရယ်ရမလို ငိုရမလို အတွေ့အကြုံများ (၃)

www.burmeseclassic.com

www.burmeseclassic.com



## ပြည်ပမှုခင်း


- နေဇော်ဦး (ရွှေပြည်သာ) ...... ၈၂
  သားလေးကို ဒုက္ခမပေးပါနဲ့


## တွေ့ရကြုံရ ထောင်ဘဝ


- စိုးဝေ ........................ ၉၂
  အမှောင်ထဲက အမှောင်


## ပြည်တွင်း ဖြစ်ရပ်မှန်


- မြင့်သိန်း (ဆွာ) .............. ၃၂
  ခေတ်သစ် သောနတ္တိုရ်
- ထက်လူ (ဟသ်ာတ) ......... ၄၂
  ဆိုင်ကယ်သော့တစ်ချောင်းရဲ့
  ကောက်ကြောင်း
- မောင်မောင်လတ် (ဇီးကုန်း) ... ၅၉
  ရှီးမပေါ်မှ မရဏာမင်း
- နှော်လီကို (မကွေး) ........... ၇၂
  အကျည်းတန်အတ္တ
- ဇေယျာမင်းဦး .............. ၁၀၀
  ဝိညာဉ်၏ အမုန်း
- မောင်အေးနှစ် (ပညာရေး) ... ၁၁၈
  တောင်ပံကျိုးတဲ့ငှက်
- နီလေးမောင် ................ ၁၃၁
  ပလက်ဖောင်းပေါ်မှ လှည့်ကွက်များ
- ကိုရဲ (ဥပဒေ) .............. ၁၄၀
  ထွေး....ခါးနာသည်
- မောင်မှိုင်းညို (ချောင်းဦး) ... ၁၅၈
  တဖွေခြောက်ခံရသူများ
- ရဲရင့်ထက် (သံတောက်) .... ၁၁၀
  ကြေကွဲဖွယ် လူကုန်ကူးမှု ဖြစ်စဉ်များ
- ရွှေဖြူးကျော် ................ ၁၇၈
  လူမိုက်တို့ရဲ့ သွားရာလမ်း
- ဝင်းသောင် (ရမည်းသင်း) ....၁၉၂
  ဂျက် ကင်း ကွင်း စံမင်း


CRIME STOPPERS

<u>ကာတွန်း</u>

ဦးဦးအောင်၊ သူရိန်၊
ပေါက်ကျိုင်း၊ မြေရိုင်း၊
ရွှေဘို၊ ချစ်မင်းလူ၊
တွံတေးတွတ္တပက်၊ ဟန်

<u>ပန်းချီဒီဇိုင်းသရုပ်ဖော်</u>

ကျော်ဦး၊ ကျော်စိုးညိန်း၊
စက စက္ကူ၊ သီဝံ၊ ရဲရင့်နိုင်၊
ညီညီလွင်၊ မောင်သီလ

<u>မျက်နှာဖုံးဒီဇိုင်း</u>

သားကြီး (NORTH SIDE)

<u>စာမျက်နှာ အဆင်အပြင်</u>

မခွေ

DTP အနာဂတ်ကမ္ဘာ

CTP ကမ္ဘာဦး

www.burmeseclassic.com

www.burmeseclassic.com



# သောက ပဋိဒေဝလမ်းမှ ငိုစား၊ ရယ်စား၊ အတ္တာပုံရိပ်များ

BURMESE CLASSIC .com

နေ့လယ် ၂ နာရီရေဝေးသုသာန်မှာ သင်္ဂြိုဟ်မယ်၊ ဆေးရုံကြီးရေခဲတိုက်မှ ၁ နာရီထွက်မယ်ဆိုပေမယ့် ကျွန်တော် ရေခဲတိုက်ရောက်တဲ့အချိန်မှာ ကားတွေက ထွက်သွားနှင့်ပြီ။

ဒီလို မိတ်ဆွေသင်္ဂဟတွေရဲ့ နောက်ဆုံးခရီးကို လိုက်ပို့ဖို့ ကြုံလာရင် ကျွန်တော်က အသုဘယာဉ်တန်းနဲ့ လိုက်လေ့မရှိပါဘူး။ ကိုယ့်အစီအစဉ်နဲ့ကိုယ် သုသာန်မှာပဲ ကြိုတင်သွားရောက် စောင့်ဆိုင်းပို့လေ့ရှိပါတယ်။ (ဒါကလည်း အကြောင်းရှိပါတယ်။ နောက်ပိုင်းမှာ တင်ပြပါ့မယ်။)

ဒီတစ်ခါနာရေးက လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတစ်ယောက်ရဲ့ ဖခင်ကြီးဖြစ်လို့ အသုဘယာဉ်တန်းနဲ့ လိုက်ပို့မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အအေးတိုက်ကို ကြိုတင်သွားပေမယ့် အသုဘက ချသွားပြီလေ။ ကျွန်တော့်လိုပဲ မမီလိုက်တဲ့လူတွေ တော်တော်ကျန်ခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လိုက်မပို့နိုင်တဲ့ကိစ္စ၊ မိတ်ဆွေနဲ့တွေ့မှ တောင်းပန်ရဦးမယ်ပေါ့။ ဒါပေမယ့် ရက်လည်တဲ့နေ့မှာ မိတ်ဆွေနဲ့ ဆုံမိလို့ တောင်းပန်မယ်ကြံဆဲမှာပဲ မိတ်ဆွေက အဲဒီနေ့က ကားတွေ စောစောထွက်ခဲ့ရတဲ့ ကိစ္စကို ပြောပြပြီး တောင်းပန်ပါလေရောလား။

"နိဗ္ဗာန်ယာဉ်နဲ့ပါလာတဲ့ လူတစ်ယောက်က သုသာန်ရောက်ရင် လိုအပ်တဲ့ကိစ္စတွေကို သူ ဆောင်ရွက်ပေးမယ်၊ သေစာရင်းနဲ့ စာရွက်စာတမ်းတွေ ပေးထားပါ။ လက်ဖက်ရည်ဖိုး၊ ကြည့်ပေးပါတဲ့။ ရပါတယ်။ လက်ဖက်ရည်ဖိုး ပေးရတာက ကိစ္စမရှိဘူး။ ခက်တာက စာရွက်စာတမ်းတွေက မိသားစုထဲက တစ်ယောက်ယောက်က သိမ်းထားတယ်။ ဧည့်သည်တွေများနေတော့ သူ့ကို ရှာဖို့ မလွယ်ဘူးလေ။ ဒါကြောင့် ကိုယ့်ဘာသာကိုယ်ပဲ လုပ်မယ်လို့ ပြောလိုက်မိတယ်။ ဒီလူအတော်စိတ်ဆိုးတယ်။ ရတယ်၊ ရတယ်၊ အခေါင်းတင်ကြ၊ ထွက်မယ်တဲ့။ ဧည့်သည်တောင် မစုံသေးဘူး။ စောင့်ပါဦးဆိုလည်း မရဘူး။ ကျုပ်တို့က နောက်တစ်ခေါက် ပြန်ထွက်ရဦးမှာ အချိန်မရဘူးဆိုပြီး ခေါင်းကို အတင်းဆွဲတင် တရကြမ်း မောင်းထွက်သွားလိုက်တာ။ မိသားစုကားတွေတောင် လိုက်မမီအောင် ပြတ်ကျန်ခဲ့ရတယ်။ ကာယကံရှင်တွေဟာ ကိုယ့်သောကနဲ့ ကိုယ်ဖြစ်နေလို့ ဘာမှမပြောပေမယ့် ပိုပြီး စိတ်ဆင်းရဲခဲ့ရတာ။ အမှန်ပါ။ ဒီလို ရိုင်းစိုင်းလူမဆန်မှုကို ကျူးလွန်ခဲ့တာဟာ လက်ဖက်ရည်ဖိုး မရလို့ပါတဲ့။

ရန်ကုန်မှာ အသုဘပို့ရတာဟာ ကျားမြီးဆွဲရသလို သည်းထိတ်ရင်ဖို သက်စွန့်ဆံဖျား ရှိလှပါတယ်ဆိုရင် ပိုတယ်မထင်ပါနဲ့။ အသုဘပို့နေကျ ရန်ကုန်က လူထုသိကြပါတယ်။

အသုဘပို့ဖို့ လူစီးကားတွေ ငှားရမ်းတဲ့ စနစ်တကျ အဖွဲ့အစည်းဆိုတာ မရှိပါဘူး။ အကျိုးဆောင် အမည်ခံထားတဲ့ လူတွေက ကားလာငှားရင် နားနေတဲ့ လိုင်းကားတွေ၊ ကြားကားတွေ၊ ပုဂ္ဂလိကကားတွေကို ကောက်သင်းကောက်သလို လိုက်ကောက်ပြီး တစ်ဆင့်အမြတ်ယူငှားကြတာပဲ။ ငွေရပြီးရင် ဒီကားတွေကို ဘယ်သူမှ ထိန်းချုပ်လို့ မရတော့ဘူး။ အပြိုင်အဆိုင်မောင်း၊ ကျော်တက်၊ တိုက်ကြ၊ မှောက်ကြလို့ အသုဘပို့ရင်း အသုဘ ဖြစ်သွားတဲ့ ကံဆိုးတဲ့လူတွေရဲ့ အကြောင်းကလည်း ပုံပြင်မဟုတ်ပါဘူး။ အသုဘယာဉ်သုသာန်ရောက်ပြီး အပြန်ဆို ပိုဆိုးကြတာ ကြုံနေရပါတယ်။

သုသာန်ရောက်တာနဲ့ ကားဘေးမှာ ကပ်ထားတဲ့ ဦးဘယ်သူ၊ အသက်ဘယ်လောက်ဆိုတဲ့ စာရွက်တွေခွာပြီး လူတွေ မစောင့်ဘဲ မောင်းထွက်သွားကြလို့ အပြန်ခက်ရတဲ့ ပြဿနာတွေကလည်း ရှိနေပြီ။ သုသာန်မှာ အေးအေးဆေးဆေး အသုဘရှု မရဏတရားပွားမယ်မကြံနဲ့ အပြန် ကိုယ့်စရိတ်နဲ့ကိုယ် ပြန်ကြရဖို့ သေချာသွားမယ်။ အချို့ အသုဘရဲ့ ဆွေမျိုးသားချင်းခများ ပိုတာတောင် ဖြောင့်ဖြောင့်မငိုနိုင်ရှာဘူး။ ကားက မစောင့်ဘဲ ထွက်သွားမှာ စိုးလို့ ကားသံလည်း နားထောင်ရသေးတယ်။ တစ်ခါက ငိုရင်းတန်းလန်းနဲ့ လူတွေမစောင့်ဘဲ ထွက်သွားတဲ့ကား

www.burmeseclassic.com

www.burmeseclassic.com



နောက် အမီပြေးလိုက်တဲ့ အဒေါ်ကြီးတစ်ယောက်ကို တွေ့ခဲ့ရဖူးတယ်။ သူ့ခမျာ ကားပေါ်ရောက်မှ ဆက်ငိုရရှာတယ်။

နောက်ပိုင်း အကြောင်းသိနေသူတွေက ကားပေါ်ကကို မဆင်းတော့ဘူး။ အသုဘရှုဆိုတဲ့ တရားဟာ ဒီလို လောဘကောင်၊ အတ္တသမားတွေကြောင့် ကွယ်ပျောက်နေပြီ။

အပြန်လမ်းကျတော့ နောက် အသုဘတစ်ခေါက်အမီ တရကြမ်းမောင်းတော့တာပဲ။ ပြောလို့မနိုင် ဆိုလို့မရ ဘယ်သူမှလဲ တိုင်လို့မရ၊ ကားပေါ်ပါသူတွေခမျာ အိမ်ရောက်မှ သက်ပြင်းချရတာပဲ၊ အသုဘပို့တိုင်း ကြုံရချက်ပါ။

အချို့ အတွေ့အကြုံရှိသူတွေက အကျိုးဆောင်ဆိုသူတွေကို သူတို့ငှားပေးတဲ့ ကားတွေဟာ လူတွေမပါဘဲ ထွက်မပြေးဖို့ ကတိတောင်း၊ ကားခကို ပြန်မှရှင်းလုပ်တော့ လူတွေတော့ စောင့်တင်ပါရဲ့၊ အပြိုင်မောင်း တရကြမ်းမောင်းတာကတော့ တားလို့မရဘူးလေ။

ကျွန်တော်တို့ရဲ့ အသိတစ်ယောက်ဟာ အသုဘပို့ရင်း အပြန်မှာ အရမ်းမောင်းတဲ့ကားမှောက်ပြီး လူ ၅ ယောက်သေ၊ အတော်များများ ဒဏ်ရာရခဲ့တဲ့ သေပွဲမှာ အဆစ်ပါခဲ့ရပါတယ်။ ဒီကိစ္စနောက်ပိုင်းမှာ အသုဘပို့ဖို့ ကြုံတိုင်း ကျွန်တော့်ဟာ အသုဘယာဉ်တန်းနဲ့ မလိုက်ဘဲ ကိုယ့်အစီအစဉ်နဲ့ သုသာန်မှာ သွားစောင့်တဲ့ အလေ့အထရှိခဲ့ပါတယ်။

ကြံတော၊ တာမွေသုသာန်တွေရှိတဲ့ ကာလက မီးရှို့စက်မရှိသေးတော့ အလောင်းတွေကို မြေမြှုပ်သင်္ဂြိုဟ်ကြရတယ်။ အဲဒီကာလက ကျောင်းနေဘက်သူငယ်ချင်းတစ်ယောက်ရဲ့ အသုဘလိုက်ပို့ဖူးတယ်။ တွင်းတူးပြီး အခေါင်းချ မြေမဖို့ခင်မှာ သေသူရဲ့ဖခင် အခေါင်းကို ပေါက်တူးနဲ့ အစိတ်စိတ် အမြွာမြွာဖြစ်အောင် ရိုက်ခွဲပစ်လိုက်တယ်။ လူတွေတောင် လန့်ဖျပ်ကုန်တယ်။ ရူးသွားပြီလားပေါ့။

နောက်မှသိရတာက ညကျရင် အခေါင်းကို ပြန်ဖော်ပြီး ခေါင်းရောင်းတဲ့ ဆိုင်တွေမှာ တစ်ဝက်ဈေးနဲ့ ပြန်သွင်းတဲ့ လူတန်းစားတစ်ရပ် ရှိတယ်တဲ့။ ရောင်းသူတွေက သည်ခေါင်းကို ပြန်လည်မွမ်းမံ အသစ်ဈေးနဲ့ ပြန်ရောင်းသတဲ့။

မယုံချင်စရာ ကောင်းပေမယ့် မယုံလို့မရဘူးလေ။ ကိုယ့်မျက်စိရှေ့မှာတင် ပန်းခွေတွေကို အလုအယက် ဖြုတ်ယူနေတဲ့ လူတန်းစားတစ်ရပ်ကို တွေ့ရပြန်တယ်။ ကာယကံရှင်တွေတောင် မပြန်သေးဘူး။ ဆိုးဝါးလိုက်ကြတာ၊ ဒါတွေကိုလည်း လျှော့ဈေးနဲ့ ပြန်သွင်းမှာပဲပေါ့။

အခေါင်းဝယ်မယ်၊ ပန်းခွေဝယ်မယ်ဆိုတဲ့ လူတွေဆီမှာ တကယ်မတန်တဆဈေးနဲ့ ရောင်း၊ ဒီလိုကိစ္စမျိုးကို ယ်သူမှ များပါတယ်၊ လျှော့ပါဦးလို့ မဆစ်ကြတော့။ သူတို့ကတော့ ဗိုက်ကားနေတဲ့ ရိုက်စားတွေပေါ့။

တစ်ခါက ရန်ကုန်ဆေးရုံကြီး ရေခဲတိုက် ကျောက်ခုံပေါ်မှာ အဖိုးတန်အဝတ်အစားတွေ လွှမ်းထားတဲ့ အလောင်းပေါ်က အဝတ်အစားတွေကို အလစ်မှာ ဖြုတ်ယူသွားခဲ့တာမျိုးလည်း တွေ့ခဲ့ရဖူးပါတယ်။

ဒီနေ့ ကြံတောသုသာန်၊ တာမွေသုသာန်တွေ မရှိတော့ဘူး။ အအေးတိုက်၊ မီးရှို့စက်အစုံရှိတဲ့ ရေဝေးတို့၊ ထိန်ပင်တို့ ပေါ်လာတော့ ဖော်ပြပါ အနိဋ္ဌာရုံမြင်ကွင်းတွေ ပျောက်ကွယ်သလောက် ရှိကုန်ပါပြီ။ လုံးဝချုပ်ငြိမ်းခြင်းတော့ မရှိသေးပါဘူး။


စည်းကမ်းတကျ ကားငှားတဲ့ အကျိုးဆောင်တွေ မရှိသေးသလို အတ္တသားကောင် ကားသမားတွေက ရှိနေသေးတော့ အသုဘပို့လိုက်ရတာ ကျားမြီးဆွဲရသလို သဲထိတ်ရင်ဖိုခန်းတွေက ရှိနေဆဲ။ မှောက်တာ၊ တိုက်တာ၊ သေတာတွေ ကြားနေဆဲ။ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တမီးတွေကို မဖြတ်နိုင်သေးသမျှ သောက ပဋိဒေဝလမ်းမှာ ငိုစား၊ ရယ်စားများ သက်ဆိုးရှည်နေဦးမှာပါ။

နီလေးမောင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com






မလက်ဖောင်းပေါ်မှာ လိမ်ညာရိုက်စားနေတဲ့
အကြံအဖန်သမားတွေ အများကြီးပါ
ဒါတွေကို သိမထားရင် လူလိမ်တွေရဲ့
သားကောင်ဖြစ်သွားနိုင်ပါတယ်




အပြောချိုချို၊ စကားကြွယ်ကြွယ်၊
လိမ်ညာပရိယာဥ် အသွယ်သွယ်နဲ့
ဒုစရိုက်သမားတစ်ယောက်ရဲ့ ဘဝနိဂုံး




သတိလစ်မေ့မျောနေသော လူနာနေရာတွင်
အစားထိုးရောက်လာသည့် မကောင်းဆိုးဝါး
ကောင်ကြီးတစ်ကောင်ကြောင့်......




ရဲဝန်ထမ်းဘဝက ပင်စင်ယူလိုက်တာနဲ့
နေစရာအိမ်မရှိ ဖြစ်သွားရတယ်..ဆိုတဲ့
ဒီလိုမျိုး ကိုယ်ကျိုးမရှာခဲ့တဲ့
သူမျိုးတွေလည်း ရဲတပ်ဖွဲ့ထဲမှာ
ရှိနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





၁၄၀

ကျုပ်မျက်စိရှေ့မှာ
မတရားတာလုပ်နေရင်
ကိုယ်နဲ့မဆိုင်ဘူးဆိုပြီး
မျက်နှာလွှဲထားလို့
မရဘူး။



၁၇၈

လက်ရဲ ဇက်ရဲ
တိုက်ရဲ ခိုက်ရဲတဲ့ ဓားပြ ၃ ယောက်ရဲ့
ကံကြမ္မာအလှည့်အပြောင်း



ပုံနှိပ်မှတ်တမ်း
စက်တင်ဘာ ၂၀၁၃၊ ပထမအကြိမ်
တန်ဖိုး - ၇၀၀ / အုပ်ရေ - ၁၀၀၀
ဦးကျော်ငွေးမင်း (၀၅၉၈၂)
အောင်သိန်းသန်း ပုံနှိပ်တိုက်
အမှတ် ၄၄ (ခ) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းတွင်
ပုံနှိပ်ပြီး၊ ဦးမိုးကောင်းလှိုင် (၁၄၈၇၀)
မှခင်းစာပေ- ၃/၂၆၇၊ ခရေပင်လမ်း၊
ဝေဘာဂီ၊ မ/ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းမှ ထုတ်ဝေသည်

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## ဖောက်ထွင်းမှုနှင့် ခိုးမှုများကို ကြိုတင်ကာကွယ်ရန်

- ❖ နေအိမ်၏ ခြံစည်းရိုးကို လုံခြုံမှုရှိသည်ထိ ခိုင်ခံ့အောင် ကာရံပါ။
- ❖ ခြံစည်းရိုးကို ကျော်ဖြတ်ဝင်နိုင်သည့် သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ဖယ်ရှားပစ်ပါ။ မှောင်ရိပ်ဖြစ်စေမည့် ချုံနွယ်များ၊ သစ်ပင်များကို အမြဲတစေ ရှင်းလင်းဖယ်ရှားပါ။
- ❖ ဖြစ်နိုင်က နေအိမ်ပတ်လည်၌ မီးထွန်းထားပါ။
- ❖ နေအိမ်ခြံစည်းရိုးများ၌ အချက်ပေး ကိရိယာတပ်ဆင်ပါ။ အသံမြည်သည့် ချူ၊ ဆည်း လည်း ခေါင်းလောင်း၊ သစ်သားခလောက်၊ နွားဆွဲခွက်ခလောက်များ တပ်ဆင်ထားရှိပါ။
- ❖ စုပေါင်းလူနေတိုက်ခန်းများ၏ ရေပိုက်များ၊ အမှိုက်စွန့်ပိုက်နှင့် မိလ္လာပိုက်များကို အတားအဆီး တပ်ဆင်ပါ။
- ❖ သီးခြားနေထိုင်သည့် အိမ်ခြံဝင်းများ၌ အစောင့်ထားရှိပါ။ သို့မဟုတ် အစောင့်ခွေးထားရှိပါ။
- ❖ ရွှေ၊ ငွေ၊ မီလ္လာနှင့် နေအိမ်ပြုပြင်မှု ပြုရသည့်အခါ အစောင့်အမြဲရှိနေပါစေ။
- ❖ နေအိမ်အနီး၌ ကြိုး၊ ဆူး၊ ဆောက်၊ လွှ၊ လှေကား၊ ထိုင်ခုံ၊ အမြင့်များကို အလွယ်တကူ အသုံးပြုနိုင်ရန် မထားရှိပါနှင့်။ ညအချိန် တံခါးအားလုံးကို လုံခြုံမှု ရှိ မရှိ စစ်ဆေးပြီးမှ အိပ်တတ်သည့် အလေ့အထပြုလုပ်ပါ။
- ❖ နေ့ဖြစ်စေ၊ ညဖြစ်စေ အပြင်ထွက်သွားသည့်အခါ တံခါးကို အမြဲပိတ်ထားပါ။ သို့မဟုတ် အစောင့်ထားရှိပါ။ အပြင်ထွက်သွားသည့် မိသားစုဝင်ကို တံခါးဖွင့်ပြီး စောင့်ဆိုင်းမှု မပြုပါနှင့်။
- ❖ သံသယရှိသည့် ထူးခြားမှု ရှိပါက ပတ်ဝန်းကျင်သို့ အသိပေးအကူအညီ တောင်းခံပါ။ သို့မဟုတ် ရဲကင်း၊ ရဲစခန်းနှင့် တာဝန်ရှိသူများထံ ချက်ချင်းအသိပေး အကြောင်းကြားပါ

www.burmeseclassic.com

www.burmeseclassic.com



## INTERNATIONAL REPORT



# ညိုမြင့်လွင် (မော်ကျွန်း)

### မူးယစ်ဆေးဝါး

ကိုလံဘီယာနိုင်ငံ မူးယစ်ဆေး တားဆီးရေးကို ရဲနှင့်စစ်တပ် (ကြည်း/ရေ/လေ)တို့ ပူးတွဲ သတင်းထောက်လှမ်းခြင်း၊ သတင်းဖလှယ်ခြင်း၊ ရှာဖွေဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့ရာ ကုန်းကြောင်း၊ ရေကြောင်းမှ ဆေးခြောက်နှင့် ကိုကင်း အမြောက်အမြားကို (၂၆.၆.၂၀၁၃) နေ့တွင် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းစာများတွင် ဖော်ပြခဲ့သည်။

ကိုလံဘီယာ မူးယစ်ဆေးဝါး တားဆီးရေးအာဏာပိုင်အဖွဲ့၏ ဦးဆောင်မှုဖြင့် စစ်ဆင်ရေးတစ်ခုကိုပြုလုပ်ခဲ့ကြသည်။

နိုင်ငံ အနောက်တောင်ဘက် အဝေးလမ်းမကြီးပေါ်တွင် ကုန်တင်ထရပ်ကားများကို ကြားဖြတ်ရပ် တန့်ရှာဖွေခဲ့ရာ ထရပ်ကားတစ်စီး၏ ဝမ်းဗိုက်တွင်း လျှို့ဝှက်စွာထည့်သွင်း သိုလှောင်သယ်ယူလာသည့် ဆေးခြောက် (၆)တန်၊ ကိုကင်းတန်ဝက်ကို တရားခံများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ထိုနေ့မှာပင် နိုင်ငံ၏အနောက်မြောက်ဒေသ ပင်လယ် ရေပိုင်နက်တွင် ကိုကင်းတန်ဝက်ကို ကုန်သေတ္တာအောက်တွင် အံဝှက်များပြုလုပ်ပြီး လျှို့ဝှက် သယ်ဆောင်သည်ကို ရေတပ်က ဖမ်းဆီးရမိခဲ့သည်။ ရေပိုင်နက်အတွင်းမှ စုစုပေါင်း တစ်တန်ကို ဇွန်လအထိ ဖမ်းဆီးရမိခဲ့ပြီးဖြစ်သည်။

မူးယစ်ဆေးဝါးကို မှောင်ခိုကုန်သွယ်သယ်ယူရာတွင် ခေတ်မီလက်နက်ကိုင်ဆောင်သော ကြေးစား သေနတ်သမား မူးယစ်ဆေးဂိုဏ်းဝင် (၄၅) ဦးသည် အမြင်မှန်ရပြီး ၎င်းတို့ သဘောဆန္ဒအတိုင်း လက်နက်စွန့်ပြီး အစိုးရထံ ခိုလှုံခဲ့သည်။

အစိုးရမှ ၎င်းလူများနှင့် မိသားစုများကို လုံခြုံရေး၊ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးကိစ္စအဝဝကို ကူညီ ထောက်ပံ့ပေးခဲ့သည်။ မူးယစ်ဆေးပပျောက်ရေးအတွက် နိုင်ငံတစ်ဝှမ်းပညာပေးဖြန့်ဝေခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းများတို့နှင့် ဆောင်ရွက်နေသည်။

## Colombia seizes 6.5 tons of drugs

Ref : Xinhua News 26.6.2013

www.burmeseclassic.com

www.burmeseclassic.com



## ဖောက်ခွဲပစ္စည်း ကီလို (၁၅၀၀၀) ဖမ်းဆီးရမိ၍ လူ့အသက်ပေါင်းများစွာကယ်

ပါကစ္စတန် အနောက်မြောက်ဘက်ရှိ ပတ်ရှဝါဒေသတွင် ထရပ်ကား (၂)စီးပေါ်မှ ပေါက်ကွဲစေသော ဓာတုပစ္စည်းနှင့် ခဲယမ်းမီးကျောက် အလေးချိန်ကီလို (၁၅၀၀၀) ဖမ်းဆီးရမိခဲ့သည်။

ယာဉ်မောင်းများကို ဖမ်းဆီးပြီး မည်သည့်အဖွဲ့အစည်း၊ ပုဂ္ဂိုလ် ပိုင်ဆိုင်သည်ကို ကွင်းဆက်လိုက် စစ်ဆေးနေသည်။ ဤပစ္စည်းများ ဖမ်းဆီးရမိခြင်းကြောင့် လူ့အသက်ထောင်သောင်း မကကိုကြိုတင်ကာကွယ် ကယ်ဆယ်နိုင်ခဲ့သည်။

Ref : Xinhua News 18.6.2013





**700-year-old shipwreck antiquities foun[d] in central Vietnam**

## ၁၃ ရာစုက ဗီယက်နမ်တို့၏ ရှေးဟောင်းရွက်သင်္ဘောတစ်စီးကို ရွှေငွေဒင်္ဂါးအပါအဝင် ရှေးဟောင်း ပစ္စည်း (၄၀၀၀) နှင့်အတူ ရှာဖွေ ဆယ်ယူရရှိ

ဗီယက်နမ်နိုင်ငံ ဗဟိုဒေသ ဗီတာအမ်ပြည်နယ် ဘစ်နစ်ချ်ဒိစကြိတ်အတွင်းရှိ ပင်လယ် အောက်ကြမ်းပြင်မှ ရှေးဟောင်း သင်္ဘောပျက်တစ်စီးကို ရှေးဟောင်း သုတေသန၊ ပညာရှင်များက ဖော်ထုတ်၊ ဆယ်ယူရရှိခဲ့သည်။ထိုသင်္ဘောပျက်အတွင်းမှ ရှေးဟောင်းပစ္စည်း အမျိုးအမည်အမြောက်အမြားကိုပါ တွေ့ရှိခဲ့သည်။

ဗီယက်နမ်၏ ရှေးဟောင်းရေကြောင်း သမိုင်းအထောက်အထားများအရ တရုတ်၊ ယိုးဒယား၊ မလေးကျွန်းစုများအထိ ပင်လယ်ရေကြောင်း ကုန်သွယ်မှုရှိခဲ့သည်။ မုတ်သုန်လေအားကိုးဖြင့် တစ်နိုင်ငံမှ တစ်နိုင်ငံ ရေကြောင်း ကုန်သွယ်ခဲ့ကြပြီး ကမ်းရိုးတန်းသွားရွက်တပ်လှေ၊ သင်္ဘောများဖြင့် ကူးသန်း ရောင်းဝယ်ခဲ့ကြသည်။ ရာသီဥတုကြောင့်ဖြစ်စေ၊ပင်လယ်ဓားပြရန်ကြောင့်ဖြစ်စေ နစ်မြုပ်မှုသမိုင်း အထောက်အထားများရှိခဲ့သည်။ ထိုသမိုင်းမှတ်တမ်းများကို လေ့လာ ခြေရာကောက် ရှာဖွေခဲ့ရာမှ ရှေးဟောင်းသုတေသနအဖွဲ့ရေငုပ် သမားများက ရှာဖွေတွေ့ရှိပြီး ဆယ်ယူရရှိခြင်း ဖြစ်သည်။ ကျွန်းသားဖြင့် ပြုလုပ်ထားသော အရှည်ပေ (၆၀)၊ အကျယ် (၁၆) ပေရှိ ရွက်သင်္ဘောပေါ်မှ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများအပါအဝင် ကြွေထည်

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများ ဓား စသည့် အမျိုးပေါင်း (၄၀၀၀) ကို ဆယ်ယူရရှိခဲ့သည်။ သင်္ဘောကိုယ်ထည်တွင် မီးလောင်ပေါက် သဲလွန်စများ တွေ့ရသဖြင့် အဆိုပါ ကုန်တင်ရွက်လှေသင်္ဘောသည် ပင်လယ်ဓားပြ တိုက်ခိုက်မှုကြောင့် မီးလောင်နစ်မြုပ်ခဲ့ရခြင်း ဖြစ်သည်။ ကာဗွန် (၁၄)နည်း ပညာဖြင့် စစ်ဆေးသောအခါ (၁၃) ရာစုက ဗီယက်နမ်ပစ္စည်းများ ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ဤသင်္ဘောပျက် တွေ့ရှိခြင်းကြောင့် ဗီယက်နမ်၏ ရှေးဟောင်းယဉ်ကျေးမှု သမိုင်းနှင့် သင်္ဘောဆောက်လုပ်မှု ပညာ၏ အဆင့်မြင့်မားပုံကို တွေ့ရှိလာခဲ့ရသည်။

Ref: Xinhua News 3.7.2013

## ခရီးသည်တင်ဘတ်စ်ကားကို ဝင်တိုက်ပြီး ထွက်ပြေးတဲ့ ဂျစ်ကားကြောင့် ခရီးသည် (၁၃) ဦး သေဆုံး

မက္ကဆီကိုနိုင်ငံ၊ အရှေ့ပိုင်း ဗီယာခရုဇက်ပြည်နယ် နိုလန်ကို မြို့အနီးတွင် ခရီးသည်တင်ကား တစ်စီးနှင့် မော်တော်ကားတစ်စီး တို့ ရင်ဆိုင်တိုက်မိရာမှဘတ်စ်ကားသည် ပေ(၁၀၀၀)ရှည်သော တောင်စောင်းအောက် လိမ့်ဆင်းကျသွားပြီး ခရီးသည် (၁၃)ဦး သေဆုံး၊ အမြောက်အမြားဒဏ်ရာ ရခဲ့သည်။

ထိုနေ့က တောတောင်ထူထပ်သော နိုလန်မြို့အနီး အဝေးပြေးလမ်းတွင် နှင်းများသိပ်သည်းစွာ ကျနေသည်။ လမ်းပေါ်တွင် နှင်းများ ဖုံးနေသည့်အပြင် တဖွဲဖွဲလည်း ကျဆင်းနေခိုက်ပုံမှန်မောင်းလာသော ဂျစ်ကားတစ်စီးသည် ဘတ်စ်ကားကို ဝင်တိုက်ဆောင့်မိသည်။ ဘတ်စ်ကားသည် အတိုက်ခံရသည့်အရှိန်ကြောင့် ညာဘက်သို့ တိမ်းစောင်းသွားရာမှ လဲပြိုကျကာ ပေ (၁၀၀၀) ရှည်သော တောင်စောင်းအတိုင်း လိမ့်ဆင်းသွားသည်။ ကယ်ဆယ်ရေးအဖွဲ့များ မရောက်လာမီ ဂျစ်ကားဒရိုင်ဘာ မောင်းထွက်ပြေးသွားခဲ့သည်။ ကယ်ဆယ်ရေး လုပ်သားများက ခရီးသည် (၁၅) ဦးကို ကယ်တင်နိုင်ခဲ့ပြီး အခြား ခရီးသည် (၁၂) ဦး သေဆုံးခဲ့သည်။ မက္ကဆီကိုတွင် ယာဉ်တိုက်မှုကြောင့် လူရာပေါင်းများစွာ သေဆုံးခဲ့သည်။ ဧပြီလကလည်း ကုန်တင်ထရက်ဇာတစ်စီးက ခရီးသည်တင်ကားကို ဝင်တိုက်မိသဖြင့် (၄၅)ဦး သေဆုံးမှုသည် ထိုပြည်နယ်၌ပင် ဖြစ်ပွားခဲ့သည်။

Ref: Internet News 15.6.13

## ဩစတြေးလျနိုင်ငံတွင် စံချိန်သစ်တင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရခြင်း

ဩစတြေးလျ အစိုးရသည် နိုင်ငံတကာမှ အထူးတပ်ဖွဲ့ဝင်များနှင့် ပြည်တွင်း ဖက်ဒရယ်ရဲတို့ ပူးပေါင်းပြီး ဆစ်ဒနီမြို့တော်အတွင်း မူးယစ်ဆေးဝါးနှိမ်နင်းရေး စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲခဲ့ရာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာ (၄၄၈) သန်းဖိုးရှိသော မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း (၂၈.၅.၂၀၁၃) သတင်းတွင် ဖော်ပြလိုက်သည်။

ဖမ်းဆီးရမိသော အမိတာဖက်တမင်း မူးယစ်ဆေး (၅၈၅) ကီလိုဂရမ်ရှိသည်။ ဆစ်ဒနီမြို့ပြင်ရှိ ရီဂျင်ရပ်ကွက်၊ ဘက်ခ်လေးမြောက်ဘက်၊ ဝိတ်ကလေ၊ ကင်နလီဟိုက်၊ ဘီဘာလီဟေးလ်နှင့် ရှိုင်ဒီအရပ်များ၌ စစ်ဆေးရေးတစ်ရပ် ဆင်နွှဲပြီး အချိန်နှင့်တစ်ပြေးညီ ဖမ်းဆီးရမိခြင်းဖြစ်သည်။ အဆိုပါစစ်ဆင်ရေးတွင် သြစတြေးလျဖက်ဒရယ်ရဲ၊ အကောက်ခွန်ဌာန၊ N5W ရဲ၊ ရာဇဝတ်မှု ကော်မရှင်ရုံးတို့သည် မူးယစ်ဆေးနှင့် ပတ်သက်ပြီး တစ်ဖွဲ့ရထားသော သတင်းကို အခြားအဖွဲ့သို့ပေးခြင်း၊ သတင်းများဆက်စပ်ခြင်း၊ ၂၀၁၂ ခု ဖမ်းဆီးရမိသော မူးယစ်ဆေးမှု တရားခံများ၏ ထွက်ဆိုချက်တို့ကို အခြေခံခြင်း ပြည်သူလူထု၏ ပူးပေါင်း ကူညီမှုတို့ကိုရရှိခဲ့ခြင်းတို့ကြောင့် ဤသို့အမြောက်အမြား တစ်ရက်တည်းအတွင်း မူးယစ်ဆေးများ ဖမ်းဆီးရမိခြင်း ဖြစ်သည်။ ထို မူးယစ်ဆေးများနှင့် ပတ်သက်၍ ဆစ်ဒနီမြို့သား (၂၁) နှစ်၊ စင်ကာပူနိုင်ငံသား (၃၂)နှစ်၊ နှင့် ဟောင်ကောင်နိုင်ငံသား (၅၁) နှစ်တို့ကို ဖမ်းဆီးစစ်ဆေးပြီး မူးယစ်ဆေး လက်ဝယ်ထားမှုဖြင့် တရားစွဲထားသည်။ မူးယစ်ဆေးမှု လပိုင်ရှင်များကို ဆက်လက်စုံစမ်းနေသည်။ (၂၀၁၂) နှစ်က လည်းဖို့ မူးယစ်ဆေး (၃၀၀)ကီလိုဂရမ် ဖမ်းဆီးရမိခဲ့သည်။

Ref : Xinhua News 25.6.2013

## ၂၀၁၅ မှ အိတ်စပယ်ရာ ဖြစ်မည့် တံဆိပ်တပ် တူနာငါးသေတ္တာစားမိ၍ တက္ကသိုလ် ကျောင်းသားများ အစာအဆိပ်သင့်

၂၅.၆.၂၀၁၃ နေ့၌ အီဂျစ်နိုင်ငံ၊ နိုင်းမြစ်ဝကျွန်းပေါ်ဒေသ ရှာကီ့ဘာခရိုင်ရှိ တက္ကသိုလ်၌ အစာ အဆိပ်သင့်သဖြင့် ကျောင်း၊ ကျောင်းသူများကို အရေးပေါ်ဆေးရုံတင်ပို့ခဲ့ရသည်။

ဇင်ဂါဇင် တက္ကသိုလ်တွင် အဆောင်နေ ကျောင်းသား၊ ကျောင်းသူများ စုပေါင်းနေထိုင်ကြသည်။ ထိုနေ့ညစာ ထမင်းစားချိန်တွင် ကျောင်းသား၊ ကျောင်းသူများကို ညစာအဖြစ် တူနာငါးသေတ္တာဟင်း ကျွေးမွေးခဲ့သည်။ ညစာစားပြီး အဆောင်အခန်းအသီးသီးသို့ ပြန်ကြပြီး အချို့ကျောင်းသားများ မူးဝေ အော့အန်ဖြစ်ခဲ့ကြသည်။

အချို့မှာလည်း သတိလစ်မတတ် ဂယောင်ချောက်ချား မူးဝေခဲ့ကြရသည်။ ၄င်းတို့သည် တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်းဖြစ်ကြခြင်း မဟုတ်။ အချိန်ကွဲပြီး အစာ အဆိပ်သင့်ခဲ့ခြင်းဖြစ်၍လူနာတင်ကားများ အဆောင်ရှေ့အသင့်စောင့်ကာ ဖြစ်လာသော လူနာကို တစ်ညလုံးစောင့်ကြပ်စောင့်ရှောက်ပေးခဲ့သည်။ ကျား၊ မ ကျောင်းသားပေါင်း (၁၄၇)ဦး အစာအဆိပ်သင့်ပြီး မိန်းကလေးဦးရေက များသည်ဟုဆိုသည်။ ထိုနေ့ကျွေးမွေးသော တူနာငါး သေတ္တာဘူးများကို စစ်ဆေးသောအခါ ဘူးခွံတွင် (၂၀၁၅)ခုနှစ် ရောက်မှ သုံးစွဲရန် မသင့် Expire ဟု ဖော်ပြထားသော်လည်း ၄င်းငါးသေတ္တာဘူးကြောင့် အစာအဆိပ် သင့်ခြင်းဟု သက်ဆိုင်ရာက မှတ်ချက်ပြုခဲ့

## 147 Egyptian students hit by food poisoning

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်နေ့ နံနက်တွင် ကျောင်းသူ (၃)ဦးမှ အပ ကျန် ကျောင်းသား၊ ကျောင်းသူများ ရောဂါသက်သာပြီး ဆေးရုံဆင်းသွားကြသည်။ နိုင်ငံအတွင်း ယင်းကဲ့သို့ အစာအဆိပ် သင့်မှုများ အနက် ယခုဖြစ်ရပ်သည် တစ်ပြိုင်တည်း အများဆုံး အစာအဆိပ်သင့်မှု ဖြစ်သည်။ တက္ကသိုလ်တွင် ပုံသေ ဆေးခန်းထားရှိရန်တက္ကသိုလ် အာဏာပိုင် အဖွဲ့က စီစဉ်နေသည်။

Ref : Xinhua News 26.6.2013

## စန္ဒကူးနံ့သာနီ သစ်သားကို တင်းနစ်ရိုက်ဘတ်တံပြုလုပ်ပြီး မှောင်ခို ထုတ်သူထံမှ နံ့သာနီအဆီများကိုပါ ဖမ်းဆီးရမိ

ကမ္ဘာပေါ်ရှိ မျိုးတုံးပျောက်ကွယ်မည်စိုးရိမ်ရသော ရှားပါးသော တိရစ္ဆာန်များနှင့် သစ်ပင်စသည်တို့ကို ကာကွယ်နိုင်ရန် နိုင်ငံတကာ သဘောတူချက် (ICN) လက်မှတ် ရေးထိုးပြီး ထိုသစ်ပင်နှင့် တိရစ္ဆာန်များကို ရောင်းဝယ်ကုန်သွယ်ခြင်း၊ သတ်ဖြတ်ခြင်း၊ တစ်နိုင်ငံမှတစ်နိုင်ငံသို့ သယ်ဆောင်ခြင်း မပြုရန် တားမြစ်ထားသည်။ ထိုရှား ပါးသစ်ပင်နှင့် တိရစ္ဆာန်များကို စာရင်းပြုစုထားသည်။ ဖော်ပြချက်များကို ကျူးလွန်ပါက တရားဥပဒေအရ အပြစ်ပေး အရေးယူလျက်ရှိသည်။

စန္ဒကူးနံ့သာ အနီရောင် သစ်ပင်သည် လူသားတို့ အသုံးပြုမှုများပြီး အထိန်းအကွပ်မရှိ ခုတ်ယူခြင်းကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် မျိုးတုံးမည့်ဘေးနှင့် ရင်ဆိုင်နေရသဖြင့် (INCN) က ခုတ်ယူခြင်း တရားမဝင် ကုန်သွယ်ခြင်း မပြုရန် တားမြစ်ထားသော်လည်း အမြတ်အစွန်း အမြောက်အမြားရသဖြင့် မှောင်ခို သယ်ဆောင်ရောင်းဝယ်ခဲ့ကြသည်။ စန္ဒကူးနံ့သာအနီသစ်သားကို ယခင်အခါများက ပုတီးစေ့များ၊ လက်ကိုင်တုတ်များ ပေါင်ဒါမှုန့်များပြုလုပ်၍

ပင်ရင်းဒေသမှ ဈေးကွက်သို့ မှောင်ခိုထုတ်ကြသည်။ ယခုအခါတွင် မှောင်ခိုနည်းသစ်အဖြစ် စန္ဒကူးနံ့သာနီကို အဆီထုတ်မှောင်ခိုခြင်းနှင့် တင်းနစ်ဘောလုံးရိုက်တံလုပ်ကာ မှောင်ခိုထုတ်ရန် ကြိုးစားသော သူတစ်ဦးကို နီပေါအကောက်ခွန်အရာရှိများက ဖမ်းဆီးရမိခဲ့သည်။

နီပေါနှင့် တရုတ် နယ်စပ်ရှိတာတိုပန်နီဒေသသည် တရုတ်ပြည်သို့ စန္ဒကူးနံ့သာနီ မှောင်ခိုသွင်းရန် အနီးစပ်ဆုံး၊ အကောင်းဆုံးနေရာဖြစ်သည်။ (၁၆.၆.၂၀၁၃) နေ့တွင် ကတ္တ မဒူမြို့တော်၊ ဝန်ရှာလီအရပ် တည်းခိုခန်းတွင် မစ္စတာ ဘဟာ ဒူးဘွန်ဂျစ် (၆၀) နှစ်ကို မသင်္ကာသဖြင့် ငှင်းပိုင်ပစ္စည်းများ ရှာဖွေရာ စန္ဒကူးနံ့သာနီသားဖြင့် ပြုလုပ်ထားသော တင်းနစ်ရိုက်တံများ ဖမ်းဆီးရမိခဲ့သည်။ ဆက်လက် ဖော်ထုတ်ချက်အရ စန္ဒကူးနံ့သာနီအသားမှ ထုတ်ယူထားသည့် စန္ဒကူးနံ့သာနီအဆီ (၂)လီတာကိုလည်း သိမ်းဆည်းရမိသည်။ ဤသို့အဆီထုတ်၍ မှောင်ခိုလုပ်ခြင်းမှာ အသစ်တွင် အဆင်မြင့်သော မှောင်ခိုနည်းသစ် ဖြစ်သည်ဟု ဆိုသည်။ ဘဟာဒူးဘွန်ဂျစ်သည် နီပေါ နယ်စပ်နှင့်ကပ်လျက်ရှိသော အိန္ဒိယပြည်နယ် နူဝါကောအရပ်မှ ဖြစ်ပြီး နီပေါကိုဖြတ်ပြီး တရုတ်ပြည်သို့ မှောင်ခိုရောင်းချရန် ငှင်းပစ္စည်းများကို သယ်ဆောင်လာခြင်း ဖြစ်သည်။ ယခုမှောင် ခိုနည်းသစ်သည် အဆင့်မြင့်ပညာသားပါလှသဖြင့် ဘဟာဒူးအပြင် အခြားဆက် စပ်မည့်သူများကို ဆက်လက် စုံစမ်းဖော်ထုတ်နေသည်။ စန္ဒကူး နံ့သာနီ၏ ရနံ့သည် အလွန်မွှေးကြိုင်ပြီး တိုင်းရင်းဆေး

www.burmeseclassic.com

www.burmeseclassic.com



ဖော်ရာတွင် အလွန်အစွမ်းထက်သည်ဟု ဆိုသည်။ တရုတ်မှောင်ခိုဈေးကွက်တွင် စန္ဒကူးနံ့သာနီသည် ဈေးကောင်းရလျှက်ရှိသည်။

Ref : Xinhua News 17.6.2013


## ချစ်ဟန်ဆောင်ခဲ့သူ၏ ရိုက်ချက်ကပြင်း

ရုရှားနိုင်ငံ၊ မော်စကိုမြို့တော်တွင် အချစ်ကို ယုံစားပြီးဘဝတစ်ခုလုံး ပုံအပ်ခဲ့ရာမှ အယောင်ဆောင်ချစ်သူက ချမ်းသာသမျှ ပစ္စည်းအားလုံး မချသွားသဖြင့် ချစ်ကံခေသော အမျိုးသမီးခများ ရဲကို အမှုဖွင့်ခဲ့ရပြီး နောက်ဆုံးတော့ ရင်နာကြေကွဲရ သည့်အဖြစ်နှင့်ရင်ဆိုင်ခဲ့ရသည့် ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

မစ္စတာ ကားမတ် (၂၅) နှစ်သည် အမျိုးသမီးများ ကျလောက်သော ရုပ်ရည်၊ ညက်ညောသော အပြောကောင်း၊ စတိုင် ဖြောင့်သူ တစ်ဦး ဖြစ်သည်။ အမှတ်မထင် ညကလပ်တစ်ခုတွင် ကားမတ်သည် အသက် (၂၄) နှစ်ရှိ စက်ရုံအလုပ်သမ ကလေးတစ်ဦးနှင့် ဆုံတွေ့ခဲ့သည် လက်ထပ်ရန် ရည်ရွယ်ထားသူကိုပင် အဆက်ဖြတ်ပြီး ကားမက်ကို အချစ်တွေပုံပေးကာ သူမ၏ အခန်းကို သုံးစွဲခွင့်ပေးကာ အပျော်ကြီးပျော်ခဲ့ကြသည်။ လအတန်ကြာ တူစုံတွဲလာခဲ့ကြသည်။

တရက်တွင် အလုပ်သမလေးက အခန်းသော့ကို ကားမက်လက် အပ်ကာ အလုပ်သွားခဲ့သည်။ ညနေ အလုပ်သိမ်း၍ သူမအိမ်ပြန်ရောက်သောအခါ သူမအိမ်ရှိ လက်တော့၊ လက်ဝတ်လက်စားနှင့် ငွေအားလုံး ပျောက်ဆုံးနေပြီး ကားမက်ကိုလည်း မတွေ့ရတော့ချေ။ ယခင်အခါများကလည်း ကားမက်သည် သူ့အိမ်သို့ မပြောမဆို ပြန်သွားလေ့ရှိသဖြင့် ယခုသူမ၏ပစ္စည်းများ ပျောက်ဆုံးခြင်းသည် အခြားသူတစ်ဦးဦး၏ လက်ချက်ထင်ပြီး (၃၀.၅.၁၃) နေ့တွင် ဒေသရှိ ရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ ရဲတို့က သူမ၏ စုပေါင်းအိမ်ယာရှိ လုံခြုံရေး ကင်မရာတို့ကို ခြေရာခံသောအခါ ကားမက်၏ မရိုးမသားပြုမူပုံ ပုံရိပ်များကို ကင်မရာထဲ၌ တွေ့ခဲ့ရသည်။

သို့ဖြစ်၍ ရဲတို့က ကားမက်ကို သံသယဖြင့် ခေါ်ယူစစ်ဆေးသောအခါ သူမ၏ ပစ္စည်းအားလုံးကို ၄င်းက ခိုးယူမိကြောင်း ဝန်ခံခဲ့သည်။ ကျူးလွန်ရသည့် အကြောင်းရင်းမှာ ၄င်းသည် မုဆိုးဖိုတစ်ဦးဖြစ်ပြီး သားတစ်ဦးကို စောင့်ရှောက် နေရကြောင်း၊ ၄င်းကလေးမှာလည်း ရောဂါတစ်ခုဖြစ်နေပြီး ဆေးကုသစရိတ် အလွန်ကုန်ကျပြီး ဆေးဖိုးဘေလ်များ ကြွေးကျန်နေရပြီး အလုပ်ကလည်း မရှိသဖြင့် သူမကို ချစ်ဟန်ဆောင် အယုံသွင်းပြီး၊ ပစ္စည်းများ ခိုးယူမိကြောင်း ရဲထံတွင် ဝန်ခံခဲ့သည်။ အမှုဖွင့်သူ မိန်းကလေးမှာလည်း ဖွတ်ထွက်မှ တောင်ပို့မှန်းသိရသည့် အဖြစ်နှင့် လူရော ပစ္စည်းပါ နစ်နာခဲ့ရသည်။ ရဲက အမှုကို လက်ခံပြီး တရားစွဲထားရာ မက်ခများ ထောင်ဒဏ် (၁၀)နှစ်ထိ ကျခံဖွယ်ရှိသည်ဟု သတင်းက မှတ်ချက်ပြုထားသည်။


Man allegedly faked love to rob woman
in Russia
"The woman fully trusted her partner and gave him her ... car keys. But
obtain money for his son's medical treat

Ref : Internet News

www.burmeseclassic.com

www.burmeseclassic.com



# Fifteen killed in nortern Mexican bar shootout

## မက္ကဆီကို နယ်စပ်မြို့တွင် မူးယစ်ဆေး လူဆိုးဂိုဏ်းက ညကလပ်ကို ဝင်ရောက်ပစ်ခတ်၍ လူ (၁၅) ဦး သေဆုံး

မက္ကဆီကိုနိုင်ငံ၊ ချီယူအေယူအေပြည်နယ်၏မြို့တော် အရက်ဘား စားသောက်ဆိုင်တစ်ခုတွင် မူးယစ်ဆေးဂိုဏ်း အချင်းချင်း နယ်လုတိုက်ပွဲဖြစ်ပွားရာမှ အပြစ်မဲ့ အရပ်သား (၁၅) ဦး သေဆုံးကာ တစ်ဦးပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။

ထိုနေ့ညတွင် ချီယူအေယူ အေမြို့တော်၏ ညကလပ်တစ်ခုတွင် ပရိသတ်စည်ကားစွာ ကခုန်သောက်စား ပျော်ပါးနေကြသည်။ ရုတ်တရက် မျက်နှာဖုံးစွပ်ထားသော လက်နက်ကိုင်လူတစ်စု အတင်း ဝင်ရောက်ခဲ့ပြီး တွေ့သမျှ မြင်သမျှကို ၄င်းတို့ပါလာသော လက်နက်များဖြင့် တရစပ် ပစ်ခတ်ခဲ့ကြရာ သတင်းဂျာနယ်လစ် (၂)ဦး အပါအဝင် လူ (၁၅) ဦး ပွဲချင်းပြီးသေဆုံးခဲ့သည်။ ဤသို့ ပစ်ခတ်သတ်ဖြတ်ရခြင်းမှာ ၄င်း ညကလပ်တွင် တစ်ဖက်လူဆိုးဂိုဏ်းနှင့် အဆက်အသွယ်ရှိသော သူများရှိနေသည်ဟု ဆိုကာ အဖြူအမည်း မခွဲခြားဘဲ ပစ်ခတ်သတ်ဖြတ်ပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့ကြသည်။ အစိုးရမူးယစ်ဆေးဂိုဏ်းများ စတင်နှိမ်နင်းသည့် (၂၀၀၈) ခုနှစ်မှစ၍ အခင်း ဖြစ်သည့်အချိန်ထိ လူဆိုးဂိုဏ်း အချင်းချင်း နယ်လုတိုက်ပွဲ၊ လူဆိုးဂိုဏ်းများနှင့် ဥပဒေသမားတို့ တိုက်ပွဲဖြစ်စဉ်ကာလအတွင်း လူပေါင်း ငါးထောင်ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ အထူးသဖြင့် USAတက်ဆက်ပြည်နယ်နှင့် ကပ်လျက်ရှိသော ချီယူအေဟူ အေပြည်နယ်နှင့် စီယူဒက်ဂျူ ရာဇာတ်မြို့တော်တို့တွင် သွေးချောင်းစီးမှု အများဆုံးဖြစ်ပွားခဲ့သည်။ (၂၀၁၂) ခုတွင် အဆိုပါ ရာဇဝတ်မှုများသည် နူဗိုအိုလီ အွန်ဒေသထိ ပျံ့နှံ့ပြီး မူးယစ်ဆေး တိုက်ပွဲများ ပြန့်ကားလာသည်။ သံချပ်ကာကားအထိ ပိုင်ဆိုင်သော မူးယစ်ဆေးဂိုဏ်းများကို ရဲတပ်ဖွဲ့အဖြင့် ရေတပ် (မရိန်း တပ်ဖွဲ့)အင်အားပါ ပေါင်းပြီး ဆက်လက်နှိမ်နင်းနေရသည်။ ယခု ဖြစ်စဉ်ထိ ဂျာနယ်လစ် (၁၇) ဦး အသက်ခံခဲ့ရပြီး ဖြစ်သည်။

Ref : Internet News

## ရက်စက်ယုတ်မာသည့် ဂိုဏ်းဖွဲ့ မုဒိမ်းကျင့်သော တရားခံများကို သေဒဏ်ချမှတ်

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဂိုဏ်းဖွဲ့၊ မုဒိမ်းကျင့်၊ လူသတ်၊ လုယူမှုတစ်ခု ဖြစ်ပွားခဲ့ ရာ အိန္ဒိယလူထုသာမက ကမ္ဘာတစ်ဝန်းကပါ မကျေနပ်မှု ပေါက်ကွဲခဲ့ပြီး အိန္ဒိယဥပဒေ၏မုဒိမ်းမှုများအပေါ် ပြစ်ဒဏ်သက်သာစွာ ပေးခြင်းအတွက် ဝေဖန်စရာဖြစ်ပြီး အိန္ဒိယတစ်လွှား အမျိုးသမီးတို့၏လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုခံနေရခြင်းအပေါ် မီးမောင်းထိုးပြခဲ့သည်ဟု ဆိုသည်။

နယူးဒေလီမြို့မှ အနုပ်ဗ ရောဂါ ကျွမ်းကျင်သူကလေးမလေး (၂၃)နှစ်သည် သူမ၏ချစ်သူနှင့်အတူ (၁၆.၁၂.၁၂) နေ့တွင် ရုပ်ရှင်အတူ ကြည့်ကြပြီး အိမ်သို့ ဘတ်စ်ကားစီး ပြန်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းခုလတ် ကားပေါ်၌ပင် ထို မိန်းကလေး၏ ချစ်သူကို ရိုက်နှက် အနိုင်ကျင့်ပြီး မိန်းကလေးကို လူ တစ်စုက အလှည့်ကျ မုဒိမ်းကျင့် ကြသည်။ ၎င်းတို့ ကျေနပ်အားရ သော် မိန်းကလေးနှင့် သူမ၏ ချစ်သူကို သံပိုက်ဖြင့် ထပ်မံရိုက် နှက်ကာ ကားလမ်းပေါ်တွင် ပစ်ချ ထားပြီး ခြေရာဖျောက်ခဲ့ကြသည်။ ဒဏ်ရာဗရပွ ရလာသော စုံတွဲ ဆေးရုံရောက်ခဲ့ကြသည်။

မိန်းကလေးသည် သက်သာ မှုမရှိသဖြင့် အိန္ဒိယမှ စင်ကာပူရှိ ဆေးရုံသို့ လွှဲပြောင်းပေးပို့ ကုသ ခဲ့သော်လည်း ခန္ဓာကိုယ်အတွင်း ကျေဒဏ်ရာဖြင့် သေဆုံးခဲ့ရသည်။ အသက်ရှင် ကျန်ခဲ့သော လူငယ် ၏အစစ်ခံချက်အရ တရားခံအဖြစ် သံသယရှိသော လူ (၁၃)ဦးကို ဖမ်းဆီး စစ်ဆေးခဲ့ရာ အဓိက တရားခံ (၅)ဦးအဖြစ် ရမ်ဆီနိုတ် (ဘတ်စ် ကားဒရိုင်ဘာ၊ မူကစ် နိုတ် (ဒရိုင်ဘာ၏အစ်ကို၊ ရှာမင် (အားကစား ရုံ လ/ထမန်နေဂျာ)၊ အာရှိ ကင်မာ (ဘတ်စ်ကားသန့် ရှင်း ရေး လုပ်သား) နှင့် ပါဝမ်ကူ မာ (သစ်သီးသစ်နှံ လမ်းဘေး ဈေးသည်)၊ ၎င်းတို့သည် ဆွေမျိုး တော်စပ်ကြပြီး ဂိုဏ်းဖွဲ့ကာ လူ မဆန်စွာ ပြုကျင့်ခဲ့ကြခြင်း ဖြစ် ကြောင်း စုံစမ်းစစ်ဆေးတွေ့ရ သည်။ စုံစမ်းနေ အချုပ်ကျနေ သော တရားခံများအနက် အဓိက တရားခံ ရမ်ဆီနိုတ်သည် အစောင့် အကြပ် ထူထပ်စွာချထားသော တီဟာ အကျဉ်းထောင်ထဲတွင် ၎င်းဝတ်ထားသော အဝတ် အထည်တို့ကို ကြိုးပြုလုပ်ပြီး ဆွဲ ကြိုးချသေဆုံးခဲ့သည်။ ဥပဒေအရ အပြစ်ရှိသော ရမ်ဆီနိုတ် မိမိကိုယ် မိမိ အဆုံးစီရင်ခြင်းသည် ထောင် တာဝန်ခံအပေါ် တာဝန်ပေါ့လျော့မှု သက်ရောက်နေသဖြင့် စုံစမ်းမှုများ ပြုနေသည်။

၎င်း တရားခံများသည် ဥပဒေစိုးမိုးသည်ဆိုသော မြို့ တော်၏ အများပြည်သူဆိုင်ရာ လမ်းမပေါ်ရှိ ကားပေါ်တွင် လူ့ စည်းကမ်းဖောက်ဖျက်ကာ ဂိုဏ်း ဖွဲ့ပြီး မုဒိမ်းကျင့်၊ လုယက်ပြီး ရိုက် နှက်ကာ လူသားချင်း စာနာ ထောက်ထားခြင်းမရှိကြဘဲ ပြစ်မှု ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိ ရသဖြင့် တရားခံအားလုံးကို သေ ဒဏ်အပြစ်ပေးခဲ့သည်။ ကိုယ့် ကိုယ်ကိုယ် အဆုံးစီရင်သောမုဒိမ်း သမားခေါင်းဆောင် ရမ်ဆီနိုတ်ကို သေဒဏ်အပြင် ထောင်ဒဏ်တစ် သက်ကျခံစေခဲ့သည်။ ရက်စက် ယုတ်မာလှသော ဤသို့ပြစ်မှု ကျူးလွန်သော တရားခံများ ထပ်မံ မပေါ်ပေါက်စေရန် အိန္ဒိယ၏ မုဒိမ်းမှုများအပေါ် အပြစ်ဒဏ်ချ မှတ်မှုကို ပိုမိုထိ ရောက်စေသင့် ကြောင်း နိုင်ငံတကာမှ မှတ်ချက် ပြုခဲ့ကြသည်။

Ref : Internet News 20.6.2013

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဖြစ်မှုဖြစ်ပွားရလဲ
မှုခင်းကျဆင်းအောင် ဘယ်လိုလုပ်ရမလဲ

- ဖြစ်မှုဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းအချက်များ
- ရာဇဝတ်ကောင်တို့၏ အမူအကျင့်၊ အလေ့အထ၊ လုပ်နည်းကိုင်နည်းများ
- မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ မှုခင်းကျဆင်းရေး ဆောင်ရွက်ချက်များ
- အဲဒီအချက်တွေကို ကြိုတင်သိထားပါလျှင်
- အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာ တွေ့ရတတ်သည်ဟူသော စကားကို ကျော်လွှားနိုင်မည် ဖြစ်ပါ၏။

ဒါကြောင့်

လောဘ ဒေါသ မောဟ တရားတို့၏ ဆိုးကျိုးကို မီးမောင်းထိုးပြကာ
မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့်
မှုခင်းများ လျော့နည်းကျဆင်းရေးသို့
ဟူသော ဦးတည်ချက်ဖြင့် ထုတ်ဝေနေသော

နီလေးမောင်
မြစ်ဆုံ
မဂ္ဂဇင်း

သက်စွဲမြဲ ဖတ်ရှုမှ ဖြစ်ပါမယ်

www.burmeseclassic.com

www.burmeseclassic.com



မင်းဟိန်းခန့် (မှူခင်း)

# ဘုန်းကြီးငွေခိုးပြီး ပျောက်ပါးနေသူကို ရဲတာဖမ်းလိုက်ပြီ

နေပြည်တော်ကောင်စီ နယ်မြေ၊ တပ်ကုန်းမြို့နယ်တွင် (၂-၆-၂၀၁၃) ရက်နေ့က ဘုန်းတော်ကြီးကျောင်းတွင် ငွေထည့်ထားသော သံသေတ္တာခိုးယူသူ (၂) ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။



ခိုးမှုပေါ်ပေါက်ပုံမှာ တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းမှူး နယ်ထိန်း ဒုတပ်ကြပ်စိန်မြင့်သည် တာဝန်ကျသော ကျေးရွာများသို့ လှည့်လည်သတင်း ရယူနေစဉ် (၁၈-၅-၁၃) ရက်နေ့ နံနက် (၀၉း၃၀)နာရီအချိန်က အောင်မြင်ရိပ်သာအုပ်စု၊ ဒရောက်ကူး ကျေးရွာ ဘုန်းတော်ကြီးကျောင်းနေ သက်တော် (၈၇) နှစ်ရှိသော ဆရာတော်ဦးဇနိတမှ မိန့်ကြားသည်မှာ ဆရာတော်သည်အသက်ကြီးပြီဖြစ်၍ အနည်းငယ် နားထိုင်းကြောင်း၊ ဆရာတော် တစ်ပါးတည်းရှိ၍ စာဖတ်နေစဉ် ဘုရားခန်းဘက်မှ 'ဘုန်း' ဆိုသောအသံ ရုတ်တရက် ကြားလိုက်ရသော်လည်း အမှုမဲ့၊ အမှတ်မဲ့နေခဲ့ကြောင်း၊ သွားရောက် ကြည့်ရှုခဲ့ခြင်းမရှိကြောင်း၊ ယင်းနေ့ ညနေ (၇) နာရီခန့်တွင် နေ့စဉ်လုပ်နေကြအတိုင်း ငွေသိမ်းဆည်းရန်အတွက် ဘုရားခန်းဗီရိုအတွင်းရှိ ငွေထည့်သော သံသေတ္တာအား ကြည့်ရှုရာ မတွေ့ရှိရတော့သဖြင့် အနီး ဝန်းကျင်တွင် ရှာဖွေသော်လည်း မတွေ့သဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးဦးဝေလင်းအား သွားရောက် အကြောင်းကြားခဲ့

www.burmeseclassic.com



ကြောင်း၊ (၁၉.၅.၁၃) ရက်နေ့တွင် အုပ်ချုပ်ရေးမှူး ဦးဝေလင်းနှင့် နယ်ထိန်းဒုတပ်ကြပ်စိန်မြင့်တို့ အကျိုးအကြောင်း တိုင်ပင်ဆွေးနွေးခဲ့ကြကြောင်း၊ ဒုတပ်ကြပ် စိန်မြင့်မှ ယင်းကိစ္စအား ရွာထဲသို့ အသိမပေးစေဘဲ ဟန်မပျက်သာ နေရန်ပြောဆိုခဲ့ပြီး အမာခံသတင်းပေးများအား စောင့်ကြည့်ပေးရန် မှာကြားခဲ့သည်ဟုဆို၏။

အမာခံ သတင်းပေးများ၏ ပြောပြချက်အရ ရွာထဲမှ မသင်္ကာဖွယ်ဖြစ်သူ ထွန်းအေးအား ဒုတပ်ကြပ်စိန်မြင့်မှ နေ့စဉ် စောင့်ကြည့်နေခဲ့သည်ဟုဆို၏။ ထွန်းအေးမှာ အလုပ်ကို လက်ကြောတင်းအောင် မလုပ်ဘဲ ငွေဖောဖောသီသီ သုံးနေကြောင်း၊ ပြည့်တန်ဆာအိမ်များသို့ သွားရောက်၍ ပျော်ပါးသုံးဖြုန်းနေကြောင်း၊ အနှိပ်ခန်းများသို့လည်း သွားရောက်သည်ကို တွေ့မြင်ရကြောင်း၊ ဝင်ငွေမရှိဘဲ သုံးဖြုန်းနေသည်ကို ကြားသိရ၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် နယ်ထိန်းတို့ တိုင်ပင်အကွက်ဆင်ကြပြီးကျေးရွာအတွင်း ဖဲလောင်း ကစားဝိုင်းပြုလုပ်မည်ဟု သတင်း လွှင့်စေခဲ့ရာ ထွန်းအေးမှာ ဖဲလောင်း ကစားရန်အတွက် ရွာသို့ပြန်လာစဉ် (၂.၆.၁၃) ရက်နေ့၊ ည (၇း၃၀) နာရီ

**ကျောင်းဝင်းခြံပေါက်မှ**
**အပြင်သို့ နှစ်ယောက်အတူ**
**သယ်ယူခဲ့ပြီး**
**ကျောင်းဝင်းအပြင်ရောက်မှ**
**သေတ္တာအား ဖျက်ဆီးဖွင့်ကာ**
**သေတ္တာအတွင်းမှ**
**ငွေကျပ် (၁၃) သိန်း**
**အား......**

အချိန်တွင် ရန်ကုန်- မန္တလေးနှင့် ကပစသို့သွားသည့် လမ်းထောင့်အနီး ကွမ်းယာဆိုင်တွင် တွေ့ရှိ၍ သက်သေများရှေ့၌ ၎င်းအား ရှာဖွေရာ (၅၀၀၀ိ/) ကျပ်တန် ငွေစက္ကူ (၁၂) ရွက်၊ (၆၀၀၀၀ိ/) တိတိအား တွေ့ရှိ၍ မေးမြန်းရာ ၎င်းပိုင်ဆိုင်ကြောင်း ခိုင်လုံအောင် ပြောပြနိုင်ခြင်းမရှိ သဖြင့် (၂.၆.၁၃) ရက်နေ့၊ ည (၈း၀၀) နာရီအချိန်တွင် ဒုတပ်ကြပ်စိန်မြင့်မှ တရားလိုပြု တိုင်ကြားရာ တပ်ကုန်းရဲတပ်ဖွဲ့ စခန်း (ပ) ၁၃၁/၂၀၁၃ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၈၀/၅၄ ဖြင့် အမှုဖွင့်ပြီး စခန်းမှူး၊ ဒုရဲမှူးသန်းဝင်း၏ တာဝန်ပေးချက်အရ ဒုရဲအုပ် အောင်ပြည့်စုံမှ အမှုစစ်အရာရှိအဖြစ် ဆောင်ရွက်စစ်ဆေးခဲ့ရာ မသင်္ကာတရားခံ ထွန်းအေး (ခ) စိုင်းဘိုဘို (၂၂) နှစ်၊ (ဘ) ဦး ကျော်ခင်၊ ကျွဲဘမ်း၊ ဒရောက်ကူး ကျေးရွာနေသူ၏ ထွက်ဆိုချက်အရ တစ်ရွာထဲနေ ဘုန်းကြီး၏ လူယုံဖြစ်သော (ဘ) ဦးချို၏သား မိုးကျော်ဦး (၂၄) နှစ်နှင့်အတူ အောင်မြေရိပ်သာအုပ်စု (ဘော်) ဒရောက်ကူးကျေးရွာ၊ ရွာဦး ဘုန်းတော်ကြီးကျောင်း၊ ကျောင်းထိုင် ဆရာတော် ဦးဇနိတ၏ ငွေထည့်သော သေတ္တာအား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတူ ခိုးယူခဲ့ကြကြောင်း၊ ငွေထည့်ထားသော သံသေတ္တာအား နှစ်ထပ်ကျောင်းဆောင်၏ ပြတင်းပေါက်မှတစ်ဆင့် အောက်သို့ပစ်ချခဲ့ရာ အဝတ်များခံထားသော်လည်း 'ဘုန်း' ခနဲ အသံမြည်သွားခဲ့ကြောင်း၊ ကျောင်းဝင်းခြံပေါက်မှ အပြင်သို့ နှစ်ယောက်အတူ သယ်ယူခဲ့ပြီး ကျောင်းဝင်းအပြင်ရောက်မှသေတ္တာအား ဖျက်ဆီးဖွင့်ကာ သေတ္တာအတွင်းမှ ငွေကျပ် (၁၃) သိန်းအားတွေ့ရှိ၍ တစ်ယောက်လျှင်ငွေ (၆) သိန်း (၅) သောင်းကျပ်စီ ခွဲဝေယူခဲ့ကြကြောင်း၊ ရရှိသောငွေများဖြင့် ပျော်ပါးသုံးဖြုန်းနေစဉ် ယခုကဲ့သို့ ဖမ်းဆီးခံခဲ့ရကြောင်း ထွက်ဆိုခဲ့သည်။

ဆရာတော်၏ လူယုံဖြစ်သော မိုးကျော်ဦးအား ထွက်ချက်အရ အမှုဖြင့်ဖမ်းဆီး စစ်ဆေးရာ ငွေအချို့မှာ သုံး၍ ကုန်သွားပြီဖြစ်ကြောင်း၊ ၎င်း၏အိမ်တွင် လိုက်လံပြသသဖြင့် သက်သေများ ရှေ့ ရှာဖွေသိမ်းဆည်းရာ ငွေ (၃၇၂၀၀၀ိ/) တိတိ တွေ့ရှိရ၍ ရှာဖွေပုံစံရေးသွင်းကာ သိမ်းဆည်းခဲ့ကြောင်းနှင့် တရားခံထွန်းအေးနှင့်အတူ ၎င်းတို့နှစ်ဦး ဘုန်းတော်ကြီးထံမှ ငွေသေတ္တာခိုးယူကာ တစ်ဦးလျှင် (၆၅၀၀၀၀ိ/-) ကျပ်စီ ခွဲဝေယူခဲ့ကြကြောင်းကို ဝန်ခံထွက်ဆိုခဲ့သည်။

အမှုစစ်အရာရှိ ဒုရဲအုပ်အောင်ပြည့်စုံသည် ရဲလုပ်ငန်း ကုန်စင်အောင် အမှုအား ခိုင်မာအောင် စစ်ဆေး ဆောင်ရွက်ပြီး ဥပဒေအကြံပြုချက်နှင့်အညီ တရားခံ ထွန်းအေး (ခ) စိုင်းဘိုဘိုနှင့် တရားခံ မိုးကျော်ဦးတို့ (၂) ဦးအား ဘုန်းကြီးပိုင် ငွေ (၁၃) သိန်း ခိုးယူမှုအတွက် ထိုက်တန်သောပြစ်ဒဏ်ချမှတ်နိုင်ရေး တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မင်းဟိန်းခန့် (မှူခင်း)**

# (၄၅) ရက်အတွင်း ထိုင်းပို့မယ်ဆိုလို့ ငွေချေးပြီးပေးလိုက်တာ ရက် (၁၀၀) ကျော်သည်အထိ ထိုင်းမသွားရပေမဲ့ ငွေတိုးတွေတက်နေလို့တဲ့

နေပြည်တော် ကောင်စီ နယ်မြေ၊ တပ်ကုန်းမြို့နယ်တွင် ထိုင်းနိုင်ငံသို့ အလုပ်လုပ်ရန် အလုပ်ရှာဖွေပို့ပေးမည်ဟု ပြောဆိုပြီး ငွေလိမ်လည်ရယူသွားသော အမှုဖြစ်ပွားကြောင်း သတင်းရရှိသည်။

လိမ်လည်မှု ဖြစ်ပွားပုံမှာ ၁၉-၁၁-၂၀၁၂ ရက်နေ့က နေပြည်တော် ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ် ညောင်တုံးအိုင်ကျေးရွာအုပ်စု၊ တရော်ပင်အင်းကျေးရွာနေ ဦးဝင်း၏သား ကိုဇော် (၂၆) နှစ် တောင်သူ လုပ်ငန်းလုပ်ကိုင်သူသည် နေအိမ်၌ရှိနေစဉ် တပ်ကုန်းမြို့၊ ဆရာစံ ရပ်ကွက်၊ နယ်မြေ (၁၁) နေ ကိုအေး (ခ) ဆန်းလင်းထွန်းဆိုသူ ရောက်ရှိလာပြီး တစ်ဖက် ထိုင်းနိုင်ငံတွင် အလုပ်

www.burmeseclassic.com

www.burmeseclassic.com





## တရားလို ကိုဇော်ဇော်တို့အား စာရေးသူမှတွေ့ဆုံမေးမြန်းစဉ်

ရှာဖွေပေးမည် ဖြစ်ကြောင်းနှင့် (၄၅) ရက်အတွင်း အလုပ်အကိုင် ရရှိ၍ အများတကာထက် ငွေကြေး သက်သာမည်ဖြစ်ပြီး စက်ရုံအမည်များ ရေးသားထားသော လျှောက်လွှာစာရွက်တစ်ရွက်ပြသကာ မိမိတို့ ကြိုက်နှစ်သက်ရာ အလုပ်အကိုင်အား ရွေးချယ်လုပ်ကိုင်နိုင်ကြောင်း ယုံကြည်အောင် ပြောဆိုစည်းရုံး၍ အလုပ်လုပ်ကိုင်လိုသူတစ်ဦးလျှင် (၂၅၀၀၀ဝိ/-) ကျပ်နှင့် ကားခအဖြစ် (၇၀၀ဝိ/-) ကျပ်စီပေးဆောင်ကြရမည်ဖြစ်ကြောင်း ပြောဆိုသဖြင့် ကိုဇော်ဇော်ပါ (၉) ဦးမှ ကိုအောင် (ခ) ဆန်းလင်းထွန်း ပြောဆိုတောင်းခံသည့် ငွေများအတိုင်း ပေးအပ်ခဲ့ပြီး တပ်ကုန်းမြို့ ဗိုလ်မင်းရောင် ရပ်ကွက်နေ ဒေါ်တင်တင်ငြိမ်း စီစဉ်ပေးသည့်အတိုင်း ၂၉-၁၂-၁၂ ရက်နေ့ ည (၇း၀၀) နာရီအချိန်တွင် တပ်ကုန်းမြို့မှ ရန်ကုန်၊ ရန်ကုန်မှ မြဝတီမြို့သို့ အဆင့်ဆင့် ပို့ဆောင်ပေးပြီး မြဝတီမြို့ရှိ 'နေဝန်း' ပြည်ပအလုပ်အကိုင် ရှာဖွေရေးကုမ္ပဏီ၌ (၃) လနှင့် ရက်ပေါင်း (၂၀) ရက်ခန့် နေထိုင်ခဲ့ကြရသော်လည်း အလုပ်အကိုင် ရရှိခြင်းမရှိသဖြင့် မြဝတီမြို့မှ မိမိတို့နေရပ်သို့ ပြန်လာခဲ့ကြရပြီး မြဝတီမြို့သို့ စီစဉ်စေလွှတ်ပေးခဲ့သူ ဒေါ်တင်တင်ငြိမ်းထံ သွားရောက်ကာ သက်သေများနှင့် ကိုဇော်ဇော်ပါ (၇) ဦးမှ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



အကိုင် ရှာဖွေပေးမည်ဟု ပြောဆို၍ ရယူထားရှိသည့် ငွေ (၁၇၉၉၀၀၀ိ/-) ကျပ်အား ပြန်ပေးပါရန် တောင်းခံကြရာဒေါ်တင်တင်ငြိမ်းမှ နူတ်ကတိဖြင့် ပြန်ပေးမည်ဟု ပြောဆိုခဲ့သော်လည်းယနေ့အထိ ပြန်လည် ပေးအပ်ခြင်းမရှိသဖြင့် အလုပ်အကိုင် ရှာဖွေပေးမည်ဟု ပြောဆိုစည်းရုံးကာငွေများလိမ်လည်ရယူခဲ့သူ တပ်ကုန်းမြို့ ဆရာစံရပ်ကွက်၊ နယ်မြေ (၁၁) နေ ဦးအေးဝင်းထွန်း၏ သား ကိုအောင် (ခ) ဆန်းလင်းထွန်းနှင့် တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင် ရပ်ကွက်၊ နယ်မြေ (၁၁) နေ ဦးကိုလေး၏ သမီး ဒေါ်တင်တင်ငြိမ်းတို့ နှစ်ဦးအား ဥပဒေအရ အရေးယူပေးပါရန် ကိုဇော်ဇော်မှ ၅-၅-၁၃ ရက်နေ့ ညနေ (၄း၂၀) နာရီအချိန်၌ လာရောက်တိုင်ကြားသဖြင့် ရွှေမြို့ရဲစခန်း (ပ) ၃၄/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ-၄၂၀ ဖြင့် အမှုရေးဖွင့်ကာ အမှုစစ်အရာရှိအဖြစ် ဒုရဲအုပ် ဝင်းမောင်ချေမှ အမှုမှန်ပေါ်ပေါက်ရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း။

အမှုအား မေးမြန်းစုံစမ်းရာ တရားလို ကိုဇော်ဇော်တို့ အဖွဲ့သည် ထိုင်းနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန်အတွက် လာရောက်စည်းရုံးသူ ကိုအောင်မှတစ်ဆင့်ဒေါ်တင်တင်ငြိမ်းနှင့် တွေ့ဆုံကြပြီးဒေါ်တင်တင်ငြိမ်းမှ စီစဉ်ပေးခဲ့သဖြင့် တပ်ကုန်းမှ ရန်ကုန်သို့ လည်းကောင်း၊ ရန်ကုန်မှ မြဝတီသို့လည်းကောင်း သွားရောက်ခဲ့ကြရပြီး မြဝတီတွင် သုံးလကျော် နေထိုင်ခဲ့ကြပြီးနောက် ထိုင်းနိုင်ငံသို့ အလုပ်လုပ်ကိုင်သွားကြရန်အတွက် အရိပ်အယောင် မတွေ့သောကြောင့် မိမိတို့၏ နေရပ်ဖြစ်သော တပ်ကုန်းမြို့သို့ ပြန်လာခဲ့ကြရကြောင်း၊ မိမိတို့နေထိုင်သော ကျေးရွာသို့ ရောက်ရှိသောအခါ မိသားစုများမှ မိမိတို့ထိုင်းနိုင်ငံသွားလာရန်အတွက် အထွေထွေ ကုန်ကျစရိတ်ငွေများအား ငွေတိုးဖြင့် ယူထားခဲ့ရကြောင်း၊ အလုပ်အကိုင်မရရှိသဖြင့် ချေးယူခဲ့သောငွေနှင့် အတိုးများအား မည်သို့ ပေးဆပ်ကြရမည်ကို မသိကြောင်းတို့ကို ပြောဆိုတိုင်ပင်ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးမှ တစ်ဆင့် ဒေါ်တင်တင်ငြိမ်းနှင့် တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင် ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဗိုလ်မင်းရောင် အုပ်ချုပ်ရေးမှူး ဦးအုန်းနွဲ့၊ ညောင်တုံးအိုင် အုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းဦး၊ ရွှေမြို့ရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဝင်းမောင်ချေနှင့် တရော်ပင်အင်းမှ အုပ်ချုပ်ရေးမှူးဟောင်း ဦးဇော်မင်းထွန်းတို့၏ ရှေ့တွင် တွေ့ဆုံကြပြီး ကုန်ကျငွေများ ပြန်လည်ပေးပါရန် တောင်းခံခဲ့ရာ ဒေါ်တင်တင်ငြိမ်းမှ အထွေထွေ ကုန်ကျစရိတ်ကိုတော့ မပေးနိုင်ကြောင်းနှင့် အမှန်တကယ်ပေးအပ်ခဲ့သော ငွေ (၂) သိန်းခွဲကျပ်အား ပြန်လည် ပေးပါမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပြီး နောက်ပိုင်းတွင် ငွေပြန်လည် ပေးရေးကိစ္စအား မပြောဆိုတော့ဘဲ လျစ်လျူရှုခဲ့ကြောင်း။ တရားလို ဇော်ဇော်တို့နှင့် လိုက်ပါသွားခဲ့သော မောင်မျိုးအောင်၏မိခင် ဒေါ်ခင်အေးတင့်ကပြောပြသည်မှာ သားဖြစ်သူ မြဝတီရုံးမှ ဖုန်းဆက်ပြီး အခွင့်မပေးကြောင်း ပြောကြား၍ဒေါ်တင်တင်ငြိမ်းအား သားဖြစ်သူတို့ အဖွဲ့ထိုင်းသို့ ဘယ်တော့သွားရမလဲဟု မေးမြန်းကြည့်ရာ ဒေါ်တင်တင်ငြိမ်းမှ ...

"ညည်းသားက စကားပြောရိုင်းတယ်။ ငါ့ကိုဖုန်းဆက်ပြီး မေးတာ၊ ငါ့သားနဲ့တွေ့လျှင် မလွယ်ဘူး။ ညည်းသား ထိုင်းကို အလုပ်လုပ်မသွားရရင် ညည်းတို့ ငွေရဲ့ (၂) ဆ ငါပြန်လျော်ပေးမယ်"

ဟု ပြောဆိုခဲ့သည်ဟု ဆို၏။

ဗိုလ်မင်းရောင်ရပ်ကွက်၊ အုပ်

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ရေးမှူးဖြစ်သူ ဦးအုန်းနွဲ့မှလည်း တရော်ပင်အင်းကျေးရွာမှ ထိုင်းသို့ သွားကြမည့်သူများနှင့် ဒေါ်တင် တင်ငြိမ်းတို့ ၄င်း၏ ရပ်ကွက်ရုံး တွင် တွေ့ဆုံကြရာ ဒေါ်တင်တင် ငြိမ်းမှ ယူထားငွေများ ပြန်ပေးမည် ဟုသာ ပြောဆိုခဲ့သော်လည်းဘယ် နေ့ဘယ်ရက်တွင် ငွေပြန်ပေးမည် ကို ကတိစာချုပ်ပြုလုပ်ထားရန် ပြောသောအခါ စဉ်းစားပါမည်ဟု ပြောပြီး ပြန်သွားခဲ့ကြောင်းနှင့် ဒေါ် တင်တင်ငြိမ်းနှင့် (၃) ကြိမ်ခန့် တွေ့ဆုံကာ ယူထားငွေများ ပြန် ပေးသင့်ကြောင်း၊ ငွေပြန်မပေး၍ ကလေးတွေ မကျေနပ်လျှင် တရား စွဲဆိုခံရမည်ဖြစ်ကြောင်း ရှင်းပြခဲ့ ဖူးသည်ဟု ဆို၏။

ရွှေမြို့ရဲစခန်းသို့ သွားရောက် အကူအညီတောင်းခံရာ ရွှေမြို့ ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်ကျော်နိုင်ဦး (ယခု ရဲအုပ်ကျော်နိုင်ဦး) ဆိုသူ တရော်ပင်အင်းကျေးရွာသို့ ရောက် ရှိလာပြီး ထိုင်းနိုင်ငံသို့ အလုပ် လုပ်ကိုင်ရန်အတွက် ငွေအလိမ် ခံကြရသော ကိုဇော်ဇော်တို့အဖွဲ့ အား တွေ့ဆုံမေးမြန်းကာ၊ မန္တလေး တိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူး ရုံးသို့ အစီရင်ခံတင်ပြခဲ့ရာ တိုင်း ရဲတပ်ဖွဲ့ရုံးမှ မသိနားမလည်သော ရွာသားများအား ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဟု ယုံကြည်အောင် ပြောဆိုစည်းရုံးပြီး ငွေရယူ သွားခဲ့ ကြသော ကိုအောင် (ခ) ဆန်းလင်း ထွန်းနှင့် ဒေါ်တင်တင်ငြိမ်းတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၂၀အရ အမှုဖွင့် အရေးယူသွားရန် ပြန်ကြား လာသဖြင့် ကိုဇော်ဇော်မှ တရားလို ပြုလုပ် တိုင်ကြားမှုအပေါ် ကိုအောင် (ခ) ဆန်းလင်းထွန်းနှင့် ဒေါ်တင် တင်ငြိမ်းတို့အား စခန်းမှူး ရဲအုပ် တင်လတ်၏ တာဝန်ပေးချက်အရ အမှုစစ်အရာရှိ ဒုရဲအုပ် ဝင်းမောင် ချေသည် အမှုဖြင့်ဖမ်းဆီးပြီးဥပဒေ အကြံပြုချက်နှင့် အညီ (၅-၆-၁၃) ရက်နေ့က တပ်ကုန်းမြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့ရာ မြို့နယ် တရားရုံးမှ ရာကြီး - ၂၅၈/၂၀၁၃ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ - ၄၂၀ အရ လက်ခံပြီး ကြားနာစစ်ဆေးလျက် ရှိကြောင်း သတင်းရရှိသည်။

မင်းဟိန်းခန့် (မှုခင်း)

ဓို တာ တွေ ပြည့် စုံ ဘို့ မိ ဂ ဒါ ဝုန် သ ကဲ န် း ယူ ခါ န် း စို့

မိဂဒါဝုန် သင်္ကန်းတိုက်


သင်္ကန်းအမျိုးမျိုးနှင့် သံဃာအသုံးအဆောင် လှူဖွယ်ပစ္စည်းများ လက်လီလက္ကား ရနိုင်ပါသည်၊
ရှင်ပြု ၊ ရဟန်းခံ ၊ ဝါဆို ၊ ကထိန်အလှူမင်္ဂလာပွဲမှာ ခန္ဓာအရှိ ဉာဏ်အသိ နဲ့သတိကပ်ပြီး
လှူဒါန်း မှသာ ကုသိုလ်ရကာ ၊ ဘဝ သံသရာမှ လွတ်မြောက်နိုင်မှာ ။

ကိုထိုးဝင့် ၊ မဇေအးအေးသိန်း
အမှတ် ၇၆၁ ၊ မြေညီ (B) ၊ မာလာနွယ်လမ်း
မေတ္တာညွန့်ရပ်ကွက် ၊ တာမွေမြို့နယ်
ဖုန်း ၀၁ ၅၅၅၄၆၂

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ခေတ်သစ် သောနုဋ္ဌိဂြိ

မြင့်သိကျား (ဆွာ)



www.burmeseclassic.com

မြင့်သိမ်း (ဆွာ)

# ခေတ်သစ် သောနုတ္တိဂုရု

“ပစ္စည်းက ဘယ်လိုက်ကြည့်ရမှာလဲ”

“ကျွန်းတောကုန်း ရွာထဲတင်”

မေးသူက သူ့လက်ပတ်နာရီကို ကြည့်လိုက်သည်။

“အမှန်အကန် သန့်သန့်ပြန့်ပြန့်ပဲလား”

“စိတ်ချပါ ကိုစိန်အောင်၊ အားလုံး ကင်းကင်းရှင်းရှင်း၊ သန့်သန့်ပြန့်ပြန့်ပါ”

“ကဲ…အချိန်ရှိတုန်း သွားကြည့်ရအောင်”

ကိုစိန်အောင်က လက်ဖက်ရည်ဖိုးရှင်းသည်။ ပစ္စည်းပြမည့်သူက ဆိုက်ကားနင်းသည့် သေိန်း။ နောက်တစ်ဦးက သေိန်း သူငယ်ချင်း မြင့်အောင်။

သေိန်းဆိုက်ကားပေါ်တွင် မြင့်အောင်က ထိုင်လျက်။ ကိုစိန်

**ဆင်ကြီးကို**
**နိုင်နိုင်နင်းနင်း**
**ကိုယ်လိုသော**
**ပုံစံထဲဝင်ဖို့**
**ကြောင်လိမ္မာလေး**
**တစ်ကောင်ပမာ**
**ထိန်းနိုင်ဖို့**
**ဆင်ကြီးငွေမိုးညိုဖြစ်**
**လက္ခဏာအား**
**အကဲခတ်နေသည်**

အောင်က သူ့စက်ဘီးနှင့်သူ။ သုံးဦးသား ကိုးသစ်ခြောက်မှ ကျွန်းတောကုန်းရွာသို့ လာခဲ့ကြသည်။ နာရီဝက်ခန့်အကြာတွင် ရွာတွင်းသို့ ရောက်ရှိပြီး အိမ်တစ် အိမ်ရှေ့၌ သေိန်းက ဆိုက်ကားကို ရပ်လိုက်၏။ မြင့်အောင် ဆိုက်ကားပေါ်မှ ဆင်းကာ … ။

“လာ … နောင်ကြီး” ဟုဆိုကာ ကိုစိန်အောင်ကို ခေါ် ရင်း ရှေ့မှဦးဆောင်၍ ခြံတွင်းသို့ ဝင်လိုက်သည်။ ထရံကာ၊ ဇလီ သတ်လေးပင်သုံးပင် အိမ်နိမ့်တစ်လုံး ကခြံထဲတွင် သစ်ပင်များအလယ် ၌ရှိနေသည်။ ၎င်းအိမ်မှ အမျိုးသားနှစ်ဦး အိမ်ရှေ့မှ လူသံများကြောင့် ထွက်လာကြသည်။

“မြင့်အောင်တို့ပဲ၊ ဧည့်သည်ပါလာတယ်ထင်တယ်၊ လာပါ၊ ကြွပါ”

www.burmeseclassic.com



အမျိုးသား နှစ်ဦးအနက် တစ်ဦးက ခရီးဦး ကြိုပြုသည်။ သေိန်း၊ မြင့်အောင်နှင့် ကိုစိန်အောင်တို့ အိမ်ပေါ်ရောက်လာကြပြီး

"ကဲ ... ဟောဒါ ကိုစိန်အောင်တဲ့၊ ပစ္စည်းကြည့်မယ်ဆိုလို့ ခေါ်လာတယ်၊ ဆရာကြီးတို့ပစ္စည်း ပြပေးလိုက်ပါ"

သေိန်းက အကျိုးအကြောင်း ပြောသဖြင့် အမျိုးသားနှစ်ဦးက အိပ်ခန်းထဲမှ ဂုန်နီအိတ်နှင့်ပတ်ထားသော ပစ္စည်းများကိုထုတ်ယူပြသသည်။ ကိုစိန်အောင်က သေချာစွာ ကြည့်ရှုသည်။ အလေးချိန်ကိုလည်း ဆကြည့်သည်။ နောက် ခေါင်းတစ်ချက် ဆတ်ပြီး။

"ဈေးက"

"------"

"အား ... များတယ်
အဲဒါဆို မဖြစ်နိုင်ဘူး"

အမျိုးသားနှစ်ဦး အနက် အရပ်မြင့်မြင့်လူက ချက်ချင်းပင် ပစ္စည်းကို ပြန်သိမ်းလိုက်သည်။

"ဈေးကွာလွန်းတယ် နောင်ကြီး၊ အလွန်အကျွံ လျှော့ပေးနိုင်ရင်--ဘဲ၊ ပေးနိုင်ရင်စဉ်းစားပါ"

ကိုစိန်အောင်က ခေါင်းရမ်းသည်။

❖❖❖

(၂)

မောင်အေးက ခေါင်းရမ်းသည်။

စောအောင်ဝင်းက တစ်ခုခုတော့ ဖြစ်သွားစေချင်၏။ ဒေသ့သည်လည်း ပြန်သွားပြီ။ သေိန်းနှင့် မြင့်အောင်လည်း ပစ္စည်းဝယ်သူ ထပ်၍ရှာရန်ထွက် လာကြပြီ။

"ဒီနေ့ ပေါက်ဈေးက အတက်ဘက်မှာပဲ ရှိနေတယ် ကိုစော။ လမ်းဘေးချရောင်းလို့မဖြစ်လို့။ နောက်ဆုံး ထုခွဲပြီး ပစ္စည်းလုပ် ရောင်းရင်တောင် တန်ကြေးကမနည်းဘူး။ ပြီးတော့ ဒီပစ္စည်းကို ခင်ဗျားကော ကျုပ်ပါ ဘယ်လို လုပ်ယူခဲ့ရသလဲဆိုတာ စဉ်းစားပါဦး။ ခင်ဗျားက ကျွန်တော့်ထက် ပိုစွန့်ခဲ့ရသူပါ ကိုစော။ ကျုပ်တို့ တန်ရာတန်ကြေးရမှ ရောင်းမယ်ဗျာ"

"ဟုတ်ပါတယ် ကိုအေး၊ လုပ်ပါ ကျုပ်ကလည်း ငွေမြန်မြန်ပေါ်၊ ခရီးမြန်မြန်ထွက်၊ နောက်ထပ်တစ်ခုလုပ်ဖို့ စီစဉ်ချင်လို့ပါ"

"တစ်ရက်ပေါ့ဗျာ စောင့်ရရင်။ အရင်က ရခဲ့တဲ့ပစ္စည်းနဲ့ အခုရထားတဲ့ပစ္စည်းနဲ့ ပေးရတဲ့ အရင်းအနှီးချင်း မတူတာတော့ ကိုစောသတိချပ်စေချင်တယ်၊ ကျုပ်တို့ အရင်ဈေးထက်ကို ရမှသင့်မယ်"

**လမ်းဘေးချရောင်းလို့မဖြစ်လို့။
နောက်ဆုံး ထုခွဲပြီး
ပစ္စည်းလုပ် ရောင်းရင်တောင်
တန်ကြေးကမနည်းဘူး။
ပြီးတော့ ဒီပစ္စည်းကို
ခင်ဗျားကော ကျုပ်ပါ
ဘယ်လို လုပ်ယူခဲ့ရသလဲဆိုတာ
စဉ်းစားပါဦး။**

www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်အေး စကားကို စောအောင်ဝင်း လုံးဝဥသုံလက်ခံသည်။ ဒီပစ္စည်းသည် ယခင်လို ပေါ့ပေါ့တန်တန် ရခဲ့သည်မဟုတ်။ အသက်စွန့်၍ ရယူခဲ့သော ပစ္စည်း မဟုတ်လား။

❖❖❖

"မဖြစ်ဘူးထင်တယ် စောအောင်ဝင်း။ ဒီကောင်ကြီးဟာ တစ်လက်ကိုင်ကြီး ထင်တယ်"

မောင်အေးက ဆင်နှင့် အထိုက်အလျောက် ရင်းနှီးသော်လည်း ဤဆင်ကြီး ငွေမိုးညိုကို ရဲရဲမကပ်ရဲဘဲ ရှိနေ၏။ ငွေမိုးညိုကြီးကလည်း သူတို့နှစ်ဦးကို ရောနှောလိုဟန် မရှိ။ လူသွားရာဘက်သို့ ခေါင်းလှည့်ကြည့်နေသည်။ စောအောင်ဝင်းကတော့ ဘာမှမပြောဘဲ ငွေမိုးညိုကြီးကို ရှေ့တည့်တည့်မှ ကြည့်ကာ အကဲခတ်နေသည်။

"ကိုစော... ဖြစ်ပါ့မလား။ မလွယ်ဘူးထင်တယ်ဟ"

မှန်ပေသည်။ စင်စစ်တော့ ဆင်၏အားသည် လူထက်အဆရာထောင်ကြီးမားသည်။ မည်သည့်ဆင်ဦးစီးကိုပင်ဖြစ်စေ နှာမောင်းနှင့် ရစ်ပတ်ဆွဲချလေလျှင် ခံရမည်သာချည်း ဖြစ်သည်။

**ရှုတ်တရက် ဆင်ကြီး
နောက်ပိုင်းဆီသို့
ခပ်သွက်သွက်သွားကာ
အမြီးကိုဆွဲ၍
ဆင်ကျောပေါ်သို့
ခုန်တက်လိုက်လေသည်**

သို့သော် ဆင်ကား လူထက်အသိနည်းသော သတ္တဝါဖြစ်ရကား လူဆန္ဒအရ လိုက်လျောရသည်သာဖြစ်ပေသည်။

ယခုလည်း ဆင်နှင့်နှစ်ပေါင်း (၂၀) ခန့် ထိတွေ့ခဲ့ဖူးသော စောအောင်ဝင်းက ဆင်ကြီးစရိုက်ကို အကဲခတ်နေသည်။ ဆင်ဦးစီးအဖြစ် (၁၅) နှစ်ခန့် လုပ်ခဲ့ရင်း ဆင်များကို နားလည်ရင့်ကျက်ထားသည့် ဆင်ဦးစီးဟောင်း စောအောင်ဝင်း။

ဤဆင်ကြီးကို နိုင်နိုင်နင်းနင်း ကိုယ်လိုသော ပုံစံထဲဝင်ဖို့ ဆင်ကြီးကို ကြောင်လိမ္မာလေး တစ်ကောင်ပမာ ထိန်းနိုင်ဖို့ ဆင်ကြီးငွေမိုးညို၏ လက္ခဏာအား အကဲခတ်နေသည်။ စောအောင်ဝင်း နောက်မဆုတ်နိုင်ပါ။ ငွေမိုးညိုနှင့် တွေ့ရဖို့အတွက် စရိတ်ကုန်၊ လူပန်း ကြိုးစားခဲ့ရသည် မဟုတ်ပါလား။

ဆွာမြို့ အနောက်ဆီးဖြူပင်၊ ဆပ်သမြောင် တောင်ကြော၌ သစ်ထုတ်လုပ်ရေးပိုင် ဆင်များရှိနေကြောင်း သတင်းရထားသည်မှာကြာပြီ။ ၄င်းဆင်များထဲမှ ငွေမိုးညိုဆင်ကြီး၏ အစွယ်သည် ကြီးမားလှပသည်ဟု သိထားသည်မှာလည်းကြာပြီ။ ယခု နဖူးတွေ့ဒူးတွေ့ တွေ့ကာမှ စောအောင်ဝင်း နောက်ဆုတ်ပြန်နိုင်တော့မည်လော။

ခက်နေသည်က ငွေမိုးညိုသည် စောအောင်ဝင်းအား ၄င်းကိုယ်ပေါ်သို့ တက်ခွင့်မပေးဖြစ်နေ၏။ စောအောင်ဝင်းကိုယ်ကို မတ်မတ်ရပ်လိုက်သည်။ မောင်အေးကဝါး (၄) ရိုက်အကွာခန့်မှ စောအောင်ဝင်း၏ လှုပ်ရှားမှုကို ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



စောအောင်ဝင်း ဆင်ကြီးရှိရာသို့ ခပ်မှန်မှန်လျှောက်သွားသည်။ ဆင်ကြီးငွေမိုးညိုကလည်း နှာမောင်းကို ဝဲယာလွှဲရင်း စောအောင်ဝင်းအား ကြည့်နေ၏။ ဆင်ကြီးနှင့် စောအောင်ဝင်း ရှစ်ပေခန့်အကွာ စောအောင်ဝင်းမှ ဆင်ဦးစီးစကားဖြင့် အမိန့်ပေးလိုက်သည်။

"မက် . . . ကောင်ကြီး မက်"

ဆင်ကြီးသည် ပထမ "မက်" ဆိုလိုက်စဉ် နားလည်ဟန်ရှိလိုက်သော်လည်း နောက်ထပ် "မက်" ဟုဆိုသောအခါ နားမလည်သလိုပုံဖြင့် စောအောင်ဝင်းအား ရန်ပြုမည့် လှုပ်ရှားဟန်ကို ပြတော့သည်။ အကင်းပါးသော စောအောင်ဝင်းက နောက်နည်းနည်းဆုတ်လိုက်၏။

"စောအောင်ဝင်း . . . မရဘူးထင်တယ်။ တခြားကောင်ရှာရအောင်ပါကွာ"

စောအောင်ဝင်း ဘာမှပြန်မပြော။ စောအောင်ဝင်း နောက်ဆုတ်သွားသဖြင့် ငွေမိုးညိုသည် အေးအေးစွာပင် သူမှီသော သစ်ရွက်သစ်ခက်များကို နှာမောင်းဖြင့် ဆွဲယူချိုးဖွဲ့စား နေလေသည်။

စောအောင်ဝင်းက မောင်အေးကို လက်ကာပြလိုက်ပြီး . . .

"ဟော့ကောင်ကြီး ညိုကြီး ငွေမိုး"

အသံပေးရင်း ရုတ်တရက် ဆင်ကြီး နောက်ပိုင်းဆီသို့ ခပ်သွက်သွက်သွားကာ ဆင်ကြီး၏ အမြီးကိုဆွဲ၍ ဆင်ကျောပေါ်သို့ ခုန်တက်လိုက်လေသည်။ မထင်မှတ် မမျှော်လင့်သော လုပ်ရပ်ကြောင့် မောင်အေးသည် အံ့အားသင့်ကာ ကြည့်နေမိသည်။ ငွေမိုးညိုကြီးလည်း အံ့အားသင့်လေသလား မပြောတတ်။ အစားမပျက် သစ်ခက် သစ်ရွက်များ စားနေဆဲ။

ချက်ချင်းပင် စောအောင်ဝင်းကား ဆင်ဦးစီးတို့ ထိုင်သောဆင်ကုပ်ပေါ်သို့ ရောက်ရှိပြီး ဦးစီးများအနေအထားဖြင့် ငွေမိုးညိုကြီးအား ထိန်းကွပ်ရန် အသင့်ရှိနေတော့သည်။

ခဏတွင်ပင် ငွေမိုးညိုကြီးကား စောအောင်ဝင်း မောင်းနှင်ရာသို့ လိုက်ပါသွားရလေတော့သည်။

❖❖❖

ငွေမိုးညိုအား သုံးမိုင်ခန့် ရှိ



www.burmeseclassic.com

www.burmeseclassic.com



ရာသို့ ခေါ်လာပြီး သစ်ပင်တစ်ပင်အနီး၌ အသင့်ရှိသော သံကြိုးများဖြင့် လက်တစ်ဖက်ကို ချိကာ သစ်ပင်နှင့် တွဲလိုက်သည်။ နောက်ထပ် သံကြိုးကြီးဖြင့် ၄င်းလက်ကို ထပ်၍ထူးခပ်ကာ ဆင်အား ဝပ်စေ၍ ဆင်ကုပ်ပေါ်မှ ယင်းသံကြိုးကို ကျော်ပတ်ယူပြီး ဒူးတုပ်လျက် အနေအထားဖြင့် ကျန်လက်တစ်ဖက်ကို ထူးခပ်ချည်နှောင်လိုက်သည်။ ဆင်ကြီးမှာ ထလို့ကြွလို့ မရတော့ပေ။

စောအောင်ဝင်းသည် ဆင်ဦးစီး အနေအထားအတိုင်း ဆင်ပေါ်၌ ထိုင်လျက်ရှိနေပြီး မောင်အေးမှ လက်ထိုးလွှဖြင့် ငွေမိုးညိုကြီး၏ အစွယ်များအားဖြတ်တော့သည်။ တစ်နာရီခန့် အကြာတွင် အစွယ်နှစ်ချောင်း ဖြတ်ပြီးသွားတော့၏။ ဆင်ကြီးမှာမူကား ပင်ပန်းကြီးစွာဖြင့်ချည့်နှဲ့စွာ ကျန်ခဲ့ရရှာတော့သည်။

❖❖❖

မှန်ပါသည်။ ယခင်ကဖြတ်ယူခဲ့ရသော ဆင်စွယ်များမှာ ဒီလိုဒီလောက် မခဲယဉ်းခဲ့ရပေ။ ဖြစ်ချင်ရာဖြစ်ဆိုပြီး စွန့်စားကာ ဆင်ပေါ်အရတက် နေရာယူလိုက်နိုင်ခြင်းဖြင့် ရရှိသောအောင်မြင်မှုဖြစ်ပေသည်။ စောအောင်ဝင်း အား ငွေမိုးညိုနှင့် ရင်ဆိုင်စဉ်က မောင်အေးသည် လုံးဝရှေ့မဆက်ချင်။ နောက်ဆုတ်ဖို့သာ အာရုံရှိနေ၏။ စောအောင်ဝင်း၏ ရဲတင်းသော တစ်ဇွတ်ထိုးစိတ်ဓာတ်ကိုလည်း အံ့ဩသွားသည်။ လူပုသလောက် ဖျတ်လတ်သည့် စောအောင်ဝင်း၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုဟုပင် ဆိုရပြိမ့်မည်။

> စောအောင်ဝင်း
> ခရီးဆက်ရဦးမည်။
> အခြား အခြားသောမြို့မှ
> ရွာမှ တောမှ ဆင်စွယ်များ
> ရယူရန်ရှိနေသေးသည်။
> ရက်ကြာကြာ
> မစောင့်နိုင်၊

ညနေ သုံးနာရီခန့်တွင် မြင့်အောင်နှင့် ငသိန်းတို့ ဧည့်သည်တစ်ဦးနှင့်အတူ ရောက်လာကြပြန်သည်။ ထုံးစံအတိုင်း ဆင်စွယ်များကို ပြကြသည်။ ကြည့်ကြသည့် ဧည့်သည်က…

"ဈေးပြောပါ"

"------ဈေးပါ"

"များပါတယ် နောင်ကြီး။ နောက်ပြီး သန့်သန့်ရှင်းရှင်းရောဟုတ်ရဲ့လား"

"ဒါ…ဆရာကြီးမောင်အေး ပါ။ … ဌာနကပါ။ စိတ်ချဝယ်ပါ"

"အေးလေ။ ဈေးမပြင်နိုင်တော့ဘူးလား"


"ဘယ်လောက်ပေးမလဲ။ ပြောကြည့်ပါဦးလား"

"ဘယ်နှစ်ပိဿာရှိလဲ"

www.burmeseclassic.com

www.burmeseclassic.com





"(၈) ပိဿာနဲ့ (၃၀) သား ရှိတယ်"

"ကိုစောအောင်ဝင်း ... ဆရာကြီးရောပေါ့ဗျာ။ အရောင်းအဝယ်ဖြစ်အောင် လိုတိုးပိုလျှော့ ညှိကြပါ။ ဒီနေ့တော့ ထပ်မရှာနိုင်တော့ဘူး"

ဒေသိန်းမှ လှမ်းပြောလိုက်သည်။ အတန်ကြာမှ အခြေအတင် ညှိနှိုင်းပြောဆိုကြပြီး

"ကျွန်တော် ခုပြန်လာခဲ့ပါမယ်"

စည့်သည်ကပြောပြီး ပြန်သွားသည်။

"နည်းတယ်ကွာ စောအောင်ဝင်းရာ"

မောင်အေးက ဈေးနည်း၍ မကျေနပ်၊ ဒါပေမယ့် စောအောင်ဝင်း ခရီးဆက်ရဦးမည်။ အခြားအခြားသောမြို့မှ ရွာမှ တောမှ ဆင်စွယ်များ ရယူရန်ရှိနေသေးသည်။ ရက်ကြာကြာမစောင့်နိုင်၊ သူ့ခိုးတို့သည် သူခိုးတို့ ထုံးစံအတိုင်းပဲဟု ပြောရချေမည်။

ဒါကြောင့်ပင် သူခိုး နွားကောင်းမသိဆိုသော စကားကျယ်ပြန့်ရခြင်း ဖြစ်ပေမည်။စောအောင်ဝင်းကား မောင်အေးနှင့်ပွဲစား၊ အိမ်ရှင်စသည်တို့ကို သင့်သလိုပေးကမ်းပြီးသည့်နောက် အဆက်အသွယ်ပြုထားသော တောရွာများသို့ ဆက်လက် ထွက်ခွာသွားလေတော့သည်။ သားကောင်ကိုရှာပေဦးတော့မည်။

❖❖❖

ဆင်သတ္တဝါတွေအတွက် ကြောက်လန့်စရာမှာ ရေဆင်ဟု ကြားဖူးပါသည်။ သို့သော် ပဲခူးတိုင်းအတွင်းတွင်ကား ရေဆင်သာမဟုတ် စောအောင်ဝင်းလည်း ဆင်တွေအတွက် ကြောက်ဖွယ်အန္တရာယ်ကောင် ဖြစ်နေခဲ့လေ ပြီ။

၄င်း စောအောင်ဝင်းသည် နတ်တလင်းမြို့နယ်ထဲမှ သိန်းလှစိုးခေါ် ဆင်ကြီး၏ ယာဘက် အစွယ် (၁) ချောင်းကို လည်း ကောင်း၊ မြို့လှ အနောက်ဘက်တွင် ဦးသာအိပိုင် ဆင်မှ အစွယ်တစ်စုံကို လည်းကောင်း၊ လယ်ဝေး အနောက်မှ သစ်ထုတ်ပိုင်ဆင်မှ အစွယ်တစ်စုံကို လည်းကောင်း၊ အုတ်တွင်းမြို့နယ်မှ နော်စိန်ပိုင် ဆင်စွယ်တစ်စုံကို လည်းကောင်း၊ ကျွဲပွဲမြို့ ရဲစခန်းပိုင်နယ်မြေမှ သစ်ထုတ်ပိုင် ဆင်မှ အစွယ်တစ်စုံကို လည်းကောင်း၊ ဆွာမြို့ အနောက် သစ်ထုတ်ပိုင် ငွေမိုးညို အမည်ရှိ ဆင်စွယ်တစ်စုံကို လည်းကောင်း၊ အခြားသော စာရေးသူ လက်လှမ်းမမီသည့် အရပ်ဒေသမှ ဆင်စွယ်ပေါင်း မြောက်မြားစွာတို့ကိုခိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ယူခြင်းဖြင့် ဆင်များ၏ အန္တရာယ်ကောင်း ဖြစ်နေလေတော့သည်။

အချို့ဆင်များမှာ အစွယ်ရင်းမှ နှိုက်ဖြတ်ယူခြင်းကြောင့် သွေးများကျခြင်း၊ အနာဖြစ် ပြည်တည်ခြင်းစသော ဝေဒနာများကိုပါ ပြင်းထန်စွာ ခံစားခဲ့ကြရရှာသည်။

သစ်ထုတ်လုပ်မှုကို အလေးပေးလုပ်ဆောင်နေသော မြန်မာပြည်အတွက် ဆင်၏တန်ဖိုးသည် မြင့်မားလှပါ၏။ ဆင်တစ်ကောင် ဆုံးရှုံးရခြင်းသည် ကြီးမားသော ဆုံးရှုံးမှုပင်ဖြစ်ပါ၏။

ဆင်များ၏ စွယ်စုံကို အရင်းလတ်လတ် ဖြတ်တောက်ယူငင်ခဲ့သော စောအောင်ဝင်းအား ခေတ်သစ် သောနုတ္တိုရ်ဟု အမည်တပ်၍ ၎င်း၏မိုက်မဲမှုကို ဂုဏ်ပြုရမလိုဖြစ်နေသည်။

သို့သော် ဒုစရိုက်လမ်းသည် ရေရှည်ဖြောင့်တန်းမှု မရှိနိုင်သည်မှာ ဓမ္မတာဖြစ်သလို၊ ရာဇဝတ်မှုကို ကြာရှည်ဖုံးကွယ်၍ ရရိုးမရှိလေပါ။ စောအောင်ဝင်းအတွက် အကုသိုလ်ကံသည် တန်ပြန်ခဲ့ချေပြီ။

ဤသို့လျှင် ပုဂ္ဂလိကနှင့် သစ်ထုတ်လုပ်ရေးပိုင် ဆင်များ၏ အစွယ် အရင်းလတ်လတ် ဖြတ်တောက်ခိုးယူနေခြင်းကို သက်ဆိုင်ရာမှ ဖော်ထုတ်ဖမ်းဆီးစေခဲ့ရာမှ ဆင်တို့၏ သေမင်းတမန်သို့မဟုတ် ခေတ်သစ် သောနုတ္တိုရ်စောအောင်ဝင်းအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးနိုင်ခဲ့သည်။

၎င်းနှင့်အတူ လက်ဝေခံတပည့်များ၊ ပွဲစားများ၊ အပေါင်းအသင်း အကူအညီများကိုပါ တသီကြီး ဖမ်းဆီးလိုက်သည်။

စောအောင်ဝင်းကား မိမိကျွမ်းကျင်လိမ္မာသော အတတ်ပညာကို လမ်းမှန်ကမ်းမှန် အသုံးမချဘဲ လောဘစိတ်ဖြင့် လမ်းမှားလိုက်ခဲ့သည်။ နောက်ဆုံးတော့ သူ၏ သနားညှာတာခြင်း ကင်းသောပြုမူချက်နှင့် ဥပဒေချိုးဖောက်သော လုပ်ရပ်သည် သူ့အားတန်ပြန် အကျိုးသက်ရောက်စေခဲ့ပါလေပြီတည်း။ ။



မြင့်သီဇာ(ဆွာ)

www.burmeseclassic.com

www.burmeseclassic.com



## ဖောက်ထွင်းမှုနှင့် ခိုးမှုများကို ကြိုတင်ကာကွယ်ရန်

❖ နေအိမ်၏ ခြံစည်းရိုးကို လုံခြုံမှုရှိသည်ထိ ခိုင်ခံ့အောင် ကာရံပါ။

❖ ခြံစည်းရိုးကို ကျော်ဖြတ်ဝင်နိုင်သည့် သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ဖယ်ရှားပစ်ပါ။ မှောင်ရိပ်ဖြစ်စေမည့် ချုံနွယ်များ၊ သစ်ပင်များကို အမြဲတစေ ရှင်းလင်းဖယ်ရှားပါ။

❖ ဖြစ်နိုင်က နေအိမ်ပတ်လည်၌ မီးထွန်းထားပါ။

❖ နေအိမ်ခြံစည်းရိုးများ၌ အချက်ပေး ကိရိယာတပ်ဆင်ပါ။ အသံမြည်သည့် ချူ၊ ဆည်းလည်း ခေါင်းလောင်း၊ သစ်သားခလောက်၊ နှီးဆီခွက်ခလောက်များ တပ်ဆင်ထားရှိပါ။

❖ စုပေါင်းလူနေတိုက်ခန်းများ၏ ရေပိုက်များ၊ အမှိုက်စွန့်ပိုက်နှင့် မိလ္လာပိုက်များကို အတားအဆီး တပ်ဆင်ပါ။

❖ သီးခြားနေထိုင်သည့် အိမ်ခြံဝင်းများ၌ အစောင့်ထားရှိပါ။ သို့မဟုတ် အစောင့်ခွေးထားရှိပါ။

❖ ရွှေ၊ ငွေ၊ မိလ္လာနှင့် နေအိမ်ပြုပြင်မှု ပြုရသည့်အခါ အစောင့်အမြဲရှိနေပါစေ။

❖ နေအိမ်အနီး၌ ကြိုး၊ ဆူး၊ ခေါက်၊ လွှ၊ လှေကား၊ ထိုင်ခုံ၊ အမြင့်များကို အလွယ်တကူ အသုံးပြုနိုင်ရန် မထားရှိပါနှင့်။ ညအချိန် တံခါးအားလုံးကို လုံခြုံမှု ရှိ မရှိ စစ်ဆေးပြီးမှ အိပ်တာတ်သည့် အလေ့အထပြုလုပ်ပါ။

❖ နေ့ဖြစ်စေ၊ ညဖြစ်စေ အပြင်ထွက်သွားသည့်အခါ တံခါးကို အမြဲပိတ်ထားပါ။ သို့မဟုတ် အစောင့်ထားရှိပါ။ အပြင်ထွက်သွားသည့် မိသားစုဝင်ကို တံခါးဖွင့်ပြီး စောင့်ဆိုင်းမှု မပြုပါနှင့်။

❖ သံသယရှိသည့် ထူးခြားမှု ရှိပါက ပတ်ဝန်းကျင်သို့ အသိပေးအကူအညီ တောင်းခံပါ။ သို့မဟုတ် ရဲကင်း၊ ရဲစခန်းနှင့် တာဝန်ရှိသူများထံ ချက်ချင်းအသိပေး အကြောင်းကြားပါ

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ထက်လူ(ဟသာတ)

# ဆိုင်ကယ်သော့တစ်ချောင်းရဲ့ ကောက်ကြောင်း

(၁)

နွေတစ်ည …။

လမိုက်ညပင် ဖြစ်လင့်ကစား ကောင်းကင်တွင် ငွေကြယ်ပွင့်ကလေးများက စွမ်းအားရှိသလောက်၊ လင်းလက်နေသဖြင့် ညသဘာဝ ရှုခင်းကို၊ ပြက်ပြက်ထင်ထင် မဟုတ်သော်မှ မပီဝိုးတဝါးတော့ ရှုမြင်ခွင့်ရနေသည်။

နေရာက မြို့ဆင်ခြေဖုံးရပ်ကွက် ခြံပျက်၊ ခြံလွတ်တစ်ခုအတွင်း၌ဖြစ်၏။ ခြံဝန်းကျယ်ကြီးထဲတွင် သစ်ပင်များ၊ ဝါးရုံပင်များ၊ ခြုံနွယ်ပိတ်ပေါင်းများက ရှုပ်ယှက်ခတ်နေသည်။

ထိုခြံဝန်းကျယ်အတွင်း မျက်နှာစာပိုင်း၊ စပယ်ရုံဘေး မြေကွက်လပ်ကလေးတွင်၊ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ချိန်းကာ တွေ့ဆုံစကားပြောနေကြသည်။ အမျိုးသမီးကလေး၏ မျက်နှာမှာ ပကတိရိုးသားဖြူစင်နေသည်။ သနပ်ခါးပါးကွက်ကြားလေးက၊ သူမ၏ ပင်ကိုယ်အလှကို ပို၍ပေါ်လွင်စေ၏။

သူတို့နှစ်ဦး ချစ်တင်းနှော၍ နှင်ခုံစရာဇာတ်လမ်းတွေကို ပြောနေကြသည်ပဲလား။

အမျိုးသမီးလေးက အမျိုးသား၏ ညာလက်မောင်းကို အားကိုးတကြီးဆုပ်ကိုင်လျက် မျက်နှာလေးကို မော့ကာ၊ ရှက်စနိုးဖြင့် ဖွင့်ဟပြောလိုက်သံက တိုးညင်းစွာ ထွက်ပေါ်လာ၏။

"ကို့ကို … အရေးတကြီး မှာလိုက်ရတာက ကျွန်မမှာ ကိုနဲ့ရတဲ့ ရင်သွေးကလေး လွယ်ထားရပြီ။ ဆရာမနဲ့ စစ်ကြည့်တာ သေချာတယ်၊ ဒီအတိုင်းနေလို့တော့ မဖြစ်တော့ဘူး။ ကျွန်မနဲ့

လူနေအိမ်ခြေနှင့် ဝေးသော နေရာဒေသမို့ သူမ၏ ဗလုံးဗထွေးအော်သံကို မည်သူမျှ မကြားနိုင်၊ မသိနိုင်။

www.burmeseclassic.com

www.burmeseclassic.com



တရားဝင် လက်ထပ်မှ ဖြစ်တော့ မယ်''

''ဘာ … ကိုယ်ဝန်ရှိနေပြီ ဟုတ်လား''

အမျိုးသမီးလေး၏ပြောစကားမှာ အမျိုးသားအား အကြီးအကျယ် တုန်လှုပ်သွားစေသည်။ ယောကျ်ားပျို အမူအယာ ပျက်သွားပုံကိုကြည့်၍ အမျိုးသမီးလေးမှာ ရှေ့ဘာစကားဆက်ပြောရမှန်း မသိအောင်ပင် ဖြစ်သွားသည်။

မိနစ်အနည်းငယ် ကြာတော့မှသာ ကတုန်ကယင် အသံဖြင့် အရှိုးခံအတိုင်း အမျိုးသမီးလေးက ဆက်ပြောသည်။

''ဟုတ်တယ် .. အိမ်ပြန်လို့တော့ မဖြစ်တော့ဘူးကို ဘယ်လိုလုပ်ကြမလဲဟင်''

''အဲဒီကိုယ်ဝန်က ငါနဲ့ရတာ ကောဟုတ်လို့လား''

အမျိုးသား၏ ရင့်သီးလှ သောအမေးစကားက အမျိုး သမီးလေးအား အကြီးအကျယ် အံ့သြတုန်လှုပ်သွားစေသည်။ ချက်ချင်းပင် အမျိုးသမီးလေး၏ ဖြူဝင်းမွတ်သော မျက်နှာလေးမှာ နီမြန်းသွား၏။

''ဟင် … ရှင် .. ရှင် ဘယ် လိုပြောလိုက်တာလဲ၊ ရှင်နဲ့မရလို့ ဘယ်သူနဲ့ရတာမို့လို့လဲ၊ ရှင်အသိ ဆုံးပါ။ အဟင့် .. ဟီး .. ဟီး ရှင် ကျွန်မကို တရားဝင်လက်ထပ် မယူရင်တော့ သက်ဆိုင်ရာလူကြီး တွေနဲ့ တိုင်ရလိမ့်မယ်''

ပြောပြောဆိုဆို အမျိုးသမီးက မြေပြင်ပေါ်သို့ ရုတ်တရက်ဆတ်ခနဲ ထိုင်ချလိုက်ပြီး မျက်နှာလေးကို လက်ကလေးနှစ်ဖက်ဖြင့် အုပ်ကာ ကြေကွဲစွာ ငိုရှိုက်နေလေတော့သည်။

မိန်းကလေး လက်နက်ဆိုသည်မှာ မျက်ရည်ပဲမဟုတ်ပါလား။ အမျိုးသမီးလေးက မျက်ရည်စက်တွေ မြေပြင်ပေါ်သို့ ပိုးပိုးပေါက်ပေါက် ကျသည့်တိုင်ငိုရှိုက်နေလင့်ကစား၊ အမျိုးသား၏ မျက်နှာတွင် ကရုဏာသက်ဟန်မရှိ၊ အေးစက်သော မျက်နှာထားဖြင့် အမျိုးသမီးကို စိုက်ကြည့်နေ၏။

အတန်ကြာသောအခါ အမျိုးသားက ခုံပျက်ကြီးရှေ့တွင် ဆိုင်ကယ်တစ်စီးဖြင့် စောင့်နေသည့် သူနှင့်သက်တူရွယ်တူ လူငယ်တစ်ဦးထံသို့ ကသုတ်ကရက်ဖြင့် လျှောက်သွားပြီး မိနစ်အနည်းငယ်ကြာသည်အထိ တိုးတိုး ပြောဆိုတိုင်ပင်နေပြန်သည်။

အပြန်အလှန်ပြောကာ ခေါင်းညိတ် ခေါင်းခါနှင့် လက်ဟန် ခြေဟန်များက ရှုပ်ထွေးလျက်။

ထို့နောက် အမျိုးသားက မိန်းကလေး ရှိရာသို့ ပြန်လာသည်။ အမျိုးသား၏ မျက်ခုံးတန်းအောက်မှ၊ ကျီးကန်း တောင်းမှောက်၊ မျက်လုံးအစုံသည် ရက်စက်ယုတ်မာတော့မည့် အသွင်သဏ္ဌာန်တို့ ဖုံးအုပ်ကာ စူးရှ တောက်ပြောင်နေ၏။

ဤသည်ကို အမျိုးသမီးက ရိပ်မိဟန်မတူ။ မောင့်တစ်မျက်နှာကိုသာ တစ်ကမ္ဘာထင်ကာ မိန်းကလေးထုံးစံအတိုင်း အမူအနွဲ့၊ အချွဲအငို၊ အရှိုက်ကလေးတွေနှင့် ခေါင်းကလေးငုံ၍ တသိမ့်သိမ့် ငိုရှိုက်နေဆဲပင်။

အမျိုးသမီး ကလေးအနီးသို့ ရောက်လာ သောအခါ အမျိုးသားက မေးကြောကြွက်သားများ၊ ထောင်ထလာသည်အထိ အံကြိတ်လိုက်ပြီး မြေပြင်ထက်တွင် ဒူးနှစ်လုံးပေါ် မျက်နှာအပ်လျက် ငိုရှိုက်နေသည့် အမျိုးသမီးကလေး၏ မေးစေ့ကို လက်တစ်ဖက်ဖြင့် ဆွဲယူ မော့စေလိုက်ကာ၊ လည်တိုင်ကျော့ကျော့လေးကို ဖျတ်ခနဲ ဆုပ်ကိုင်၍ ဖျစ်ညှစ်ဖို့ကြိုးစားတော့သည်။

အမျိုးသမီးမှာ ကိုယ်ခန္ဓာပို

www.burmeseclassic.com

www.burmeseclassic.com



ပိန်သွယ်သွယ် ပင်ကိုယ်အားနွဲ့သူမို့ မရုန်းနိုင်ရှာ။ မပီမသ ဝူးဝူးဝါးဝါး အသံနှင့်၊ လည်ပင်းကို ညှစ်ထားသော လက်အစုံမှ လွတ်မြောက်ရန် သူ့လက်က လေးနှစ်ဖက်ဖြင့် ကုတ်ခြစ်၍ အစွမ်းကုန်ကြိုးပမ်းနေသော်လည်း အရာမထင်။ အားအင်နှင့်ပြည့်စုံသူ၏ လှုပ်ရှား ရက်စက်ယုတ်မာမှုအောက်တွင် ဆန့်ငင်ဆန့်ငင်နှင့် လည်စင်းခံနေရှာရတော့သည်။

လူနေအိမ်ခြေနှင့် ဝေးသောနေရာဒေသမို့ သူမ၏ ဗလုံးဗထွေးအော်သံကို၊ မည်သူမျှ မကြားနိုင်၊ မသိနိုင်။ စိတ်ချရလောက်ပြီထင်မှ လူသတ်သမားက လက်လွှတ်လိုက်ရာ အမျိုးသမီးလေးမှာ အရုပ်ကြိုးပြတ် ပျော့ခွေ ငြိမ်သက်သွားတော့သည်။

အမျိုးသမီး၏ မျက်ဝန်း ညိုညိုအစုံတွင် နာကျည်းခြင်း ကြေကွဲခြင်းတို့ ယှက်သန်းလျက် …။

ပြီးနောက် …

လူသတ်သမားက အမျိုးသမီးလေး၏ အလောင်းကို ဆိုင်ကယ်မောင်းသူ၏ နောက်ကျောထိုင်ခုံတွင် တင်ဆောင်ကာ၊ သူ့ကိုယ်လုံးနှင့်မှေး၍ ဧရာဝတီမြစ်ကမ်းဆိပ်ဘက်သို့ သယ်ဆောင်သွားတော့သည်။

အမျိုးသမီး၏ ဦးခေါင်းပေါ်တွင် အသင့်ပါလာသော လျှာထိုးဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းပေးထားသည်။ ဆိုင်ကယ်တစ်စီး လူသုံးယောက် စီးနင်းလိုက်ပါလာသည့် ပုံစံမျိုးဟု ထင်ရသည်။ ထိုအဖြစ်အပျက်ကို မည်သူတစ်ဦးတစ်ယောက်မျှ မရိပ်မိကြ။

ဧရာဝတီ မြစ်ကမ်းစပ်သို့ ရောက်သောအခါ အမျိုးသမီးလေးအလောင်းကို နှစ်ယောက်သားပြိုင်တူမ၍ ကိုင်းခြုံများ နံဘေးတွင် ပစ်ချထားခဲ့ပြီး ပြန်လာကြတော့သည်။

အချိန်က အကာလည မျက်မြင်သက်သေကလည်း မရှိသ ဖြင့် လူသတ်ကောင် မည်သူမည်ဝါဟု အတတ်သေချာပြောနိုင်မည့်သူ ရှိနိုင်လိမ့်မည်မဟုတ်သည်က အမှန်။

(၂)

"အား … အောင်မယ်လေးဗျ၊ လူသေကောင်ကြီး"

ကမ်းနားတန်းပွဲရုံမှ ကုန်တင်ကုန်ချ၊ အလုပ်သမားလေး မောင်တွတ်၏ အလန့်တကြား အော်သံ။

နံနက်ခင်း ထွန်းသစ်စ နေရောင်ခြည်အောက်တွင် တစ်ညလုံး ပေရေညစ်ပေနေသမျှကို ကိုယ်လက်သန့်စင်ရန် ပွဲရုံတန်းမှ ရေဆိပ်သို့ ဆင်းအလာ ကိုင်းခြုံပင်များဘေး၊ ရေစပ်၌မြင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သော ပက်လက်အနေအထားဖြင့် ခွေခေါက်လျက် သေဆုံးနေသည့် အမျိုးသမီး တစ်ဦး၏ အလောင်းကို တွေ့လိုက်ရသောကြောင့် ထိတ်လန့်တကြား အော်ဟစ်လိုက်မိခြင်းပါ။

သောင်စပ်နှင့် ကမ်းနားတန်းတာရိုး ကုန်းမြင့်(ရေကာတာ)မှာ အနည်းဆုံး ကိုက်နှစ်ရာခန့်တော့ ကွာဝေးမည်။

မောင်တွတ် အမောတကောဖြင့် ကမ်းနားတန်းတာရိုးကုန်းမြင့်လူသွား လမ်းဘေးရှိ ကွမ်းယာဆိုင်လေးဆီသို့ ပြေးတက်လာခဲ့သည်။ ကွမ်းယာဆိုင်ရှေ့ရှိ ခုံတန်းလျားပေါ်သို့ တုန်လှုပ် ချောက်ချားစွာ ထိုင်ချလိုက်၏။ မောင်တွတ်၏ အသက်ရှူသံက ဖားဖိုကြီးနှယ်ဖြစ်နေသည်။ ရုတ်တရက် စကားပင် မပြောနိုင်။

ကွမ်းယာရောင်းနေသော ပုပုဝဝ ဆံပင်စုတ်ဖွားနှင့် မိန်းမကြီးက မောင်တွတ်အမူယာကို ကြည့်၍ အော်မေးလိုက်သည်။

"ဟဲ့ … မောင်တွတ် ဘာဖြစ်လာတာလဲ၊ နင့်ကြည့်ရတာ မသက်သာလိုက်တာ"

မောင်တွတ်က ဆိုင်ရှင်မိန်းမကြီးအား ဖျတ်ခနဲလှည့်ကြည့်ပြီး-

"ဟို … ဟို ကမ်းနားသောင်စပ်မှာ မိန်းမတစ်ယောက် သေနေတယ်ဗျ"

"ဟေ …"

အာမေဋိတ်သံနှင့်အတူ မိန်းမကြီး၏ မျက်ခုံးအစုံ မြင့်တက်သွားသည်။

သူတို့နှစ်ဦး အပြန်အလှန် ပြောစကားကြောင့် ကွမ်းယာဆိုင်ဘေးရှိ မုန့်ဟင်းခါးဆိုင်မှ အမျိုးသမီးသုံးယောက်၊ ပြုံးပြုံးပျာပျာ တအံ့တသြနှင့် မောင်တွတ်ဘေးသို့ ဝိုင်းအုံလာပြီး တစ်ယောက်တစ်ပေါက် မေးကြမြန်းကြနှင့် ခဏအတွင်း ကမ်းနား တန်းရပ်ကွက်ကလေးမှာ ဆူညံ လှုပ်ရှားသွားတော့သည်။

မိနစ်အနည်းငယ်အကြာတွင် တစ်စတစ်စနှင့် သတင်းက ကမ်းနားတန်း ရပ်ကွက်လူကြီး ဦးသာအောင်ထံရောက်သွားပြီး အပိုင်ရဲစခန်းသို့ တယ်လီဖုန်းဖြင့်ဆက်၍ အကြောင်းကြားလိုက်သည်။

ရဲများ မရောက်မီ လူသေအလောင်းဘေးတွင် လူအများ ရှန်းစ ရှန်းစဖြင့် ပြပွဲတစ်ခုကို ဝိုင်းအုံကြည့်ရှုနေသကဲ့သို့ ဝိုင်းအုံကြည့်နေကြသည်။

**ထူးထူးခြားခြား**
**သံသယဖြစ်ဖွယ်၊**
**သဲလွန်စအဖြစ်**
**ကြိုးရှည်ချိပ်ကွင်း**
**တစ်ခုဖြင့်**
**ချိတ်ဆွဲထားသည့်**
**ဆိုင်ကယ်သော့တစ်ချောင်းနှင့်**
**ကြယ်သီးတစ်လုံး။**

(၃)

"ဟော … ရဲတွေလာပြီဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းအုံကြည့်နေသူများထဲမှ တစ်ယောက်က အော်ပြောလိုက်သောအခါ ဝိုင်းအုံကြည့်နေသူများ ဘေးသို့ရှဲသွားကြသည်။

ရဲအုပ်ဇော်နိုင်နှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ရဲဓာတ်ပုံ သမားတစ်ဦး စုစုပေါင်းလေးယောက် ဆိုင်ကယ်များဖြင့် အခင်းဖြစ်ရာ ကမ်းနားတန်း ရပ်ကွက်သို့ ရောက်ရှိလာကြသည်။

ထိုမှ -

ရဲအုပ်ဇော်နိုင်တို့အဖွဲ့နှင့် ရပ်ကွက်လူကြီး ဦးသာအောင်တို့အဖွဲ့ ပူးပေါင်းကာ မိန်းမပျို အလောင်းရှိရာ ရေစပ်သို့ ဆင်းလာခဲ့ကြ၏။

မြစ်ကမ်းသောင်စပ် ကိုင်းခြုံပုတ်ကြီးဘေးတွင် ပက်လက်အနေအထားဖြင့် သေဆုံးနေသောအမျိုးသမီးအလောင်းကို တွေ့လိုက်ရသည်။

ရဲအုပ်ဇော်နိုင်က ရဲလုပ်ထုံးလုပ်နည်းအရ အလောင်းကို ကြည့်ရှု စစ်ဆေးသည်။ အနေအထားအားလုံးကို မှတ်သားစေသည်။ မြေပုံဆွဲရန် တိုင်းတာသည်။ ဓာတ်ပုံသမားကလည်း တဖျပ်ဖျပ်နှင့် ဓာတ်ပုံရိုက်သည်။

လည်ပင်းမှ အညိုအမည်းစွဲနေသည့် လက်ရာကြီးကလည်း အထင်းသားပင်။ မျက်နှာပုံပန်း အနေအထားအရ လည်ပင်း ညှစ်အသတ်ခံရသည်မှာ သေချာသည်။ သေဆုံးသူ အမျိုးသမီး၏ လက်တို့သည် ကျစ်ကျစ်ပါအောင် ဆုပ်ထားသဖြင့် ဖြည်ကြည့်လိုက်ရာ အနက်နှင့်အဖြူခြမ်းကြယ်သီး တစ်လုံးထွက်လာ၏။ ကြယ်သီးက နိုင်ငံခြားဖြစ် ရှပ်အင်္ကျီမှ ကြယ်သီးမျိုးပါ။

ဆက်လက်၍ -

ရဲအုပ်ဇော်နိုင်က ပတ်ဝန်းကျင်အနေအထားကို ဂရုတစိုက် လှည့်ပတ်ကြည့်ရှုနေပြန်သည်။

သမာရိုးကျ လူသွားလမ်းမှ ကွေ့ဝိုက်၍ တစ်ဘက်မှ ဆင်းနိုင်သည့် လူသွားလမ်းကလေးအဆုံး သောင်စပ်တွင် ဆိုင်ကယ်ဘီးရာ တစ်ခုက ထင်းထင်းကြီး။

"ကုန်းပေါ်ကနေ ဒီဘက်ကို ဆင်းလာတဲ့ ဟောဒီဆိုင်ကယ် ဘီးရာဟာ ထူးထူးခြားခြား သဲသောင်မြစ်ထဲမှာ နစ်ဝင်နေတယ်ဗျ။ လေးလံတဲ့အရာဝတ္ထု တစ်ခုခုတင်လာပုံရတယ်။ ကြည့် ဟောဒီမှာရပ်တယ်။ ခြေရာတွေ ကတော့ ရှုပ်ကုန်ပြီ။

ရဲအုပ်ဇော်နိုင်က မှတ်ချက် ပေးသည်။

"ဟုတ်တယ်ဆရာ ... ဟုတ် တယ်"

ဆိုင်ကယ်ဘီးရာကို ကြည့်ရင်း ရပ်ကွက်လူကြီးဦးသာအောင်က ထောက်ခံစကား ဆိုသည်။

"သေချာပါတယ်၊ ဒီဆိုင်ကယ်ဘီးရာနဲ့ ဒီအမျိုးသမီးသေဆုံးမှုဟာ ဆက်စပ်နေပုံရတယ်"

ရဲအုပ်ဇော်နိုင်က ထိုသို့ပြောပြီး ဆိုင်ကယ် ဘီးရာကိုလည်း အသေအချာ ဓာတ်ပုံရိုက်၍ ယူခဲ့သည်။

ထိုစဉ်မှာပင် -

"ဆရာ ... ဒီမှာဆိုင်ကယ်သော့တစ်ချောင်း"

ရဲတပ်ကြပ်ကြီးက ရဲအုပ်ဇော်နိုင်ကို ကိုင်းတောစပ်မှကောက်ရသည့် သော့တစ်ချောင်းကို ပေးလိုက်သည်။

ထူးထူးခြားခြား သံသယဖြစ်ဖွယ်၊ သဲလွန်စအဖြစ် ကြိုးရှည်ချိပ်ကွင်းတစ်ခုဖြင့် ချိတ်ဆွဲထားသည့် ဆိုင်ကယ်သော့တစ်ချောင်းနှင့် ကြယ်သီးတစ်လုံး။

သေဆုံးသူ အမျိုးသမီး အလောင်းနှင့် မနီးမဝေးမှ ဆိုင်ကယ်သော့တစ်ချောင်း ရရှိလိုက်သဖြင့် ရဲအုပ်ဇော်နိုင် မျက်နှာလက်ခနဲဖြစ်သွားပြီး သော့ကို အသေအချာကြည့်ရှုနေ၏။

"ကျွန်တော်ထင်တဲ့အတိုင်းပဲ ဒီမှာ ဆိုင်ကယ်သော့တွေ့လား

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ် သော့ပေါက်က ကျကျန်ခဲ့တာနဲ့ တူတယ်။ ဒါနဲ့ဦး သာအောင်ကို မေးရဦးမယ်၊ ဒီကမ်းနားဘက်ကိုဆင်းတဲ့ တာရိုးကုန်းတန်း လမ်းပေါက်ဝက ကွမ်းယာဆိုင်က ဘယ်အချိန်အထိ ဖွင့်တာလဲ''

ရဲအုပ်ဇော်နိုင်၏ မေးမြန်းချက်ကို ရပ်ကွက်လူကြီး ဦးသာအောင်က တွေခနဲတစ်ချက် စဉ်းစားလိုက်ပြီး-

''အဲဒီကွမ်းယာဆိုင်လေးက ညဉ့်နက်ပိုင်းလောက်အထိ ရောင်းတတ်တယ်ဆရာ၊ ပိတ်ချိန်ကတော့ အတိအကျမရှိပါဘူး လူကျရင် ကျသလိုပေါ့''

''ဒါဆို ... အဲဒီကွမ်းယာဆိုင်ကို နည်းနည်းမေးကြည့်ချင်သေးတယ်ဗျာ''

''လာလေ ... ဒါဆိုသွားပြီး မေးကြည့်ကြတာပေါ့ဆရာ''

သူတို့နှစ်ဦး ကွမ်းယာဆိုင်လေးဆီသို့ လာခဲ့ကြသည်။ ကွမ်းယာဆိုင်တွင် ကွမ်းယာ ရောင်းသူ အမျိုးသမီးကြီးကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တွေ့လိုက်ရ၏။

''အဒေါ်ကို ... ကျွန်တော် တစ်ခုလောက် မေးချင်တယ်''

''ဟုတ်ကဲ့ မေးပါရှင်မေးပါ''

ရဲယူနီဖောင်းဝတ် အရာရှိတစ်ယောက်၏ အမေးစကားကြောင့် ဆိုင်ရှင်မိန်းမကြီးမှာ တုန်တုန်ယင်ယင်ဖြစ်သွားသည်။



''မနေ့ညက ဒီကမ်းနားသောင်စပ်ကို ဆိုင်ကယ်တစ်စီး မိန်းမပျိုတစ်ယောက်ကို တင်ပြီး ဆင်းသွားတာ တွေ့လိုက်မိလား''

မိန်းမကြီးက ခေတ္တစဉ်းစားဟန်ပြုလိုက်ပြီး ...

''အောက်ဘက်ကို ဆင်းသွားတဲ့ဆိုင်ကယ်ကိုတော့ မတွေ့လိုက်မိပါဘူးရှင့်။ ဒါပေမယ့် ညဘက် (၁၀) နာရီလောက်မှာ ဆိုင်ကယ်စက်ပျက်လို့ဆိုပြီး အသက်နှစ်ဆယ်ကျော် အစိတ်လောက်ရှိတဲ့ လူရွယ်နှစ်ယောက် ဆိုင်ကယ်ကို ကမ်းနားသောင်စပ်ကနေ ဒီကုန်းပေါ်ကို တွန်းမ တက်လာတာကို တွေ့လိုက်ရပါတယ်''

''ဟုတ်ကဲ့ ... ဆက်ပြောပါဦး''

''အဲဒီ .. လူရွယ်နှစ်ယောက်ဟာ ကျွန်မဆိုင်ကိုဝင်ပြီး သူတို့ဆိုင်ကယ်ပျက်သွားလို့ ဆိုင်ကယ်ပြင်တဲ့ဆိုင် ဘယ်နားမှာရှိလဲလို့ မေးပါတယ်။ ကျွန်မက ဟိုရှေ့နားက ဓာတ်ဆီဆိုင်ဘေးမှာ ဆိုင်ရှိတဲ့အကြောင်း ပြောပြလိုက်တော့ သူတို့ အဲဒီဘက်ကို တွန်းပြီးတက်သွား ကြတာပါပဲ''

''အဲဒီလူတွေ ... ဝတ်စားထားပုံကို မှတ်မိရင်ပြောပြပါဦး''

''တစ်ယောက်ကရှင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

ဘီ၊ ဂျင်းအင်္ကျီနက်ပြာရောင်နဲ့ပါ နောက်တစ်ယောက်ကတော့အင်္ကျီ အဖြူပေါ်မှာ အနီစင်းလက်ရှည်၊ ပုဆိုးကွက်စိပ် အပြာရောင်ဝတ်ထားပါတယ်ရှင့်''

သို့ဖြင့် ရဲအုပ်ဇော်နိုင် ကွမ်းယာဆိုင်မှ အမျိုးသမီးကြီးကို ကျေးဇူးတင်စကားပြောပြီး အမျိုးသမီး အလောင်းကို ဆေးရုံသို့ပို့ပေးရန် ရဲတပ်ဖွဲ့ဝင် တစ်ဦးနှင့်အတူ စီစဉ်ပေးလိုက်သည်။

ပြီးနောက် ဓာတ်ဆီဆိုင်ဘေးမှ ဆိုင်ကယ်ပြင်ဆိုင်သို့ ရဲအုပ်ဇော်နိုင်တို့အဖွဲ့ ထွက်လာခဲ့ကြသည်။

(၄)

ဓာတ်ဆီဆိုင်ဘေးရှိ ဆိုင်ကယ်ပြင်ဆိုင်သို့ အရောက်တွင် ရဲအုပ်ဇော်နိုင်က ဆိုင်ကယ်ပြင်ဆရာ လူရွယ်အား မေးလိုက်သည်။

''ဒီမှာ ... ညီလေး မနေ့ည (၁၀) နာရီလောက်က သော့ပျောက်သွားတဲ့ ဆိုင်ကယ်တစ်စီး မင်းတို့ဆိုင်ကို ရောက်လာတယ် မဟုတ်လား၊ အမှန်အတိုင်းသာပြောပါ၊ ဒီအမှုမှာ မင်းတို့တာဝန်မရှိစေရပါဘူး''

''ဟုတ်ကဲ့ ... ရောက်လာပါတယ်''

အလောင်းဘေးမှာတွေ့ရတဲ့
ဆိုင်ကယ်ဘီးရာနဲ့
မင်းဆိုင်ကယ်
ဘီးရာကလည်း
တစ်ထပ်တည်း
ကျနေတာကိုလည်း
မေ့မထားနဲ့ဦး။

ဆိုင်ကယ်ပြင်ဆရာ လူရွယ်က အမှန်အတိုင်း ရိုးသားစွာပြောသည်။

''ဒါဖြင့် မင်းသူတို့ကို မှတ်မိလိုက်သလား''

''ခိုးဘီးဖြစ်ရင် ခက်မယ်ဆိုပြီး မလိုလေးလိုလေး မှတ်ထားလိုက်လို့၊ ဆိုင်ကယ်ပိုင်ရှင်ကို မသိပေမယ့် အင်္ကျီအနီစင်းနဲ့လူကတော့ ဆိုင်ကယ်ပိုင်ရှင် ဖြစ်ပုံရတယ်။ သူပဲငွေရှင်းပေးတာ။ ဆိုင်ကယ်နံပါတ်ကို မှတ်ထားမိပါတယ်။ ဆိုင်ကယ်က နက်ပြာရောင်၊ ဆိုင်ကယ်နံပါတ် က (---)ပါ''

ဆိုင်ကယ် စက်ပြင်ဆရာ လူရွယ်စကားအဆုံးတွင် ရဲအုပ်ဇော်နိုင်တို့အဖွဲ့ စခန်းသို့ဆိုင် ကယ်ကိုယ်စီဖြင့် ပြန်ခဲ့ကြတော့သည်။

(၅)

ယာဉ်ထိန်းရုံး မှတ်ပုံတင်အရ ဆိုင်ကယ်အမှတ်(-)၏ ပိုင်ရှင်ကို သိလိုက်ရ၏။ ဆိုင်ကယ်ပိုင်ရှင် အမည် ကိုမြဝင်း၊ လိပ်စာက မြို့သစ်ရပ်ကွက်။

သို့ဖြင့် ညနေပိုင်းတွင် ရဲအုပ်ဇော်နိုင်တို့အဖွဲ့ ရပ်ကွက်လူကြီး နှင့်အတူ ကိုမြဝင်းတို့အိမ်သို့ ရောက်ရှိသွားကြသည်။ ကိုမြဝင်းကို သူ့အိမ်မှာပင်အခန့်သား တွေ့

www.burmeseclassic.com





လိုက်ရသည်။

ရဲအုပ်ဇော်နိုင်က မျက်နှာထား တင်းတင်းဖြင့်မေးလိုက်သည်။

"ကိုမြဝင်းဆိုတာ ခင်ဗျား လား"

"ဟုတ် ... ဟုတ်ပါတယ် ဆရာ ဘာကိစ္စ ရှိပါလို့လဲခင်ဗျာ"

ကိုမြဝင်းက အထစ်ထစ် အငေါ့အငေါ့ပြောရင်း သူ့အမူ အယာကို ကြိုးစား၍ ထိန်းသိမ်း နေမှန်းသိသာလွန်းသည်။ မည်သို့ ပင် ဟန်ဆောင်စေကာမူ သူ၏ တုန်ရီနေသော လက်တို့က မဖုံး သာ။

ရဲအုပ်ဇော်နိုင်က စူးစူးရဲရဲ ကြည့်လိုက်ပြီး -

"ဆိုင်ကယ်နံပါတ် (--) ဟာ ခင်ဗျားဆိုင်ကယ်နော်"

"ဟုတ် ... ဟုတ်ပါတယ်"

"ဒါဖြင့် ... ခဏလောက် ပြစမ်းပါ"

ကိုမြဝင်းမှာ မနေသာတော့ ဘဲ အိမ်ဘေးမှ ဆိုင်ကယ်ကို လိုက်ပြလိုက်ရသည်။ ဆိုင်ကယ် ကို စေ့စပ်သေချာစွာ ကြည့်ပြီး ရဲအုပ်ဇော်နိုင် ခေါင်းတဆတ် ဆတ်ညိတ်လိုက်သည်။

"မနေ့က ... ခင်ဗျားဆိုင် ကယ် ကမ်းနားဆင်းသွားတယ် ဆိုရင် ငြင်းမှာလား"

"မဆင်းပါဘူးဆရာ၊ ကျွန် တော်တစ်နေကုန် အိမ်မှာရှိတာပဲ ဟာ"

"ကျုပ်တို့မှာ ခိုင်မာတဲ့ သက် သေတွေ ရှိတယ်နော်၊ စဉ်းစားပြီးမှ ပြောပါ"

"ကျွန်တော် မဆင်းဘူး ဆရာ"

"ဟုတ်လား ... ဒီမှာ ကြည့် ဒါဘာလဲကွ"

ရဲအုပ်ဇော်နိုင်က အခင်းဖြစ် နေရာမှ ရလာသည့် ဆိုင်ကယ် သော့နှင့် ကြယ်သီးကို အိတ် တွင်းမှထုတ်၍ မြှောက်ပြလိုက် ၏။ ကိုမြဝင်းမှာ အကြီးအကျယ် တုန်လှုပ် ချောက်ချားသွားပြီး အရိုက်ကိုအထိုးခံ လိုက်ရသည့် လက်ဝှေ့သမားနှယ် အသက်ရှူ ရန်ပင် မေ့သွားမတတ်"

"ယောကျ်ား ... မြဝင်း အဲဒီ နေ့က မင်းဝတ်ထားတာ အင်္ကျီ အနီစင်း မဟုတ်လား၊ အဲဒီ အမျိုး သမီးအလောင်းရဲ့ လက်ထဲမှာမင်း အင်္ကျီက ကြယ်သီးတစ်လုံးလေ"

ရဲအုပ်ဇော်နိုင် အထင်နှင့် ပစ် လိုက်သည့်မြှားမှာ ပစ်မှတ်ကို တန်းတန်းကြီး စူးဝင်ခဲ့ပြီ"

"ဗျာ"

ကိုမြဝင်းနှုတ်မှ လွှတ်ခနဲထွက် ပေါ်လာသည့် အာမေဋိတ်သံ။

"ပြီးတော့ ... အမျိုးသမီး ရဲ့ အလောင်းဘေးမှာတွေ့ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ဘီးရာနဲ့ မင်းဆိုင်ကယ်ဘီးရာကလည်း တစ်ထပ်တည်းတူနေတာတို့လည်း မေ့မထားနဲ့ဦး။ နောက်ပြီး မင်းကမ်းနားကို ရောက်ခဲ့တာ ဆိုင်ကယ်ပြင်ခဲ့တာတွေ၊ တို့မှာသက်သေ အပြည့်အစုံရထားတယ်ကွ"

ရဲအုပ်ဇော်နိုင် .... စကားအဆုံးတွင် ကိုမြဝင်းခေါင်းငိုက်စိုက်ကျသွားပါတော့သည်။

"ကျွန်တော် မှားသွားမိပါတယ် ဆရာ"

"ဘာကွ"

ရဲအုပ်ဇော်နိုင် အော်ပစ်လိုက်သည်။

"ဟုတ်ပါတယ် ... ကျွန်တော် သတ်လိုက်မိပါတယ်။ မနေ့ညနေက မြို့အစွန်ခြံပျက်ကြီးတစ်ခုထဲကို အခုသေသွားတဲ့ မခင်မိုးချိန်းလို့ ကျွန်တော် ရောက်သွားပါတယ်၊ကျွန်တော်နဲ့ရတဲ့ ကိုယ်ဝန်ရှိနေပြီ သူ့ကို တရားဝင်လက်ထပ်ယူပါလို့ ပြောပါတယ်။

သူ့ကိုကျွန်တော် လက်ထပ်ယူလို့မဖြစ်ဘူးဆရာ၊ ရန်ကုန်မှာ ကျွန်တော့်မိန်းမရှိတာ သူမသိဘူး။ အဲဒီညက ကျွန်တော့် နောက်မှာ အဖော်အဖြစ် လိုက်ပါလာတဲ့ ဘသောင်းကို တိုင်ပင်ပါတယ်။ သူကလည်း ... ပြဿနာရှည်

> "သူ့ကိုတရားဝင်
> လက်ထပ်မယူရင်
> သက်ဆိုင်ရာ
> လူကြီးတွေကို
> တိုင်မယ်ဆိုပြီး
> အကြပ်ကိုင်တာနဲ့
> ကျွန်တော်လည်း
> ထူပူသွားပြီး
> လည်ပင်းညှစ်သတ်
> လိုက်မိတာပါ"

မယ် အပြတ်ရှင်းလိုက်တဲ့။

မခင်မိုးက သူ့ကိုတရားဝင်လက်ထပ်မယူရင် သက်ဆိုင်ရာလူကြီးတွေကို တိုင်မယ်ဆိုပြီး အကြပ်ကိုင်တာနဲ့ ကျွန်တော်လည်း ထူပူသွားပြီး လည်ပင်းညှစ်သတ်လိုက်မိတာပါ"

ကိုမြဝင်းက ရှည်လျားစွာ ရှင်းပြ၍ ဝန်ခံစကားဆို၏။

"အဲဒီသေသွားတဲ့ မခင်မိုးက ဘယ်မှာနေတာလဲ မင်းနဲ့ ဘယ်လိုတွေ့ခဲ့ကြတာလဲ"

"ကျွန်တော်တို့မြို့(-) ရပ်ကွက်မှာနေပါတယ်။ သူ့ဆိုင်ကို ဈေးဝယ်သွားရင်း တွေ့ခဲ့ကြတာပါ"

"ဒါဖြင့် မင်းနောက်ကအဖော်လိုက်လာတဲ့ ဘသောင်းကကော ဘယ်မှာနေတာလဲ"

"ဒီရပ်ကွက်ထဲက နောက်လမ်းမှာနေပါတယ်ဆရာ"

"ကဲ ... အဲဒါဆို မင်းကိစ္စ စခန်းကျမှ အပြည့်အစုံဆက် ပြောပေတော့ကွာ"

(၆)

မိမိနှင့် ချစ်ကြိုက်နေသူတွင် တရားဝင်မိန်းမ ရှိမရှိကိုပင် စူးစမ်းလေ့လာခြင်းမပြုဘဲ အယုံကြီးယုံကာ တစ်ကိုယ်လုံးပုံခဲ့မိသူ မခင်မိုး။ ရရှိလာသည့် ရလဒ်မှာကား ယုတ်မာရက်စက်ခြင်းတို့ နှင့်ပြွမ်းတီးသော လူသတ်မှုတစ်ခုပင်ဖြစ်သည်။

အချစ်ဆိုသည်မှာ မျက်စိမရှိဆိုသော စကားရပ်မှာ မခင်မိုးအတွက် သီးသန့်ရည်ညွှန်းပြဖွဲ့ဆိုထားခဲ့လေသလားဟူ၍

*ထက်လူ(ဘာသာ)*

www.burmeseclassic.com

www.burmeseclassic.com





## ယာဉ်တိုက်မှုဖြစ်ရာသို့
## သင်အရင်ဆုံး ရောက်သွားပြီ ဆိုပါတော့
## သင်ဘာလုပ်မလဲ

သင်အစီအစဉ်တကျနှင့် ဦးစားပေး လုပ်ဆောင်ရမည့် အချက်များမှာ

(၁) သင့်ကားကို တခြားယာဉ်များ ထပ်မတိုက်မိစေသည့်နေရာ၌ လွတ်လွတ်ကင်းကင်း သွားရပ်ပါ။

(၂) သင့်ကားမှ အချက်ပြမီးများကို အစုံဖွင့်ထားလိုက်ပါ၊ ဖြစ်နိုင်လျှင် ယာဉ်တိုက်မှု ဖြစ်ပွားရာ နောက်ဘက် ကိုက်တစ်ရာခန့်မှာ သတိပေးဆိုင်းဘုတ်တစ်ခု သွားချထားပါ။

(၃) ယာဉ်ထိန်းရဲကို အမြန်ဆုံး အကြောင်းကြားပါ၊ ပထမဆုံးတွေ့သော ကားဒရိုင်ဘာကို ရဲအကြောင်းကြားဖို့ အကူအညီတောင်းပါ။

(၄) တိုက်ခိုက်မှုဖြစ်ထားသော ယာဉ်များကို အနေအထားမပျက်စေဘဲ အင်ဂျင်စက်ကို သတ်ပေးလိုက်ပါ၊ ဟန်းဘရိတ်(ခ) လက်ဆွဲဘရိတ်ကို ဖမ်းထားပါ၊ ဆေးလိပ်မသောက်ပါနှင့်၊ တခြားလူများ သောက်လျှင်လည်း တားမြစ်ပါ၊ ကားမီးလောင်သွားပြီဆိုပါက လွတ်ရာကို ပြေးပါ၊ ဓာတ်ဆီတိုင်ကီ ထပေါက်နိုင်ပါသည်။

(၅) ဒဏ်ရာရသူများကို ကူညီပါ၊ အသက်အန္တရာယ် အသည်းအသန်ဖြစ်နေသူ မဟုတ်လျှင် အလောတကြီး ကိုင်တွယ်ရွှေ့ပြောင်းခြင်း မလုပ်ပါနှင့်၊ သူကောင်းကောင်း အသက်ရှူနိုင်ရဲ့လား စစ်ဆေးပါ၊ အဝတ်အစားများက တင်းကျပ်နေလျှင် လည်ပင်းကြယ်သီးကို ဖြုတ်ပေးပါ၊ ဒဏ်ရာရသူကို စောင်၊ ကော်ဇော (သို့မဟုတ်) ကုတ်အင်္ကျီဖြင့် ရစ်ပတ်ထားပေးပါ၊ ဒဏ်ရာပေါ်မှ မှန်စမှန်နများကို ဆွဲမနုတ်ပါနှင့်၊ သွေးပိုထွက်ပြီး သွေးလွန်သေစေနိုင်ပါသည်။ ဒဏ်ရာရသူက သူ့ကိုယ်သူ ထူထူထောင်ထောင် လှုပ်ရှားနိုင်လျှင် သွေးတိတ်အောင် သန့်ရှင်းသော လက်ကိုင်ပုဝါဖြင့် သုတ် သင်ပိတ်ဆို့ပေးပါ၊ အကူအညီ လာနေကြောင်းနှင့် စိတ်ဓာတ်မကျအောင် အားပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



နတ်တာလင်းချစ်လွင်



# ဥပဒေဒါန

ကျန်းမာရေး ဗဟုသုတ နည်းပါး၍ အသက်မသေသင့်ဘဲ သေဆုံးကြရသူများကို ရေတိမ်နစ်သည်ဟု ပြောဆိုကြသည်။ ထို့အတူ ဥပဒေပြဋ္ဌာန်း ချက်ရှိပါလျက် ကိုယ်နှင့်မဆိုင်ဟုဆိုကာ ဖါသိဖါသာနေ၊ အမှုအခင်းကြုံလာမှ ဟိုမေး၊ ဒီမေး ပြာယာခတ်လှုပ်ရှားရပြီး၊ အိမ်သာတက်ခါနီးမှ အိမ်သာလိုက် ရှာရသူလို ကသီလင်တ ဖြစ်ရပြီး ငယ်ထိပ်မြွေပေါက်ကိန်း ကြုံရသည်။ဥပဒေဆိုသည်ကလည်း မိမိက အမှန်ဆိုပြီးလုပ်တာ၊ မတရား မပြုကျင့်တာဘဲဟု ယုံကြည်၍ အရိုးခံ ဝင်ရောက်လုပ်ကိုင်သော်လည်း…

တစ်ဖက်မလိုသူက ပုံကြီးချဲ့၍ ဟိုတိုင်ဒီတိုင် တိုင်လျှင် မိမိတရားရုံးတွင် ဖြေရှင်းရတော့မည်။ ဥပမာ- ကာအိန္ဒြေ ဖျက်ဆီးမှု (ပုဒ်မ-၃၅၄) ဆိုပါစို့။ သာမာန်အားဖြင့် မိန်းမပျို/အို တစ်ယောက်ယောက်ကို လက်ဆွဲခြင်း၊ ပါးကိုင်ခြင်း၊ နမ်းရှုံ့မှု ပြုလုပ်ပါမှ ပြစ်မှုမြောက်သည်ဟု ယူဆကြသည်။ သို့သော် ဥပဒေက မိန်းမချင်းရန်ဖြစ်၍ မိမိက သဘောရိုးဖြင့် ဝင်ရောက် ဖျန်ဖြေဆွဲလွဲ ဟန့်တား၍ တစ်ဦးကို ဆွဲခေါ်ခြင်း၊ ဖယ်ထုတ်ခြင်း ပြုလိုက်သည်။ ထိုအမျိုးသမီးက လက်မခံဘဲ ကျူညီရာမရောက်သည့် သဘောဖြင့် တစ်ဖက်မှ အမျိုးသမီး အကာအကွယ်ရရန် ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ရန်လိုသတ်မှတ်ကာ ရဲစခန်းတွင် အချင်းဖြစ်စဉ်က ကျွန်မလက်ကို ဆွဲပါသည် (သို့) ခန္ဓာကိုယ် တစ်နေရာရာကို (ရင်သား၊ ပုခုံး). စသည်ကိုင်ပါသည်။ အင်္ကျီ (သို့) ထမီလည်း စုတ်ပြဲသွား၍ မမြင်အပ်ရာများ ပေါ်ကုန်သဖြင့် အရှက်တကွဲ ဖြစ်ရပါသည်။ ထိုသို့ လုပ်ကြံထည့်သွင်းတိုင်ကြားလျှင် အဖြစ်မှန်၊ မမှန်တို့က နောက်၊ လောလောဆယ် တရားခွင်ရှေ့မှာ ထွက်ဆိုစစ်ဆေးခြင်း ဖြေဆိုခြင်းပြုမှ အဖြေပေါ်မည့် အခြေရောက်နေတော့ စွပ်စွဲခံရသူတွင် ဖူးပေါင်းပါဝင်သူ အဖြစ်ပါဝင်၍ အမှုရင်ဆိုင်ရမည်။ ထို့ကြောင့် အချို့ပြစ်မှုများတွင် အချို့လူများက တရားရုံးတွင်သက်သေ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အစစ်ခံရမည်ကို ရှောင်လို၍ မိမိသိရှိ မြင်တွေ့ပါလျက် နှုတ်ဆိတ်နေကြသည်၊ မသိကျိုးကျွန် ပြုကြသည်။ တာဝန်သိ ပြည်သူမှ တာဝန်မဲ့ ပြည်သူဖြစ်သွားကြသည်။ တကယ်တော့ မဖြစ်သင့်။ အမှားလုပ်နေသူတို့ အမှန် လမ်းကြောင်းရောက်ရန် တာဝန်သိရမည်။ မူးယစ်ဆေးဝါး အမှားတစ်ခုတွင် ကိုယ့်ခြံဝန်း တစ်နေရာရာ တစ်စုံတစ်ယောက်က မလိုလို့ လုပ်ကြံ ဖန်တီးလို့ မူးယစ်ဆေးဝါး ပစ်ထည့်၊ ခြံဝန်းအတွင်း မူယစ်ဆေးဝါးပါ အထုပ် (သို့) အိတ် အပါအဝင် မူးယစ်ဆေးထည့်ထားသော အရာဝတ္ထုတစ်ခုခုကို တွေ့ရှိသွားလျှင် ကျွန်တော်၊ ကျွန်မ မသိပါဘူးဟု ငြင်း၍မရ။ ဖြေရှင်းရမည်။ မိမိလက်ဝယ်ဟု ဥပဒေက မှတ်ယူသည်။ လက်ထဲမှ၊ ခန္ဓာကိုယ်ပေါ်မှ အိတ်ထဲမှ မဟုတ်၊ လောင်းကစား ဥပဒေတွင်လည်း လောင်းကစားဝိုင်း အနီးဝန်းကျင်တွင် ရှိနေပါက မိမိ အဖမ်းခံ ဖြေရှင်းရမည်။

သို့ဖြစ်၍ ဥပဒေအရေးကြီးပုံ အသိဓာတ်ခံရှိဖို့ကို 'ပြောမဆုံးပေါင် တောသုံးထောင်'ဖြစ်သည်။ ထို့ထက် အိမ်ထောင်ရေး အရှုပ်အထွေးတွင် 'မယား' ပြဿနာ ပေါ်လာတတ်သည် များလည်း တွေ့ရသည်။ ကိုယ့် အတွေးနဲ့ ကိုယ်ပဲ၊ တရားဝင် ဇနီးမယားဟု မိမိကိုယ်ကို အသိအမှတ်ပြုထားသည်။သို့သော် 'အမွေ' ပြဿနာ ပေါ်၍ တရားရုံးရောက်သော်-

'ဒေါ်ချစ်ချစ်နှင့် ဒေါ်စန်းရင် အမှု (၁၉၉၀) တရားမပထမ အယူခံမှု အမှတ်(၃၂) (မန္တလေး) တွင်။

ဒေါ်ချစ်ချစ်က သူမသည် လွန်ခဲ့သော (၁၃) နှစ်ခန့်မှစ၍ဦးသက်ထွန်း၏ တရားဝင်ဇနီးအဖြစ်လူသိရှင်ကြား ပေါင်းသင်းခဲ့ကြောင်း၊ သူမနှင့် ဒေါ်စန်းရင် တို့သည် မယားပြိုင်များ ဖြစ်ကြောင်း အဆိုပြုကာ ဦးသက်ထွန်း၏ ကျန်ရစ်သည့် အမွေပုံ ပစ္စည်းများ စီမံခန့်ခွဲပေးရန် တရားစွဲဆိုသည်။

ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ကို အကြင်လင်မယားဟု အသိသက်သေ တစ်ဦးယောက်က နှုတ်သက်သေခံချက်များ ပေးရုံနှင့် မလုံလောက်ပေ။ ပတ်ဝန်းကျင် ဆက်စပ်သည့် အကြောင်းချင်းရာ အရပ်ရပ်ကို ထောက်ရှုစဉ်စားရန် လိုပေသည်။

ကွယ်လွန်သူ ဦးသက်ထွန်းမှာ အများက သိထားသော အသိ အမှတ်ပြုထားသည့် မယားနှင့်

**ယောက်ျားတစ်ဦးနှင့်**
**မိန်းမ တစ်ဦးတို့**
**ဥပဒေအမြင်အရ**
**တရားဝင် လင်မယားဖြစ်၊**
**မဖြစ်ဆုံးဖြတ်ရာတွင်**
**အခြေခံစဉ်းစားရန်**
**လိုအပ်သည့်**
**အချက်များ……**

www.burmeseclassic.com



သားသမီးများ ရှိထားသည် ဖြစ်ရာ အထင်အရှား မယားရှိစဉ်၊ အခြား မိန်းမတစ်ဦးက မိမိသည် ကွယ် လွန်သူ၏ တရားဝင် မယားဖြစ် သည်ဟု အဆိုပြုပြီး၊ အမွေ တောင်းလျှင် ထိုသူသည် တရား ဝင်မယားဖြစ်ကြောင်းကို ယုံမှား သံသယကင်းစွာ ထင်ရှား ပြရန် တာဝန်ရှိသည်။

ယောကျ်ားတစ်ဦးနှင့် မိန်းမ တစ်ဦးတို့ ဥပဒေအမြင်အရတရား ဝင် လင်မယားဖြစ်၊ မဖြစ်ဆုံးဖြတ် ရာတွင် အခြေခံစဉ်းစားရန် လိုအပ် သည့်အချက်များအရ စိစစ်ကြည့် လျှင် ဦးသက်ထွန်းက ဒေါ်ချစ်ချစ် ကို အိမ်တစ်ဆောင်၊ မီးတစ်ပြောင် ထားပြီး ပေါင်းသင်းနေထိုင်မှု မရှိ ခြင်း၊ နှစ်ဦးအတူ တစ်အိမ်တည်း တွင် အတူတကွ နေထိုင်မှုမရှိ ခြင်း။ ညနေပိုင်းတွင်သာ ဦးသက် ထွန်းမှ ဒေါ်ချစ်ချစ်ထံ သွားလာ၊ ဆက်ဆံတတ်ခြင်း ပစ္စည်းခန်းတွင် ပူးတွဲဆက်ဆံမှု မရှိခြင်း၊ ဘုရား ကျောင်းကန် အတူသွားလာ နေထိုင်ကြောင်း မပေါ်ပေါက်ခြင်း ×××× ~~အသုဘကိစ္စတွင်~~ ဆောင် ရွက်မှုအရ တရားဝင်လင်မယား ဟု ယူဆရန် ခက်ခဲခြင်း၊ စသည့် အချက်များ ပေါ်ပေါက်နေသဖြင့် ကွယ်လွန်သူ ဦးသက်ထွန်းနှင့် ဒေါ်ချစ်ချစ်တို့သည် ဥပဒေအရ တရားဝင်လင်မယားမဟုတ်ဟု တိုင်းတရားရုံးက ကောက်ယူဆုံး ဖြတ်ပြီး အမှုကိုပလပ်ခဲ့ခြင်းမှာ မှားယွင်းခြင်းမရှိပေ" ဟူ၍ဆုံး ဖြတ်ခဲ့သည်။ ဤနေရာတွင် "တရားရုံးသို့သွားရန် ကျမ်းကျိန် ဆိုပြီး 'ထိမ်းမြားလက်ထပ်ခြင်း' (သို့) ဆွေမျိုးမိတ်ဆွေသင်္ဂဟ များကို ဖိတ်ကြား၍ ဧည့်ခံကျွေး မွေးပြီး 'ထိမ်းမြားလက်ထပ်ခြင်း' စသည့် 'ထိမ်းမြားမှု၊ အခမ်းအနား တစ်စုံတစ်ခုကို အထင်အရှားပြု လုပ်ခဲ့သူများအဖို့ လင်မယား အဖြစ် ပေါင်းသင်း နေထိုင်မှု ရရှိ ရန် မလိုတော့သော်လည်း ဆိုခဲ့ သည့် 'ထိမ်းမြား လက်ထပ်မှု အခမ်းအနား' တစ်စုံ တစ်ခုမျှ မပြုလုပ်ခဲ့သူများအဖို့ မူကား လင်မယားအဖြစ် လူသိ ရှင်ကြား ပေါင်းသင်းနေထိုင်မှု ရှိရန်လိုပေ သည်' ဟု ဦးမြစိန် မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေ-စာ ၄၅-၂၀၀၀ ပြည့်နှစ်၊ နဝမ အကြိမ်) တွင် သုံးသပ် ဖော်ပြထားသည်မှာ မှတ် သားဖွယ်ပင် ဖြစ်သည်။

အိမ်ထောင်ရေး အကြီးအငယ် (အရပ်အခေါ်) တရားရုံး အသုံး အနှုန်း မယားကြီး၊ မယားပြိုင် ကိစ္စက ဖော်ပြပါစီရင်ထုံးဖြင့် ပင်

> **'ထိမ်းမြားလက်ထပ်မှု အခမ်းအနား' တစ်စုံတစ်ခုမျှ မပြုလုပ်ခဲ့သူများအဖို့မူကား လင်မယားအဖြစ် လူသိရှင်ကြား ပေါင်းသင်းနေထိုင်မှု ရှိရန်လိုပေသည်'**

www.burmeseclassic.com

www.burmeseclassic.com



မယားငယ် (မယားပြိုင်) တို့ ရှင်းလောက်ပြီ။ ဆက်စပ်လို့ မယားကြီး (ပထမအိမ်ထောင်) ရှိခိုက်၊ လင်မယားအကြား စကားများရာတွင် လင်ကြီးက ""မင်း မပေါင်းချင်ရင် အိမ်က ဆင်းသွား ခုဆင်း""ဟု နှင်ချပြီဆိုပါစို့၊ ဇနီး မယားကလည်း စကား တင်မခံ ""ရှင်က ဒီအချိုးလား ကျုပ်က လည်း ရှင့်အိမ်နေရမှ မဟုတ်ပါဘူး။ နေစရာအိမ်တွေတစ်ပုံကြီး"" ဆိုကာ 'မောင်တစ်ထမ်း မယ်တစ်ရွက်' (အဲလေ ဟုတ်ပေါင်ယောင်လို့) 'မောင်တစ်ခါ ""နှင်"" မယ်တစ်ခါဆင်း' သဘောဖြင့် ချက်ချင်း လက်ငင်း ထမီစွန်တောင်ဆွဲ ခြေဖနောင့် ဆောင့်ဆောင့်နှင့် မိဘ (သို့) ဆွေမျိုးတစ်ယောက်ယောက် အိမ်ဆင်းသွားပြီး တစ်ရက်၊ တစ်ပတ် တစ်လနေလို့မှ အိမ်ပြန်တက်မလာ မောင်ကြီးခဗျာ တရားရုံးမှာ 'ပြန်လည်ပေါင်းသင်းလိုမှု' စွဲ၍ ပြန်ခေါ်မည်။ 'ခြေကျွံတော့ နုတ်လို့ရသည်။ စကားကျွံတော့ နုတ်လို့မရ' ဆိုတဲ့ အတိုင်းပါပဲ။ (မသိန်းနွယ်နှင့် မောင်ခ ၇-ရန်ကုန်-စာ-၄၅၁ စီရင်ထုံး) မှာ၊ 'လင်သည် အခြား မိန်းမနှင့် ကျူးလွန်သည့်အတွက် လင်မယားရန်ဖြစ်ပြီး မယားက တကွဲတပြား နေထိုင်သည်။ လင်က 'ပြန်လည်ပေါင်းသင်လိုမှု' တရားစွဲရာ လင်သည် မယား အား ပြန်ခေါ်နိုင်ခွင့်မရှိ'ဟု ဆုံးဖြတ်သည်။ (မောင်ကြွယ်နှင့် မကြင် 'ဧ' ရန်ကုန်) စာ-၄၁၁ စီရင်ထုံး) မှာလည်း ""လင်မယားသက် (၁၁) နှစ်ရပြီး သားသမီး (၃) ယောက်ထွန်းကားပြီး လင်ဖြစ်သူမောင်ကြွယ် မယားငယ်ယူသည်။ မကြင်က ညီမအိမ်သို့ သွားရောက်သည်။ မောင်ကြွယ်က ပြန်လည်ပေါင်းသင်းလိုမှု စွဲရာ၊ မောင်ကြွယ်သည် အပြစ်ရှိသူဖြစ်၍ မယား အားခေါ်နိုင်ခွင့်မရှိဟု ဆုံးဖြတ်သည်။

ဒီတော့ ငါဟဲ့ယောကျ်ား ""ယောကျ်ားကောင်း မောင်းမတစ်ထောင်ဆိုတဲ့ ဆိုစကားရှိပေမယ့် ကိုရွှေယောကျ်ား မိန်းမ စပယ်ယာထားချင်တဲ့ ဥာဉ်ရှိသူတို့ အသစ်တွေဘယ်လိုကောင်းကောင်း အဟောင်းတလည်လည် ဖြစ်ပြန်ရင် ငယ်ချစ်ဟောင်းကြီးကို ခေါ်မရဖြစ်မှာမို့ စဉ်းစား စဉ်းစား အငယ်မထားနဲ့လို့ လက်တို့လိုက်ပါရဲ့။

ထို့အတူပဲ ကျားကော၊ မပါရှေ့နောက်မစဉ်းစား မှောက်မှားကြသူတို့အတွက်လည်း စီရင်ထုံးတစ်ခု လက်ဆောင်ပြုလိုက်ချင်ပါရဲ့။ တစ်ခါတစ်ရံ 'ကတိ' မပေးပဲ ကာမရအောင်ယူ၊ပေးတဲ့သူကလည်း ချစ်ဖော်ဟုန်ပြီးပေးလိုက်မှ 'ဗိုက်' ပြဿနာပေါ်ကလေးမွေးမှ လျှော်ကြေးတောင်း၊ ပြစ်မှုပုဒ်မ- ၄၁၇ နဲ့ပဲ ကာမ/ကိုယ်လည်းယူတယ်ဆိုပြီး တရားတစ်ဘောင်ဆွဲလို့ မရဘဲကိုး၊ ဒီအခါမှာ (မောင်သန်းဌေး နှင့်မပု (ခ) မသန်းရင် (၁၉၆၆) ခုနှစ် မတစ-စာ ၁၀၂၁) စီရင်ထုံးက-

ဤကိစ္စမျိုးတွင် (၂) ဦး (၂) ဖက် ကိုယ်ကျင့်တရား ပျက်ပြားခြင်းကြောင့် ပေါ်ပေါက်လာသည့်ကိစ္စဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်တိုင် အကျင့်စာရိတ္တပျက်ပြားသဖြင့် ပေါ်ပေါက်လာသည့် ကိစ္စတွင် တရားဥပဒေ၏ အကူအညီကို တောင်းဆိုရန် မသင့်၊ နှစ်ဦးစလုံး ညီတူညီမျှ အပြစ်ရှိသူများဖြစ်ခြင်းကြောင့် ရုံးတော်၏ အကူအညီကို မည်သူမျှ မရထိုက်ချေ။ ""တရား မျှတမှုကို လိုလားသူသည် မိမိကိုယ်တိုင် သန့်ရှင်းရမည်""ဟူသော ရောမလူမျိုးတို့၏ ဆိုရိုးစကားကိုလည်း သတိချပ်သင့်ပေသည်ဟူ၍ အမျိုးသမီးက လျော်ကြေး တောင်းဆိုခြင်းကို ခွင့်ပြုခဲ့တဲ့ တရားရုံး အမိန့်ကို

www.burmeseclassic.com

www.burmeseclassic.com



တရားရုံးချုပ်က ပယ်ဖျက်ခဲ့ပါတယ်။ ဒါပေမယ့် (၁၉၇၃) ခုနှစ် ဧပြီလ ၅ ရက်နေ့မှာ (မောင်မျိုးချစ်နှင့် မလှပု (၁၉၈၇) ခုနှစ် မတစ၊ စာ-၁၀၈ စီရင်ထုံး) နဲ့ 'မောင်သန်း ဌေး စီရင်ထုံး' ကို ပယ်ဖျက် လိုက်ပါတယ်။ ယနေ့တိုင်ပဲ တရားရုံးများက လမ်းညွှန် စီရင်ထုံးအဖြစ် ခံယူကျင့်သုံးနေပါတယ်။

"ဓမ္မသတ် အများစုက အမျိုးသမီးငယ်သည် မိမိအပေါ် သစ္စာမဲ့ခဲ့သည့် အမျိုးသားထံမှလျော်ကြေးတောင်းဆိုခွင့် ပြုထားကြသည်။ ယင်းသို့ ခွင့်ပြုခြင်းသည် ဖြောင့်မှန်ခြင်း မျှတခြင်း၊ ကောင်းမြတ်သော စိတ်ထားရှိ ခြင်းစသည့်မှုများနှင့် ဆန့်ကျင်ခြင်းမရှိသည့် အလျောက်၊ လက်ခံသင့်သည်ဟု ကျွန်ုပ်တို့ ယူဆသည် ဟုသုံးသပ်ကာ လျော်ကြေးတောင်းဆိုသည်ကို ခွင့်ပြုခဲ့ပါတယ်ဗျာ။"

နိဂုံးချုပ်အနေဖြင့် ဥပဒေ ဒါနပြုသင့်တာကတော့ 'မြန်မာဗုဒ္ဓဘာသာ လင်မယားတို့မှာ ပစ္စည်းခန်း၌ အတူပိုင်ဆိုင်သူများ အဖြစ်ရှိနေပေသည်ကို (မနန်းကြည်နှင့် မနှင်းနွယ် (၁၉၅၃) စတစ လွှတ်တော် (၃၃၂) ဆိုသော်ငြားလို့ အိမ်ထောင်ကြီးချင်း (အိမ်ထောင်ပြုဖူးသူချင်း) ထိမ်းမြားကြသော အခါမှာ တစ်ဦးကပါလာသော ပစ္စည်း၌ တစ်ဦးက မည်သည့် အကျိုးခံစားခွင့်မှ မရှိချေ။ အကြောင်းမှာ ထိုစည်းမျဉ်းသည် နှစ်ဦးပိုင်ပစ္စည်း မဖြစ်နိုင်သော ကြောင့်တည်းဟု ဆိုထားပါတယ်။ ဟုတ်ပါသည်။ (၂) ဦးစလုံး ပထမအိမ်ထောင်နဲ့ ရှင်းရမည့်ကိစ္စတွေက ရှိနေသေးတာကိုး။


ကိုးကား။ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ၊ ဦးမြစိန်၊ ၂၀၀၄ ဒီဇင်ဘာ (ဒသမကြိမ်)

**နတ်တလင်းချစ်လွင်**

**အကျင့်စာရိတ္တ ပျက်ပြားသဖြင့် ပေါ်ပေါက်လာသည့် ကိစ္စတွင် တရားဥပဒေ၏ အကူအညီကို တောင်းဆိုရန် မသင့်၊ နှစ်ဦးစလုံး ညီတူညီမျှ အပြစ်ရှိသူများ ဖြစ်ခြင်းကြောင့် ရုံးတော်၏ အကူအညီကို မည်သူမျှ မရထိုက်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လတ် (ဓါးကုန်း)

# ရိုးမပေါ်မှ မရကတမင်း

**(တစ်)**

အရှေ့ မိုးကောင်းကင်မှ၊ ဘာဏုရာဇာ နေမင်းကြီးသည် မကြာမီ ထွက်ပေါ်လာတော့မည် ဖြစ်သောကြောင့်၊ ရှေ့ပြေးတမန်တော်များဖြစ်ကြသည့် ရောင်နီတို့သည် ပျို့အန့်စပြုလာပြီ ဖြစ်သည်။

လူသားတို့သည် တစ်ညတာ အိပ်စက်နားနေကြပြီး ဖြစ်၍ တစ်နေ့တာ ဝမ်းရေးအား ဖြည့်ဆည်းနိုင်ရန်အတွက် နံနက် ဝေလီဝေလင်းကပင် ရောင်းဝယ် ဖောက်ကားကြရန် ဈေးကြီး အတွင်း၌ ရောင်းဝယ်ရေး ကိစ္စများဖြင့်အသီးသီးဆိုင်ခင်း၍ နေကြသည်။

နံနက် (၇) နာရီခန့်ရှိပြီဖြစ်၍ ရောင်းဝယ်ဖောက်ကားမှုတို့ ဖြင့် ရောင်းသူဝယ်သူများ အတော် ပင် စည်ကားနေလျက် ရှိနေလေပြီ။

အသက် (၅၀) အရွယ်ခန့်ရှိ အဒေါ်ကြီး တစ်ယောက်သည် အဝတ်ခပ်နွမ်းနွမ်းကို ဝတ်လျက် ခေါင်းပေါ်၌ ခံတောင်းကို ရွက်၍ ဈေးအတွင်း ငါးတန်းသို့ ဝင်ရောက်လာလေသည်။

တစ်ခုသော ဆိုင်တစ်ဆိုင်၏ ဘေးထောင့်နား ရောက်သောအခါ ခေါင်းပေါ်မှ ခံတောင်းအား ချပြီး ခေါင်းခုလုပ်လာသော ပုဆိုး ခပ်နွမ်းနွမ်းအား ဖြေလျက် မျက်နှာမှ ချွေးများကို သုတ်လျက်ခေတ္တခဏ အပန်းဖြေပြီး အသင့်ပါလာသော ပြောင်းဖူးဖက် ဆေးပေါ့လိပ်အား မီးညှိ၍ ဖွာရှိုက်ရင်း ခေါင်းခုပုဆိုးအား တောင်းပေါ်သို့ ဖြန့်အုပ်၍ အမောဖြေနေလေသည်။

(၁၅) မိနစ်ခန့် အမောဖြေပြီး ဟိုဟိုဒီဒီကြည့်နေစဉ် အနားမှ အသက် (၃၀) ခန့်လူရွယ်တစ်ယောက် ဖြတ်သွားသည်ကို မြင်၍…

"သူငယ်…သူငယ်"

လှမ်း၍ ခေါ်လိုက်လေသည်။

ထိုလူငယ်သည် မိမိကို ခေါ်သည်ထင်၍ နောက်သို့ ပြန်လှည့်ပြီး …

"အဒေါ်…ကျွန်တော့်ကို ခေါ်ပါသလား"

"ဟုတ်တယ်။ ဟုတ်တယ်"

"ဘာကိစ္စရှိလို့ ပါလဲ ခင်ဗျာ"

"အဒေါ်ပစ္စည်း ရောင်းချင်လို့ပါကွယ်"

"ဘာပစ္စည်းများလဲ အဒေါ်"

အဒေါ်ကြီးနှင့် လူငယ်တို့သည်လည်း တီးတိုးပြောဆို၍ အဒေါ်ကြီးသည် တောင်းကိုရွက်၍ လူငယ်၏နောက်သို့ လိုက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(နှစ်)

ပဲခူးတိုင်း၊ ဇီးကုန်းမြို့မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရုံးခန်း အတွင်း ဝယ် စခန်းမှူးသည် စားပွဲပေါ်ရှိ ဖိုင်တွဲများကိုဖွင့်လျက် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေသည်။

ထိုစဉ်အရပ်ဝတ်နှင့် နယ်ထိန်းတပ်သားတစ်ယောက်သည် စခန်းမှူး၏ စားပွဲရှေ့သို့ သတိ အနေအထားဖြင့် ရပ်လျက် အလေးပြုလိုက်လေသည်။

ထိုအခါ စခန်းမှူးက...

"ဘာထူးသလဲဟေ့... ရဲဘော်"

"အဒေါ်ကြီးတစ်ယောက် ဆေးခြောက်ရောင်းချင်တယ် ဆိုလို့ ဆေးခြောက်နဲ့အတူ ခေါ်လာပါတယ် ဗိုလ်ကြီး"

ထိုအခါမှ အဒေါ်ကြီးသည် မျက်လုံးပြူး ရင်ထိတ်ရလေပြီ၊ အဒေါ်ကြီးသည် ရိုးအ,သူဖြစ်၍ နယ်ထိန်းရဲတပ်သားကိုမှ ဆေးခြောက်အရောင်းအဝယ် စပ်မိပြီး မိမိအား ရဲစခန်းသို့ ခေါ်လာကြောင်း ယခုမှပင်သိလေသည်။

စခန်းမှူးလည်း အလုပ်စားပွဲမှ ထလာပြီး စစ်ဆေးလေတော့သည်။

"အဒေါ်... ဒီပစ္စည်းတွေ

ပြည်သူ့ရဲများပီပီ
လျှင်မြန်ပါးနပ်ခြင်း၊
မျက်စိရှင်ခြင်းနှင့်
အိမ်၏အတွင်းအပြင်
အနေအထား အမျိုးမျိုးကို
အကဲခတ်ပြီး ဖြစ်သည်။

ဘယ်ကရလာသလဲ"

"ရွာက ဖိုးခွေးက ရောင်းခိုင်းလိုက်တာပါကွယ်"

"ဘယ်ရွာကလဲ အဒေါ်ရဲ့"

"ထန်းတစ်ပင် ရွာကပါကွယ်"

ထန်းတစ်ပင်ရွာသည် ဇီးကုန်းမြို့နယ် အရှေ့ဘက် သုံးမိုင်ကွာဝေးသော ရွာတစ်ရွာဖြစ်လေသည်။

(သုံး)

နယ်ထိန်းတပ်ဖွဲ့သည် နေ့လယ် တစ်နာရီ အချိန်ခန့်တွင် ထန်းတစ်ပင်ရွာ အတွင်းသို့ သွားရောက်ပြီး ကျေးရွာလူကြီးအား ဖြစ်ပျက်ပုံအလုံးစုံကို ပြောပြ၍ ရွာလယ်ရှိ ဖိုးခွေးအိမ်သို့ ကျေးရွာလူကြီးများနှင့်အတူ သွားရောက်ကြလေသည်။

အိမ်ရှေ့သို့ ရောက်သောအခါ...

"မောင်ဖိုးခွေး ... မောင်ဖိုးခွေး"

ကိုဖိုးခွေးသည် နေ့လယ်နေခင်း ထမင်းစားသောက်ပြီး၍ အိပ်နေသဖြင့် ဇနီးဖြစ်သူ မထွေးက လင်ယောက်ျားဖိုးခွေးအား နှိုးပြီး တစ်ဆက်တည်းမှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးတို့ပါလား။ လာကြရှင်"

အရပ်လူကြီးများနှင့် နယ်ထိန်းအဖွဲ့တို့အား အိမ်ပေါ်သို့ ဖိတ်ခေါ်လေသည်။

ခါးစောင်းသာသာခန့် မြင့်သော ဝါးပိုးဝါးဖြင့် ဆောက်လုပ်ထားသည့် သုံးပင်နှစ်ခန်း အိမ်ပေါ်သို့ အရပ်လူကြီးများနှင့် နယ်ထိန်းအဖွဲ့တို့ တက်ထိုင်လိုက်ကြလေသည်။

ကိုဖိုးခွေးသည် အိပ်ရာမှထပြီး ဧည့်သည်များနှင့် စကားပြောနေစဉ် ...

နယ်ထိန်းအဖွဲ့သည် ပြည်သူ့ရဲများပီပီ လျှင်မြန်ပါးနပ်ခြင်း၊ မျက်စိရှင်ခြင်းနှင့် အိမ်၏အတွင်းအပြင် အနေအထား အမျိုးမျိုးကို အကဲခတ်ပြီးစီးလေပြီ ဖြစ်သည်။

အရပ်လူကြီးမှ ...

"ဒီလိုကွ... မောင်ဖိုးခွေးရ။ မင်း မနက်တုန်းက မြို့ဈေးမှာ ဒေါ်အေးတင်ကို ဆေးခြောက် ရောင်းခိုင်းလိုက်တယ် မဟုတ်လား"

"မဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော် မသိပါဘူး"

"မလိမ်ပါနဲ့ကွာ။ ဒေါ်အေးတင်က အကုန်ဖွင့်ပြောပြီးပါပြီ"

ထိုစဉ် နယ်ထိန်းအဖွဲ့မှ



ခေါင်းဆောင်လုပ်သူက...

"ဒီလိုဆို ကျွန်တော်တို့ကို ရှာဖွေခွင့်ပြုပါ ခင်ဗျာ"

ထိုသို့ပြောပြီး နယ်ထိန်းခေါင်းဆောင်လုပ်သူသည် အိမ်ခန်းအတွင်း ထောင့်တစ်ထောင့်မှ တောင်းအား သွားရောက် ကြည့်ရှုလေသည်။

တောင်းပေါ်မှ အဝတ်စုတ်များကို ဖယ်လိုက်သောအခါ အတွင်းတွင် သပ်ရပ်စွာထုပ်ထားသော အထုပ်နှစ်ထုပ်ကို တွေ့ရှိ၍ ယူလာပြီး ကျေးရွာလူကြီးများ၏ ရှေ့မှောက်တွင် ဖြေ၍ကြည့်လေသည်။

အတွင်းတွင် ညိုရောင်သမ်းနေသော အရွက်ရှည်မျောမျောများကိုတွေ့ရှိ၍ နမ်းကြည့်ရာ စိမ်းရွှေရွှေအနံ့များကို ရရှိလေသည်။

ထိုအရာများသည် ဆေးခြောက်များ ဖြစ်လေသည်။

"ကိုဖိုးခွေး ... ဒီဆေးခြောက်တွေ ဘယ်ကရသလဲ"

ကိုဖိုးခွေးသည် ကွယ်ဝှက်နေ၍မဖြစ်တော့၊ အဖြစ်မှန်အား ဖွင့်ပြောလေတော့သည်။

"ကျွန်တော် ရွာရောင်းရွာက၊ စောအဲလစ်ဆီက ဝယ်ခဲ့တာပါ"

ပြည်သူ့ရဲများသည် သက်

www.burmeseclassic.com

www.burmeseclassic.com



**တစ်မျိုးသားလုံး လူညွှန့်တုံးစေသော မူးယစ်ဆေးဝါးတို့တွင် တစ်ခုအပါအဝင် ဖြစ်သော ဆေးခြောက်ခင်းအား ရိုးမတောင်ပေါ်သို့ တက်ရောက်ရှာဖွေ ဖျက်ဆီးရန် ......**

သေခံ ပစ္စည်းများနှင့်အတူ ကိုဖိုးခွေးအား ရဲစခန်းသို့ ခေါ်ဆောင်လာခဲ့လေသည်။

(လေး)

ရှာရှောင်ရွာသည် ဖားကွန်းမြို့အရှေ့ဘက်ရှိ ရိုးမတောင်ခြေအနီးတွင်ရှိ (၈) မိုင်ခန့်ကွာဝေးသော ကန်ကြီးကျေးရွာအနီးတွင် တည်ရှိလေသည်။

နိုင်ငံတော်အစိုးရသည် ရိုးမတောင်ပေါ်တွင် နေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုများ ဖြစ်ကြသော ကရင်အမျိုးသားများအား ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးများကို ကူညီဆောင်ရွက်ပေးရန် မြေပြန့်သို့ ပြောင်းရွှေ့၍ ဆေးခန်း၊ စာသင်ကျောင်း၊ ဘာသာရေးကျောင်း စသည်တို့ကို ဆောက်လုပ်ပေး၍ ပြောင်းရွှေ့နေထိုင်စေသော ရွာရှောင်ရွာဖြစ်လေသည်။

နယ်ထိန်းအဖွဲ့တို့သည် ကန်ကြီးရွာမှ ကျေးရွာဥက္ကဋ္ဌအား ဝင်ရောက်ခေါ်ပြီး ကရင်ရွာရှောင်ရွာသို့ သွားရောက်ပြီး ရွာလူကြီး ကရင်အမျိုးသားကြီး စောစံသိန်းအိမ်သို့ သွားရောက် ကြလေသည်။

ကရင်အမျိုးသား ရွာလူကြီးသည် ကျေးရွာဥက္ကဋ္ဌနှင့် ပြည်သူ့ရဲတို့အား နေရာထိုင်ခင်းများပေး၍ ကွမ်း၊ ဆေး၊ ထန်းလျက်တို့ဖြင့် ဧည့်ခံကျွေးမွေးလေသည်။

ရွာရှောင်ရွာ အစရှိသည့် အနီးပတ်ဝန်းကျင် ရွာများကို ဤသို့ မကြာခဏ လုံခြုံရေးများ ခဏခဏ လှည့်ပေးနေခြင်းကြောင့် အမြင်မစိမ်းဘဲ ခင်မင်ရင်းနှီးနေကြသူများ ဖြစ်လေသည်။

ကျေးရွာဥက္ကဋ္ဌသည် ဖြစ်ကြောင်းကုန်စင်အား ရွာလူကြီးစောစံသိန်းအား ပြောပြပြီးနောက် စောအဲလစ်အား ခေါ်ခိုင်းလေသည်။

ပြည်သူ့ရဲများနှင့်အတူ စောစံသိန်းတို့သည် ရေနွေးကြမ်းဝိုင်း၌ စကားပြောနေကြစဉ် မကြာမီအတွင်း စောအဲလစ် ရောက်ရှိလာ၍ ဧည့်သည်များနှင့်အတူ ရေနွေးဝိုင်းသို့ ဝင်ရောက်ထိုင်လေသည်။

ခဏအကြာ ကျေးရွာ ဥက္ကဋ္ဌက…

"စောအဲလစ်။ မင်း ဆေးခြောက်ရောင်းတယ်ဆို"

"ငါ မရောင်းပါဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ထန်းတစ်ပင်ရှာက ဖိုးခွေးကို ရောင်းလိုက်တယ် မဟုတ်လား"

ထိုအခါ စောအဲလစ်သည် ခေတ္တငိုင်သွားလေသည်။ ထိုအခြင်းအရာကို မြင်လိုက်သော နယ်ထိန်းခေါင်းဆောင်သည် စောအဲလစ်အား…

"မင်း အမှန်အတိုင်း ပြောပါကွာ။ မလိမ်ပါနဲ့။ ငါတို့လည်း မင်းဘက်က ရပ်တည်ပေးပါ့မယ်"

ထိုအခါမှ စောအဲလစ်သည် မိမိရောင်းကြောင်း ဝန်ခံလေသည်။

"မင်း ဘယ်ကရသလဲ"

"တောင်ပေါ်မှာ စိုက်မိပါတယ်ကွာ"

ရိုးသားသော ကရင်အမျိုးသားများသည် ဟုတ်တိုင်းမှန်ရာကို ပြောလေသည်။

"ဒီလိုဆို မင်း ဆေးခြောက်ခင်းရှိသေးသလား"

"တောမီးမလောင်ရင် တော့ ရှိလိမ့်ဦးမယ်"

ကျေးရွာဥက္ကဋ္ဌနှင့် နယ်ထိန်းအဖွဲ့တို့သည် စောအဲလစ်အားခေါ်ဆောင်၍ ဇီးကုန်းရဲစခန်းသို့ ပြန်လာကြသည်။

◆◆◆

**တချို့သော လမ်းတို့သည် ခြေချစရာ တစ်နေရာသာရှိပြီး တစ်ဖက်တွင်အလွန်တရာ မြင့်မားသီခေါင်သော တောင်ကြီးများရှိပြီး တစ်ဖက်တွင်တော့ အလွန်တရာနက်ရှိုင်းသော ချောက်ကမ်းပါးယံကြီးများသာ။**



(ငါး)

တန်ခူးလ၏ နေ့လယ်ခင်းနေသည် တံလျှပ်များ ထလျက် ခြစ်ခြစ်တောက် ပူပြင်းနေသည်။ ဖုန်လုံးကြီးများ တလိပ်လိပ်ထလျက် ကားကြီးတစ်စင်းသည် လယ်ကွင်းရိုးပြတ်များကို ဖြတ်လျက် တရွေ့ရွေ့သွားနေခြင်း ဖြစ်သည်။

ကားပေါ်တွင် ဇီးကုန်းမြို့၊ ပြည်သူ့ရဲတပ်ဖွဲ့မှ မြို့နယ်မှူး၊ စခန်းမှူး၊ နယ်ထိန်းအဖွဲ့နှင့် ဓာတ်ပုံသတင်းထောက်တို့သည် လက်ကိုင်ပဝါများ မျက်နှာတွင် အသီးသီးစည်းကြလျက် ပူပြင်းလှသော နေရောင်အောက်ဝယ် ဖုန်များအလိမ်းလိမ်း ပေကျံလျက် ကန်ကြီးကျေးရွာသို့ လိုက်ပါလာကြလေသည်။

တစ်မျိုးသားလုံး၏ လူညွန့်တုံးစေသော မူးယစ်ဆေးဝါးတို့တွင် တစ်ခုအပါအဝင် ဖြစ်သော ဆေးခြောက်ခင်းအား ရိုးမတောင်ပေါ်သို့ တက်ရောက်ရှာဖွေ၍ ဖျက်ဆီးရန် ထွက်လာခြင်းဖြစ်သည်။

ပြည်သူ့သားကောင်းများ ပီသစွာ နေပူဒဏ်ကိုမမှုအား ဖုန်အလိမ်းလိမ်းကို ဂရုမစိုက်နိုင်ရှာဘဲ။ တစ်မျိုးသားလုံး၏ ရန်သူ

www.burmeseclassic.com

www.burmeseclassic.com



ဆေးခြောက်ခင်းအား ဖျက်ဆီးဖို့သာ စိတ်ရည်သန်လျက် ရှိကြသည်။

မကြာမီ ကားကြီးသည် ကန်ကြီးကျေးရွာ ဥက္ကဋ္ဌအိမ်ရှေ့သို့ ရောက်ရှိလာပြီး ရပ်တန့်သွားလေတော့သည်။

ဥက္ကဋ္ဌဦးသိန်းကြည်သည် နေပူထဲမှ ဖြတ်သန်းလာကြသူများအား ရေနွေးကြမ်း၊ ဖရဲသီး အစရှိသည်တို့ဖြင့် ညှော်ခံကျွေးမွေးလေတော့သည်။

မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူးသည် ဥက္ကဋ္ဌအား သတင်းပေးပြီး ဥက္ကဋ္ဌ၏ စီရင်ပေးမှုဖြင့် မြင်းလှည်းများဖြင့် ရိုးမတောင်ခြေ ရင်း၊ ဘော်ဘင်ကျေးရွာသို့ ဆက်လက်ထွက်ခွာ လာကြသည်။

ဘော်ဘင်ကျေးရွာသည် ဇီးကုန်းမြို့ အရှေ့ဘက် (၁၂) မိုင်ခန့်ကွာဝေးသည့် ရွာတစ်ရွာဖြစ်လေသည်။ ပဲခူးရိုးမမှ ကျွန်းသစ်နှင့် သစ်မာများကို သစ်ထုတ်လုပ်ရေးဌာနမှ ထုတ်ယူနေခြင်း ဖြစ်သဖြင့် သစ်လုပ်သားများ၊ အမှုထမ်းများ စသည်ဖြင့် စည်ကားသော ရွာကြီးတစ်ရွာ ဖြစ်လေသည်။

စိမ်းညို့မှိုင်းပြာသော ရိုးမတောင်ကြီးများနှင့် နိုင်ငံရတနာ သစ်တောများက နောက်ခံပန်းချီ

**လျှိုကြီးအတွင်း တစ်ခုသော**
**ဝါးရုံပင်ကြီးအောက်တွင်**
**သဘာဝအလျောက်**
**ယိုထွက်စိမ့်**
**စီးနေသော**
**စမ်းချောင်းကလေးကို**
**တွေ့လိုက်ကြရသည်။**



ကားချပ်သဖွယ် တင့်တယ်လှပနေသည်။ ဘော်ဘင်ချောင်းကြီးမှာလည်း တောင်များကို ကွေ့ပတ်စီးဆင်းပြီး ရွာ၏နောက်မှဖြတ်၍ စီးဆင်းသဖြင့် အင်မတန်မှ သာယာလှပသောရွာကြီးတစ်ရွာ ဖြစ်လေသည်။

ညနေ ငါးနာရီခန့်တွင် မြင်းလှည်းနှစ်စီးသည် ဘော်ဘင်ကျေးရွာဥက္ကဋ္ဌ၏ အိမ်ရှေ့သို့ ဆိုက်ရောက်လာကြလေပြီ။

နွေအပူရှိန်၏ နေသည် ညနေငါးနာရီထိုးပြီး ဖြစ်သော် လည်း အပူရှိန်ကား မကျသေး၊ ပူမြဲပူဆဲသာ ရှိသေးသည်။

ဆေးခြောက် စစ်ဆေးရေးအဖွဲ့တို့သည် ကျေးရွာဥက္ကဋ္ဌအိမ်၌ပင် တစ်ညတာ စခန်းချ အပန်းဖြေရပ်နားကြရပေတော့သည်။

◆◆◆

(ခြောက်)

နံနက်လေးနာရီ ထိုးလေပြီ။

ဆေးခြောက် စိုက်ခင်းစစ်ဆေးရေးအဖွဲ့တို့သည် အသီးသီး အိပ်ရာမှထကြလျက် နံနက်စာဝမ်းဗိုက်အား ဖြည့်ဆည်းပြီး ပြီဖြစ်၍ ရိုးမတောင်ပေါ်သို့ အချိန်မီတက်နိုင်ရန် ထမင်းထုပ်ကိုယ်စီ၊ ရေဘူးကိုယ်စီနှင့် စားနပ်ရိက္ခာ များ

www.burmeseclassic.com

www.burmeseclassic.com



**ညကိုးနာရီအချိန်ဖြစ်၍ တစ်ခါတစ်ခါတွင် ချေဟောက်သံနှင့် တောကြက်တွန်သံများ ကြားရသလို တစ်ခါတစ်ခါတွင်တော့ တောရဲတိရစ္ဆာန်တို့၏ ဟိန်းသံကို ခပ်သဲ့သဲ့ ကြားရလေသည်။**

အပြည့်အစုံ ထည့်၍ ပြင်ဆင်နေလျက်ရှိကြသည်။

ထိုစဉ်ရွာရောင်ရွာမှ ကရင်အမျိုးသားလူကြီး စောစံသိန်းနှင့်အဖွဲ့တို့လည်း ရောက်ရှိလာကြလေပြီ။

ဆော်ဘင်ကျေးရွာ ဥက္ကဋ္ဌ၏ စီမံမှုဖြင့် ရွာမှလမ်းပြနှစ်ဦးနှင့်အတူ ကရင်ရွာလူကြီး စောစံသိန်း၊ ဓိးကုန်းမြို့ မြို့နယ်မှူး အစရှိသည့် ဆေးခြောက်ရှာဖွေ ဖျက်ဆီးရေးအဖွဲ့ (၁၅) ဦးတို့သည် နံနက်ဝေလီဝေလင်းကပင် ရိုးမတောင်ပေါ်သို့ စတင်ခြေဆန့်ခရီးထွက်ခဲ့လေတော့သည်။

ခြောက်သယောင် ဖြစ်နေသော ယာမြင့်၊ ကောက်ကွေ့ရှည်လျားသော လှည်းလမ်းကြောင်းတစ်ဝိုက်တွင် လေပွေသည်ကတော့ ထိုးလာနေ၏။

အညွန့်အကိုက် တဝေဝေ၊ ရွက်ကျင် ရွက်ဟောင်းများ တကြွေကြွေဖြင့် ရိုးမတောင်တန်းနှင့် သစ်တောကြီးတို့သည် ရှုမငြီးဖွယ် ပန်းချီဆရာတစ်ဦး၏ စုတ်ချက်နှင့် တူနေပေတော့သည်။

ထိုစဉ်ကျွန်းပင်ကြီး တစ်ပင်၏ ထိပ်ဖျားပေါ်မှ ဥသြငှက်ကလေးတွန်ကြူးနေ၏။ ပထမတွင် မကြားတစ်ချက် ကြားတစ်ချက်။ နီးတစ်လှည့် ဝေးတစ်လှည့်။ ညည်းသလိုလို မြူးသလိုလို ကြားမိသူတိုင်း ကရုဏာသက်ဖွယ် ဥသြငှက်ကလေးသည် နွေရာသီ၏ ချစ်စရာကောင်းသော တေးသံရှင်ကလေး ဖြစ်လေသည်။

ဆေးခြောက် စစ်ဆင်ရေးအဖွဲ့သည် တောအသွယ်သွယ် တောင်အထပ်ထပ်ရှိ ချောင်း အမျိုးမျိုးတို့ကို ဖြတ်သန်းလျက် ခရီးနှင်နေကြလေပြီ။


တချို့သော လမ်းတို့သည် ခြေချစရာ တစ်နေရာသာ ရှိပြီး တစ်ဖက်တွင်အလွန်တရာ မြင့်မားသီခေါင်သော ကျောက်ကမ်းပါးယံ၊ တောင်ကြီးများရှိပြီး တစ်ဖက်တွင်တော့ အလွန်တရာနက်ရှိုင်းသော ချောက်ကမ်းပါးယံကြီးများသာ။ မတော်လို့များ ခြေချော်၍ ကျသွားလိုက်လျှင် တွေးဝံ့စရာမရှိ၊ အသည်းယားလိုက်ပါဘိခြင်း။

နေရောင်လည်းအတော် ညိုသွားလေပြီ၊ ဆေးခြောက်စစ်ဆင်ရေးအဖွဲ့တို့သည် ပင်ပန်းမောဟိုက်နေပြီ။ သို့သော် ပင်ပန်းမှုကို ဂရုမစိုက်နိုင်။ စခန်းချရပ်နားရန် နေရာကား တစ်မိုင်ခန့်ဝေးသေးသည်။ မြေပြန့်ခရီး တစ်မိုင်သည် မပင်ပန်းသော်လည်း တောအသွယ်

www.burmeseclassic.com

www.burmeseclassic.com





သွယ်၊ တောင်အထပ်ထပ် လျှို မြောင်ချောက်များ ထူပြောလှသည့် တောတောင်ခရီး တစ်မိုင်သည်ကား အတော်ပင်လျှောက်လှမ်းရပေဦးမည်။

အဆင်းခက်ခက်၊ အတက်ကြမ်းကြမ်းပါတကား။

ည (၇) နာရီထိုးပေပြီ။ စခန်းချရပ်နားရန် တောင်ကုန်းထိပ်သစ်လုပ်သားများ ဆင်ကျောင်းသော ဆင်တဲသို့ရောက်ရှိကြလေပြီ။

စခန်းချရပ်နားရန် နေရာသို့ရောက်ရှိကြသော်လည်း နားမနေနိုင်အားသေး၊ ထင်းရှာသူရှာ၊ ရေခပ်သူခပ်ဖြင့် ညစာအတွက် ထမင်းအိုးပြင်သူပြင်ဖြင့် တာဝန်ကိုယ်စီ ထမ်းဆောင်၍ နေကြရသည်။

မီးပုံကြီးအတွင်းမှ မီးတောက်မီးလျှံတို့သည် အရှိန်တစ်ငြီးငြီး ဖြင့်တောက်လောင်လျက် တဲကလေး၏ အနီးပတ်ဝန်းကျင်တွင် အလင်းရောင် ပေးလျက်ရှိသည်။ ဤမီးတောက် မီးလျှံ၏ အကူအညီဖြင့် သားရဲတိရစ္ဆာန်များအား ကာကွယ်တားဆီးခြင်းနှင့် အကာလညအမှောင်ထု အတွင်းဝယ်တည်ရှိနေသော တဲကလေးအား အလင်းရောင် ပေးလျက်ရှိပေပြီ။

တစ်ယောက်တစ်လှည့် ကင်းစောင့်ခြင်းဖြင့် တစ်နေ့တာ နွမ်းနယ်မှုတို့အား အသီးသီးအိပ်စက်နားနေ အပန်းဖြေနေကြရလေပြီ။

◆◆◆

(ခုနစ်)

နံနက် လေးနာရီထိုးပေပြီ။

ထမင်းများ ချက်ပြုတ်ပြီးစီးပြီဖြစ်၍ အသီးသီးထမင်းများထုပ်ကြပြီးလျှင် တောင်တက်တောင်ဆင်းခရီးကို စကြရပြန်လေပြီ။

တစ်ညတာ နားနေအိပ်စက်အနားယူကြပြီးဖြစ်၍ ရွှင်လန်းပေါ့ပါးနေကြသည်။

နွေနေသည် အတော်ပင်မြင့်လာပေပြီ။ ခရီးလည်းအတော်ပင်ပေါက်နေကြလေပြီ။

တစ်ချက်တစ်ချက် လေနုအေးကလေး တိုက်လိုက်လျှင် ရွှင်လန်းပေါ့ပါးသွားသလို တစ်ခါခါ လေငြိမ်နေလျှင်တော့ ချွေးသန်ရွှဲရွှဲဖြင့် အတော်ပင် နွမ်းနယ်ပူအိုက်လှသည်။

အချိန်ကား နေ့လယ်နှစ်နာရီထိုး။

မြင့်မား သီခေါင်သော တောင်ထိပ်ပေါ်သို့ ရောက်နေကြပြီ။

သောက်ရေလည်း အားလုံး

www.burmeseclassic.com

www.burmeseclassic.com





ပြတ်၍ နေကြလေပြီ။ နားနေစရာအရိပ် ရှားပါးသော်လည်း သစ်ပင် ပင်စည်ကြီးများ၏ နေကွယ်ရာအရိပ်တွင် နေကြရရှာလေသည်။

တောကျွမ်းသော လမ်းပြတစ်ယောက်သည် လှိုုဏ်ကြီးတစ်ခုအတွင်းသို့ ဆင်းသွားပြီး ရေသွားရှာလေသည်။

နာရီဝက်ခန့် ကြာသောအခါ ပြန်လည်တက်ရောက်လာပြီး။

"ရေတွေ့ပြီ…ရဲဘော် တို့"

ဆေးခြောက်ရှာဖွေ ဖျက်ဆီးရေးအဖွဲ့တို့သည်လည်း ဤအသံကိုကြားလိုက်ရလျှင် အင်မတန် ပင် ရွှင်လန်းဝမ်းမြောက် သွားကြ ပြီး အသီးသီး လှိုုဏ်ကြီးအတွင်းသို့ ဆင်း၍ လိုက်သွားကြလေသည်။

လှိုုဏ်ကြီးအတွင်း တစ်ခုသော ဝါးရုံပင်ကြီး အောက်တွင်သဘာဝအလျောက် ယိုထွက်စိမ့်စီးနေသော စမ်းချောင်းကလေးကို တွေ့လိုက်ကြရသည်။

သို့သော် အဖွဲ့သားတို့သည် မျက်နှာသို့ရေနှင့် ချက်ချင်းမထိဝံ့သေး၊ နေပူရှိန်၏ အောက်ဝယ် မျက်နှာမှ ချွေးများကို သုတ်ရဖန်များသဖြင့် မျက်နှာတွင် ဆားပေါက်၍ အနာ ဖြစ်နေကြခြင်းကြောင့်ဖြစ်သည်။

အသီးသီး သောက်ရေဖြည့်၊ မျက်နှာသစ်၊ ခေတ္တအပန်းဖြေနေကြရသဖြင့် အတော်ပင်လန်းဆန်းသွားကြလေသည်။

နွေရာသီ၏ စမ်းချောင်းကလေးကား အေး၏။ စိမ့်၏။ စိတ်နှလုံးကို ရွှင်လန်းချမ်းမြေ့ သွားကြလေသည်။

အပန်းဖြေ အနားယူပြီး ဆက်လက် ထွက်ခွာလာကြရာ ကရင်အမျိုးသားများ နေထိုင်သွားခဲ့သော အောက်ကျောက်ဖြူ ကျေးရွာဟောင်းသို့ ရောက်ရှိလာကြလေတော့သည်။

ထိုမှဆက်လက်၍ ထွက်ခွာလာကြရာ ကရင်အမျိုးသားများ ယခင်ကနေထိုင်သွားခဲ့သော အထက်ကျောက်ဖြူ ကျေးရွာသို့ ရောက်ရှိလေသည်။

နေလည်းဝင်ပြီ ဖြစ်၍အထက်ကျောက်ဖြူကျေးရွာတွင် စခန်းချရပ်နားကြရလေတော့သည်။

ည ကိုးနာရီအချိန်ဖြစ်၍ တစ်ခါတစ်ခါတွင် ချေဟောက်သံနှင့် တောကြက်တွန်သံများ ကြားရသလို တစ်ခါတစ်ခါတွင်တော့ တောရဲတိရစ္ဆာန်တို့၏ ဟိန်းသံကို ခပ်သဲ့သဲ့ ကြားရလေသည်။

မီးပုံကြီး၏ဘေးတွင် အသီးသီး ဝါးဆစ်ဘူးကလေးများ ကိုယ်စီဖြင့် ရေနွေးကြမ်းသောက်ကြရင်း

www.burmeseclassic.com

www.burmeseclassic.com



နံနက်ခရီးစဉ်ကို ဆွေးနွေး နေကြလေသည်။

ယခု အထက်ကျောက်ဖြူကျေးရွာတွင် ပင်မစခန်းချကြမည်ဖြစ်ကြောင်း တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ကြလေသည်။

အဖွဲ့ခေါင်းဆောင် မြို့နယ်မှူးသည် စောအဲလစ်အား

"မင်း စိုက်တဲ့ ဆေးခြောက်ခင်းက ဘယ်မှာလဲကွ"

"ဗိုလ်ကြီး… ဟိုတောင်ကြီးရဲ့ဟိုဘက်ထဲမှာပါ"

"ဘယ်နှစ်နာရီလောက် သွားရဦးမှာလဲ"

"သုံးနာရီလောက် သွားရင်ရောက်ပါလိမ့်မယ်"

အားလုံးသော ခရီးစဉ်များကို ဆွဲပြီးကြ၍ အသီးသီးအိပ်ကြလေတော့သည်။

ထင်းနှင့် မီးအတွက်ကား အလှည့်ကျ စောင့်ဆိုင်းရလေတော့သည်။

◆◆◆

(ရှစ်)

နေရောင်ခြည်တို့သည် ကျွန်းပင်ကြီးများ၏ အကိုင်းအခက်တို့မှ ဖြာကျနေလျက်ရှိသည်။

ခေါက်ရှား၊ သစ်တောက်နှင့်

**ခွေးလေးယားသီးကယား၊ ခတ်ချိုနွယ် ခြောက်တွေကစ္စူး၊ ကုတ်သူကုတ်၊ ကျောပွတ်သူက ပွတ်ဖြင့်ခွေးလေး ယားသီး၏ဒဏ်ကို အကြီးအကျယ် ခံစားကြရလေပြီ။**

ကျေးငှက်ပေါင်းစုံသည် သစ်ပင်ကြီးငယ်တို့၏ အပေါ်မှ သီကြွေးရင့်ကျူး နေကြလေသည်။

နံနက် (၇) နာရီအချိန်တွင် စခန်းစောင့်နှစ်ယောက် ထားခဲ့ပြီး စောအဲလစ်မှ ရှေ့က ဦးဆောင်လျက် နောက်မှ မြို့နယ်မှူး၊ စခန်းမှူး ဓာတ်ပုံသတင်းထောက်အသီးသီးတို့သည် ပေ (၅၀၀) ကျော်မြင့်သော ရိုးမတောင်ကြီးပေါ်သို့စတင်တက်ရောက်ကြလေပြီ။

နံနက် (၁၀း၃၀) နာရီ အချိန်တွင် တောင်အောက်သို့ ရောက်ကြလေပြီ။ တောင်ခြေရင်း ငါးဧကခန့် ကျယ်ဝန်းသော တောင်ကြောတစ်ခုကို တွေ့ကြရပြီး တောင်ကြော၏ တစ်နေရာတွင် တဲတစ်လုံးအား တွေ့ကြရလေသည်။

ငှင်းတဲ၌ပင် စောအဲလစ်သည် မိုးတွင်းအခါတွင် နေထိုင်၍ စပါး၊ ပြောင်း၊ နှမ်းစသည့် အသီးအနှံများကို စိုက်ပျိုးထားသည့် ယာခင်းများကို တွေ့ရလေပြီ၊ စပါး၊ နှမ်းတို့ကား ခုတ်သိမ်းပြီးဖြစ်၍ ရိုးပြတ်နှင့် ရိုးတံများကိုသာ တွေ့ရတော့သည်။

ဓာတ်ပုံ သတင်းထောက်သည် တဲအိမ်၊ ယာခင်းအစရှိသည်တို့ကို သက်သေခံမှတ်တမ်းတင် ဓာတ်ပုံများအဖြစ် ရိုက်ကူး

www.burmeseclassic.com

လေတော့သည်။

ဆေးခြောက် ရှာဖွေနှိမ်နင်းရေးအဖွဲ့သည် တဲအိမ်ပေါ်၌ ထိုင်ကြပြီးလျှင် နံနက်စာကို စားသူစားကြပြီးခေတ္တခဏ အပန်းဖြေနေကြလေသည်။


မြို့နယ်မှူးသည် ဆေးပေါ့လိပ် တစ်လိပ်အားထုတ်၍ မီးညှိဖွာရှိုက်ပြီး....

"စောအဲလစ် ... မင်းဒီတဲမှာ ဘယ်လောက် ကြာကြာနေသလဲကွ"

"ဗိုလ်ကြီး ... ငါဒီမှာ တစ်မိုးတွင်းလုံးနေတယ်ကွ။ လွန်ခဲ့တဲ့ မိုးနှောင်းလောက်ကပေါ့ကွာ။ ငါ ယာလုပ်နေတဲ့ နွားတစ်ကောင်ကို ကျားလာဆွဲသွားတယ်ကွ။ ငါလည်း ဒူးလေးနဲ့ပစ်သေးတယ်။ မမိလိုက်ပါဘူးကွာ။ နွားလည်းကျားနောက် ပါသွားပြီးသေသွားတယ်ကွာ"

"မင်းဆေးခြောက်ခင်းက ဘယ်နားမှာလဲ"

"ဟောဟိုက ကိုင်းတောအလွန်မှာကွ"




"ကိုင်း ... သွားကြမယ်ကွာ"

စောအဲလစ် ဦးဆောင်၍ အားလုံးဆေးခြောက်ခင်း ရှိရာသို့ ဆင်းသွားကြလေသည်။

လူနှစ်ယောက်ခန့် မြင့်သော ကိုင်းတောကြီးအတွင်းသို့ တိုးဝင်သွားကြရလေသည်။ ခွေးလှေးယားသီးက ယား၊ ခတ်ချိုနွယ် ခြောက်တွေက စူး၊ ကုတ်သူကုတ်၊ ကျောပွတ်သူက ပွတ်ဖြင့်ခွေးလှေးယားသီး၏ဒဏ်ကို အကြီးအကျယ် ခံစားကြရလေပြီ။ နှစ်ဖာလုံခန့် တောတိုးအထွက်တွင်တော့ တောခွေးလှေးပျားအုံမှ ခွေးလှေးပျားများက ဆီး၍မိတ်ဆက်ကြလေတော့သည်။

သို့သော် ဤမျှ နှမ်းနယ်မှုနှင့် ဤလောက်ဒဏ်ကိုတော့ အဖွဲ့သားအားလုံး ကြံ့ကြံ့ခံနေကြလေသည်။

တစ်မျိုးသားလုံး၏ ရန်သူဖြစ်သော ဆေးခြောက်ခင်းအား မကြာမီ ရင်ဆိုင်ဖျက်ဆီးကြရတော့မည် ဖြစ်သောကြောင့်တည်း။

ကိုင်းတောမှ ထွက်သော အခါ ဧကဝက်ခန့် ကျယ်ဝန်းသောမြေကွက်လပ်အား တောင်ကျချောင်းသည် ပတ်ခွေရစ်ဆင်း

www.burmeseclassic.com



နေသည်ကို တွေ့ရ၏။ သို့သော် နွေရာသီ ဖြစ်သောကြောင့် ရေကား မရှိတော့။

ဟိုကွက်လပ်ပေါ် တွင်ကား ဆေးခြောက်ပင်များသည် ကွက်တိကွက်ကျား ထိုးထိုးထောင်ထောင်နှင့် ခြောက်သွေ့နေပြီကို တွေ့ကြရ၏။

"စောအဲလစ် ... မင်း ဆေးခြောက်ကို ဘယ်လိုစိုက်သလဲ"

"ငါ...ပထမမျိုးခုံနဲ့ အပင်ပေါက်ကလေးတွေကို ပျိုးတယ်။ အပင်တွေကြီးလာမှ ပျိုးခုံကနုတ်ပြီး အကွက်ချစိုက်တာ"

"ဒီလိုဆို မင်း ပျိုးခုံကိုပြပါဦးကွာ"

စောအဲလစ်သည် ချောင်းနံဘေး တစ်ခုသောမြေကွက်တွင် အမြင့်တောင်ဆုပ်ခန့်နှင့် အနံငါးတောင် အလျားဆယ်တောင်ခန့်ရှိသော ပျိုးခင်းကို ပြလေသည်။

"ဗိုလ်ကြီး ... ဒါပျိုးခင်းပဲကွ"

ဓာတ်ပုံ သတင်းထောက်သည် ဆေးခြောက် ပျိုးခင်းအားရှထောင့်အမျိုးမျိုးမှ မှတ်တမ်းတင်ဓာတ်ပုံရိုက်လေသည်။

"ဒီပျိုးခင်းမှာ ပျိုးပြီးတော့မှ ဟောဒီအကွက်မှာ စိုက်တာပဲ"

မြို့နယ်မှူးနှင့် စခန်းမှူးတို့သည် ဆေးခြောက်များကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းပြီး ဓာတ်ပုံမှတ်တမ်းများ ရိုက်ပြီး၍ ဆေးခြောက်ပင်များအား လိုက်လံခုတ်ယူ စုဆောင်းပြီး မီးရှို့ကြလေတော့သည်။

တစ်မျိုးသားလုံး၏ လူ့ညွှန့်ကို တုံးစေသော ကမ္ဘာ့သူ၊ ကမ္ဘာသားတို့၏ ရန်သူဆေးခြောက်ခင်းအား ဖျက်ဆီးမီးရှို့ပြီးပြီးဖြစ်၍ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီးလေပြီ။

တောအသွယ်သွယ် တောင်အထပ်ထပ် ချောင်းအမျိုးမျိုးကို ဒုက္ခခံ၍ ဖြတ်ကျော်ခဲ့ရသော ဆေးခြောက်ရှာဖွေ ဖျက်ဆီးရေး အဖွဲ့တို့၏ မျက်နှာများသည် မီးညွှန့်များ တလူလူ တက်နေသော ဆေးခြောက်ပုံများအား ကြည့်လျက် အပြုံးပီတိဖြင့် ကြည်နူး ဝမ်းသာနေလျက် ရှိကြလေတော့သည်။

ဆေးခြောက်တရားခံ အသီးသီးတို့သည်လည်း မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးအက်ဥပဒေ ပုဒ်မ-၆(ခ)၊ ၁၀(ခ)တို့ဖြင့် ထောင်ဒဏ်အသီးသီး ကျသွားကြလေတော့သည်။

◆◆◆

**ဝန်ခံချက် ...**

ဤဖြစ်ရပ်မှန်မှုခင်းသည် (၁၉၈၃) ခုနှစ်တွင် ပဲခူးတိုင်း ဓနိကုန်းမြို့တွင် ဖြစ်ပွားခဲ့သော မှုခင်းအား နာမည်များပြောင်း၍ ရေးသားထားသော ဖြစ်ရပ်မှန် မှုခင်းဖြစ်ကြောင်း ဝန်ခံကာတင်ပြအပ်ပါသည်။

ရိုးမတောင်ပေါ်သို့ ဆေးခြောက်ခင်းရှာဖွေဖျက်ဆီးခြင်း အဖွဲ့တွင်စာရေးသူကိုယ်တိုင် လိုက်ပါခဲ့ခြင်းဖြစ်ပါသည်။

**မောင်မောင်လတ် (ဓနိကုန်း)**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



နော်လီကို(မကွေး)

# "အကျည်းတန် အတွေ"

နွေရာသီနေမို့ ညနေ (၄) နာရီ နေသည် အပူရှိန်ပြင်းသေး၏။ ညောင်ပင်ကြီးအောက်ရှိ အကြော်တဲလေးသည် မီးခိုး တလူလူ တက်နေ၏။ မျက်နှာတွင် အဆီတဝင်းဝင်းတက်နေသော ဒေါ်ခင်စန်းခမျာ နေပူသည်၊ မီးပူသည်ကို မမှုအား အကြော်ကျက်ဖို့ မီးရှိန်တက်ရန်သာ စိတ်စောနေပြီး မီးဖိုကိုသာ ယပ်တောင်တဖျပ်ဖျပ်ခတ်နေ၏။ ထိုစဉ် သမီးလေး လဝန်း ရောက်လာ၏။

"မေမေ·· သမီးဘာကူလုပ်ပေးရမလဲ"

"ရပါတယ် သမီးလေးရယ် တော်ကြာကျူရှင်သွားရတော့မှာ မို့လား"

"နည်းနည်းပါးပါးတော့ ကူလုပ်ဖို့ အချိန်ရပါသေးတယ် အမေရဲ့"

လဝန်းသည် ပြောပြောဆိုဆို အချဉ်ရည်များကို အိတ်ကလေးများဖြင့် ထုပ်နေ၏။ အကြော်ပါဆယ် ဝယ်သူများအတွက် အဆင်သင့် ထည့်ပေးရန်ဖြစ်သည်။ (၁၅) မိနစ်ခန့်ကြာသော် သူငယ်ချင်းဖြစ်သူ မိုးမိုးရောက်လာ၏။

"လဝန်းရေ ··· ပြီးပြီလား သွားရအောင်ဟေ့"

"အေးအေး ··· လာပြီ၊ မေမေ သမီးသွားပြီနော်"

"အေး···သမီး ညကျရင် ဘယ်အချိန်ဆင်းမှာလဲ"

"(၃) ချိန်ဆက်တိုက်သင်ရမှာဆိုတော့ (၇း၃၀) လောက်မှ ဆင်းမယ်ထင်တယ်"

"အဲဒီအချိန် လောက်ဆိုရင် သမီးအဖေ ဆိုက္ကားသိမ်းပြီ၊ သမီးကို ကြိုခိုင်းလိုက်မယ်"

"ဟာ ··· အမေကလည်း မကြိုခိုင်းပါနဲ့၊ သူငယ်ချင်းတွေနဲ့ပဲ ပြန်ခဲ့ပါ့မယ်"

ဒေါ်ခင်စန်းရင်ထဲ စိတ်မကောင်း ဖြစ်သွားမိသည်။ 'အင်း ပေါ့လေ ငယ်ငယ်တုန်းကတော့ သူ့အဖေသွားကြိုတဲ့ ဆိုက္ကားပေါ်မှာ ပျော်ပျော်ရွှင်ရွှင် လိုက်ပါခဲ့ပေမယ့် အရွယ်လေး နည်းနည်းရောက်လာတော့ အဖေ ဆိုက္ကားသမား၊ အမေအကြော်သည်ဆိုတာ ရှက်တတ်လာပါလား' တွေးတောရင်း ဒေါ်ခင်စန်းသည် မြီးကောင်ပေါက် အရွယ် ရောက်လာသော်လည်း လောကကြီးအကြောင်း နားမလည်ရှာသေးသည့် သမီးလေးအတွက် ရင်ပူနေမိသည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ခဏနားမယ်၊ ပြီးရင် မလွင်က Chemistry ဆက်သင်လိမ့်မယ်နော်"

Bio ချိန်ပြီး၍ ဆရာကြည်သည် ခေတ္တအနားပေးလိုက်၏။ ကိုးတန်းကျောင်းသူ၊ ကျောင်းသားလေးများသည် Phy, Che, Bio ဘာသာရပ်များကို နဖူးတွေ့ ဒူးတွေ့ရင်ဆိုင်ရသောအခါ အနည်းငယ် ကြောက်လန့်နေကြသည်။ သို့သော် ဆရာကြည်နှင့် ဆရာမလွင်လွင်တို့ မောင်နှမ နှစ်ယောက်၏ အသင်အပြ ကောင်းမှုကြောင့် ပျော်ရွှင်စွာ သင်ယူကြ၏။ငယ်စဉ်ကတည်းက Guide Line ပေးရင်း သင်ပြလာခဲ့သော ဆရာကြည်ကို တစ်ဖွဲ့လုံးက ရင်းနှီးခင်မင်စွာ ဦးကြည်ဟုပင် ခေါ်ကြ၏။

ဆရာကြည်သည် စာသင်ချိန် ခေတ္တ နားသည့်အချိန်တွင် တုံးလုံး ပက်လက်လှဲရင်း အညောင်းဆန့်တတ်၏။ တစ်ခါတစ်ရံ တပည့်တစ်ယောက်ကို ခေါ်ကာဆံပင်ဖြူနုတ်ခိုင်းတတ်သေး၏။

"လဝန်းရေ လာအုံး၊ ဦးကြည်ကို ဆံပင်ဖြူနုတ်ပေးပါဦး"

လဝန်းက ဆရာကြည်ကို ဆံပင်ဖြူ နုတ်ပေးရင်းမေးလိုက်၏။

"ဦးကြည်အသက် ဘယ်လောက်ရှိပြီလဲဟင်"

"ဘာဖြစ်လို့လဲ ၃၂ နှစ်ရှိပြီ"

"မဟုတ်ဘူးလေ‥ သမီးတို့ထက်အသက်နှစ်ဆကျော်ကြီးပေမယ့် ဆံပင်ဖြူရမယ့်အရွယ် မဟုတ်သေးဘဲ ဖြူနေလို့မေးကြည့်တာပါ"

"ဒီလိုပေါ့ သမီးရယ်၊ စာသင်ရတာ ဦးနှောက်ခြောက်လို့ ပင်ပန်းလို့ဖြစ်မှာပေါ့၊ ဘာလဲ သမီးလုပ်ပေးရလို့ ပြောတာလား မုန့်ကြွေးမှာပေါ့"

> **ဖွံ့ဖြိုးလာသော ကိုယ်ခန္ဓာနှင့် သန့်ပြန့်သော ရုပ်ရည်တို့ ပေါင်းစပ်လိုက်သောအခါ အတော်ပင် ကြည့်ကောင်းသော ရုပ်ရည်ကို ပိုင်ဆိုင်ထား၏။**

ဆရာကြည်သည် လဝန်းကို မာလကာပင်အောက် ခေါ်သွား၏။ မာလကာပင်သည် အတန်ငယ်မြင့်ရာ ဒုတ်ဖြင့်လှမ်းခူးရ၏။ လဝန်းသည် ကြွေကျလာသော အသီးများကို မြေပေါ်မကျမီလိုက်ဖမ်း၏။ အောက်သို့ကျသွားသော အသီးများကိုလည်း ပျော်ရွှင်စွာ လိုက်ကောက်နေသည်။ လဝန်း၏ မျက်နှာသည် ပျော်ရွှင်မှုကြောင့် ပြုံးရွှင်နေ၏။ အသီးလိမ့်သွားသော ဘက်သို့ ခြာခနဲလှည့်ရင်း ပြေးထွက်သွားတိုင်း ဂါဝန်လေးက ဝဲကနဲဖြစ်သွား၏။ ပျော်ရွှင်နေသော လဝန်းမျက်နှာလေးသည် ကလေးတစ်ယောက်ပမာ အပြစ် ကင်းစင်လှ၏။ ရုပ်ရည်သန့်ပြန့်သော လဝန်းသည် ချို့သော မိသားစု

www.burmeseclassic.com



မှ ပေါက်ဖွားလာသည်ဟု မထင်ရပေ။ တစ်ခါတစ်ရံ သူဝတ်ထားသော အဝတ်အစားသည် အနည်းငယ် နွမ်းနေတတ်သော်လည်း မျက်နှာလေးကတော့ အမြဲလန်းနေတတ်၏။ ဖွံ့ဖြိုးလာသော ကိုယ်ခန္ဓာနှင့် သန့်ပြန့်သော ရုပ်ရည်တို့ပေါင်းစပ်လိုက်သောအခါ အတော်ပင် ကြည့်ကောင်းသော ရုပ်ရည်ကို ပိုင်ဆိုင်ထား၏။ မာလကာသီးများကို ရွှင်မြူးစွာလိုက်ကောက်နေသော လဝန်းကိုကြည့်ရင်းဆရာကြည်လည်း ပျော်မြူးနေမိ၏။ ထို့နောက်ပြုံးရင်း ခေါင်းတညိတ်ညိတ်လုပ်နေ၏။ သူ့စိတ်ထဲမှာ ဘာတွေ တွေးနေတယ်ဆိုတာတော့ မည်သူမျှ မသိနိုင်ပေ။

လဝန်းတို့ သူငယ်ချင်းတစ်သိုက်သည် ကလေးစိတ်မကုန်တကုန်အရွယ်မို့ တစ်ခါတစ်ရံပြေးလွှား ဆော့ကစားတတ်သေး၏။ ခြံဝန်းထဲရှိ အသီးအနှံများကိုလည်း ဆွတ်ခူးတတ်ကြ၏။

"ဦးကြည် ... ရော့ ... ခရမ်းသီးတွေကြီးနေပြီ၊ ရင့်ကုန်မှာစိုးလို့ ခူးလာပေးတာ"

"ဟာ ... ဦးကြည်က ခရမ်းသီး သိပ်မကြိုက်ပါဘူး၊ စိုက်လို့သာစိုက်ထားတာ၊ သမီးတို့စားချင်ရင် အိမ်ယူသွား"

'ငါ့သမီး
ပညာတတ်မှဖြစ်မယ်'
ငါတို့ ပညာမတတ်ခဲ့လို့
အခုလို ပင်ပင်ပန်းပန်း
လုပ်ကိုင်စားသောက်နေရတာ။
သမီးကို ငါတို့လို
မဖြစ်စေရဘူး'

"သမီးကကြိုက်တယ်၊ ဒါဆိုရင်ယူသွားမယ်နော်"

◆◆◆

"မေမေရေ ... ဒီမှာ ခရမ်းသီးတွေပါလာတယ်၊ သမီးကိုချက်ကျွေးနော်"

"အေး .. အေး .. သမီး မနက်ဖြန်ကျရင် ချက်ပေးမယ်။ ဒီနေ့တော့ အမေချက်ထားတဲ့ ရှိတဲ့ဟင်းလေးနဲ့စားလိုက်ဦး"

မြိန်ရည်ယှက်ရည် စားနေသော သမီးကိုကြည့်ကာ ဒေါ်ခင်စန်းတစ်ယောက်ပြုံး၍ ကြည့်နေရင်း သက်ပြင်းမောတစ်ချက်ချလိုက်သည်။ ပြောမည့်စကားတချို့ကို မြိုသိပ်ရင်း 'ငါ့သမီး ပညာတတ်မှဖြစ်မယ်' ငါတို့ ပညာမတတ်ခဲ့လို့ အခုလိုပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက်နေရတာ။ သမီးကို ငါတို့လို မဖြစ်စေရဘူး'ဟု တွေးတောနေ မိသည်။

◆◆◆

"မေမေ- ကျူရှင်လခပေးပါဦး"

ဒေါ်ခင်စန်းသည် မဖြစ်ဖြစ်အောင် ပေးမည်ဟု ရည်ရွယ်ထားသော်လည်း ပိုက်ဆံက ဘယ်လိုမှ မလုံလောက်တော့ပေ။ မပြောဘဲ

www.burmeseclassic.com

www.burmeseclassic.com





ထားသည့် စကားကလည်းမပြောမဖြစ် ပြောရပေတော့မည်။

''သမီး... အမေတို့မိသားစု ဘယ်လိုရုန်းကန်နေရတယ်ဆိုတာ သိတယ်မို့လား၊ အကြော်ကြော်ဖို့ အရင်းမပြုတ်အောင် မနည်းချန် ထားရင်းခြွေတာ သုံးစွဲနေရတာပါ။ သမီးကိုအမေတို့ ပညာတတ် ကြီးဖြစ်စေချင်တာ အမှန်ပါပဲ ကွယ်။ ဒါပေမယ့် ...''

''သမီးနားလည်ပါပြီ၊ကျောင်းကသင်တဲ့စာပဲ သေချာ သင်ယူပါတော့မယ်''

''အို အမေက အဲဒီလိုပြောတာ မဟုတ်ပါဘူး၊ ၂ ဘာသာဖိုးလောက်တော့ ဖြစ်အောင် ပေးမှာပါ၊ ငါ့သမီး ကျူရှင်မယူဘဲမနေရပါဘူး၊ ကဲ သမီး မလိုက်နိုင်တဲ့ ဘာသာရပ်နှစ်ခုကိုပြော''

''အဲဒါဆို Phy နဲ့ Che ပဲတက်တော့မယ်၊ Bio မတက်တော့ဘူး''

''ဟဲ့ အမေကတော့ သိပ်မသိပါဘူး၊ ဒါပေမယ့် သူများတွေပြောတာ ကြားဖူးတာတော့ Bio က ခက်တယ်ဆို၊ အဲ ဒီဘာသာရပ်ကို ကြောက်ကြ တယ်ဆိုလားလို့၊ ညည်းကျမှ ပြောင်းပြန်ကြီးပါလား''

''အဲဒါတော့ ကိုယ်ဝါသနာပါရာပေါ့ အမေရယ်၊ သမီးက တိရစ္ဆာန်တွေ၊ အပင်တွေအကြောင်း စိတ်ဝင်စားတော့ သိပ်မခက်ပါဘူး။ စာပုဒ်ကြီးတွေမရရင်တောင် ပုံနဲ့စာညွှန်းတွေမှတ်မိနေရင် စာကြောင်းဖွဲ့ပြီး ပြန်ရေးလို့ရပါတယ်''

''ညည်းသဘောပါပဲအေ''

ထိုနေ့က Bio သင်ချိန်တွင် လဝန်းမျက်နှာ အနည်းငယ်ညှိုးနွမ်းနေ၏။ ထိုသွင်ပြင်ကို ဆရာကြည် သတိထားလိုက်မိ၏။ အားလုံးသင်ပြီးချိန်တွင် လဝန်းကျူရှင်လခပေး၏။ကျူရှင်လခပေးရင်း-

''မမလွင်.. သမီးနောက်လကစပြီး Bio မယူတော့ဘူး၊ ၂ ခုပဲတက်တော့မယ်''

''ဘာဖြစ်လို့လဲ သမီးရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



မပြေလည်လို့လား"

"မဟုတ်ပါဘူး၊ သမီးက အဲဒါ နည်းနည်းရလို့ပါ"

ထိုစဉ် ဦးကြည်ဝင်လာ၏။

"ဟိတ် ကောင်မလေး ဘာမှ မပြောနေနဲ့တော့၊ Bio ချိန် လည်း လာတက်လှည့်၊ အဲဒီဘာသာဖို့ လည်း မပေးနဲ့ကြားလား"

"နေပါစေ"

"နေပါစေ လုပ်မနေနဲ့ လဝန်း ရယ် မလွင်တို့က ကလေးတွေ အားလုံးအပေါ် စေတနာ ထားပြီး သားပါ"

လဝန်းဆက်၍ မငြင်းသာ တော့ပေ။

◆◆◆

"ကဲ ... ကျောင်းဆင်းရင် တန်းမပြေးကြနဲ့ဦး၊ လုပ်အားလေး နည်းနည်းလောက် ပေးသွားကြပါ ဦး"

အိမ်ရှေ့တွင် ပုံထားသော မီး သွေးအိတ်များကို အိတ်ထဲသို့ သွင်းရန် အကူအညီတောင်းခြင်း ဖြစ်၏။

"ဟင် ... ဦးကြည်တို့က ဘာဖြစ်လို့ မီးသွေးတွေ ဒီလောက် အများကြီး ဝယ်ထားရတာလဲ"

"မိုးတွင်းစာလေ၊ -မိုးတွင်း ကျရင် မီးကပျက်၊ မီးသွေးက

**အရွယ်မရောက်သေးသော**
**မိန်းကလေးများအတွက်**
**ပြဋ္ဌာန်းထားသော**
**ဥပဒေအကြောင်းကိုလည်း မသိ၊**
**အမျိုးသမီးရေးရာ**
**ဆိုတာကိုလည်း**
**နားမလည်၊**
**တိုင်တန်းရမည်ကိုလည်း**
**ကြောက်လန့်**
**ရှက်ရွံ့နေသဖြင့် 'ဓောက်'**
**ခေါက်ရုံမှတပါး**
**တခြား မရှိတော့ပေ။**

မရှိဆိုရင် ဘယ်လိုလုပ်မလဲ"

လဝန်းသည် ဦးကြည်နှင့်အတူ စကားပြောရင်း မီးသွေးအိတ်များ ကို အတူတူကူသယ်ပေး၏။ လဝန်း၏ နုနယ်သော လက်များ တွင် မီးသွေးများ ပေတူးကုန်၏။ ကူသယ်ပြီးသောအခါ ...

"မိုးမိုးရေ လက်သွားဆေး ရအောင်"

"ငါအခုပဲ ဆေးခဲ့ပြီ၊ နင်သွား ဆေးချေလေ၊ ငါရှေ့က စောင့်နေ မယ်"

လဝန်းသည် လက်ဆေးရန် အလို့ငှာ အိမ်ခေါင်းရင်းရှိ ရေကန် သို့လာခဲ့၏။ ရေကန်ဘက်တွင် အိမ်ထဲမှ ဖြာကျနေသော မီးရောင် တချို့သာ ကျရောက်သဖြင့်မှုန်ဝါး ဝါးမီးရောင်အောက်တွင် ချော်မ လဲအောင် သတိဖြင့်သွားရ၏။ ရေကန်သို့ အရောက်တွင်ရေသည် ကုန်လုကုန်ခင်ဖြစ်နေသောကြောင့် လှမ်းခပ်ရာတွင် မမှီတမှီဖြစ်နေ၏။ ထိုအချိန်တွင် ဦးကြည်ရောက်လာ ၏။ ရေခပ်ပေးရုံသာမက လဝန်း ၏လက်ကိုကိုင်ပြီး ဆေးပေးလိုက် ၏။ ကျားရဲတစ်ကောင်လို စူးရှ သည့် အကြည့်များနှင့် ကြည့်ရင်း လက်ကို ခပ်ကြမ်းကြမ်းပွတ် ဆေး ပေးနေသော ဦးကြည်ကို လဝန်း အလိုလိုကြောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဦးကြည် သမီးသွားတော့မယ်ရှင့်"

"နေပါဦး ဒီမှာဆပ်ပြာမပြောင်သေးဘူး"

"ရပါတယ် ပြောင်ပါပြီ"

လဝန်းအိမ်ရှေ့သို့ ထွက်လာ၏။ ဆရာကြည်လည်း နောက်မှပါလာ၏။ အပေါက်ဝတွင် အိမ်ထဲသို့ မရောက်သေးသော မီးသွေးတစ်အိတ် ရှိနေသေး၏။

"ဟော ဒီတစ်အိတ် ဘယ်လိုကျန်ခဲ့ပါလိမ့်၊ သမီး ဦးကြည်ကိုကူသယ်ပေးပါဦး"

"ဟင့်အင်း သမီးလက်ဆေးပြီးပြီ မကိုင်ချင်တော့ဘူး၊ သူငယ်ချင်းတွေလည်း စောင့်နေကြပြီ"

"လာပါသမီးရဲ့ ဒီတစ်အိတ်ပဲ ရှိတော့တာပါ"

ဦးကြည်သည် မီးသွေးအိတ်ကို လဝန်းနှင့်အတူ သယ်သွား၏။

"ဒီဘက်က မဆန့်တော့ဘူး သမီးရဲ့၊ ဟိုဘက်နားသွားထားရအောင်"

မီးသွေးအိတ် ထားပြီးသောအခါ

"လာ...သမီး နောက်ဖေးက ကျောက်စည်က ပိုနီးတယ်။ အဲဒီအထဲမှာ ရေအပြည့်ရှိတယ်။ လက်သွားဆေးရအောင်"

"မဆေးတော့ဘူး၊ သွားတော့မယ်"

ဦးကြည်သည် 'လာပါ' ဟုဆိုကာ လဝန်း၏လက်ကို ဖွတ်ဆွဲခေါ်သွား၏။ အိမ်နောက်ဖေးတွင် အိမ်ရှေ့ရေကန်လောက်ပင် အလင်းရောင်မရှိဘဲ အမှောင်ထုကြီးစိုးနေ၏။ လဝန်းသည် ကြောက်ရွံ့စွာ လိုက်ပါလာရင်း လက်ကိုဖြုတ်၍လည်း မရပေ။ ဦးကြည်၏လက်ကြီးသည် ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်လာ၏။ တစ်နေရာအရောက်တွင် ဦးကြည်သည် လဝန်း၏ လက်နှစ်ဖက်လုံးကို တင်းကျပ်စွာ ချုပ်ကိုင်လိုက်၏။ ထို့နောက် ... ထို့နောက် ... လဝန်းသည် ကြောက် လန့်စွာ ငိုကြွေးလေတော့၏။

"မမလွှင်ကို တိုင်ပြောမယ်၊ ဟီး ...ဟီး"

"မတိုင်ပါနဲ့ကွာ၊ မတိုင်နဲ့နော်၊ သမီးလိုချင်တာ ဦးကြည် လုပ်ပေးမယ်လေ။ ဘယ်သူ့မှမတိုင်နဲ့နော်"

"ဟင့်အင်း တိုင်မှာပဲ"

လဝန်းသည် ဆရာမလွှင်လွှင် ရှိရာသို့ ထွက်လာခဲ့၏။ ထိုအချိန် တွင် ဆရာမလွှင်လွှင်သည် အခြားအတန်းခွဲများကို သင်ကြားပြီးပြီမို့ အနားယူနေချိန် ဖြစ်၏။ လဝန်းသည် လွှင်လွှင် ရှေ့ရောက်လာသောအခါ "မမလွှင် ..." ဟု ခေါ်ကာ မျက်ရည်များသာတသွင်သွင်စီးကျနေ၏။ ပြောပြရန် နှုတ်တို့ဆွံ့အနေ၏။

"သမီးဘာဖြစ်လို့လဲ ဗိုက်အောင့်လို့လား၊ ပြော .. မမလွှင်ကိုပြော၊ ဘာဖြစ်လို့ ဒီလောက်တောင် ငိုနေရတာလဲ"

"ဦးကြည် ... ဦးကြည်က"

◆◆◆

လဝန်းအိမ်ရှေ့သို့ ပြေးထွက်လာခဲ့တော့၏။ အိမ်ရှေ့တွင် စောင့်မျှော်နေသော သူငယ်ချင်းများ မိုးမိုး၊ ကျော့စွာ၊ ဟိန်းထက်နှင့် ဝေဝေကျော်တို့က ဝိုင်း၍ ပြောကြ၏။

"နင်ကလည်းဟာ လက်သွားဆေးတာ ကြာလိုက်တာ၊ စောင့်နေတဲ့လူတွေမှ အားမနာ"

"အေးလေ ဒီမှာ ငါတို့ပြန်ရတာ မှောင်နေလို့ဆိုပြီး ကျော့စွာနဲ့ ဟိန်းထက်က လိုက်ပို့ပေးဖို့စောင့်နေတာ။ ဝေဝေကျော်ကို ဝင်ပို့ပြီးရင် တို့ကိုလည်း ပို့ပေးမယ်တဲ့"

"အေးပါဟာ ငါကနာနေ

www.burmeseclassic.com



လို့ပါ၊ အိမ်သာတက်နေလို့ နည်းနည်းကြာသွားတာပါ''

လဝန်းသည် ထိုညတစ်ညလုံး စာမကျက်ဘဲ ငူငူကြီးထိုင်နေလေ၏။ သမီးဖြစ်သူ၏ ထူးခြားသော အပြုအမူကြောင့် ဒေါ်ခင်စန်းနှင့် ဦးမြအောင်တို့က ချော့တစ်ခါ ခြောက်တစ်လှည့် မေးမြန်းကြ၏။ သူတို့သည် အရွယ် မရောက်သေးသော မိန်းကလေးများအတွက် ပြဋ္ဌာန်းထားသော ဥပဒေအကြောင်းကိုလည်းမသိ၊ အမျိုးသမီး ရေးရာဆိုတာကိုလည်းနားမလည်၊ တိုင်တန်းရမည်ကိုလည်း ကြောက်လန့် ရှက်ရွံ့နေသဖြင့် 'တောက်' ခေါက်ရုံမှတပါး တခြား မရှိတော့ပေ။

တဒင်္ဂဖြစ်ပေါ်လာသော အတ္တဆန္ဒအတွက် လှပနုနယ်သော ဖူးပွင့်စပန်းလေးတစ်ပွင့်၏ ဘဝကို အကျည်းတန် ရုပ်ဆိုး သွားစေခဲ့သည်။ ထားရှိသော စေတနာတို့သည်လည်း အမှန်တကယ် စေတနာပင် ဟုတ်ခဲ့သော်လည်း ထိုပြုခဲ့မိသော အတ္တကြောင့် အကျည်းတန် သွားခဲ့တော့သည်။ ထိုဆရာ၏ ဘဝသည်လည်းထိုပြုခဲ့မိသော အတ္တကြောင့်ပင် ဂုဏ်သိက္ခာတို့ အကျည်းတန်ဖြစ်စေခဲ့တော့၏။



ထိုအချိန်မှစ၍ ထိုရပ်ကွက်တွင် လဝန်းတို့သားအမိကို မတွေ့ရတော့ပေ။ ညောင်ပင် အောက်ရှိ အကြော် တဲလေးသည် ခြောက်ကပ်စွာ တည်ရှိနေပြီး ဆေးလိပ်ဖွာရင်း ဆိုက္ကားပေါ်တွင် ထိုင်နေတတ်သော ဦးမြအောင်ကို တစ်ခါတစ်ရံမှသာ တွေ့ရပေတော့သည်။ သူတို့ ဘာကြောင့် ပျောက်သွားသည်၊ ဘယ်ပျောက်သွားသည်ကို မည်သူမှ မသိကြတော့ပေ။

*နော်လီကို*

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



နေဇော်ဦး (ရွှေပြည်သာ)

# သားလေးကို ဒုက္ခမပေးပါနဲ့

**အကြမ်းဖက်ခံရခြင်း**

ထိုလူသည် ကလေး မိခင်နံ ကြားကိုဓားဖြင့် ထောက်သည်။ ၎င်းနောက် (၁၁)လ အရွယ်တော် မီလေးကို ကားပေါ်မှာထားပြီး မိခင်ကိုကားပေါ်မှ ဆင်းခိုင်း၍ မောင်းထွက်သွားသည်။

+++++++++++++++

ဤဖြစ်ရပ်ဆိုးကို 'ဖရန့်စစ် လော်ဗာ' ဘယ်လိုမှမမျှော်မှန်း ခဲ့ပေ။ (၂၂)နှစ်အရွယ် ကလေး အမေဖြစ်သူ လော်ဗာသည် သူ၏သားငယ် (၁၁)လအရွယ် တော်မီလေးကို ကားထဲထည့်ပြီးနောက် သူမ၏ ကားထဲသို့ ဝင်၍ ကား မောင်းထွက်ရန်ပြင်ခိုက် ရုတ်တရက် သူမဘက်မှ ကားတံခါးပွင့်သွားကာ လူတစ်ဦးသည် သူမ၏ နံကြားသို့ ဓားဖြင့်ထောက်လိုက်ပြီး သူမကို အမိန့်ပေးလိုက်သည်။

"ဟိုဘက်ကိုတိုး"

"မတိုးနိုင်ဘူး" ဟု သူမမှ အံ့သြ တုန်လှုပ်စွာဖြေလိုက်သည်။

သူသည် ဓားကိုနံကြားသို့ နည်းနည်းထိုးသွင်းလိုက်သောကြောင့် သူမသွေးနည်းနည်း စို့လာသည်ကို ခံစားသိရှိလိုက်သဖြင့် တုန်လှုပ်စွာ သဘော တူလိုက်သည်။

"ကောင်းပြီ ကောင်းပြီ"

သူသည်ကားထဲဝင်ထိုက်ပြီး

"ကားသော့ပေး.. အေးအေးဆေးဆေးထိုင်နေပါ။ ဘာမှ မဖြစ်စေရဘူး" ဟုပြောသည်။ သူမ၏ နှလုံးခုန်နှုန်းသည်ကြောက်ရွံ့ခြင်းနှင့်အတူ တစ်ဒုံးဒုံးဖြင့် ကြားရလောက်အောင် ခုန်နေသည်ဟု သူမခံစားရသည်။ သူ ဘယ်သူလဲ၊ သူ ဘာလိုချင်တာလဲ၊ သူဘာလုပ်ချင်တာလဲ။

သူမ၏ စိတ်ထဲတွင်လည်း မေးခွန်းများ ထပ်နေသည်။ ကယ်လီဖိုးနီးယားပြည်နယ်၊ မိုဒက်စကို ဆူပါမားကတ်မှ ကားမောင်းထွက်လာစဉ် ထိုသူ၏ ပုံသဏ္ဌာန်ကို အော်တိုမက်တစ် မှတ်ထားလိုက်သည်။ ခပ်ပိန်ပိန်၊ အသက် (၃၀) ဝန်းကျင်၊ ဆံပင်နီကြောင်ကြောင် အသားအရည် မွဲခြောက်ခြောက်၊ မျက်လုံးကျဉ်းနှင့် မုတ်ဆိတ်မွေးနှင့်။ အနည်းငယ်အကြာ ဂျင်းဘောင်းဘီ အပြာရောင်နှင့် ဆွယ်တာအမည်းရောင် ဝတ်ထားတဲ့ ထိုသူကမေး လိုက်သည်။

"ငွေဘယ်လောက် မင်းဆီမှာရှိလဲ"

သူမပိုက်ဆံအိတ်ကို စစ်ပြီးနောက်-

www.burmeseclassic.com

www.burmeseclassic.com



"လေးဆယ့်ငါးဆင့်"

"ထားလိုက်တော့ ငါပိုက်ဆံများများလိုချင်တယ်။ မင်းရဲ့ အိမ်လိပ်စာပြော"

စာရွက်ပေါ်တွင် သူမ၏ အိမ်လိပ်စာကို ရေးလိုက်သည်သူသည် လမ်းဘေးဘီယာဆိုင် တစ်ဆိုင်ရှေ့တွင် ရပ်ကာ လော်ဗာကိုကားပေါ်မှ ဆင်းခိုင်းသည်။ သူမသည် ကားပေါ်မှ ဆင်းပီး တော်မီလေးကို မချီရန် ပြင်ခိုက် သူကလှမ်းတားလိုက်သည်။

"ကလေးကိုထားလိုက်"

"မလုပ်ပါနဲ့၊ ကျွန်မကလေးကိုပေးပါ"ဟု ငိုရင်းပြောလိုက်သည်။

"မရဘူး မင်းရဲ့စာထဲတဲ့ ပုံးထဲမှာ ကလေးနဲ့ကားကို ထားခဲ့တဲ့နေရာကို ရေးခဲ့မယ်။ ရဲကိုတော့ တိုင်မယ်လို့တော့ စိတ်မကူးနဲ့"

"သားလေးကို ဒုက္ခမပေးပါနဲ့"

"သူ့ကိုငါ ဒုက္ခမပေးပါဘူး" ဟု ပြောရင်း တော်မီလေး၏ ခြေထောက်ကို ချစ်စနိုးလှမ်းဖျစ်လိုက်သည်။ လော်ဗာကားထဲမှအပြင် ရောက်သည်နှင့် ကားကို မောင်းထွက်သွားသည်။ သူမသည် အရက်ဆိုင်မှ အရက်ရောင်းသူကို

ဤကိစ္စရပ်မှာ
ဘယ်လိုမှ သူ့အနေနှင့်
လက်ခံနိုင်စရာမရှိပါ။
ဘယ်လို လူမျိုးက
သူ့ရဲ့သားကို
ပြန်ပေးဆွဲသလို
လုပ်ရတာလဲ။

သူမက လေးလုယူခေါ်ဆောင်သွားခြင်းခံရကြောင်းကို ငိုယိုပြောလိုက်သည်။ အရက်ရောင်းသူမှ ရဲသို့ အကြောင်းကြားစဉ် လော်ဗာက စားပွဲထိုးမလေးကို သူမယောက်ျားအား အကြောင်းကြားပေးရန် အကူအညီတောင်း လိုက်သည်။

**သဲလွန်စရှာဖွေလို့မရခြင်း**

အချိန်မှာ စနေနေ့လည်၊ ဇန်နဝါရီလ (၂၀) ၁၉၇၃ ခုနှစ် ဖြစ်သည်။ မိနစ်အနည်းငယ်ကြာသော် ရဲများသည် လော်ဗာကိုမေးမြန်းနေကြသည်။ သူမ၏ ယောကျ်ားတွမ် (၂၆) နှစ်သည် သူမ၏ဘေးတွင် စိတ်ရှုပ်ထွေးစွာ ထိုင်နေသည်။ ဤကိစ္စရပ်မှာ ဘယ်လိုမှ သူ့အနေနှင့် လက်ခံနိုင်စရာမရှိပါ။ ဘယ်လို လူမျိုးက သူ့ရဲ့သားကို ပြန်ပေး ဆွဲသလို လုပ်ရတာလဲ။ သူ့ထံ မှာလည်း ပေးစရာငွေဆိုလို့ ချွေး တစ်ပြားမှ မရှိတာကိုသူ့ကိုယ်သူ သိနေသည်။

နောက်တစ်နာရီကြာသော် ရဲများသည် သူမ၏ကားကို အခြားအရက်ဆိုင် တစ်ဆိုင်ရှေ့တွင် တွေ့သည်။ လက်ဗွေရာမရှိ အခြားသဲလွန်စကိုလည်း ရှာဖွေလို့မရခဲ့ပေ။

အခြားသော ရဲအရာရှိများ

www.burmeseclassic.com

www.burmeseclassic.com



သည် သူမကိုမေးမြန်းစစ်ဆေးပြီး သူမအမှန်တကယ် ထွက်ဆိုနေသည်ကို လက်ခံခဲ့သည်။ လော်ဗာ ပြောပြချက်အရ တရားခံ၏ ပုံဆွဲ၍ တော်မီလေး၏ ဓာတ်ပုံကို ကယ်လီဖိုးနီးယား ပြည်နယ်အနှံ့ ဖြန့်လိုက်သည်။ ထိုဖြစ်ရပ် ဖြစ်ပြီး ပထမပတ်အတွင်း ရဲများသည် အကြိမ် (၅၀၀) ကျော် သတင်းပေးပို့မှုကို လက်ခံရရှိခဲ့သည်။ သို့သော်လည်း ကလေးကို ပြန်ပေးဆွဲသွားသည့် လူထံမှ ဘာသတင်း မှမရရှိခဲ့ပေ။

ရက်သတ္တ ၃ ပတ်ကျော် အတွင်းပေးပို့ခဲ့သည့် သတင်းများကို စုံစမ်း စစ်ဆေးခဲ့သော်လည်း အမှုအတွက်ဘယ်လိုမှ အကူအညီ အထောက်အပံ့ မဖြစ်ခဲ့ပေ။ ရဲစုံထောက် ဝက်စလီဗီလျံသည် ဤအမှုနှင့် ပတ်သက်၍ မည်မျှပင် ကြာရှည်စေကာမူ ပြီးဆုံးအောင် စုံစမ်းစစ်ဆေးရန် တာဝန်ချခံရသည်။ တစ်ပတ်လျှင် (၂) ကြိမ်ခန့် အနည်းဆုံး လော်ဗာ၏အိမ်သို့ သွားကာ ရဲဌာနတွင်ရှိသော လူဆိုးများ၏ ဓာတ်ပုံများကို ပြခဲ့သည်။ ပုံပေါင်း ၁၂၀၀ ကျော် ဖြစ်သည်။ အက်ဘီအိုင်မှ စုံထောက်များကလည်း ဓာတ်ပုံများပြကြသည်။ ထိုထဲတွင် ကလေးပြန်ပေး သမား၏ပုံ မပါခဲ့ပေ။

ဗီလျံသည် ရသည့် သတင်းတိုင်းကို စိတ်ရှည်စွာလိုက်ခဲ့သည်။ တစ်ဦးမှ ထိုကလေးကို ပလိုင်းမောက် မီးခိုးရောင် ကားတစ်စီးထဲတွင် မြင်တွေ့ခဲ့သည်ဟု



အခိုင်အမာ ထွက်ဆိုခဲ့ခြင်းမရှိ။ ဗီလျံသည် ကယ်လီဖိုးနီးယား ပြည်နယ်ရှိ မြို့နယ်စု အားလုံးထဲတွင်ရှိသော မီးခိုးရောင်ပလိုင်းမောက်ကားများကို စစ်ဆေးခဲ့သည်။ ဘာမှ သဲလွန်စမရပါ။ ကလေးမွေးဖွားသည့် အေဂျင်စီများကိုလည်း စုံစမ်းသည်။ ဘာမှ မထူးပါ။ လူဝီစီဟားနား၊ ဂျော်ဂျီယာ၊ အီလီနွိုက်၊ အိုဟိုင်းအိုးမှလည်းကောင်း၊ ကနေဒါနိုင်ငံ အယ်လ်ဘာတာမှ စွန့်ပစ်ခံရသော ကလေးငယ်များ၏ ဓာတ်ပုံများပို့ခဲ့သည်။ နေမြဲပင်။ တစ်ခါတော့ မကြာမီက တူးထားသည်ဟု ထင်ရသော မြေပုံငယ်လေး တစ်ခု အကြောင်း သတင်းရခဲ့သည်။ သူနှင့် အဖွဲ့ဝင်များ သွားရောက်တူးခဲ့ရာ ဖိနပ်ထည့်ထားသော ဘူးလေးထဲတွင် သေနေသော ရှဉ့်ငယ် တစ်ကောင်နှင့် ပလတ်စတစ် ပန်းများသာ တွေ့ခဲ့သည်။ သူ၏ ကလေးပျောက်ရှာ ဖွေစဉ် တာဝန်ချိန်အတွင်း မက်စီကိုနိုင်ငံမှ ဒေါ်လာ ၂၅၀ဖြင့် ဝယ်ယူခဲ့သော ကလေးတစ်ဦးနှင့် စွန့်ပစ်ခံရသည်ဟု ယူဆရသော ကလေးတစ်ဦးကို ဆပ်ကပ်အဖွဲ့ဝင်များ ထိန်းသိမ်းထားသည်ကို တွေ့ခဲ့သည်။ သို့သော် တော်မီလေးတော့မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



နွေရာသီကာလသို့ ရောက်လာချိန်တွင် သတင်းပေးများသည် တစ်ပတ်လျှင် (၂) ခု (၃)ခု လောက်သာ ဖြစ်လာသည်။ ဝီလျံ စိတ်မကောင်းစွာ သိထားတာ တစ်ခုမှာတော့ ဒီအမှုနှင့် ပတ်သက်လို့ ဘာဆိုဘာမှ မလုပ်နိုင်သေးတာကို သိသည်။ သူ့မိန်းမကို သူပြောသည်မှာ–

"တစ်နေရာရာမှာ မဆိုင်မပိုင်တဲ့ ကလေးတစ်ယောက်ရှိနေတယ်။ အဲဒါကိုသိတဲ့ လူ တစ်ဦးဦး ရှိနိုင်တယ်။ အဲဒီတစ်ဦးဦးကို ငါဘယ်လိုရှာရမှာလဲ"

**အခန်းငယ်လေး**

ထိုအချိန် လော်ဗာမိသားစုအိမ်နှင့် (၄)မိုင်ကွာရှိ မာဂျော်ရီကိုဖီမှနေ၍ တစ်ချိန်က သူမ၏ အိမ်ဘေးတွင် နေပြီး ယခုတော့ တက္ကဆက် ပြည်နယ်သို့ ပြောင်းသွားသောသူငယ်ချင်း မာဂရက်ရိန်းထံ စာရေးလိုက်သည်။ သူမနှင့် သူမယောကျ်ား ဘော့သည် ယောကျ်ားလေးတစ်ဦးကို မွေးစားခဲ့သည်ဟု ရေးခဲ့သည်။ မာဂရက်သည် သူငယ်ချင်း မာဂျော်ရီ ပထမအိမ်ထောင်နှင့် မိန်းကလေး (၂) ဦးရှိခဲ့ပြီး ယခုတော့ ကလေးမရနိုင်တော့ကြောင်း သိထားသည်။ သူမသည် တယ်လီဖုန်းဖြင့် စကားပြောခိုက် ကလေးအကြောင်း မေးမိရာ မာဂရက်က မပြောချင် ပြောချင်ဖြင့်–

"ယောကျ်ားလေးပါ။ နာမည်ကရှောန်လို့ ပေးထားတယ်။" မာဂျော်ရီ စိတ်ထဲမှာတော့ သြော် မိန်းကလေး (၂)ဦးထဲဆိုတော့ သားလေးတစ်ယောက် လိုချင်မှာပဲလေ။

**"သဲလွန်စလေး တစ်ခုပဲလိုတယ်။ အဲဒါလေးရရင်ပြီးပြီ။ ဒီသဲလွန်စလေးက မနက်ဖြန် လာမလား၊ နောက်အပတ်လာမှာလားပဲ"**

စက်တင်ဘာလတွင် ရိန်းမိသားစုသည် မာဂျော်ရီကိုဖီ၏ အိမ်အနီး ဒက်စတိုမြို့သို့ ပြန်ပြောင်းလာသည်။ မာဂရက်သည် ရှောန်လေးအကြောင်းကို မေးသော အခါ သူတို့က ဘာမှ ပြန်မပြော ပေ။ မာဂျော်ရီမှလည်း အကောင်း မြင် အတွေးဖြင့် သူတို့အသိထဲက ကလေးမွေးပြီး မလိုချင်လို့ သူတို့ကို လာပေးသွားတယ်ထင်တယ်။ ဒါလည်း ကောင်းတာပါပဲလေ။

သို့သော်လည်းသမီးလေး (၂) ယောက်နဲ့ လမ်းလျှောက်ထွက်တာ မြင်ခဲ့သော်လည်း ရှောန်လေးနဲ့ လမ်းလျှောက်ထွက်တာ တစ်ခါဆိုလို့တစ်ခါမှ မတွေ့မိပေ။နောက်ထူးဆန်းတာ တစ်ခုမှာ ကလေးငယ်ကို တွေ့ခွင့်ရသော်လည်း တံခါးပိတ်ထားသော အခန်းငယ်

www.burmeseclassic.com

www.burmeseclassic.com



လေး တစ်ခုထဲတွင်သာတွေ့ရပြီး ထိုအခန်း တံခါးမှာလည်း လာလည်တိုင်း ပိတ်ထားသည်ကို သတိထားမိသည်။ ထို့ကြောင့် ရှောန်လေး၏ မွေးစားရာ အကြောင်းနှင့် ၎င်းတို့၏ ကလေးအပေါ် ဆက်ဆံပုံများက တစ်မျိုးကြီး ဖြစ်နေသည်ကိုစိတ်ထဲတွင် ကသိကအောက် ခံစားနေရသည်။

❖❖❖

ရဲစုံထောက်ဗီလျံသည် ယခုအခါမှာတော့ အမှုနှင့် ပတ်သက်၍ စိတ်လေနေပြီး တစ်ခါတရံ သူ့အနေနဲ့ရဲစုံထောက် တစ်ဦးလို့ သတ်မှတ်နိုင်တဲ့ အရည်အချင်း မရှိဘူးလားဟုပင် ကိုယ့်ကိုယ်ကိုယ် သံသယဝင်လာသည်။ သူနှင့်ပတ်သက်၍ လုပ်ဖော်ကိုင်ဘက်များနှင့် ဘက်ပေါင်းစုံအမြင်မှ ဆွေးနွေးတိုင်ပင်ခဲ့သည်။ လော်ဗာ၏အိမ်သို့ မကြာခဏ သွားရောက်၍ ဟာကွက်မကျန်ရအောင် အသေးစိတ် မေးခဲ့သည်။ ဒီနှစ်အတွင်းမှာလည်း သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင် သံကြားမှ သတင်းထောက်များနှင့် တော်မီလေး၏ ပြန်ပေးဆွဲမှုအကြောင်း ကို ဖော်ပြရာတွင် ပြုလုပ်သည့် အကြိမ်တိုင်း သတင်းပေးချက်

**ဒေါ်လာ ၂၅ဝဖြင့် ဝယ်ယူခဲ့သော ကလေးတစ်ဦးနှင့် စွန့်ပစ်ခံရသည်ဟု ယူဆရသော ကလေးတစ်ဦးကို ဆပ်ကပ်အဖွဲ့ဝင်များ ထိန်းသိမ်းထားသည်ကို တွေ့ခဲ့သည်။**

အသစ်များ ရလာသည်။ လကြာလာသည်နှင့်အမျှ သတင်းလည်း ငြိမ်လာပြီး သတင်းပေးချက်များက မလာတော့ပေ။

သို့သော် ဖရန့်စစ်လော်ဗာသည် မျှော်လင့်ချက်များရှိနေဆဲဖြစ်သည်။ စုံထောက်ဗီလျံကို ပြောသော သူမ၏စကားတစ်ခု မှာ "သဲလွန်စလေး တစ်ခုပဲလိုတယ်။ အဲဒါလေးရရင် ပြီးပြီ။ ဒီသဲလွန်စလေးက မနက်ဖြန် လာမလား၊ နောက်အပတ်လာမှာလားပဲ"

ဗီလျံသည် သူမ၏အိမ်မှ အထွက် ကလေးအခန်းသို့ လှမ်းကြည့်လိုက်သည်။ ပုခက်ကလည်း အဆင်သင့်။ ကစားစရာ အရုပ်များကလည်း အဆင်သင့်။ နောက်နာရီဝက် အတွင်း တော်မီလေး ပြန်လာတော့မည့်ပုံသဏ္ဍာန် ပင်။

❖❖❖

ဇန်နဝါရီလ၊ ၁၉၇၄ ခုနှစ်၏ နေ့တစ်နေ့တွင် ဗီလျံသည် မိုဒက်စတိုမြို့ 'ပျားပိတုန်း' သတင်းစာတိုက်မှ သတင်းထောက် စတီးဗ်ရင်းဟော့နှင့် စကားပြော နေရင်း ပြန်ပေးဆွဲမှုကို နှစ်ပတ်လည်အနေအထားဖြင့် မီဒီယာတွင် ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြရန် အကြံပြုလိုက်၏။ အတွေ့အကြုံအရ ဒီကိစ္စမျိုးသည် မီဒီယာမှ ပြန်လည်တင်ပြခြင်း အားဖြင့် ပြည်နယ်အတွင်းနှင့် ပြည်တွင်းအနှံ့ ပြန့်ပြီး စိတ်ကိုဖမ်းစားနိုင်စွမ်း ရှိသည်ကို သိသည်။ ဤအချိန်မျိုးတွင် ဤသတင်းကို ကြည့်နေသူ သို့မဟုတ် ဖတ်နေသူ တစ်ဦးဦးသည် ဖရန်စစ်လော်ဗာပြောသော သဲလွန်စလေးတစ်ခုကို စဉ်းစားမိ၊ သိမိ၊ မြင်မိပြီး တော်မီလေးကို ပြန်တွေ့နိုင်ရန် အစလေးတစ်ခု ဖြစ်လာနိုင် သည်။

**ခိုးထားတဲ့ကလေး**

ဖန်နဝါရီလ (၁၉) ရက်နေ့ ညနေပိုင်းတွင် မစ္စက်ကိုဖီ သည် မစ္စက်ရိန်းထံ လာလည်ပတ်ရင်း ထွေရာလေးပါး ပြောနေရာမှ မာဂရက်ကို မေးလိုက်သည်။

"ရှောန်အတွက် မွေးစာရင်း ရနိုင်မယ့် နည်းလမ်းကို ရှင်သိလား"

မာဂရက်အံ့သြသွားသည်။

"သူ့ကိုမွေးစားတုန်းက မွေးစာရင်းမပေးလိုက်ဘူးလား"

မာဂျော်ရီသည် သူမ၏ အိမ်နီးချင်း မိတ်ဆွေကိုကြည့်ရင်း ဖြည်းဖြည်းလေး ပြောလိုက်သည်။

"ဒီကိစ္စကိုဘယ်သူမှ မပြောနဲ့နော်။ ရှင့်ယောကျ်ားကိုတောင်မှ မပြောပါနဲ့။ ဒီကလေးက ခိုးထားတာ"

မာဂရက်သည် မာဂျော်ရီ ၏ ပြောစကားကို ချက်ချင်းလက်မခံပေ။ သူမအရက်သောက် ထားသည်။ သူမသောက်ပြီး ဤကဲ့သို့သော အခြေအနေမျိုးတွင် ပေါက်တတ်ကရ အမြဲ ပြောလေ့ရှိသည်။ ညကလပ်တစ်ခုမှာ အဖော်အချွတ်ကချေသည် လုပ်ခဲ့ပုံ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဌာနတွင် လျှို့ဝှက် ထောက်လှမ်းရေး လုပ်ခဲ့ပုံ၊ နာမည်ကျော်တီးဝိုင်း တစ်ခုတွင် သီချင်းဆိုခဲ့ပုံများကို ပြောလေ့ရှိသည်။

"အင်း... ဒီကောင်မ မူးနေပြန်ပြီတူတယ်" ဟုသာတွေးခဲ့သည်။

သို့သော် ရက်အနည်းငယ်ကြာသော် မိုဒက်စကိုမြို့ ဗျားပိတုန်း သတင်းစာထဲတွင်သတင်းထောက် စတိဗ်၏ တော်မီလေး ပြန်ပေးဆွဲခံရတာ တစ်နှစ်ပြည့်နေကြောင်း သတင်းကို ဖတ်မိသည်။ သူမ၏ကိစ္စကို သိနေတာကြာပြီ ဖြစ်၏။ သို့သော် သတင်းစာထဲပါ ကလေး၏ဓာတ်ပုံသည် သူမကို ဖမ်းစားသွားသည်။ ကလေး၏ ပုံမှာ 'ရှောန်ကိုဖီ'နှင့် တူနေသည်။ ထိုအခါမှ မာဂျော်ရီ၏ ဝန်ခံချက်ကို သတိရမိပြီး လက်ခံရမလိုလို စိတ်ထဲဖြစ်လာ၏။

မာဂရက်၏ စိတ်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com





ပြောင်းဆန်နေသည်။ 'ရှောန်ကို ဖီ'သည် 'တော်မီလော်ဗာ'လား၊ တကယ်ဟုတ်ရဲ့လား။ သူမသည် လုပ်ငန်းတွင် စိတ်ပါဝင်စားစွာ မလုပ်နိုင်ဖြစ်နေသည်။ သူမ၏ အလုပ်ကြီးကြပ်ရေးမှူးက ခေါ်ဆူတဲ့အထိ ဖြစ်သွား၏။ ထိုအခါတွင် မာဂရက်မှ သူမ၏ ကြုံတွေ့နေရသော ဖြစ်ရပ်ကို ကြီးကြပ်ရေးမှူးအား ပြောပြီး အကြံဉာဏ်တောင်းလိုက်သည်။ သူပြောသော စကားမှာ-

"မင်း အခုချက်ချင်း ရဲကို အကြောင်းကြားပါ။ မင်းကလည်း ကလေးအမေ တစ်ယောက်ပဲ။ တကယ်လို့ မင်းရဲ့ ကလေး ပြန်ပေးဆွဲခံရရင် မင်း ဘယ်လိုခံစားရမယ်ဆိုတာ ခံစားကြည့်လေ"

သူမချက်ခြင်းပင် သတင်းစာထဲပါ စုံထောက် ဝီလျံ၏ဖုန်းကို ဆက်လိုက်၏။ ပထမတော့ သူမ၏သတင်းပေးချက်ကို ဝီလျံသည် အထင်မကြီးခဲ့ပေ။ သတင်းမျိုးစုံ လက်ခံ စုံစမ်းခဲ့ပြီးသော အတွေ့အကြုံများကြောင့် ဖြစ်သည်။ သူမ၏ အသံမှာ တုန်ဆိုင်းဆိုင်းနှင့် သူမ ကိုယ်သူမ မသေချာ မရေရာ ပြောနေသယောင် ခံစားနေရသည်။ သို့သော် ကလေးမွေးစာရင်းအကြောင်း ပြောရင်း သူမ ယုံကြည်ချက်ပါသော လေသံ ပြောင်းလာ၏။ စုံထောက် ဝီလျံသည် သူမ ပြောဆိုပြီးနောက် စိတ်လှုပ်ရှားစွာဖြင့် ဒေသဆိုင်ရာ အက်ဖ်ဘီအိုင်ဌာနမှ အရာရှိတစ်ဦးနှင့်အတူ ကိုဖီတို့အိမ်သို့ ရောက်သွားသည်။

### တူညီသောအချက်များ

မစ္စက်ကိုဖီသည် သူမထံတွင် ကလေးငယ်တစ်ဦး မရှိကြောင်း ငြင်းဆိုသည်။ သို့သော် သူမ၏ အစ်မကလေး တစ်ယောက်ကိုခေါ်ယူပြီး ထိန်းပေးကြောင်းနှင့် ပြီးခဲ့သော (၃)လ ကမှကလေးငယ်ကို ပြန်ခေါ် သွားပြီ ဖြစ်ကြောင်းရှင်းပြသည်။ စုံထောက်များသည် အိမ်မှ ပြန်ထွက်သွားပြီး အမြင်ချင်း ဖလှယ်ကြသည်။ အဓိက တူညီသောအချက်တစ်ခုမှာ "ဒီမိန်းမညာနေတယ်" ဟူ၍ပင်။ တယ်လီဖုန်းဖြင့် မစ္စက်ရိုန်းကို စုံစမ်းသောအခါ ပြီးခဲ့သော ရက်သတ္တ ၃ ပတ်က ကလေးကိုတွေ့ခဲ့သည်ဟု ပြောသည်။

ရှာဖွေဝရမ်းကို သွားယူရန် အချိန်မရှိတော့ပေ။ သူတို့သိသွားပြီ ဖြစ်သည်။ အကယ်၍ ထိုကလေးသည် တော်မီလေး ဖြစ်ခဲ့ရင် သူတို့ထွက်ပြေးတော့မည်။ နောက်ဆုံး စိုးရိမ်စရာ အတွေးတစ်ခုကတော့ ကလေးကို ဖွက်ထားရင်ဖွက်ထား၊ ဒါမှမဟုတ် ပြန်ပေးဆွဲရာမှာ သက်သေကို ဖျောက်ဖျက်ပစ်လိုက်လျှင်-

အက်ဖ်ဘီအိုင်'စုံထောက်သည် ကိုဖီကို ထောက်လှမ်း ဖမ်းဆီးရန် သွားခိုက် ဝီလျံသည် လုပ်ဖော်ကိုင်ဖက် ရဲတပ်ကြပ်ကြီး'ချားလ်ကက်တစ်' နှင့် ထိုအိမ်သို့ဒုတိယအကြိမ် ရောက်လာသည်။ မစ္စက်

www.burmeseclassic.com



ကိုဖီမှ သူတို့ကို တွေ့တွေ့ချင်း ရှာဖွေဖို့ ဝရမ်း ပါသလားဟု မေးလိုက်သည်။ ဝီလျံမှလည်း-

"ဒီမှာ ကလေးမရှိဘူးဆိုရင် ဘာလို့ငါတို့ ရှာတာကို ကန့်ကွက်မှာလဲ" သူမတော်တော်ကြာကြာ ငြိမ်သက်နေရာမှနောက်ဆုံးကလေးတစ်ဦး ရှိသည်ဟုဝန်ခံပြီး သွားခေါ်ယူရန် သဘောတူလိုက်သည်။ သူမ ကလေးသွားခေါ်ခိုက် 'ကက်တစ်' မှ စိတ်ထဲက လှုံ့ဆော်မှုကြောင့် လူတစ်ရပ်လောက်ရှိသော ဗီရိုတံခါးကို ဖွင့်လိုက်၏။ အထဲတွင် ကိုဖီသည် ရပ်နေသည်။ ဘာမှ မပြောဘဲ သူ အပြင်သို့ ထွက်လာသည်။

မစ္စက်ကိုဖီသည် ကလေးငယ်ကို ချီပြီးထွက်လာ၏။ ဝီလျံသည် လင်မယား (၂) ယောက်နှင့် ကလေးငယ်ကို ဌာနသို့ ခေါ်လာသည်။ ရဲဌာနတွင် တပ်ကြပ်ကြီး 'ရော်ဂျာလော့ရီ'သည် ကလေးငယ်၏ ခြေဗွေရာကို ယူပြီး တော်မီလော်ဗာ မွေးရာဆေးရုံရှိ ပုံစံများနှင့်တိုက်ရန် ထွက်သွားသည်။ ဝီလျံသည် ချွေးပြန်စွာဖြင့် စောင့်နေသည်။ ရော်ဂျာ ပြန်လာပြီးပြောသည်မှာ -

"ကျွန်တော်ပုံစံတူ (၁၅) ခု တိုက်ဆိုင်တွေ့ခဲ့တယ်။ အက်ဖ်ဘီအိုင်၏ သေချာသည့် စစ်ဆေးချက်မှာ ပုံစံတူ (၁၂) ချက် ဖြစ်သည်။ "ဒီကလေးက တော်မီဆိုတာ သေချာတယ်" ဟု ဝီလျံ ပြောလိုက်သည်။ ချွေးထွက်နေရာမှ ချမ်းတုန် ချမ်းတုန် ဖြစ်လာ၏။

"မင်း အခုချက်ချင်း ရဲကို အကြောင်းကြားပါ။ မင်းကလည်း ကလေးအမေတစ်ယောက်ပဲ။ တကယ်လို့ မင်းရဲ့ကလေး ပြန်ပေးဆွဲခံရရင် မင်း ဘယ်လို ခံစားရမယ်ဆိုတာ ခံစားကြည့်လေ"

## ဒုတိယလက်ဆောင်

ဖရန်စစ်နှင့် တွမ်သည် ရဲဌာနသို့ ခေါ်ဆောင်ခြင်းခံရသည်မှာ ဘာကြောင့်လဲဆိုတာကို မသိခဲ့ပေ။ တွမ်ကတော့ အဆိုးဆုံးတွက်ထားသည်။ သူ ၏ သားဟုတ်မဟုတ် ပြောရတော့မည်ဟူ၍ပင်။ ဆက်လက်၍ သူ၏မိန်းမကို ဤကဲ့သို့ ထိတ်လန့်တုန်လှုပ်မှုကို ဘယ်လိုနှစ်သိမ့်ရမလဲ ဆိုတာကို တွေးနေသည်။ သို့သော် ရဲဌာနသို့ ရောက်သောအခါ ဝီလျံသည် အပြုံးမျက်နှာဖြင့် သူတို့ကိုကြိုရင်း-

"ငါတို့ထင်တာ ငါတို့တော်မီလေးကို တွေ့ထားပြီ" ဟု ပြော၏။

ဖရန်စစ်သည် ချက်ခြင်း မျက်ရည်ကျရင်းက မေးလိုက်သည်။

"ရှင်သေချာရဲ့လား"

"မင်းကိုယ်တိုင် မသေချာဘဲ ငါမသေချာနိုင်သေးဘူး"

ထိုအချိန်တွင် တော်မီလေးကို

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ခေါ်လာသည်။ ဖရန့်စစ်သည် မျက်လုံး အပြူးသားနှင့် ဘာမှမပြောနိုင်ဘဲ ကလေးကိုသာ စိုက်ကြည့်နေသည်။ ဝီလျံက…

"ဖရန့်စစ် ကလေးကို ယူလိုက်လေ"

သူမသည် ကလေးကို လှမ်းယူလိုက်ရာတွင် ကလေးငယ်သည် စတင်ငိုတော့သည်။

"ဒါသူ့ရဲ့ငိုသံပဲ။ သူ့ရဲ့ငိုသံ။ ကျွန်မကလေး၊ ကျွန်မကလေး" ဟု ငိုရှိုက်ရင်း အော်ပြောလိုက်သည်။ ရုတ်တရက် အမေနှင့် ကလေးသည် တစ်ဦးနှင့် တစ်ဦး ဖက်ရင်း 'ဖရန့်စစ်'သည် သူမ၏ ကလေးကိုနမ်းရင်း နှစ်ဦးစလုံး မျက်ရည်ရောသွားသည်။ အခုအချိန်မှာတော့ အခန်းတွင်းရှိ လူအားလုံးတို့သည် သူတို့၏မျက်ရည်များကို မထိန်းနိုင်ဘဲ လူတိုင်းမျက်နှာတွင် မျက်ရည်ရွှဲနေကြသည်။ ရဲစုံထောက်ရင့်ကြီး ဝီလျံကိုယ်တိုင် အားအင်များ ကုန်ခမ်းသွားသလို ခံစားနေရပြီးလဲကျမသွား ရလေအောင် ခြေထောက်များကို တောင့်ထားနေရ၏။

❖❖❖

နောက်တစ်နေ့တွင် ဖရန့်စစ်သည် တန်းစီထားသော လူများထဲမှ ကိုဖီကို တိကျစွာရွေးထုတ်နိုင်ခဲ့သည်။ ကိုဖီကိုယ်တိုင်မှလည်း ကလေးကို ပြန်ပေးဆွဲခဲ့ကြောင်း ကိုယ်တိုင်ဖြောင့်ချက်ပေးဝန်ခံခဲ့သည်။ သူ၏မိန်းမမှ နောက်ထပ်ကလေး မရနိုင်ခဲ့သောကြောင့် စိတ်ပျက်အားငယ် နေပြီး သူတို့၏အိမ်ထောင်ဘဝ သာယာစေဖို့ ဒီအမှုကို ပြုလုပ်ကြောင်း ပြောသည်။ သူ၏မိန်းမ ဤကိစ္စကို လုံးဝမသိခဲ့ကြောင်း ပြောခဲ့ပြီး မစ္စက်ကိုဖီမှလည်း ငြင်းခဲ့သည်။ သို့သော် မစ္စက်ရိုန်း၏ တရားရုံးတွင် ကျမ်းကြိမ်ထွက်ဆိုချက်သည် သူတို့၏ ငြင်းဆိုချက်များကို ချေဖျက်နိုင်ခဲ့၏။ ကိုဖီကို တရားရုံးတော်မှ ထောင်ဒဏ် (၅) နှစ်မှ (၂၅) နှစ်အထိလည်းကောင်း၊ မစ္စက် ကိုဖီကို (၁)နှစ်မှ (၅)နှစ် အထိ ချမှတ်ခဲ့သည်။

တော်မီလေးသည် ဤကာလအတွင်း အခြေအနေ ကောင်းစွာဖြင့် ရင်ဆိုင်ခဲ့သည်။ ဒဏ်ရာ အနည်းငယ် လက်မောင်းနှင့် ရင်ဘတ်တွင် ရရှိခဲ့ပြီး သူ၏ခြေကျင်းဝတ်တွင် ထိန်းချုပ်ချည်နှောင်ထားသော ဒဏ်ရာ တစ်ခုရှိပြီး သူ့အား ၁ နှစ်နှင့် ၁၆ ရက်ပြန်ပေးဆွဲ စဉ်ကာလတွင် သူ၏စိတ်နှင့် ခန္ဓာကိုယ်ကျန်းမာရေး ထိခိုက်ခဲ့သော်လည်း အခုတော့ အားလုံး အဆင်ပြေပြီဟု သူ၏အမေမှ ပြောခဲ့သည်။

"အခုအခြေအနေမှာ တော့ သားလေးကအားလုံး အဆင် ပြေလာပါပြီ။ အရင်လို ဖြိုးဖြိုး ရွှင်ရွှင် အနေအထား ပြန်ဖြစ်လာပြီး ကလေးတစ်ယောက် ရတယ်ဆိုတာ ဘုရားသခင်ရဲ့ လက်ဆောင်မွန် တစ်ခုပါ။ ဒါပေမယ့် ဘုရားသခင်ထံက ဒီကျေးဇူးကို ကျွန်မ (၂) ကြိမ်တိုင် ခံစားခဲ့ရပါတယ်။ သားလေးနဲ့ နေရတဲ့ မိနစ်တိုင်းကို အမှတ်ရစေပြီး ဒီလို မိနစ်တွေ ရခဲ့တဲ့ အတွက်လည်း ကျေးဇူးတော်ကို ချီးမွမ်းပါတယ်"

**နေဇော်ဦး(ရွှေပြည်သာ)**

**Reader's Digest January 1975 မှ Josehp P. Blank ၏ Please Don't hurt my baby ကို ဆီလျော်အောင် ဘာသာပြန်ဆိုပါသည်။**

www.burmeseclassic.com

www.burmeseclassic.com





# အစမှုမှ ကာကွယ်နည်းလမ်းညွှန်

➢ အဓမ္မမှုအများအပြားမှာ အဓမ္မအကျင့်ခံရသူ၏နေအိမ်တွင် ကျူးလွန်ခံခဲ့ရခြင်းဖြစ်သည်။မည်သူမည်ဝါမသိတဲ့ အိမ်အတွင်းသို့ ဝင်ခွင့်မပေးသင့်။ တံခါးကိုဖွင့်မပေးမီ မည်သူမည်ဝါ ဖြစ်ကြောင်းသိပါစေ။ ဧည့်သည် သည်မည်သူမည်ဝါဖြစ်ကြောင်း သင်ထင်ရှားရှားရှိပါစေ ။

➢ ဆယ်ကျော်သက်ကျောင်းသူကလေးများကို အဓမ္မမုဒိမ်းမှုကာကွယ်နည်းလမ်းညွှန်များ စနစ်တကျ သင်ကြားပေးထားသင့်သည်။ မိဘကြီးကြပ်ကွပ်ကဲမှု မရှိဘဲ မိမိသမီးပျိုအား နေအိမ်တွင် ယောက်ျားကလေးအပေါင်းအသင်းများ ဧည့်ခံခြင်းမပြုစေသင့်။ မျက်နှာစိမ်းအမျိုးသားဧည့်သည်များအား အိမ်တွင်းသို့ အဝင်မခံဖို့ အရေးကြီးသည်ဆိုသည့်အချက်ကို နားလည်သဘောပေါက်အောင်ပြောထားသင့်သည် ။

➢ မိမိသမီးပျိုသည် ဘယ်နေရာ တွင် ဘယ်သူနှင့်အတူရှိနေမည်ကို သိပါစေ။ အပေါင်းအသင်းများနှင့်သာ တစ်စုတစ်ဝေး သွားလာစေသင့်သည်။ တတ်နိုင်လျှင် လမ်းမထွက်ဘဲ အိမ်မှာသာနေဖို့ ဆုံးမသင့်သည်။

➢ ညဥ့်နက်လာလျှင် တစ်ဦးတည်းလမ်းမထွက်ပါနှင့်။ အကယ်၍ လမ်းမထွက်ဖြစ်လို့ ထွက်ခဲ့ရလျှင်လည်း။ အိမ်တံခါးအနီး ချုံပုတ်၊ ချုံနွယ်များ ရပ်ထားသောကားများအနီးမှ ကပ်မလျှောက်ပါနှင့်။

➢ အကယ်၍ နောက်မှ အမျိုးသားတစ်ဦးဦး နောက်ယောင်ခံလိုက်နေလျှင် နေအိမ်တွင် ခုခံကာကွယ်နိုင်စွမ်းသူမရှိခဲ့လျှင် နေအိမ်သို့ တန်းထန်းမတ်မတ် မပြန်သင့်။

➢ အခြားအကူအညီပေးနိုင်မည့်သူများကို ရှာပါ။ အစွမ်းကုန်ပြေးခြင်း၊ အသံကုန်အော်ဟစ်အကူအညီတောင်းခြင်းများသည် ထိရောက်သော ကာကွယ်နည်းဖြစ်သည်။

➢ အကယ်၍ ကိုယ်ထိလက်ရောက် အစော်ကားခံရလျှင် မိမိအား ကျူးလွန်သူအမျိုးသား၏မုံသဂ္ဂုန်ကို ချင့်ချိန်တွက်ဆပြီး မိမိ၏ကိုယ်ခံ၊ ခုခံနိုင်စွမ်းရှိမရှိကိုပါ ချင့်ချိန်တွက်ဆပါ။ လက်နက်ပါသော အဓမ္မသမားများအား သာမန်အားဖြင့် ခုခံတိုက်ခိုက်ခြင်းမပြုလျှင် အန္တရာယ်အကင်းဆုံးဟု ဆိုစမုတ်ပြုကြသည်။ လက်နက်မပါသော မုဒိမ်းအဓမ္မသမားများအား ခုခံတိုက်ခိုက်လျှင် လွတ်နိုင်သည့်အခွင့်အလမ်းသာပေလိမ့်မည်။ မိမိက ခုခံကာကွယ်သောလက်နက်ဖြင့် မိမိကို ပြန်၍သည် အသုံးချပြီး အကျိုးယုတ်စေလိမ့်မည်ဆိုသည့် အချက်ကိုလည်း သတိချပ်ပါ။

➢ အကယ်၍ လွတ်လမ်းမရှိ၍ ခုခံနိုင်ရန် မဖြစ်နိုင်ခဲ့လျှင် ပရိယာယ်ဖြင့် စကားစ်ထိုးခြင်းဖြင့် မိမိအား ကျူးလွန်ခံရမည့်အဖြစ်ကို ဖယ်ရှားနိုင်ပေလိမ့်မည်။

➢ အကယ်၍ မုဒိမ်းမှုကျူးလွန်ခံရလျှင် ဆေးအစစ်ခံယူပါ။ သက်ဆိုင်ရာတွင် တိုင်ချက်ဖွင့်၍ တရားဥပဒေအရအရေးယူအောင်ရှက်ပါ။

R / D. Jan : 82.

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဝိုး၆၀

# အမှောင်ထဲကအမှောင်

တစ်နေ့သ၌ ထောင်မှူးကြီး စိုးဝေသည် ရဲဘက်စခန်းတစ်ခု တွင် လုပ်ငန်းတာဝန်ထမ်းဆောင် နေချိန်ဖြစ်သည်။

ရုံးခန်းထဲတွင် အကျဉ်းသား များနှင့် ပတ်သက်သော ထောင် ကျဝရမ်းများကို စစ်ဆေးကြည့်ရှု နေစဉ် ဖြစ်ပါသည်။

"ဆရာ.... ကျွန်တော့်ဘုတ် က ချစ်တုတ် ထွက်ပြေးသွားလို့ လာသတင်းပို့တာ ပါ"

ကျွန်ုပ်၏ လက်အောက်မှ တပ်သား တင်ဖေဆိုသူသည် ကျွန်ုပ်ထံ အမောတကော ရောက် လာပြီး သတင်းပို့နေခြင်း ဖြစ် သည်။

"မင်းလူတွေကော သေချာ စစ်ဆေးကြည့်ရဲ့လားကွ"

"ကျွန်တော်သေချာ ရေတွက် ကြည့်ပြီးပါပြီ။ ဘုတ်ကိုင် ကြည် ဝင်းက... ဘုတ်သားတွေ ရေ သောက်ဖို့ စမ်းချောင်းလေးထဲက ရေကို သွားခပ်ခိုင်းတာ စမ်း ချောင်းဘေးမှာ ရေအိုးလေး တစ်လုံးပဲ ရေအပြည့်ထည့်ထား တာတွေ့တယ်။ လူကိုတော့ အရိပ် အယောင်တောင်မှ မတွေ့ခဲ့ဘူး"

"ဘယ်အချိန် ကတည်းက ရေခပ်ခိုင်းလိုက်လို့ ခုမှသိရတာ လဲ"

ကျွန်ုပ်က ထောင်ဝန်ထမ်း တင်ဖေအား ထွက်ပြေးသွားချိန် ကို ခန့်မှန်းသိရှိနိုင်ရန် မေးမြန်း စူးစမ်းကြည့်လိုက်သည်။

"ထမင်းစားသောက်ကြပြီး ရေသောက်စရာကုန်နေလို့ ရေ သွားခပ်ခိုင်းတာ။ ရေအိုးကိုပဲ တွေ့ ရပြီး လူက လစ်ပြေးသွားတာနေ မှာပါ"

"ဟာခုမှ တစ်နာရီပဲ ရှိသေး တော့ မင်းတို့ထမင်းစားပြီးချိန် ဆယ့်နှစ်နာရီဆို အချိန်တစ်နာရီ လောက်ပဲ ကွာသေးတယ်ကွ"

"ဟုတ်ပါတယ် ခုတစ်နာရီမှာ အလုပ်ပြန်ဆင်းကြဖို့ လူစစ်လိုက်မှ ကျွန်တော့်ဘုတ်ထဲ တစ်ယောက် လိုနေလို့ မေးကြည့်လိုက်တော့မှ ရေခပ်လွှတ်လိုက်တာ ပြန်မလာ မှန်းသိရတာပါ"

"ဒါဆို ဘုတ်ကိုင်ကြည်ဝင်း ကို ခေါ်စမ်း။ ဒီကောင်ပါကြံရာပါ ဖြစ်နိုင်တယ်။ သူက ဘာဖြစ်လို့ တစ်ယောက်တည်း ရေခပ်ခိုင်း လိုက်တာလဲကွ။ တကယ်ဆို အဖော်တစ်ယောက်နဲ့ နှစ်ယောက် လွှတ်မှပေါ့"

မကြာမီ ပုံစံအင်္ကျီလုံချည်အဖြူ နှင့် အကျဉ်းသားတစ်ယောက်ကို ရုံးခန်းထဲခေါ်လာသည်။ ကျွန်ုပ်၏ ရှေ့မှာ ပုံစံအနေအထားဖြင့် ရပ် လျက်ရှိသည်ကို တွေ့မြင်ရသည်။

"မင်းလား ဘုတ်ကိုင် ကြည် ဝင်းဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာကြီး"

"ကဲ ဆိုစမ်းပါဦး မင်းက ဘာဖြစ်လို့ ချစ်တုတ်ကို တစ်ယောက်တည်း ရေခပ်လွှတ်လိုက်ရတာလဲ"

"ဒီလိုပါ ဆရာကြီး ဒီကောင်က ခါတိုင်းလည်း တပ်ခွဲအတွက် ရေလိုရင် ရေသယ်ပို့နေကျမို့ပါ။ ထမင်းစားပြီး လောလောဆယ် သောက်စရာရေမရှိလို့ ခါတိုင်းလို တိုင်ကီပြွတ်နဲ့ နှစ်ယောက်ခပ်ခိုင်းရင်း ကြာနေမှာစိုးလို့ ဆိုပြီး ရေအိုးလေးနဲ့ပဲ သွားခပ်ခိုင်းခဲ့တာ နောက်ပြီး"...

"ဘာလဲကွ နောက်ပြီးဆိုတာ မြန်မြန်ပြောစမ်း"

ကျွန်ုပ်မှာ အကျဉ်းသားက လေရှည်ပြီး ပြောနေသည်ကို စိတ်မရှည်နိုင်သဖြင့် ကြားဖြတ် မေးလိုက်သည်။

"နောက်ပြီး သူကလွတ် ခါနီးနေတဲ့ လွတ်နီးအကျဉ်းသားတစ်ယောက်မို့ စိတ်ချယုံကြည်ပြီး လွှတ်လိုက်မိတာပါ"

"ဟာ ဒီကောင်ကလည်း ကိုယ်ကလွတ်ခါနီးအချိန်မှ ဘာဖြစ်လို့များ ထွက်ပြေးသွားချင်ရတာလဲကွာ"

"သူ့အိမ်က ထောင်ဝင်စာမလာတာ နှစ်လလောက်ရှိနေပြီ ဆရာကြီး၊ အရင်က သူ့မိန်းမက တစ်လတစ်ခါ ထောင်ဝင်စာလာတွေ့နေကြပဲ"

"ဟုတ်ပြီ ဒါဆို ဒီကောင် မိန်းမကိစ္စနဲ့တစ်ခုခု ပတ်သက်နေပြီကွ။ သူက ဘယ်နယ်သားလဲ"

"ရန်ကုန်ကပါပဲ ဆရာကြီး"

"ကဲ ဆရာတင်ဖေ ကျန်တဲ့ ရဲဘက်တွေကို စခန်းပြန်သွင်းထားလိုက်၊ ငါနဲ့ဝန်ထမ်း နှစ်ယောက်လက်နက် တစ်လက်ထုတ်ပြီး နောက်က လိုက်ကြမယ်။ ဘုတ်ကိုင် မင်းတို့ထဲက သိတဲ့လူတစ်ယောက်ပါ ခေါ်လာခဲ့ကြားလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

×××××

တကယ်တော့ ရဲဘက်အကျဉ်းသားတွေဟာ နိုင်ငံတော်ရဲ့ စီမံကိန်းဝင်လုပ်ငန်းခွင်မှာ ပြစ်မှုကြွေးကို ချေးဖြင့်ပေးဆပ်ခိုင်းထားသူများ ဖြစ်သည်။ ထောင်အုတ်ရိုးကြီးတွေအထဲမှာ လူ့စွမ်းအားအရင်းအမြစ်များကို အလဟဿ အချိန် မကုန်လွန် စေချင်သောကြောင့် မိမိတို့ပြစ်မှု ကြွေးကို နိုင်ငံတော်အတွက်ချွေး ဖြင့်ပေးဆပ်ခိုင်းခြင်း ဖြစ်သည်။


ယနေ့နိုင်ငံတော်ကြီးကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရန် အကောင်

"ဟာ ဒီကောင်ကလည်း ကိုယ်ကလွတ်ခါနီးအချိန်မှ ဘာဖြစ်လို့များ ထွက်ပြေးသွားချင်ရတာလဲကွာ"

www.burmeseclassic.com

www.burmeseclassic.com





အထည် ဖော်ဆောင်နေချိန်တွင် ထောင်အုတ်ရိုးကြီးအတွင်းမှာ ပြစ်ဒဏ်ကျခံနေကြသော အကျဉ်းသားများ၏လုပ်အားကို အသုံးချ လျက်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ ကျောက်ထုတ်လုပ်ရေးစခန်း၊ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများမှာ တာဝန်ပေးခိုင်းစေခဲ့သည်။

ဒီလိုလုပ်ငန်းခွင်များမှာ မိမိတို့ခွန်အားကို အသုံးပြုနေခဲ့ကြရင်း မိမိတို့လွတ်မြောက်နိုင်မှုကို အချိန်ဆောလျှင်စွာ ကုန်ဆုံးသွားနိုင်မည်ဖြစ်ပါသည်။ ဒါကြောင့် အကျဉ်းသားများ အနေဖြင့် အလုပ်စခန်းများမှာ လုပ်အား တာဝန်ထမ်းဆောင်နေကြသော အချိန်မှာ အကျဉ်းထောင်လက်စွဲ ဥပဒေပါ အကျိုးခံစားခွင့်များကို ရရှိနိုင်ကြမည် ဖြစ်သည်။

ယင်းမှာ အကျဉ်းထောင်မှပေးသော အဝတ်အထည်နှစ်စုံစီနှင့် နေ့စဉ် စားသောက်နေထိုင်ရေးကို စီစဉ်ပေးထားသည့် အပြင် အကျဉ်းသားများတွက် ခံစားခွင့်လျှော့ရက်များကို ရရှိခံစားနိုင်ကြသည်။

ထိုသို့အကျဉ်းသားများ လျှော့ရက်ပေးရာတွင် တစ်လလျှင် (၇) ရက် သာမန် လျှော့ရက်ရရှိပြီး တနင်္ဂနွေဆုမှတ် ရက် (၁) ရက် ရရှိခံစားရသည်။ တစ်နှစ်တာလုံး အပြစ်ကင်းစင်လျက်ရှိပါက နှစ်ကွာ (၁၅) ရက် ထပ်မံရရှိသည်။ တစ်နှစ်ပတ်လုံး အထူးဆုမှတ်ရက်ကို အဆင့် အတန်းအလိုက် (က) (ခ) (ဂ) ပေါ်မူတည်ပြီး (၁၅) (၇) (၇) ရက်ပေါင်း (၂၉) ရက် တစ်နှစ်တစ်ခါ ခံစားကြရသည်။

ဒီကြားထဲ နိုင်ငံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်း ရံဖန်ရံခါ ရရှိတတ်သေးသည်။ ထိုကဲ့သို့ အကျဉ်းသားများအနေဖြင့် လျှော့ရက်များကို အကျိုးခံစားနေရင်း မိမိတို့၏လွတ်မြောက်မည့်နေ့ရက်ကို လက်ချိုးရေ တွက်စောင့်မျှော်နေကြရန်သာ ရှိသည်။

သို့သော်လည်း ရာဇဝတ်သားအကျဉ်းသားအများစုသည် မိမိတို့ ရပိုင်ခွင့်ကို အေးအေးလူလူမခံစားကြဘဲ ချွေးမြီးကောက် ကျည်တောက်စွပ် တတ်သူများပီပီ တရားဝင် လွတ်မြောက်မှုကို မလိုလားကြဘဲ ခုလိုစခန်းထဲမှ ဥပဒေမဲ့ လွတ်မြောက်ရန်သာ ကြိုးစားနေကြသည်။

ယခုအကျဉ်းသား ချစ်တုတ်တစ်ယောက်လည်း မိမိကျူးလွန်လာခဲ့သော လူသတ်မှုဖြင့် ထောင်ဒဏ် (၅)နှစ် ကျခံနေရာမှအကျဉ်းထောင်အလုပ်စခန်းများမှာ နေထိုင်လာသော အချိန်ကာလများကို လျစ်လျူရှုကာ ထောင်ထဲမှ လွတ်ခါနီးတစ်လ အလိုမှာ ထွက်ပြေးသွားခဲ့ခြင်း ဖြစ်သည်။

ယခုလိုအလုပ်စခန်းမှ တရားမဝင် ထွက်ပြေးလွတ်မြောက်သွားနိုင်သော်လည်း အပြင်လောကအမှောင်ထဲ စမ်းတဝါးဝါးကျီးလန့်စာစား နေထိုင်နေရမည် ဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အကယ်၍ ပြန်လည် ဖမ်းဆီးမိလာလျှင် မူလ ပြစ်ဒဏ်ကို အစမှ အဆုံးတိုင် ကျခံရမည့်အပြင် ရရှိပြီး လျှော့ရက်များကိုလည်း ပယ်ဖျက် ဖြတ်တောက်ခြင်း ခံရပေမည်။

ထို့ပြင် ရဲဘက်စခန်းမှ ထွက်ပြေး လွတ်မြောက်သွားသည့်အတွက် ရဲဘက်ပြေးမှု၊ ပြည်သူပိုင်ပစ္စည်း ပျောက်ဆုံးမှု နှစ်မှုဖြင့် နောက်ထပ်ထောင်ဒဏ် (၁)နှစ် (၆)လ ခံစားရဦးမည်ဖြစ်ပါသည်။

တကယ်တော့ အကျဉ်းသားချစ်တုတ်ဆိုသူသည် မိမိဘဝအတွက် အမှောင်လမ်းကို ဖြတ်သန်း လျှောက်လှမ်းနေချိန်မှာ ထာဝရ အလင်းတန်းဆီသို့ မလျှောက်လှမ်းဘဲ အမှောင်လမ်းမှ အမှောင်လမ်းဆီသို့ တိုးဝင်သွားခဲ့ခြင်းသာ ဖြစ်ပါသည်။

. သတိမမူ ဂူမမြင်ဘဲ ဖွတ်တိုး၍ အမှောင်လမ်းမပေါ်သို့ စမ်းတဝါးဝါး ပြေးလွှား နေချင်သူအတွက် ပြေးစရာ မြေကမရှိပါပေ။ ပြေးသူရှိလာတော့လည်း လိုက်သူကလည်း နောက်က ထပ်ချပ်မကွာ လိုက်နေမည်မှာ ဓမ္မတာပဲ ဖြစ်သည်။

သည်မှာ ဥပဒေရဲ့ဘက်တော်သားတွေဘက်ကလည်း ဒီလို ရာဇဝတ်သားကို လျစ်လျူရှုမထားဘဲ မျက်စိကိုဖွင့် နားကိုစွင့်လို့ မိုးဆုံးမြေဆုံး တိုင်ရှောင် ခွာပုန်းနေလည်း မြေလှန်ရှာဖွေ နေကြမည်မှာ အသေအချာပင် ဖြစ်ပါတော့သည်။

❖❖❖

ကျွန်ုပ်တို့ ရှာဖွေရေးအဖွဲ့ကလည်း အချိန်မီပြန်လည် ဖမ်းဆီးမိလျှင် အကျဉ်းသားအတွက် အကျိုး မယုတ်စေနိုင်သောကြောင့် အပင်ပန်းခံကာ တော အထပ်ထပ် တောင်အထပ်ထပ် ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းကာ အသေအလဲ လိုက်လံရှာဖွေနေလျက်ရှိသည်။

မည်ကဲ့သို့ပင် လှည့်ပတ်ရှာဖွေနေခဲ့သော်လည်း လွတ်အောင်ပြေးနိုင်သူက အခွင့်အလမ်းသာနေသည်။ တသွင်သွင်းစီးဆင်းနေသော စမ်းချောင်းလေးတစ်လျှောက် ကျေးငှက်သာရကာတို့၏ အော်မြည်ဟစ်ကြွေးသံတို့က သာယာနာပျော်ဖွယ်ကောင်းသော်လည်း ကျွန်ုပ်တို့ အဖို့ ပတ်ဝန်းကျင် ရှုခင်းအလှ အပကို မခံစားနိုင်ဘဲ ချွေးဒီးဒီး ကျအောင်ပင်ပန်းနေကြသည်။

အချိန်ကလည်း နေဝင်လုလု

> **လွတ်မြောက်ရန် မစောင့်ဆိုင်းနိုင်ဘဲ စိတ်အလိုလိုက်ကာ မိုက်မှားခဲ့မိသောကြောင့် အမှုတစ်မှုထပ်တိုးကာ ပြစ်ဒဏ် ထပ်တိုးခံရပေဦးမည်။**

www.burmeseclassic.com

www.burmeseclassic.com





မှောင်စပင် ပျိုး၍လာနေလေတော့သည်။ အနောက်ဘက်ဆီ မှ နေလုံးကြီးက ဝိုင်းဝိုင်းစက် စက် လှပနေရာမှ တဖြည်းဖြည်း ဝင်သွားနေသည်။ တိမ်တောက်ချိန် ညနေခင်း အလှအပကို တောထဲ တောင်ထဲမှာ ပြေးလွှားရှာဖွေရင်း စိတ်မောလူမောဖြင့် ဒေါင်ချာစိုင်းနေကြသည်။

တောတောင် လျှိုမြောင်တွေ အကြားဝယ် ချွေးတဒီးဒီးကျလျက် ပျောက်ဆုံးနေသူအား လိုက်လံရှာဖွေနေသူများမှာ ဘယ်လိုမှ ရှာဖွေမတွေ့ရှိနိုင်သော အခါ စခန်းဆီသို့ တပ်ခေါက် ပြန်လာခဲ့ရသည်။

လိုက်စဉ်တုန်းက ဇောနှင့် အားကျိုးမာန်တက် လိုက်လံရှာဖွေနေခဲ့ကြသော်လည်း အမှောင်လမ်းမှ အပြေးသမား၏ ပုန်းအောင်းခိုအောင်းနေမှုကို မည်သို့မျှ ရှာဖွေမရနိုင်ဘဲ စခန်းဆီ ပြန်လာခဲ့ကြခြင်း ဖြစ်သည်။

ညကြီးမိုးချုပ်ချိန်မှ စခန်းဝင်းထဲ ပြန်လည်ရောက်ရှိလာခဲ့ကြလေသည်။ နောက်မှလိုက်လံရှာဖွေကြသူများအားလုံးလိုလို ပင်ပမ်းမောဟိုက်နေသည့် ကြားမှ ဝမ်းကလည်း ဆာလောင်မွတ်သိပ်နေကြခြင်းကြောင့် ဖြစ်ပါသည်။

❖❖❖

"ကလင်....ကလင်.. ကလင်"

ရှုးရှသောတယ်လီဖုန်း မြည်သံကြောင့်ထောင်မှူးဦးလှဌေးတစ်ယောက် တာဝန်မှူး စားပွဲပေါ်မှ တယ်လီဖုန်းကို ကောက်ကိုင် နားထောင်နေလိုက်သည်။

"ဟဲလို ပြည်သူ့ရဲတပ်ဖွဲ့စခန်းကပါ။ ရဲဘက်ပြေးလို့ ယူဆနေရတဲ့ လူတစ်ယောက်ကို ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေက ကင်းလှည့်နေစဉ်မှာ မသင်္ကာလို့ ဖမ်းဆီးစစ်ဆေးနေပါတယ်။ အဲဒါ လာရောက်ကြည့်ရှုပြီး ဟုတ်မဟုတ် စစ်ဆေးထောက်ခံပေးဖို့ပါ"

ယင်းသတင်းကို ကြားလိုက်ရသော ထောင်ကျုရုံး တာဝန်ခံ ထောင်မှူးလေး ဦးလှဌေးသည် မျက်နှာဝင်းထိန်သွားပြီး စိတ်လက်ပေါ့ပါးသွားသည်။

"ဆရာရေ အဲဒီမှာဖမ်းဆီးရမိထားသူရဲ့ နာမည်နဲ့ အဖေနာမည်သိပါရစေဗျာ"

"ချစ်တုတ် (အဘ) ဦးလှသိန်းလို့ ပြောပါတယ်။

ဒီတော့မှ ထောင်မှူးဦးလှဌေးတစ်ယောက် ဟင်းချသွား နိုင်သွားလေသည်။နောက် ထောင်မှူးကြီးစိုးဝေ၏ ရုံးခန်းထဲအလျှင်အမြန်ပြေးဝင် သတင်းပို့နေသည်။

"ဆရာ ရဲဘက်ပြေးချစ်တုတ်ကို ရဲတပ်ဖွဲ့စခန်းမှာ ဖမ်းဆီးရမိထားတယ်လို့ သတင်းပို့လာပါတယ်။ ဘာပြန်ပြောလိုက်ရမလဲဆရာ"

ထောင်မှူး ဦးလှဌေး၏ သတင်းပို့ချက် အဆုံးမှာတော့

www.burmeseclassic.com

www.burmeseclassic.com





ကျွန်ုပ်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီးနောက်···

"ဆရာရေ ခုပဲရဲဘက်ပြေးမှု ဖောင်ဖိုက် (ထောင်ပုံစံ ၅) ရိုက်ပြီး အမှုလာဖွင့်ပေးပါမယ်လို့ သတင်း ပို့လိုက်ပါ"

ထောင်မှူး ဦးလှငွေးက တစ်ဖက်မှ တယ်လီဖုန်းဆက်နေသော ရဲတပ်ဖွဲ့စခန်းဆီ ချက်ချင်း အကြောင်း ပြန်ကြားလိုက်သည်။

"ဟေ့ စံလွင်ရဲဘက်ပြေး ဖောင်ဖိုက်ကို လက်နှိပ်စက်ထဲ ထည့်ပြီး အချက်အလက်တွေ ဖြည့်ထားလိုက်စမ်းကွာ"

ကျွန်ုပ်လည်း မိမိရုံးခန်းထဲတွင် လုပ်အားပေးနေသော အကျဉ်းသား စံလွင်ဆိုသူကို ချက်ချင်း အမိန့်ပေးလိုက်သည်။ ရဲဘက်ပြေးမှုပုဒ်မ ၂၂၄ နှင့် ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ ပုဒ်မ ၆(၁) တို့ဖြင့် တရားစွဲဆိုနိုင်ရန် ပြင်ဆင်နေခဲ့သည်။

အမှောင်လမ်းမှ အပြေးသမား ချစ်တုတ်တစ်ယောက် မိမိဘဝကို ပဲ့ပြင်ထိန်းကျောင်းပြီး တရားဝင် လွတ်မြောက်ရန် မစောင့်ဆိုင်းနိုင်ဘဲ စိတ်အလိုလိုက်ကာ မိုက်မှားခဲ့မိသောကြောင့် အမှုတစ်မှုထပ်တိုးကာ ပြစ်ဒဏ် ထပ်တိုးခံရပေဦးမည်။

ရဲဘက်ပြေး ချစ်တုတ်အား တရားစွဲဆိုမည့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၂၄ မှာ-

**ပြစ်မှုဆိုင်ရာ ၂၂၄**

မည်သူမဆို မိမိအားစွဲဆိုသော ပြစ်မှုအတွက်ဖြစ်စေ၊ ပြစ်မှုထင်ရှား စီရင်သော ပြစ်မှုအတွက်ဖြစ်စေ၊ ဥပဒေနှင့်အညီ ဖမ်းဆီးသည်ကို တမင်ခုခံလျှင် သို့တည်းမဟုတ် ဥပဒေနှင့် ဆန့်ကျင်၍ ဟန့်တားလျှင် သို့တည်းမဟုတ် ထိုပြစ်မှုအတွက် ဥပဒေနှင့်အညီ ချုပ်ထားရာမှ ထွက်ပြေးလျှင် ထွက်ပြေးရန် အားထုတ်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်ဟု ပြဋ္ဌာန်းထားပေသည်။

ကျွန်ုပ်သည် ရဲဘက်ပြေး တရားခံ ချစ်တုတ်အား တရားစွဲဆိုနိုင်ရန် တရားခံပြေးပုံစံ (ဖေါင်ဖိုက်) ကိုယူဆောင်လျက် သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းဆီသို့အလုပ်စခန်းမှ ရိန်းဂျားကားကြီးဖြင့် မောင်းနှင်သွားလေတော့သတည်း။

**စိုးဝေ**

www.burmeseclassic.com

www.burmeseclassic.com



# အကျဉ်းစခန်းမှ ရှင်းတမ်းတစ်ခု

(၁၉၄၃) ခု အောက်တိုဘာလ (၁) ရက် နေ့စွဲ ဖြင့် ပိုလန်နိုင်ငံ ဝါဆောမြို့အနီး 'ထရီဘာလင်ကာ' အကျဉ်းစခန်းတာဝန်ခံ 'ဖရဲန့်(ဇ်)စတန်ဂယ်' လက်မှတ်ရေးထိုးပြီး ဘာလင်ထောက်လှမ်းရေးရုံးသို့ ပေးပို့လိုက်သော စာရင်းရှင်းတမ်းတစ်ခု ဖြစ်ပါ သည်။ မူလက ဂျူးအကျဉ်းသားဦးရေ ခုနစ်သိန်းရှိခဲ့ပြီး ဤစာရင်းထုတ်ပြန်ချိန်တွင် လက်ကျန် အကျဉ်းသား တစ်ဦးမျှ မရှိပါလေတော့။ စာရင်းမှာ-

၁။ အမျိုးသမီးဆံပင်များ - ကား (၂၅) စီးတိုက်
၂။ အဝတ်အစား - ကားအစီးရေ (၂၄၈) စီး
၃။ ဖိနပ်များ - ကားစီးရေ (၁၀၀)
၄။ ပစ္စည်းခြောက်များ - ကားစီးရေ (၂၂) စီး
၅။ ဆေးပစ္စည်းများ - ကားစီးရေ (၄၆) စီး
၆။ ကော်ဇောနှင့် အိပ်ယာခင်းများ - ကားစီးရေ (၂၅၄) စီး
၇။ ပစ္စည်းစုံ - ကားစီးရေ (၄၀၀)
၈။ အမေရိကန်ဒေါ်လာ - (၂၈) သန်း
၉။ အင်္ဂလိပ်ပေါင်စတာလင် - (၄) သိန်း
၁၀။ ရုရှားရူဘယ်(လ်) - (၁၂) သန်း
၁၁။ ပိုလန်နိုင်ငံသုံးငွေ - သန်း (၁၄၀) ဖလော့ကီ
၁၂။ ရွှေနာရီ - အလုံး (၄) သိန်း
၁၃။ ရွှေလက်စွပ် - တစ်သိန်းလေးသောင်းငါး ထောင် ကီလိုဂရမ်
၁၄။ နှစ်ကာရက်အထက်ရှိစိန် - (၄၀၀၀) ကာရက်
၁၅။ ရွှေဒင်္ဂါးများ - ဖလော့ကီ သန်း (၁၂၀)
၁၆။ ထောင်ပေါင်းများစွာသော ပုလဲပုတီးများ

MURDERER AMONG US BY - SIMON WIESENTHAL

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဓေယျာမင်းဦး

# ဝိညာဉ်ကုသမှုနည်း

(၁)

ငှက်ဖျားအင်စပက်တာ ဆရာလေး လှိုင်ဦးတစ်ယောက် မိမိတာဝန်ယူထားသည့် နယ်ပယ်အတွင်းမှ ကျေးရွာများသို့ ငှက်ဖျားရောဂါ ကုသပြုစုပညာပေးရင်း လှည့်လည်နေရာ တစ်နေ့သ၌ 'ဝင်တာပန်' အမည်ရှိ ကရင်ရွာလေးတစ်ရွာသို့ ရောက်သွားလေသည်။ ဝင်တာ ပန်ရွာသည်အခြားရွာများနှင့်မထူးခြား လယ်ယာစိုက်ပျိုးခြင်း၊ ထင်းခုတ်ခြင်း၊ ရက်ကန်းခတ်ခြင်း စသည့်အသက်မွေးဝမ်းကြောင်းကြသူများသာ ဖြစ်သည်။ တောတောင်ထူထပ်သောရေမြေသဘာဝကြောင့် ငှက်ဖျားထူသောအရပ်ဖြစ်၏။ ဖျားလျှင်လည်း ခေတ်မီဆေးဝါးများဖြင့် ကုသခံရခြင်း မရှိသဖြင့် အသေအပျောက်များသည်။

ငှက်ဖျား ရောဂါကြောင့် အလုပ်ပျက်၊ အကိုင်ပျက် ဖြစ်ကြရပြီး သေကြေပျက်စီး နေကြရသော်လည်း ရွာသားတွေက ငှက်ဖျားရောဂါဆိုတာ မသိကြ။ ဆရာလေးလှိုင်ဦး ရှင်းပြသော်လည်း နားမဝင်။ တောတက်၍ ဖျားသည်။ ဖက်ပုပ်ရေသောက်၍ ဖမ်းသည်။ ငှက်ပျောသီးစား၍ ဖျားသည်ဟုသာ ယုံကြည်နေကြသည်။

ငှက်ဖျားကြောင့် ချမ်းတုန်ပြီး အဖျားတက်လျှင် ချောင်းစောင့်နတ်၊ တောင်စောင့်နတ် ဖမ်းစားသည်ဟု ယုံကြည်ကြသည်။သူတို့ရွာက နတ်ဆရာကို ပင့်ကာ ကုသစေသည်။

နတ်ဆရာကြီးတွေနှင့် ကုသသည်က ဆရာလေးအတွက် ပြဿနာမရှိ။ နတ်ဆရာကြီးတွေက ပါးစပ်မှ ဆေးဝါးတိုက်ကျွေးမှုပြုခြင်း မဟုတ်။ မိမိတို့ဘာသာဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသာဖြစ်သည်။

နတ်ဆရာကြီးတွေကလည်း လှိုင်ဦးကိုနေရာပေးသည်။ လှိုင်ဦးကလည်း အပြန်အလှန်လေးစားသမှု ပြုရသည်။ သူ့အရပ်မှာ သူ့ဓလေ့ထုံးစံကို ဆန့်ကျင်ရန်မသင့်။ အလိုက်အထိုက် ဆက်ဆံရမည်ဟု လှိုင်ဦးနားလည် လက်ခံထားသည်။

ဒါကြောင့်လည်း ဆရာလေး လှိုင်ဦးကို အရပ်က တဖြည်းဖြည်း လက်ခံပေးလာသည် မဟုတ်လား။ လှိုင်ဦးကို ယုံကြည်မှ သူ့စကားကို ယုံကြည်မည်။

ဆရာလေးလှိုင်ဦး၏ ကုသပေးမှုကြောင့် ငှက်ဖျား စဖြစ်စလူနာများနှင့် တော်ရုံတန်ရုံ ဖျားနာသူတွေ ရောဂါ ပျောက်ကင်း၊ ချမ်းသာမှုရ၏။ ဆရာလေးကို ကျေးဇူးတင်ကြသည်။

သို့သော် ဆရာလေးကလည်း အကုန်မတတ်နိုင်ပေ။ ဦးနှောက်ငှက်ဖျားရောဂါကို ဆရာလေး

www.burmeseclassic.com

www.burmeseclassic.com



မကုနိုင်။ ဆေးရုံသို့ ပို့ရသည်။ ဝင်တာပန်လိုရွာက လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည်။ ပွင့်လင်းရာသီမျိုးမှာ အထမ်းနှင့်သော်လည်းကောင်း၊ လှည်းနှင့်သော်လည်းကောင်း၊ လူနာပို့၍ ရနိုင်သော်လည်းမိုးတွင်းခါမှာ-

ရေစီးသန်သော ချောင်းများကြောင့် လှေ၊ ဖောင်တို့ဖြင့် ကူးရန်ပင် မလွယ်လှသည်မို့ ရွာမှာပင် အတတ်နိုင်ဆုံးကုသရန် ဆရာလေးလှိုင်ဦးသို့ တာဝန်ကျရောက်လာတတ်သည်။ ထိုအခါမျိုးမှာ ဆရာလေးလှိုင်ဦး ခေါင်းခဲရသည်။

လူနာရှင်တွေကို မိမိ အာမမခံ၊ တတ်နိုင်သမျှ ကုသပေးမည့်အကြောင်း ရှင်းပြရသည်။ လူနာရှင်တွေကလည်း ဆရာလေးလှိုင်ဦးကို သဘောပေါက်နားလည် ပေးကြပါသည်။ သူတို့မှာ ဆရာ လေးလှိုင်ဦးမှတစ်ပါး အားကိုးရာ မရှိ။

ခုလည်း ဆရာလေးလှိုင်ဦး ခေါင်းခဲနေသည်။ လူနာကရောဂါကျွမ်းနေသည်။ သည်မှာ ကုသ၍ မရနိုင်။ ဆေးရုံသို့ မဖြစ်မနေ ပို့မှ လူနာအသက် ရှင်နိုင်မည်ဖြစ်ကြောင်း ရှင်းပြထားသည်။ လူနာသည် ဦးနှောက်ငှက်ဖျားရောဂါကြောင့် သတိလစ်မေ့မြောနေသည့်အပြင် တစ်ချက်တစ်ချက်တက်နေသည်။ ဆရာလေးက ကွီနင်းဒရစ်ချိတ်ထားသည့်ကြားက လူနာအဖျားက မကျ။ လူနာသွေးပေါင်က ခပ်ယဲ့ယဲ့။ အသက်ရှူသံက မမှန်။

ခက်သည်က လူနာအခြေအနေဆိုးမှ မိမိကိုခေါ်၍ ပြခြင်းဖြစ်သည်။ မိမိမှာရှိသော ဆေးဝါးလောက်နှင့်လူနာ အသက်ကိုကယ်ရန် မဖြစ်နိုင်။

ဆရာလေး လှိုင်ဦးကတော့ တစ်ညလုံး လူနာနားက မခွာဘဲ ဂရုတစိုက် ပြုစုကုသပေးနေတာကို လူနာရှင်များက ကြေနပ်နေသည်။ ရွာလူကြီးကလည်း-

"လူနာအခြေအနေကို ကျွန်တော်တို့လည်းသိပါတယ်။သတ္တဝါတစ်ခု ကံတစ်ခုပေါ့ ဆရာလေးရယ်။ ဘာပဲဖြစ်ဖြစ် ဆရာလေးတာဝန်ကျေလို့ အားလုံး ကျေးဇူးတင်နေကြတယ်" ဟု နှစ်သိမ့်စကားပြောသည်။


ညဉ့်နက်တော့ တဲလေးထဲမှ လူနာရှင်နှင့် ရွာလူကြီးများ ပြန်ထွက်သွားပြီးနောက် ဆရာလေးလှိုင်ဦးနှင့် သတိလစ်နေသောလူနာပဲ ကျန်ရစ်ခဲ့သည်။

**ချမ်းတုန်ပြီး အဖျားတက်လျှင် ချောင်းဆောင့်နတ်၊ တောင်ဆောင့်နတ် ဖမ်းစားသည်ဟု ယုံကြည်ကြသည**

www.burmeseclassic.com

www.burmeseclassic.com





လူနာအခြေအနေ ကောင်းလာပြီမို့ ဆရာလေးလှိုင်ဦး သက်မကြီးကို ဟင်းခနဲ ချလိုက်သည်။ ခုမှ ဆရာလေး ညနေစာဘာမှမစားရသေးတာ သတိရသည်။ ထမင်းတော့ မစားချင်။ အသင့် ပြင်ပေးထားသော မုန့်ပဲသားရေစာနှင့် လက်ဖက်ရည်ရှိသည်မို့ ခုနေ ဗိုက်ဖြည့်ထားရဦးမည်။ ရှေ့ဆက်လုပ်စရာတွေ အများကြီး ကျန်သေးသည်။ ထို့ကြောင့် ဆရာလေး လှိုင်ဦး တစ်ခုခု စားသောက်ရန် အိမ်ကြီးဘက်သို့ ထွက်ခဲ့သည်။

(၂)

ဆရာလေး လှိုင်ဦးက ရေနံဆီမီးခွက်အလင်းရောင်အောက်မှ မေ့မျောနေသည့် လူနာအား အဝတ်ဖြင့် ချွေးသုတ်ပေးသည်။ လူနာမှာ အသက် (၃၀)ခန့် ယောက်ျားလူနာ ဖြစ်သည်။ လူနာမှာအရပ် ခပ်ပြတ်ပြတ်မို့ ခြေထောက်များက ခုတင်အစွန်းသို့ မရောက်။

ဆရာလေး ဂရုစိုက် ပြုစု၍ လားမသိ။ လူနာအဖျားလည်းကျ၊ သွေးပေါင်းလည်းတက်၊ အသက်ရှူလည်း မှန်လာသည်။ သတိမြန်မလည်သေးသော်လည်း မျက်လုံးများ လှုပ်လာ၍ ဆရာလေးအားရ ဝမ်းသာ ဖြစ်သွားသည်။

ကံကောင်းထောက်မ၍ သတိပြန်လည်ပါစေဟု ဆရာလေး လှိုင်ဦးဆုတောင်းသည်။ သည်လိုလက္ခဏာတွေ ပြခြင်းသည် သတိပြန်လည် လာတတ်ကြောင်းဆရာလေး အတွေ့အကြုံရှိထားသည်။

လူနာ တက်တာလည်း ကျသွားသည်။ ဆရာလေး လှိုင်ဦး အိတ်ထဲမှာ အမြဲဆောင်တတ်သော ဂုဏ်တော်ပုတီးလေးကို စိပ်၍ မေတ္တာပို့ပေးသည်။ လူနာက မျက်နှာမှာ သွေးယောင်တွေ လွှမ်းလာသည်။ တစ်ချက် တစ်ချက် အင်းခနဲ အင်းခနဲ ညည်းသံထွက်လာသည်။

(၃)

ဆရာလေးလှိုင်ဦး ရေနွေးကြမ်းနှင့် ကောက်ညှင်းထုတ်ကို အမြန် လေးစားသောက် လိုက်သည်။ မိမိထွက်လာစဉ် လူနာတစ်ခုခုဖြစ်မှာ စိုးရိမ်နေ၍ ခပ်မြန်မြန် စားသောက်လိုက်သည်။ စားသောက်ပြီး လူနာခုတင်အနားအပြေး လေးဝင်လိုက်သည်။

"ဟာ"

ဆရာလေးလှိုင်ဦး ပါးစပ်က အာမေဋိတ်သံ ထွက်သွားသည်။ တစ်ကိုယ်လုံး တောင့်တင်းသွားပြီး ဆရာလေး လှိုင်ဦး ကြက်သေသေသွားသည်။ ဆရာလေး၏

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်က ရုတ်တရက် အလုပ်မလုပ်တော့သလို ရပ်ဆိုင်းသွားသည်။ ဆရာလေး ရင်တွေတစ်ဒုန်းဒုန်း ခုန်နေသည်။ ဆရာလေး၏ မျက်စိများမှာ ပြူးကျယ်ဝိုင်းစက်သွား၏။ ဆရာလေး ဘာကြောင့် ဖြစ်ရသလဲဆိုတာ ဆရာလေး မြင်ရတဲ့ မြင်ကွင်းကြောင့် ဖြစ်သည်။

ဆရာလေး မျက်လုံးများက ခုတင်ပေါ်မှ လူနာဆီကို စိုက်ကြည့်နေမိသလို လူနာကလည်း ဆရာလေးကို မျက်ထောင့်နီကြီးတွေနှင့် စိုက်ကြည့်နေပါပေါ့လား။

ဒါထက် အံ့သြစရာ ကောင်းသည်က စောစောက သတိလစ်မေ့မျောနေသော လူနာနေရာမှာ ယခင်လူနာထက် လူကောင်ထွားကာ မျက်နှာလေးထောင့် ကျကျ ဆံပင်ဂုတ်ထောက်နဲ့လူက ရောက်နေပြီး ဆရာလေး လှိုင်ဦးအား စားတော့ဝါးတော့ မတတ် မေးကြောကြီးတွေ ထောင်ပြီး စိုက်ကြည့်နေပုံကြောင့် ဆရာလေးလှိုင်ဦးမှာ မကြောက်စဖူး ဒူးများပင် တစ်ဆတ်ဆတ်တုန်အောင် ကြောက်သွားလေသည်။ စက္ကန့်ပေါင်း မြောက်များစွာကြာသည် အထိ ကျောက်ရုပ် တစ်ရုပ်လို မလှုပ်မရှားနိုင်ဘဲ ခုတင်ပေါ်က လူစိမ်း၏ အညှို့ကိုခံနေရသည်။

တော်တော်ကြာမှ ဆရာလေးလှိုင်ဦး သတိပြန်ဝင်လာသည်။ သူ့ရှေ့က ခုတင်ပေါ်က လူနာနေရာမှာ လူစိမ်းတစ်ယောက် ဘယ်ကရောက်လာသနည်း။ သူ့လူနာကရော ဘယ်ကိုရောက်သွားသနည်း။ မဖြစ်နိုင်ဘယ်နည်းနဲ့မှ မဖြစ်နိုင်။ ကေန္တအိပ်ရေးပျက်သည့် ညတွေ များလွန်းသောကြောင့် မြင်ချင်ရာတွေ မြင်နေတာဖြစ်မည်။

ဆရာလေးလှိုင်ဦး သူ့မျက်လုံးတွေကို လက်ခုံနှင့်ပွတ်သပ်လိုက်သည်။ သို့သော် မြင်ကွင်းကတော့ ပြောင်းမသွား။ မျက်နှာလေးထောင့်ဆံပင်ရှည်နှင့် လူစိမ်းသည် ဆရာလေးလှိုင်ဦးကို မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေဆဲဖြစ်သည်။ လူစိမ်းမှာသန်မာ ထွားကျိုင်းလှသည်။ သူ့ခြေထောက်များက ခုတင်စွန်းကို ကျော်ချင်နေသည်ကို ဆရာလေးလှိုင်ဦး သတိထားမိသည်။

"ဟော့ မကောင်းဆိုးဝါး ချက်ချင်းထွက်သွားစမ်း။ မင်းဝှက်ထားတဲ့ ငါ့လူနာဘယ်မှာလဲ ခုချက်ချင်း ပြန်ရှာပေး"

သည်လူစိမ်း ခုတင်ပေါ်က ပျောက်သွားရန် ဆရာလေးလှိုင် ဦး ဘယ်လိုလုပ်ရပါ့မလဲ အကြံထုတ်သည်။ "ဟော့ မကောင်းဆိုးဝါး ချက်ချင်း ထွက်သွားစမ်း။ မင်းဝှက်ထားတဲ့ ငါ့လူနာဘယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဖထီး ပြောတဲ့လူက
သူများသတ်လို့
သေသွားပြီဆို၊
သူ့မျက်နှာက
လေးထောင့်ကျကျ
ဆံပင်က ပခုံးပေါ်အထိ
ရှည်တယ်မဟုတ်လား

BURMESE CLASSIC .com

လဲ ခုချက်ချင်းပြန်ရှာပေး။ မပေး ရင်”” ဒါက ဆရာလေး ခေါင်းထဲ က အတွေး သက်သက်သာ။ တကယ့်တကယ် သူ့ပါးစပ်က အာစေးထည့်ထားသလို ပါးစပ်ဟ၍မရ။ ကြံရာမရဖြစ်နေရာမှ သူစိတ်နေကျ ဂုဏ်တော် ၉လုံး ပုတီးကလေး အိတ်ထောင်ထဲမှာ ထည့်ထားတာ သတိရလာသည်။ ပုတီးရှိတာကို သတိရ၍ ဆရာလေးက အားတက်သွားကာသူ့ရှေ့က မြင်ကွင်းကို ကြောက်စိတ် အနည်းငယ် လျော့သွားသည်။

ဆရာလေး လှိုင်ဦးက အိတ်ထောင်ထဲမှ ပုတီးကိုယူကာ မျက်စိကိုပိတ်၍ ဂုဏ်တော်ကို ရွတ်ဖတ်ပြီး ပုတီးစိတ်သည်။ သတ္တဝါအပေါင်းအား မေတ္တာ ပို့သည်။ ပုတီးပတ်စေ့ပြီးမှ ဆရာလေး .မရဲတရဲနှင့် မျက်လုံးဖွင့်ကြည့်ရာ ခုတင်ပေါ်မှာ ကြမ်းတမ်းခက်ထန်သည့် မျက်နှာနှင့် လူစိမ်းကို မတွေ့ရတော့ဘဲ မိမိလူနာကိုသာ ခွေခွေလေးလှဲလျက် မြင်တွေ့ရလေရာ ဆရာလေး လှိုင်ဦးမှာ အံ့ဩလွန်း၍ မှင်သက်သွားလေသည်။

ခုမှ လူနာခုတင်နားကိုစိတ်ချလက် ချကပ်ပြီး လူနာအခြေအနေ ကြည့်လိုက်တော့ လူနာမှာ အခြေအနေမကောင်း။ ဆက်တိုက်တက်နေပြီး တစ်ချက်တစ်ချက် မျက်ဖြူလန်သွား၏။ ပါးစပ်မှ အမြှုပ်တွေ တစ်စီစီထွက်နေသည်။သွေးပေါင်ကလည်း စစ်မရအောင် ကျဆင်းနေသည်။ ဆရာလေး အတွေ့အကြုံအရ လူနာသည် သည်တောင်ကို ကျော်နိုင်တော့မည်မထင်။ ထို့ကြောင့် ဆရာလေးက တဲထဲမှ အပြေးထွက်ကာ လူနာရှင်များကို ပြေးနိုးရသည်။ လူနာရှင်တွေလည်း အပြေးအလွှား ရောက်လာကြသည်။ လူနာရှင်တွေ ရောက်လာသောအခါ လူနာမှာ အသက်ကိုခက်ခဲ ပင်ပန်းစွာရှူနေရာမှ တဖြည်းဖြည်း ငြိမ်သက်သွားလေသည်။

(၄)

သေဆုံးသော လူနာကို ဓလေ့ထုံးစံအရ ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်သည့် ကိစ္စ ပြီးစီးသွားပြီးဖြစ်ပေမယ့် ဆရာလေးလှိုင်ဦး တစ်ယောက်သည်ရွာမှာပင် ဆက်လက် ရှိနေသေးသည်။ တကယ်တော့ ဆရာလေး ရင်ထဲမှာ ထိုနေ့ညက ကြုံတွေ့ရသော မြင်ကွင်းကို မျက်လုံးထဲကမထွက်။ ခုတင်ပေါ်က ထိုလူစိမ်း၏မျက်နှာကို ပြန်မြင်ယောင်မိပိုင်း ဆရာ

www.burmeseclassic.com

www.burmeseclassic.com



လေး ကြက်သီးမွေးညှင်းပင် ထသွားသည်။

ထိုအဖြစ်ကို တစ်စုံတစ်ယောက်ကိုပြောလျှင် သူတို့ယုံကြည်မည်မထင်။ ထို့ကြောင့် ဆရာလေးက ဘယ်သူ့ကိုမှမပြောမိအောင် သိုဝှက်ထားလေသည်။ ထိုလူစိမ်းသည် ဘယ်ကရောက်လာသနည်း။ ထိုလူစိမ်းသည် ပရလောကမှ နာနာဘာဝဖြစ်မည်လား၊ ထိုမကောင်းဆိုးဝါးသည် အဘယ်ကြောင့် လူနာနေရာမှာ ဝင်ရောက် ပူးကပ်၍ မိမိကို ခြောက်လှန့်သနည်း။ အမျိုးမျိုးတွေးတော စဉ်းစားနေပေမယ့် တိကျသော အဖြေကိုမရပေ။

သို့သော် ဆရာလေး တစ်ခုတွေးမိသည်မှာ ဒီမကောင်းဆိုးဝါးသည် အခြားဝေးလံသောနေရာက လာမည်မထင်။ လာချင်းလာ သည်ရွာပတ်ဝန်းကျင်ကသာလာမည်။ လူစိမ်းနှင့် ပတ်သက်သည့် သတင်းကို သည်ရွာမှာ သိနိုင်သည်။ ထို့ကြောင့် ဆရာလေးသည် ရွာအတွင်းလှည့်လည်၍ ဆေးပေးရင်း၊ ပညာပေးဟောပြောရင်းဖြင့် မျက်နှာလေးသော့ ဆံပင်ရှည်၊ အရပ်ထောင်ထောင် မောင်းမောင်းနှင့် လူကြမ်းကြီးအကြောင်း ပြောသူများရှိလေမလားဟု လက်ဖက်ရည်ကြမ်းဝိုင်း၊ စကားဝိုင်းများသို့ သွားထိုင်ပြီး နားစိုက်ထောင်လေ့ ရှိသည်။

တစ်လ၊ နှစ်လခန့် ဆရာလေးသည်ရွာမှာ သောင်တင်နေသည်။ မိမိကြားလိုသော အကြောင်းအရာကိုထည့်၍ ပြောကြားမည့် သူမတွေ့၍ဆရာလေး စိတ်ပျက်ချင်သလိုလို ဖြစ်သွားသည်။ ပြဿနာက လူစိမ်း၏ မျက်နှာကြီးသည် ဆရာလေးကို တစ်လယ်လယ်နှင့် လိုက်လံ နှိပ်စက်နေ၍ မေ့ပျောက်ချင်ပေမယ့် မေ့ပျောက်၍မရဖြစ်နေသည်။ နောက်ဆုံး လူစိမ်း၏ သတင်းကိုရှာဖွေရန် လက်လျှော့လိုက်ပြီးတာဝန်အရ အခြားရွာများသို့ ဆက်လက် ထွက်ခွာရန်အထုပ်အပိုးများ ပြင်ဆင်သည်။ ဆရာလေးကို နှုတ်ဆက်သည့် အနေဖြင့် လိုက်လံနှုတ်ဆက်သူများ၊ လက်ဆောင်ပစ္စည်း ပေးမည့်သူများဖြင့် ရွာလူကြီးအိမ်ပေါ်မှာ စည်ကားနေသည်။ ဆရာလေး တည်းခိုသောအိမ်ပေါ်၌ ရွာမှ လူကြီး လေးငါးခြောက်ယောက် ဝိုင်းဖွဲ့စကားပြောနေသည်။ ဖထီးတစ်ဦးက သူ့သားဖြစ်သူ ....ဆိုးတဲ့အကြောင်းပြောသည်။ "ဒီကောင် ပြောစကား နားမထောင်ဘူး။ မူးလာရင် ရန်စကားပြောပြီး ပြဿနာ

> သူ ဝိညာဉ်သည်
> သည်ရွာနားမှာ
> မလွတ်မကျွတ်ဘဲ
> တစ်ဝဲလည်လည်နှင့်
> လှည့်လည်
> သွားနေခဲ့ပုံရသည်။

www.burmeseclassic.com



ရှာတယ်။ ငါလည်း ရိုက်ရတာ လက်တောင်နာလာပြီ။ ဘယ်လို လုပ်ရကောင်းမလဲမသိဘူး'' ဟု ညည်းတွားပြောဆိုတော့ ရွာလူကြီးအဘက ''ကြည့်လုပ်ဦး မနိုင်ဘူးဆိုပြီး လွှတ်မထားနဲ့။တော်ကြာ ဖိုးတင်မောင်သား ဖားစိလို့ သူများသတ်လို့ သေနေဦးမယ်ဟု သတိပေးသံကြောင့် ဆရာလေး ခေါင်းဆတ်ခနဲ ထောင်သွားပြီး စိတ်ဝင်စားသွားသည်။

ရွာလူကြီးက ဆက်ပြောသည်။

''ဖားစိဆိုတဲ့ကောင်က ရွာထဲမှာ မူးယစ်ပြီး တွေ့တဲ့လူကို စိန်ခေါ်၊ သူများသားမယားကို စော်ကား၊ နောက်ဆုံးတော့ ဘယ်သူလက်ချက်မှန်းမသိဘူး။ ရက်ရက်စက်စက် ဓားနဲ့ခုတ်သွားတာ



ခွေးသေ နွားသေ သေရရှာ မဟုတ်လား'' ဟု နမူနာ ယူစေသည့်အမြင်ဖြင့် ပြော၏။

ရွာသားတစ်ယောက်က ''ဘယ်ကောင်ကို ပြောတာလဲ သူကြီး ဟိုရွာထိပ်က လူကောင်သေးသေးနဲ့ကောင်လား''

''အယ်ကလာ၊ ခင်ဗျားကလည်း ဒီရွာမှာ ဖားစိ ဘယ်နှစ်ယောက် ရှိလို့လဲ။ လူကောင်ထွားသလားမမေးနဲ့၊ တော်ရုံလူ သူ့နားမကပ်ရဲဘူး။ သူ့အကြည့်ကို ပြန်ကြည့်ရဲတဲ့လူလို့ ဒီရွာမှာမရှိဘူး။ ကျုပ်တို့ လူကြီးတွေကိုတောင် ကိုယ့်လက်ပေါ် ကြီးလာလို့ ဒီကောင် ပြန်မလှန်ရဲတာ''

ရွာသူကြီး၏ အပြောကြောင့် ဆရာလေးလှိုင်ဦး ပိုပြီးစိတ်ဝင်စားလာပြီး ဝိုင်းထဲသို့ တိုးဝင်လာရင်း အဘပြောတာကို ဆက်နားထောင်နေပေမယ့် ထိုလူဆိုးအကြောင်း ဆက်မပြောတော့၍ ဆရာလေးက ''ဖထီး ဖထီး ပြောတဲ့ လူကသူများသတ်လို့ သေသွားပြီဆို၊ သူ့မျက်နှာက လေးထောင့်ကျကျ၊ ဆံပင်က ပခုံးပေါ်အထိရှည်တယ် မဟုတ်လားဟင်'' ဟု ကောက်ခါငင်ကာ မေးလိုက်တော့ ရွာလူကြီးနှင့် အဖော်များအားလုံး ပါးစပ်ဟောင်းလောင်း ဖြစ်သွားပြီး…

''ဘာ ဘယ်လို‥ ဆရာလေးက ဘယ်လိုလုပ်ပြီး ဒီကောင့်ကို သိတာလဲ။ ဒီကောင်သေတုန်းက ဆရာလေး ဒီကိုမရောက်သေးပါဘူး။ ဆရာလေး ဘယ်လိုလုပ်သိတာလဲဟင်'' ဟု အံ့သြတကြီးမေးပေမယ့် ဆရာလေးက ''သိလို့မဟုတ်ပါဘူး၊ စိတ်ဝင်စားလို့ပါ။ သူ့အလောင်းကို ဘယ်နားမှာ မြှုပ်ခဲ့ကြလဲဆိုတာ ပြောပြပါလား'' ဟု မေးတော့ -

ရွာလူကြီးက ဆရာလေး မျက်နှာကို အံ့အားသင့်စွာ စိုက်ကြည့်ရင်း ''သြော် ဆရာလေးရယ်၊ တောမှာဆိုတော့ သင်္ချိုင်းရယ် မရှိဘူး။ တော်ရာ မြှုပ်လိုက်ကြတာပဲ။ သူ့ကိုမြှုပ်တဲ့ နေရာက နေဦး ဘယ်လိုပြရမှာလဲ.သြော်‥ အနီးဆုံးပြောရရင် ဆရာလေး ကုသဖေး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ စိန်အောင်တဲနဲ့ သိပ်မဝေးဘူး။ ကွင်းစပ်လောက်မှာ ဖြစ်မယ်။ ဒါနဲ့ ဆရာလေး ဘာကြောင့်မေးတာလဲ။ ကျွန်တော်ကတော့ နားမလည်ဘူး ဖြစ်နေတယ်" ဟု ရွာလူကြီးက ဆရာလေးကို နားမလည်သည့် အကြည့်ဖြင့် ကြည့်ရင်း ပြောလိုက်သည်။

"လောလောဆယ် ကျွန်တော်လည်း သေချာရေရာ သိသေးတာမဟုတ်ဘူး။ ဒီလိုပဲ စိတ်ထဲက မှန်းကြည့်တာမျိုးဆိုတော့ ပြောရင်ယုံကြည်ဖို့ မလွယ်သေးဘူး။ အချိန်တန်တော့ ပြောပြပါ့မယ်။ ကျွန်တော် ဒီရွာက မထွက်ခွာခင် ပြောပြပါ့မယ်" ဟု ရှင်းပြပေမယ့် ရွာလူကြီးနှင့် ရွာသားများကတော့ ဆရာလေးစကားကို နားမလည်သလို၊ စိတ်ရှုပ်ထွေးသည့်ပုံ ပြနေလေသည်။

ထိုအချိန်မှာ ဆရာလေး လှိုင်ဦးက ဖြစ်ပျက်ပုံကို ဆက်စပ် ကြည့်နေသည်။ မျက်နှာလေးထောင့်နှင့် လူစိမ်းသည် သူ့လူနာ၏ တဲနှင့် မနီးမဝေးမှာ မြုပ်နှံခဲ့ခြင်း ဖြစ်သည်။ သူသေဆုံးစဉ်က မည်သူမျှ သူ့ကို ကောင်းရာသုဂတိ ရောက်ပါစေဟု ဆုတောင်းပေးမည် မထင်။ သူသည် ရွာအတွက် ခလုတ် ကန်သင်း ချဉ်ဖတ်ဖြစ်ခဲ့သည်။ ဒါကြောင့် သူ့ဝိညာဉ်သည် သည်ရွာနားမှာ မလွတ်မကျွတ်ဘဲ တစ်ဝဲလည်လည်နှင့် လှည့်လည်သွားနေခဲ့ပုံရသည်။ သူ့ကိုသတ်ခဲ့သည့် သူတွေ အပေါ်ကျေနပ်လိမ့်မည်မထင်။ ဆရာလေး၏ လူနာသည် အမှန်တော့ အခြေအနေကောင်းမည့် လက္ခဏာများ ပြခဲ့သည်။ အခြေအနေတိုင်းဆိုလျှင် ရှေ့ဆက်ကောင်းဖို့ ပဲရှိသည်။ လူဆိုး၏ဝိညာဉ် ဝင်ရောက် ပူးကပ်ခဲ့ခြင်းကြောင့် လူနာ၏အခြေအနေမှာ ပြန်လည် ကျဆင်းပြီး အသက် ဆုံးပါးသွားခြင်းလည်း ဖြစ်နိုင်မည်။ လက်ဆုပ်လက်ကိုင် ပြစရာမရှိ။ ဖြစ်ပြီးခဲ့သမျှကို ပြောပြနေ၍လည်း အကြောင်းထူးလာမည်မဟုတ်။ အထူးသဖြင့် မိမိလိုလူက သရဲတစ္ဆေတွေအကြောင်း ပြောနေလျှင် ရွာသားတွေက သူ့အပေါ် ဘယ်လိုမြင်မည်နည်း။

ထို့ကြောင့် ဆရာလေးလှိုင်ဦးက ဦးဆောင်၍ လူစိမ်း၏ဝိညာဉ် သွားလိုရာ သွားခွင့်ပြုရန် ရိုးရာ ဓလေ့ထုံးစံအတိုင်း ကောင်းမှု ကုသိုလ်ပြု၍ အမျှအတန်း ပေးဝေစေခြင်း ဆောင်ရွက်စေခဲ့သည်။

ဘာကြောင့် သည်လိုလုပ်ရသလဲဟု ရွာသားတွေက ဆရာလေးကို ဝိုင်းမေးတော့ ဆရာလေးက "ကုသိုလ်ရအောင်လို့ပါ" ဟု တစ်ခွန်းတည်း ပြန်ဖြေပါသည်။

မေးသူတွေက ဆရာလေး အဖြေကို မကြေနပ်ပေမယ့် သူတို့ချစ်သော ဆရာလေးမှာ သူတို့ဖြေစေချင်သော အကြောင်းကို မဖြေချင်သည့်အကြောင်း ခိုင်ခိုင်လုံလုံ ရှိမည်ဟု တွေးကြသည်ထင်သည်။ ထိုမေးခွန်းကို ဆက်မမေးကြတော့ဘဲ ရွာမှ ထွက်ခွာသွားမည့် ဆရာလေး လှိုင်ဦးကိုဝမ်းပန်းတနည်း လိုက်လံနှုတ်ဆက်ကြသည်။

ဆရာလေးလှိုင်ဦး အနေနှင့်လုပ်သင့် လုပ်ထိုက်သည်ကို လုပ်ခဲ့၍ ကြေနပ်နေသည်။ ထူးဆန်းသည်မှာ အမြဲတမ်းလို ခြိမ်းခြောက်နေသည့် လေးထောင့်မျက်နှာနှင့် ဆံရှည်လူဆိုး၏ ရုပ်ကြမ်းကြီးသည် ဆရာလေးလှိုင်ဦး၏ မျက်လုံးထဲမှလုံးဝ ပျောက်ကွယ်သွားကြောင်း ဆရာလေး လှိုင်ဦးအံ့သြစွာ သတိထားမိလေရာ ဆရာလေးလှိုင်ဦး၏ ထိုအချိန် နောက်ပိုင်းညများသည် ချမ်းသာ ပျော်ရွှင်စွာ အိပ်စက်ရသည့်ညများ ဖြစ်လာတော့မည် အသေအချာပင် ဖြစ်ပါသတည်း။

**ဧယျာမင်းဦး**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ထက် (သံတောက်)

# ကြေကွဲဖွယ်လူကုန်ကူးမှု ဖြစ်စဉ်များ

**ထိုင်း၊ ရနောင်းမှာ ပြည့်တန်ဆာ**

ကြားရတဲ့သတင်းတွေကရင်နင့်စရာကောင်းသည်။ သားသမီးချင်း၊ နှမသားချင်း စာနာ၍လည်း စိတ်မချမ်းမသာဖြစ်ရသည်။

လှိုင်သာယာက အမျိုးသမီးငယ်အချို့ ရှူကုန်ကူးပွဲစားတွေရဲ့ သားကောင်ဘဝ ကျရောက်ခဲ့ရသည်။

စားသောက်ဆိုင်မှာ အလုပ်ရမယ်၊ လစာကောင်းကောင်းရမယ်ဆိုတဲ့ လူကုန်ကူးပွဲစားရဲ့ ဖြားယောင်းသွေးဆောင်မှုကို ယုံကြည်လိုက်ပါခဲ့မိသည်။

ရန်ကုန်မှ ထားဝယ်၊ ကော့သောင်း၊ ကော့သောင်းကမှတစ်ဆင့် ထိုင်းနိုင်ငံရနောင်း၊ လူကုန်ကူး၊ ကွန်ယက်တွေက အဆင့်ဆင့်လက်ပြောင်းလက်လွှဲလုပ် ခေါ်ယူသွားခဲ့သည်။

ရနောင်းရောက်တော့ စားသောက်ဆိုင်မှာ အလုပ်မရ။ ပြည့်တန်ဆာအိမ်မှာ ရောင်းစားခြင်းခံလိုက်ရသည်။

ပြည့်တန်ဆာအဖြစ် အဓမ္မစေခိုင်းခြင်းခံခဲ့ရသည်။ အမိမြေမဟုတ်တဲ့ တိုင်းတစ်ပါးမှာ ပြေးစရာ မြေမရှိ၊ ပြေးလို့လည်းမရ၊ ပြုသမျှနုခဲ့ရသည်။ ကံကောင်းချင်တော့ ပျော်ပါးဖို့လာတဲ့ မြန်မာအမျိုးသားနဲ့တွေ့ပြီး အကူအညီတောင်းနိုင်ခဲ့သည်။

မြန်မာအမျိုးသားက ရနောင်းရဲစခန်းကို ညတွင်းချင်း အကြောင်းကြားသည်။

ရဲကလည်း သတင်းရလျှင် ရချင်း ပြည့်တန်ဆာအိမ်ကို ဝင်စီးပြီး မြန်မာမလေးတွေကို ကယ်တင်နိုင်ခဲ့သည်။

**တရုတ်လက် ဝကွက်ရောင်းစားခံရသူ**

ဒီလူကုန်ကူးမှုမှာ သားကောင်ဖြစ်ခဲ့ရသူက အသက် (၂၆) နှစ်အရွယ်၊ အိမ်ထောင်ရှိ အမျိုးသမီးတစ်ယောက်ပါ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ထဲကပါ။

ခင်ပွန်းဖြစ်သူ ပြင်ဦးလွင် စက်ပြင်ဆက်သွယ်ရေး သင်တန်းတက်နေချိန်မှာ စားဝတ်နေရေးအတွက် အလုပ်တစ်ခုလုပ်ဖို့ သူမကြိုးစားခဲ့သည်။

ကံဆိုးစွာဖြင့် လူကုန်ကူး ကွန်ရက်တစ်ခုနှင့် ဆက်သွယ်မိခဲ့သည်။

မူဆယ်မြို့ရှိ စားသောက်ဆိုင်မှာ အလုပ်ရမယ်၊ တစ်လတ[illegible] သိန်းရမယ်လို့ လူပွဲစားက [illegible]ဆောင်သည်၊ လမ်းစရိတ်အ[illegible] ဆိုကာ ကျပ်ငါးသောင်း ထုတ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြီး သားကောင်ကို လွှတ်မထွက်အောင် ချည်နှောင်သည်။

လူကုန်ကူးပွဲစား၏လုပ်ဆောင်မှုက သွက်လှ၏။

(၁၇) ရက်နေ့မှာ ဆက်သွယ်မိသော သူမကို (၁၈) ရက်နေ့မှာ မော်ဘီက ခေါ်ထုတ်ခဲ့သည်။ (၁၉) ရက်ညထိ လှိုင်သာယာတွင် ခို၍ (၂၀) ရက်နေ့တွင် အောင်မင်္ဂလာ အဝေးပြေးမှ ကားဖြင့် မန္တလေးသို့ ထွက်သည်။

မန္တလေးရောက်သည်နှင့် မူဆယ်ကားစီး၏။ မူဆယ် ရောက်သည်နှင့် တက္ကစီငှား၍ တရုတ်ပြည်ဘက် ကူးသွားသည်။

သူမက တရုတ်ပြည်ဘက် မလိုက်လိုကြောင်းနှင့် ပြန်ပို့ရန် ပြောသော်လည်း မရခဲ့။ နောက်ထပ် ကားနှစ်ဆင့် ထပ်စီးခဲ့ရသည်။

(၂၅) ရက်နေ့တွင် တရုတ်နိုင်ငံ ကျန်လျောင်မြို့ရှိ အိမ်တစ်အိမ်သို့ ရောက်ရှိပြီး (၂၈) ရက်နေ့မှာ ကျန်လျောင်မြို့နေသူ တရုတ်လူမျိုး ဟာန်ဆွန်ထံသို့ တရုတ်ယွမ်ငွေ (၅၂၀၀၀) ဖြင့် ရောင်းစားခံခဲ့ရသည်။

ဟာန်ဆွန်နှင့် တစ်လခွဲခန့် လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ပြီး သူမပြန်လည်ထွက် ပြေးလာ



ခဲ့ခြင်းဖြစ်သည်။

ထိုအမှုကို မော်ဘီရဲစခန်းက (ပ) ၉၈၈/၁၂၊ လူကုန်ကူးပုဒ်မ-၂၄ နှင့် အမှုဖွင့်ပြီး ဖမ်းဆီးစစ်ဆေးခဲ့သည်။

**ရင်နင့်စရာ ကရင်သမီးငယ်**

သတင်းကြားကြားချင်း ဒေါသထောင်းကနဲ ထွက်သည်။

လုပ်ရက်လေခြင်း၊ ရက်စက်လိုက်လေခြင်းလို့လဲ စိတ်မချမ်းမသာ ဖြစ်ရသည်။

အခင်းဖြစ်နယ်မြေက ထိုင်းနိုင်ငံ၊ ကမ်ဖယ်ဖစ်ခရိုင်၊ ကမ်းဖယ်ဖစ်ရဲစခန်းအပိုင်မှာ ဖြစ်ပွားခဲ့သည်။

'အန်း' အမည်ရှိ မြန်မာ တိုင်းရင်းသူ၊ ကရင်သမီးငယ်လေးကို အိမ်အကူအဖြစ် ခိုင်းစေခဲ့သည့် ငါးနှစ်အတွင်း စိတ်တိုင်းမကျတိုင်း ခွေးလှောင်အိမ်ထဲ ထည့်ထားပြီး ခန္ဓာကိုယ်အနှံ့ ရေနွေးပူဖြင့် ပက်သည်တဲ့။

အန်းကလေး၏ ခန္ဓာကိုယ်တစ်ခုလုံးရေနွေး ပူလောင်ဒဏ်ရာကြောင့် အရေပြားများ ပျက်စီးသွားသည်၊ အရေပြားပျက်စီးမှုကြောင့်

www.burmeseclassic.com



လက်နှစ်ဖက်လုံးမြှောက်၍ မရသည့် အနေအထား ရောက်သွားသည်။

ထိုသို့ ဆိုးဆိုးဝါးဝါး ဒဏ်ရာများ ရသော်လည်း ဆေးကုသမပေး၊ ဆားရည်ဖြင့်သာ အနာပျောက်အောင် ကုသခဲ့သည်ကိုကြားရသောအခါ ပြင်းထန်စွာ တုန်လှုပ်မိသည်။

(၃၁-၁-၂၀၁၃) နေ့တွင် အိမ်ရှင်တို့ မွေးထားသော ကြောင်တစ်ကောင် လွတ်ထွက်သွား၍ကလေးငယ်က အိမ်ပြင်တွင် လိုက်ရှာခဲ့သည်။

ကြောင်မတွေ့သဖြင့် ထပ်မံနှိပ်စက်ခံရမည်ကို ကြောက်လန့်ပြီးအိမ်မှ ထွက်ပြေးခဲ့သည်။

ရပ်ကွက်အိမ်နီးချင်းများက 'အန်း' ကို ကလေးငယ်များစောင့်ရှောက်ရေး ဂေဟာသို့ ရောက်အောင် ကူညီပေးခဲ့သည်။

'အန်း' ကို နှိပ်စက်သည့်ထိုင်းနိုင်ငံသား ဇနီးမောင်နှံမှာ အသက် (၃၅) နှစ်အရွယ် စက်မှု အင်ဂျင်နီယာ အမျိုးသားနှင့် အသက် (၃၃) နှစ်ရှိ၊ အိမ်မွေး တိရစ္ဆာန်များ အလှပြုပြင်ရေးဆိုင် ဖွင့်ထားသော လုပ်ငန်းရှင် အမျိုးသမီးတို့ ဖြစ်သည်။

ထိုဇနီးမောင်နှံကို ကိုယ်ထိလက်ရောက် ကျူးလွန်မှု၊ သူ

**အောက်ခြေသိမ်း**
**အလုပ်မှန်သမျှ**
**မြန်မာများကိုခေါ်**
**ယူခိုင်းစေကြသည်။**
**နှိမ့်ချဆက်ဆံကြသည်။**
**အခွင့်အရေး**
**ရလျှင်ရသလို**
**နှိပ်စက်၊**
**ယုတ်မာကြသည်။**

တစ်ပါးအား ချုပ်နှောင်ထားမှု၊ (၁၅) နှစ်အောက် ကလေးငယ်အား မိဘနှင့်အဝေးမှ ခွဲခွာစေရန် ပူးပေါင်းကြံစည်မှု စသည့်အမှုများဖြင့် စွဲချက်တင်ထားသည်။

ထိုင်းလင်မယားမှာ ဖေဖော်ဝါရီ (၁၁) ရက်တွင် ဘတ်ခုနစ်သိန်းတန်အာမခံရရှိခဲ့သည်။

သို့သော် ဖေဖော်ဝါရီ (၁၈) တွင် ချိန်းဆိုသည့် ရဲဌာန ရုံးချိန်းရက်တွင် မလာရောက်၍ အာမခံရုပ်သိမ်းကာ နယ်မြေ (၆) ရဲဌာနကြီးမှ ဘတ်ငွေ တစ်သိန်း ဆုငွေဖြင့် ဖမ်းဝရမ်းထုတ်ပြန်ခဲ့သည်။

"အစကတည်းက အာမခံမပေးသင့်ဘူး" ဟု ချင်းမိုင်အခြေစိုက် အမျိုးသမီးနှင့် အလုပ်သမားဆိုင်ရာ အမှုအခင်းများ လိုက်လံကူညီ လုပ်ဆောင်ပေးနေသည့် မက်ဖောင်ဒေးရှင်း၊ အစီအစဉ်ညှိနှိုင်းရေးမှူး ထိုင်း အမျိုးသမီးခွန်ကန်းချနဒီအွတ်က မှတ်ချက်ပေးကြောင်း ဗီးနပ်နယူးစ် ဂျာနယ်မှာဖတ်ရသည်။

အဆိုပါ လင်မယားက ပြစ်မှုကျူးလွန်ကြောင်း ဝန်မခံတဲ့အတွက် အာမခံပေးရကြောင်း ရဲအုပ်ကြီး ဝမ်ချိုင်းက မြန်မာအကြံပေး ညှိနှိုင်းရေးအဖွဲ့ကို ရှင်းပြခဲ့သည်။

အလုပ်သမား အလုပ်အကိုင်

www.burmeseclassic.com

www.burmeseclassic.com



နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက 'ရအောင်ဖမ်းပေးဖို့ တောင်းဆိုထားတယ်' ဟု ပြောသည်။

ရဲစစ်ဆေးချက် လာရောက်တင်ပြရန် ချိန်းဆိုမှုကို မလာရောက် ပျက်ကွက်သဖြင့် အာမခံငွေများကို နိုင်ငံပိုင်အဖြစ် သိမ်းယူရမည်ဖြစ်ကြောင်း ထိုလင်မယားအား ရှာဖွေတွေ့ရှိနိုင်မည့် နေရာများကို အလျင်အမြန်ဖော်ထုတ်ရန် စုံစမ်းစစ်ဆေးရေးဌာနများကို ညွှန်ကြားထားကြောင်းနှင့် ထိုလင်မယားကို ဖမ်းဆီးရန် နယ်စပ်များရှိ လူဝင်မှု ကြီးကြပ်ရေး ဝန်ထမ်းများကို ညွှန်ကြားထားကြောင်း ထိုင်းအစိုးရက မြန်မာအစိုးရ ညှိနှိုင်းရေးအဖွဲ့သို့ ပြောကြားခဲ့သည်။

ဤဖြစ်ရပ်နှင့် ပတ်သက်ပြီး တွေးမိတာ တစ်ခုရှိသည်။

အောက်ခြေသိမ်းအလုပ် မှန်သမျှ မြန်မာများကို ခေါ်ယူခိုင်းစေကြသည်။ နှိမ့်ချဆက်ဆံကြသည်။ အခွင့်အရေးရလျှင် ရသလို နှိပ်စက်၊ ယုတ်မာကြသည်များကို ရင်နှင့်မဆံ့အောင် ကြားသိ ခံစားခဲ့ရသည်။

'အန်း' ကလေးငယ်ကို လူမဆန်စွာ နှိပ်စက်ခဲ့သူ ထိုင်း လင်မယားမှာလည်း လူစိတ် ကင်းမဲ့နေသူများလား။ မြန်မာ မုန်းတီးရေးစိတ်ဝေဒနာရှင်များလား၊ စဉ်းစားသင့်လှသည်။

## ကော့သောင်းကမိန်းမပျို

၂၀၀၄ ခုနှစ် အောက်တိုဘာအတွင်းမှာ စာရေးသူ ကော့သောင်းမြို့သို့ ရောက်ခဲ့သည်။

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ အခြေအနေနှင့် လူကုန်ကူးမှု အခြေအနေများကို လေ့လာခွင့်ရခဲ့သည်။

"မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းကို ၁၉၉၅-၁၉၉၆ ခုနှစ်ခန့်က စတင် ဆောင်ရွက်ခဲ့သော်လည်း လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေ ပြဋ္ဌာန်းခြင်းကိုမူ နောက် (၁၀) နှစ်အကြာ (၁၃-၉-၂၀၀၅) မှ ပြုလုပ်နိုင်ခဲ့သည်။

ကော့သောင်း ရဲစခန်းမှ တပ်ကြပ်ကြီး (စာရေး) မောင်မောင် ပြောပြသည့် ဖြစ်ရပ်တစ်ခုက စာရေးသူရင်ကို ထိမှန်ခဲ့သည်။

ရန်ကုန်မြို့မှ ကော့သောင်း မြို့ စားသောက်ဆိုင်တွင် လာရောက် အလုပ်လုပ်နေသည့် အသက် (၁၇) နှစ်အရွယ် မိန်းမပျိုလေး တစ်ဦး။

**တစ်လခန့် အတွင်းမှာ သူမ သွေးပျက်လောက်အောင် ဘာတွေကြုံတွေ့ခဲ့ရသနည်း။ သူမသာလျှင် သိပေလိမ့်မည်။**

www.burmeseclassic.com

www.burmeseclassic.com





လူကုန်ကူးပွဲစား၏ ဖြားယောင်းမှုကြောင့် ထိုင်းနိုင်ငံဘက် လိုက်ပါသွားမိခဲ့သည်။

နောက်တစ်လခန့် အကြာ ထိုမိန်းမပျိုလေး ကော့သောင်းသို့ ပြန်ရောက်လာခဲ့သည်။

ဆံပင်ကဖားလျား၊ အင်္ကျီလုံခြည်အစုတ် အနွမ်းနှင့် မျက်လုံးများကလည်း ပုံမှန်မဟုတ်တော့၊

ကံဆိုးမသွားရာ လိုက်ရှာတဲ့ မိုးကြောင့် အိမ်တစ်အိမ်၏ တံစက်မြိတ်အောက် သူမ ဝင်ခိုနားသည်။

အိမ်ရှင်က ရဲစခန်းအကြောင်းကြားသည်။ ဦးမောင်မောင်တို့ ရောက်သွားချိန်၌ သူမတစ်ကိုယ်လုံး မိုးရေတို့ဖြင့် စိုရွှဲကာ ခိုက်တုန်နေခဲ့သည်။

သို့သော် သူမအနီးသို့ မည်သူ့ကိုမှ အကပ်မခံ၊ စိုးရိမ် ကြောက်လန့်ခြင်းတွေနှင့် ထွက်ပြေးဖို့ ကြိုးစား၍ အတန်ကြာမျှ ချော့မော့ဖျောင်းဖျကာ ကယ်တင်ခဲ့ရသည်။

တစ်လခန့်အတွင်းမှာ သူမ သွေးပျက်လောက်အောင် ဘာတွေကြုံတွေ့ခဲ့ရသနည်း၊ သူမသာလျှင် သိပေလိမ့်မည်။

သို့သော် ကြောက်လန့် ခြောက်ခြားစရာများနှင့် ရင်ဆိုင် ကြုံတွေ့ရဟန်ရှိသည်ကိုတော့ သူမ၏ မျက်လုံးများနှင့် ကြောက်ရွံ့ထိတ်လန့်နေသော အမူအယာများက ဖော်ပြလျက်ရှိသည်။

နောက်ဆုံးမှာ သူမရဲ့ မိဘတွေ လိပ်စာရအောင် စုံစမ်းခေါ်ယူပြီး သူမကို ပြန်အပ်လိုက်ရကြောင်း ဦးမောင်မောင်က ပြောပြခဲ့သည်။

**စစ်မှန်သော မျိုးချစ်စိတ်နှင့် လုပ်ဆောင်ပါမှ**

လူကုန်ကူးမှု ပြဿနာကယခုအခါ ခေတ်သစ်ကျေးကျွန် စနစ်အသွင်ဖြင့် ပေါ်ပေါက်နေသည်။

လူသားများအား ကုန်ပစ္စည်းသဖွယ်အရောင်း အဝယ်ပြုကြသည်။

ပြည့်တန်ဆာလုပ်ငန်း၊ လိင်မှုဆိုင်ရာ ဖျော်ဖြေရေးလုပ်ငန်းနှင့် အခြားသော ကုန်ထုတ်လုပ်ငန်းများတွင်လည်း ကျွန်သဖွယ် ပြုမှုခိုင်းစေလျက် ရှိကြသည်။

လူကုန်ကူးမှုများ လုံးဝပပျောက်အောင် ဆောင်ရွက်ရာတွင်တားဆီးရုံနဲ့မရ၊ နှိမ်နင်းရုံနဲ့ မလုံလောက်။

စစ်မှန်သော မျိုးချစ်စိတ်၊ မှန်ကန်သော မေတ္တာစေတနာနှင့် လူသားချင်း စာနာထောက်ထားမှုတွေ ပေါင်းစပ်ပါဝင်နေမှ ထိရောက်သော ဆောင်ရွက်မှုများဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ရတာတစ်သောင်းကျတာ ဆယ်နှစ်

မြန်မာနိုင်ငံအတွင်းရှိ လူကုန်ကူးမှု အချို့ကို လေ့လာကြည့်ရာ သားကောင်ဘဝ ရောက်ရသူ နှစ်မျိုးနှစ်စား ရှိကြောင်း တွေ့ရသည်။

ပထမတစ်မျိုးမှာ လူကုန်ကူးခံရသူဖြစ်ပြီး၊ နောက်တစ်မျိုးမှာ လူကုန်ကူးသူနှင့် လူကုန်ကူးခံရသူတို့ကို ကနဦး ဆက်သွယ်ပေးသူဖြစ်သည်။

သူတို့သည်လည်း ဆင်းရဲ နွမ်းပါးသူများဖြစ်ကြပြီး ရပ်ကွက်အတွင်း နံ့စပ်သူဈေးသည်အချို့နှင့် ဆိုက်ကားသမားများ ဖြစ်နေတတ်သည်။

"နယ်စပ်မြို့က စားသောက်ဆိုင်မှာ အလုပ်လုပ်ချင်တဲ့သူ လိုချင်တယ်။ စုံစမ်းပြီးခေါ်ပေးရင်ပွဲခရမယ်" ဆိုတဲ့ လူကုန်ကူးသူရဲ့ စကားကိုယုံပြီး လူရှာပေးမိသည်။

သူဆက်သွယ်ပေးသူ လူကုန်ကူးခံရတော့ သူပါ အားပေးကူညီသူ၊ စည်းရုံးသူ၊ ပူးပေါင်းကြံစည်သူဖြစ်သွားရသည်။

လူကုန်ကူးသူက ဘယ်ကလာမှန်းမသိ၊ ဘယ်ရောက်သွားမှန်းလည်းမသိ၊ သူတို့သာ အဖမ်းခံလိုက်ရသည်။

ပွဲခရတာက သောင်းဂဏန်းမျှဖြစ်ပြီး ထောင်ဆယ်နှစ်ကျ သွားနိုင်သည်။

ကိုယ်ရဖို့ တစ်ခုတည်းတွက်၍ မရ၊ ကိုယ်ခံရမည့် အကွက်ကိုလည်း မြင်ပါမှ တော်ကာကျမည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေတွင် ပြစ်မှုနှင့် ပြစ်ဒဏ် အမျိုးမျိုးရှိသော်လည်း ထောင်ဒဏ် (၃) နှစ်အောက် ပြစ်ဒဏ်မရှိပါ။ (၅) နှစ်၊ (၁၀) နှစ်၊ အနှစ် (၂၀)၊ ထောင်ဒဏ် တစ်သက်မှ သေဒဏ်ထိ ပြစ်ဒဏ်ချမှတ်နိုင်သောကြောင့် မိသားစုဝင်အချင်းချင်း အသိပညာပေးကာ လူကုန်ကူးပွဲစားကို အားပေးကူညီမိသူကို သားကောင်ဘဝ မကျရောက်အောင် သတိပြုကြရမည်ဖြစ်သည်။

## သတင်းပေးသူအတွက်ဆုတော်ငွေ

လူကုန်ကူးမှု ဖြစ်ပွားရန် အစပျိုးနေခြင်းကို တာဝန်ရှိသူများ မသိသေးသော်လည်း ကျေးရွာ ရပ်ကွက်အတွင်းရှိ သာမန်ပြည်သူများကြိုတင်သိရှိနေကြသည်။

နယ်စပ်ဒေသနှင့် တိုင်းတစ်ပါးသို့ မကြာခဏ သွားလာတတ်သူများ၊ မက်လုံးပေး၍ လူစုဆောင်းနေခြင်းကို သိရှိနေကြသည်။

သို့သော် အကြောင်းအမျိုးမျိုးကြောင့် တာဝန်ရှိသူများထံသတင်းမပို့ခဲ့ကြ။

ဤသို့ဖြင့် မြန်မာသမီးပျိုများနှင့် ကလေးငယ်များ လူကုန်ကူးခံကြရသည်။ နှိပ်စက် ကျွန်ပြုတာခံကြရသည်။

တိုင်းပြည်၏ လူမှုရေး၊ စီးပွားရေးတွေ နစ်နာဆုံးရှုံးပြီး နိုင်ငံပုံရိပ်လည်း နွမ်းရသည်။

ထိုအဖြစ်များကြောင့် လူကုန်ကူးမှု သတင်းပေးသူနှင့် တာဝန်ရှိသူများအကြား ဖြေလျှော့မှုများပိုမိုထားရှိရန်နှင့် သတင်းပေးသူအပေါ် ဆုငွေချီးမြှင့်ခြင်း ကဏ္ဍအား လူကုန်မှုတားဆီး ကာကွယ်ရေးဥပဒေတွင် ထည့်သွင်းသင့်သည်ဟု ထင်မြင်မိပါကြောင်း တင်ပြအပ်ပါသည်။

**ရဲရင့်ထက် (သံတောက်)**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



မောင်အေးနှစ် (ပညာရေး)

# တောင်ပံကျိုးတဲ့ငှက်

(၁)

"ရွှေပင်နားတော့ ရွှေကျေး၊ ငွေပင်နားတော့ငွေကျေး" "မုဆိုးနားနီးမုဆိုး၊ တံငါနားနီးတံငါ" ဆိုသော ရှေးလူကြီးသူမတို့၏ ဆိုရိုးစကားများသည် ဘဝနှင့် ပတ်ဝန်းကျင်ဆက်စပ်မှုကို ဖော်ပြနေခြင်းဖြစ်သည်။ လူ့ဘဝကို ပတ်ဝန်းကျင်က ပြုပြင် ပြောင်းလဲပေးနိုင်သည်ဆိုသော သဘောဖြစ်ပေသည်။ အထူးသဖြင့် အရွယ်မရောက်သေးသော ကလေးသူငယ်များနှင့် အရွယ်ရောက်စ လူငယ်ကလေးများကို ပို၍ပင် လွယ်လင့်တကူ ပြောင်းလဲစေနိုင်ပေသည်။

တစ်နေ့တွင် ကျွန်တော် တာဝန်ကျခဲ့ဖူးသော နယ်ဒေသမှကိုတင်ရ ဆိုသော မိတ်ဆွေတစ်ဦးသည် အသက် (၁၂) နှစ်ခန့်ရှိ လူငယ်လေးတစ်ယောက်နှင့် ကျွန်တော့်ထံ မမျှော်လင့်ဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

"ဟာ … ကိုတင်ရပါလား … ဘယ့်ကနေ … ဘယ်လိုရောက်လာတာလဲ … လာထိုင်ဗျာ"

"ဆရာ … မှတ်မိသားပဲ"

"ကျောင်းဆရာဦးနှောက်ပဲဗျာ … ပြီးတော့ ကိုတင်ရ တို့ဆိုတာ တစ်ချိန်က ကျွန်တော့်စားအိမ်သောက်အိမ် ကျေးဇူးရှင်တွေဘဲ … ဘယ်မေ့မလဲဗျာ"

ကျွန်တော့် စကားကြောင့် ကိုတင်ရမှာ သဘောကျပြီး ကျွန်တော့်ရှေ့ထိုင်ခုံတွင် ဝင်ထိုင်သည်။ လူငယ်လေးက မတ်တပ်ရပ်နေသဖြင့် ထိုင်ခိုင်းလိုက်သည်။

"ကျွန်တော် ဒီမှာနေတယ်ဆိုတာ ဘယ်လိုသိလဲ၊ လာရင်းကိစ္စကိုလည်း ပြောပါဦး"

"ကျွန်တော်တို့ မိသားစု ဒီလှိုင်သာယာ ညောင်ရွာရောက်နေတာ အတော်ကြာပြီ။ သားသမီးတွေက စက်ရုံတွေမှာ လုပ်ကြတယ်။ ဆရာ လှိုင်သာယာမှာ ကျောင်းအုပ်ကြီးကနေ ပင်စင်ယူပြီး ကျူရှင်ဖွင့်ထားတယ်ဆိုတာ ကြားလို့ စုံစမ်းပြီးရောက်လာတာပေါ့"

"ဒါဖြင့် ဒီကလေးကို ကျူရှင်ထားချင်လို့လား"

"ကျူရှင်ထားတာတော့မဟုတ်ဘူး၊ စာသင်ချင်လို့ပါ"

ကိုတင်ရစကားကြောင့် ကျွန်တော်နားရှုပ်သွားသည်"

"ကျူရှင်တက်မှတော့ စာသင်ရမှာပေါ့"

"ဒီလိုဆရာရဲ့ ဆရာ့ကျူရှင်မှာက (၁၀) တန်း ကလေးတွေတက်ကြတာလေ။ ဒီကလေးက စာလုံးဝမတတ်သေးလို့ အရေးအဖတ်ကစပြီး သင်ပေးဖို့ ဆရာ့ဆီလာ အကူအညီ တောင်းတာပါ"

ကိုတင်ရပြောပြသည်ကို ကျွန်တော် သဘောပေါက်သွားပြီး သိချင်တာလေး ပေါ်လာသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဟိုကောက်ဒီကောက် လိုက်ကောက်ရင်း လစ်လျှင်လစ်သလို တိုတတ်ကြသဖြင့် ကောက်ရာမှ တိုအဆင့်တက်ပြီး ကောက်တိုလေးများဖြစ်လာကြသည်။

မေးလိုက်မိသည်။

"နေပါဦး ... ဒီကလေးက ခင်ဗျားသား မဟုတ်ဘူးလား။ ဘာဖြစ်လို့ ဒီအရွယ်အထိ ကျောင်းမထားတာလဲ"

ကျွန်တော့် အမေးကြောင့် ကိုတင်ရ တွေတွေလေးဖြစ်သွားသည်။ စဉ်းစားနေပုံလည်းရသည်။ နောက်မှ ကျွန်တော့် အမေးကို ဖြေပါသည်။

"ကျွန်တော့်သားတော့ သားပါပဲ။ ဒါပေမယ့် ဆရာရယ် အမှန်တိုင်းပြောရရင်" ဟုဆိုကာ ကလေးနှင့် ပတ်သက်သည့် အကြောင်းအရာ အဖုံဖုံကို ဇာတ်စုံခင်းပြပါတော့သည်။

(၂)

ညောင်ရွာသည် တစ်ချိန်က ရွာတစ်ရွာဖြစ်ခဲ့သည်ကို အစွဲပြုပြီး ခေါ်နေသော်လည်း ယခု လှိုင်သာယာမြို့နယ် ဖွဲ့စည်းပုံအရ ရပ်ကွက်တစ်ခုဖြစ်သည်။ စက်မှုဇုန်တွင် အလုပ်လုပ်သူများ၊ ခေါင်းရွက်ဗျပ်ထိုး ဈေးရောင်းသူများ၊ ကုန်ရာကျဗန်း လုပ်စားသူများကြသဖြင့် ဆင်းရဲ နွမ်းပါးကြသည်။ အစိုးရ အလယ်တန်းကျောင်းရှိသော်လည်း ပညာရေးထက် စားဝတ်နေရေးကို လုံးပန်းနေကြရသဖြင့် ကလေး အချို့မှာ ကျောင်းမတက်နိုင်ကြ။ ကျောင်းတက်ကြသော်လည်းအချို့မှာ ကျောင်းမှန်မှန် မတက်ကြ၊ လမ်းကြိုလမ်းကြား အိမ်ကြိုအိမ်ကြားနှင့် ဈေးနား တစ်ဝိုက်တွင် ပလတ်စတစ်အိတ်များ၊ ပုလင်းခွံ၊ ဘူးခွံများ ကောက်ပြီးရောင်းသည့် လောလောဆယ် ပိုက်ဆံရသည့် အလုပ်ကို စိတ်ဝင်စားကြသည်။ အချို့ကလေးများမှာ ဟိုကောက်ဒီကောက်လိုက်ကောက်ရင်း လစ်လျှင်လစ်သလို တိုတတ်ကြသဖြင့် ကောက်ရာမှ တိုအဆင့်တက်ပြီး ကောက်တိုလေးများ ဖြစ်လာကြသည်။

နယ်ခံသားဖြစ်သော ဖိုးငွေနှင့် အောင်ဇော်သည် ကျောင်းကို ကောင်းကောင်းမတက်တော့ဘဲ ကရောက်လာမှန်း မသိသောအခြေအမြစ်မရှိ ခြေသလုံးအိမ်တိုင် ငတိုးဆိုသော ကောင်ကလေးနှင့်ပေါင်းပြီး အရပ်တကာလှည့်ကာကောက်ရင်းတို၊ တိုရင်းကောက်၊ ရသမျှကိုရောင်း၊ ရောင်းရငွေထဲမှ တစ်ချို့ကိုစား တချို့ကို အိမ်ပြန်ပေးကြသည်၊ ငတိုးကတော့ ဖိုးငွေနှင့် အောင်ဇော့် မိဘများကို တစ်လှည့်စီပေးပြီး စားလိုက်၊ အိပ်လိုက်နေသည်။ ပိုက်ဆံ ပေးနိုင်သည့်နေ့တွင် ကြည်ဖြူစွာ ကျွေးသည်၊ အိပ်ခွင့်ပေးသည်၊ မပေးနိုင်သည့်နေ့မှာ မစားရသည့်အပြင် အိပ်ခွင့်ပါမရရှာ။ သည်တော့ ငတိုးလေးမှာ စားဖို့နှင့် အိပ်ဖို့အတွက် ငွေရအောင် နေ့စဉ်ရှာရတော့သည်။

"ဟေ့ကောင်ငတိုး ... ဒီနေ့တို့ရတဲ့ ပိုက်ဆံကို အိမ်ပြန်မပေးဘူး၊ မုန့်ဝယ်စားမယ် .. ပြီးတော့ ကော်ဝယ်ရှူမယ်ကွာ"

"ဟာ ... ငါပိုက်ဆံမပေးရင် မင်းအမေက ထမင်းဘယ် ကျွေးမလဲကွ၊ ပြီးတော့ အိပ်ခွင့်လည်း ဘယ်ပေးမလဲကွ"

"ရပါတယ်ကွာ ... မကျွေးရင် ငါစားတဲ့ထဲက တစ်ဝက်ခွဲကျွေးမယ်ကွာ ... အိပ်တာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ကင်းတဲသွားအိပ်ပေါ့ကွာ''

ဖိုးငွေးစကားကို ဇေတိုးသဘော ကျသွားသည်။

''ဒါဆိုလာ သွားကြမယ်''

ကလေးသုံးယောက်မှာကောက် ရသမျှ၊ တိုရသမျှ ပစ္စည်းများကို ရောင်းနေကျ နေရာသို့ ရောင်းကြ သည်။ ရသမျှငွေနှင့် မုန့်ဝယ်စား သည်၊ ဗြီးတော့ကော်ဝယ်ပြီး လူ သူရှင်းသည့်နေရာတွင် ကော်ရှူကြ သည်။

သူတို့သုံးယောက်သည် လှိုင် သာယာ မီးခွက်ဈေး၊ ပင်လုံဈေး၊ ရွှေလင်ပန်းဈေး ရေဥက္ကံဈေးတို့ တွင် လှည့်လည်ကျက်စားကြ သည်၊ လစ်လျှင်လစ်သလိုတိုကြ၊ နှိုက်ကြသည့် အဆင့်သို့ လက်ရဲ ဇက်ရဲ ဖြစ်လာကြသည်။ မိဘများ က မနိုင်၍ပင်မပြောကြသည် လား၊ မပြောချင်၍ပင် လွှတ်ထား သည်လားမသိ၊ ပြန်ပေးသမျှငွေကို တော့ လက်ခံ ယူနေကြသည်။

မိဘများသည် သားသမီးတို့၏ ဘဝပိုင်သည်၊ ဆရာ/ ဆရာမတို့ သည် တပည့်တို့၏ အနာဂတ်ကို ပိုင်သည်' ဟူသော စကားမှာ မှန် ကန်လှသည်။

''ဟေ့ကောင် ဇေတိုး''

''ဘာလဲကွ အောင်ဇော်''

''ဘိန်းဖြူဆိုတာ ...ဘယ်

**ပစ္စည်းများ**
**လိုက်ကောက်ရောင်းရာမှ**
**လစ်လျှင်တိုလာကြသည်။**
**တိုရုံမက**
**ခါးပိုက်နှိုက်အလုပ်ကို**
**လုပ်လာကြသည်။**
**ဆေးလိပ်သောက်ရာမှ**
**ကော်ရှူလာသည်။**

မှာဝယ်ရသလဲကွ''

''မင်းဘာလုပ်မလို့လဲကွ''

''အဲဒီဆိုဲဘိန်းဖြူကို စီးကရက်ထဲ ထည့်သောက်ရင် သိပ်ကောင်း တယ်တဲ့ကွ ... ငါတို့ လမ်းထဲက အစ်ကိုကြီးတွေ ပြောတယ်''

ဖိုးငွေးက အချဉ်ထုပ်စားရင်း ဝင်ပြောသည်။

''ဟုတ်တယ်ကွ· လမ်းထဲက အစ်ကိုကြီးနှစ်ယောက် ဝယ်ခိုင်းလို့ ငါသွားဝယ်ပေးဖူးတယ်။ ဖြူဖြူ အမှုန့်တွေကွ။ ရောင်းတဲ့သူကို ငါ သိတယ်၊ ဒါပေမယ့် အစ်ကိုကြီး နှစ်ယောက်က ဘယ်သူ့မှမပြောရ ဘူး၊ ပြောရင်သတ်ပစ်မယ်လို့ ပြော ထားတာကွ''

''အဲဒါဆို မင်းသွားဝယ်ရင် ရမှာပေါ့''

''အေး ... ရတာပေါ့ကွ၊ ငါ မုန့်ဖိုးရလို့ ခဏခဏသွားဝယ်ပေး နေတာကွ''

''ဒီတစ်ခါ ပိုက်ဆံများများ ရရင် ဝယ်ပြီး စီးကရက်ထဲ ထည့် သောက်ကြည့်ရအောင်''

''အေး ... ကောင်းတယ်''

ဇေတိုးအဆိုကို ဖိုးငွေးနှင့် အောင် ဇော်က ပြိုင်တူထောက်ခံပြီး လက် ဝါးချင်းရိုက်လိုက်ကြသည်။ကလေး သုံးယောက်မှာ အတူမြင်းတတ် သင်လာကြသည်။ မကောင်း

www.burmeseclassic.com

www.burmeseclassic.com



သော တိုးတက်မှုများ ဖြစ်လာကြသည်။ သူတို့လုပ်ငန်းမှာ ပစ္စည်းများ လိုက်ကောက်ရောင်းရာမှ လစ်လျှင်တိုလာကြသည်။ ယခုဆိုလျှင် တိုရုံမက ခါးပိုက်နှိုက်အလုပ်ကို လုပ်လာကြသည်။ ဆေးလိပ်သောက်ရာမှ ကော်ရှူလာသည်။ ယခုဆို တစ်ဆင့်တက်ပြီး ဘိန်းဖြူကို သုံးစွဲရန် ကြိုးစားလာကြသည်။ အကွပ်မဲ့ကြမ်း ပရမ်းပတာဆိုသလို အုပ်ချုပ်သူ မရှိသဖြင့် သူတို့အတွေးနှင့် သူတို့ ထင်ရာစိုင်းလာကြသည်။ မှောင်စပျိုးသောလမ်းကို စမ်းလျှောက်ရာမှ ပို၍မှောင်မိုက်သော လမ်းဆီသို့ ခြေလှမ်းများ တိုးလာကြ ပြီဖြစ်သည်။

(၃)

တနင်္ဂနွေနေ့ နံနက်ခင်းဖြစ်သည်။

အလုပ်ရုံ စက်ရုံများလည်း ပိတ်၊ လစာထုတ်ပြီးစရက်လည်း ဖြစ်သဖြင့် လှိုင်သာယာ မီးခွက်ဈေးမှာ လူများကြိတ်ကြိတ်တိုးစည်ကားနေသည်။

ငတိုးတို့ သုံးယောက်သည် မီးခွက်ဈေးထဲရှိ ဈေးဆိုင်များနားတွင် ရစ်သီရစ်သီနှင့် အခြေအနေကို အကဲခတ်နေကြသည်။သစ်သီးဆိုင်တွင် ဝယ်ယူသူများသဖြင့် သူတို့သုံးယောက် လူခွဲပြီး အခြေအနေကို ကြည့်နေကြသည်။ အဝတ်အထည်ကောင်းများ ဝတ်ဆင်ထားသော ဝဝဖိုင့်ဖိုင့် အဒေါ်ကြီးတစ်ယောက်သည် ဆွဲခြင်းကိုဘေးချထားပြီး ပန်းသီးများကို သဲကြီးမဲကြီးရွေး နေသည်။ဆွဲခြင်းထဲ၌ ပိုက်ဆံ အိတ်ကိုထည့်ထားသည်။

ငတိုးက ဆွဲခြင်းနားကပ်သွားသည်၊ ထိုစဉ်တွင် ကုမ္ပဏီကားတစ်စင်း ဝင်လာရာ ဆက်သွားလို့မရသဖြင့် သစ်သီး ဆိုင်ရှေ့တွင် ရပ်လိုက်သည်။ ငတိုးသည် ကားဘေးမှကပ်ပြီး ဆွဲခြင်းထဲမှ ပိုက်ဆံအိတ်ကို နှိုက်ယူကာ ကားတစ်ဖက်သို့ ပတ်ထွက်ပြီး ဈေးလမ်းထဲသို့ဝင်ကာ ပြေးသွားသည်။ မနီးမဝေးမှ ကြည့်နေကြသော အောင်ဇော်နှင့်ဖိုးငွေး လည်းလူများကြား တိုးဝှေ့သွားပြီး အခြားလမ်းကြားတစ်ခုထဲသို့ ဝင်ကာပြေးကြသည်။ အမှတ်တမဲ့မို့ မည်သူမျှ မမြင်လိုက် မသိလိုက်ကြပေ။

သူတို့၏ ဆုံမှတ်သည် လှိုင်သာယာ (၁) ထိပ်၊ ဈေးသစ်နားမှ အောင်ဇေယျ ကြိုးတံတားအောက်ဖြစ်သည်။ မကြာမီ ထိုနေရာသို့ သုံးယောက်သား မောကြီးပန်းကြီးနှင့် ရောက်လာကြသည်။ လူရှင်းသောနေရာ ဖြစ်၍ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်ကြသည်။

"ဟာ … ပွတာပဲ ပိုက်ဆံတွေ အများကြီးပဲ"

ဖိုးငွေးက ဝမ်းသာအားရ ပြောလိုက်သည်။

"ငတိုး … မင်းတော်တယ် ဆရာကြီးပီသတယ်"

အောင်ဇော်ကလည်း ငတိုးကို ချီးကျူး ထောပနာပြုလိုက်သည်။

ငတိုးက ပိုက်ဆံများကို ရေတွက်ပြီး ပိုက်ဆံအိတ်ကို လက်စဖျောက်ရေထဲသို့ လွှင့်ပစ်လိုက်သည်။

"ဒီမှာ … ငွေကနှစ်သောင်းခွဲရဲ့အကြွေတွေ … ဒီတော့ မင်းတို့က တစ်ယောက် ငါးထောင်စီယူ၊ ငါကတစ်သောင်းနဲ့ အကြွေတွေယူမယ်"

"ဟာ … ဒီလိုခွဲလို့ဘယ်ရမလဲကွ … ညီတူခွဲပေါ့"

"အေး … ဟုတ်တယ် … မင်းပိုယူလို့ ဘယ်ရမလဲကွ"

ဖိုးငွေးနှင့် အောင်ဇော်ကမကျေမနပ်ပြောကြသည်။

"မင်းတို့က နှိုက်တာ မဟုတ်ဘူး၊ ငါကနှိုက်ရတာ မိရင်ငါက အထိုးအကြိတ်လည်း ခံရမယ်၊ အချုပ်ထဲလည်းရောက်မယ်၊ ရော့ ငါပေးတဲ့အတိုင်းယူ မကျေနပ်ရင်

www.burmeseclassic.com

www.burmeseclassic.com



သေကွာ”

ငတိုးက ပြောပြောဆိုဆို သူ့ဝေစုကို အင်္ကျီအိတ်တွင်းသို့ ထိုးသွင်းပြီး မတ်တပ်ရပ်လိုက်သည်။

“အေး … အဲဒါဆို မင်းငါတို့အိမ်မှာ ထမင်းလိုက်မစားနဲ့ အိပ်လည်းမအိပ်နဲ့”

ဖိုးဌေးကပြောလိုက်သည်။

“အေး … ရတယ် … စားလည်းမစားဘူး … အိပ်လည်းမအိပ်ဘူး … ဒီနေ့ကစပြီး မင်းတို့နဲ့ငါ လမ်းခွဲတယ်ကွာ”

ငတိုးကပြောပြီး ထွက်သွားသည်။

“မင်း … ငါတို့အကြောင်းသိမယ်ကွ”

အောင်ဖော် လှမ်းပြောလိုက်သည့်စကားကိုတော့ ငတိုးကြားမကြားမသိ၊ ငတိုးကတော့ လှည့်မကြည့်ဘဲ ဈေးဘက်ဆီသို့ ခပ်သွက်သွက် လျှောက်သွားသည်။ ဖိုးဌေးနှင့် အောင်ဖော်မှာ မကျေမနပ်နှင့် အိမ်သို့ပြန်လာကြသည်။ မကျေနပ်သော်လည်း ဤမျှလောက်များပြားသော ငွေကို မကိုင်စဖူး ကိုင်ရသဖြင့် ဝမ်းတော့သာနေကြသည်။

ငွေသည် လူတိုင်း၏ သည်းခြေကြိုက်ဖြစ်သည်။ ငွေမြင်လျှင် လောဘရမ္မက် ဖြစ်လာတတ်ကြသည်။ ယခုဆိုလျှင် မကောင်းမှုကို လက်တွဲလုပ်လာကြသော ကလေးသုံးယောက်သည် ငွေမြင်တော့ လောဘရမ္မက်များ ဖြစ်လာကြပြီး စိတ်ဝမ်း ကွဲသွားကြပြီ မဟုတ်ပါလော။

ငတိုးသည် မြို့သစ်ဈေးထဲမှ ဘောင်းဘီတိုတစ်ထည်နှင့် အင်္ကျီတစ်ထည်ကို ဝယ်လိုက်သည်၊ ပြီးတော့ အဟောင်းနှင့် အသစ်ကိုလဲဝတ်လိုက်သည်။ အဝတ်ဟောင်းများကို ကျွတ်ကျွတ်အိတ်တစ်လုံးဝယ်ပြီး ထည့်လိုက်သည်။ ငွေများကို ဘောင်းဘီအိတ်နှင့် အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။ ဗိုက်ဆာလာသဖြင့် ထမင်းဆိုင်သို့ ဝင်ကာ စားလိုက်သည်။ ပြီးတော့ အအေးဆိုင်သို့ဝင်ပြီး အအေးသောက်လိုက်သည်။

အချိန်မှာ ညနေစောင်းပြီး နေဝင်ချိန်ဖြစ်သည်။ အချိန်တန်၍ အိမ်ပြန်ချိန်ဖြစ်သည်။ ကျေးငှက်များပင် အစာရှာသွားရာမှ အိပ်တန်းတက်ရန် ပြန်လာကြပြီ ဖြစ်သည်၊ ငတိုးလေးမှာ အချိန် တန်သော်လည်း ပြန်စရာအိမ် မရှိပေ။ အဖြူအစိမ်း ဝတ်စုံလေးဝတ်၊ လွယ်အိတ် ကလေးလွယ်ကာ စာသင် ကျောင်းသို့ သွားနေရမည့် အရွယ်တွင် လမ်းတကာဈေးတကာသို့ လှည့်လည်သွားပြီး မိမိစားဝတ်နေရေးအတွက် မကောင်းမှု ဒုစရိုက်လုပ်ငန်းနှင့် ဝမ်းကျောင်းနေရရှာသည်။ ငတိုး လိုကလေးများ ဘယ်လောက်များ ရှိနေကြမည်နည်း။

(၄)

မိုးမှာ တဖြည်းဖြည်းချုပ်လာသည်။ ငတိုးတစ်ညတာ ကျောချစရာနေရာကို ရှာရတော့မည်၊ ဝေးဝေးလံလံ စဉ်းစားမနေတော့ သူ မကြာမကြာ ကျောခင်းခဲ့သော ညောင်ရွာမှ ကင်းတဲလေးဆီသို့ ခြေဦးလှည့်ခဲ့သည်။ ကင်းတဲဆိုသော်လည်း ကင်းမစောင့်ပါ။ လေးတိုင်စင်လေး ဖြစ်သည်။ တိုင်များက ယိုင်၊ အခင်းကကျိုး၊ အမိုးအကာ ဗလာနတ္ထိဖြစ်သည်။ သူ ဒီရွာသို့ရောက်စကလည်း ဒီကင်းတဲလေးမှာပင် စခန်းချခဲ့သည်။ အဝတ်ဟောင်း ထည့်ထားသော ကျွတ်ကျွတ်အိတ် ကလေးကို ခေါင်းအုံးပြီး ကောင်းကင်ကြီးကို မော့ကြည့်နေသည်။ ညမှာ မှောင်မိုက်ပြီး မဟူရာ ကောင်းကင်ကြီးတွင် ငွေကြယ်ပွင့်လေးများက အမှောင်ထုကို ထိုးဖောက်ပြီး တလက်လက် တောက်နေသည်။ ငတိုးသည် ငွေကြယ်လေး

www.burmeseclassic.com

www.burmeseclassic.com



များကိုလိုက်ပြီး ကြည့်ကာ ရေတွက်နေမိသည်။

"ဒီကောင် .. တခြားဘယ်မှ အိပ်စရာမရှိဘူးကွ ... ဟိုကင်းတဲထဲမှာဘဲ အိပ်မှာပဲ"

"အေး ... ဖြစ်နိုင်တယ်ကွ"

ဖိုးငွေးနှင့် အောင်ဇော်သည် ကင်းတဲရှိရာသို့ အမှောင်ရိပ်ခိုကာ လာကြသည်။ ငတိုးကတော့ အိပ်မပျော်သေး မနက်ဖြန် ဘယ်နေရာသွားရမည်ကို တွေးနေသည်။

"ဟိုမှာတွေ့လား ... အိပ်နေတယ်"

"လာ ... သွားမယ်"

အောင်ဇော်က ကင်းတဲပေါ်သို့ တက်လိုက်သည်။ ဖိုးငွေးကလည်း နောက်မှလိုက်တက်သည်။ နှစ်ယောက်သား ငတိုးဆီမှပိုက်ဆံကို အတင်းလုကြသည်။ ငတိုးက ပြန်လုသည်၊ အောင်ဇော်တို့ နှစ်ယောက်ကလည်း ဝိုင်းထိုးသည်။ ထွေးလုံး သတ်ပုတ်ရင်း ကင်းတဲအောက် ရောက်လာကြသည်။ ဆူဆူညံညံဖြစ်သဖြင့် လူအများရောက်လာကြသည်။ ဖိုးငွေးဖခင်လည်း ရောက်လာသည်။ ဖိုးငွေးမျက်နှာ ဖူးယောင်နေသည်ကို တွေ့သဖြင့် ဒေါသထွက်ပြီး ငတိုးလေးကိုထိုးသည်၊ ခြေနှင့်ကန်သည်၊ ဆွဲမည့်သူမရှိ ငတိုးလေးမှာ မြေပေါ်တွင် ပက်လက်လန်နေသည်။

ထိုအချိန်တွင် ကိုတင်ရမှာမိတ်ဆွေတစ်ယောက် အိမ်မှအပြန်နှင့် ကြုံသဖြင့် ဝင်ကြည့်ရာ မြင်ကွင်းမှာမလှ၊ မတရားကျလွန်းသဖြင့် ဒေါသဖြစ်သွားသည်။

"ဟေ့ ... မင်းတို့တော်ကြတော့ ... ကလေးတစ်ယောက်ကို ဝိုင်းထိုးပြီး ကန်ကြောက်နေတာ တရားလွန်တယ်"

"ဒီကောင် ဘယ်က ကလေကချေမှန်းမသိဘူး ... သူထိုးထားတာ ကျုပ်သား မျက်နှာဖူးယောင်နေတာပဲ ဒီကောင့်ကို သတ်ပစ်မယ်"

ဖိုးငွေးဖခင်က ပြောလိုက်သည်။

"ဟေ့ ... မင်းမဲ့တိုင်းပြည် မဟုတ်ဘူး ... ပြီးတော့ဒီကလေးက ငါ့တူကွ ... ငါ့တူကို ငါခေါ်သွားမယ် .. လာ ဟေ့ကောင်"

ကိုတင်ရက ကလေးကိုကယ်တင်ချင်သဖြင့် သူ့တူဟု ပြောပြီး ခေါ်လာသည်၊ ငတိုးလေးမှာလမ်းတောင်ကောင်း ကောင်းမလျှောက်နိုင်၊ မျက်နှာတစ်ခုလုံး ဖူးယောင်ပြီး မျက်လုံးမှာ ပိတ်နေသည်၊ နှာခေါင်းမှလည်း သွေးများယိုစီးကျနေသည်။ ကိုတင်ရက ငတိုး



www.burmeseclassic.com

www.burmeseclassic.com





လေးကိုတွဲခေါ်ရင်း သူသိချင်သည်များကိုမေးသည် ငတိုးကလည်း ပြောပြသည်။

ကြီးနိုင်ငယ်ညှဉ်း အားနည်းသူကို အားများသူက နှိပ်စက်အနိုင်ယူနေသော အကျင့်စရိုက်သည် နေရာတိုင်းမှာ ရှိနေပါလား။

ကိုတင်ရက ငတိုးကိုတွဲပြီး ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်းထဲသို့ ဝင်လိုက်သည်။

"ဟာ … ဦးတင်ရပါလား … လာထိုင်ဗျ … ကလေးမျက်နှာမှာလည်း ဖူးယောင်ပြီးသွေးတွေနဲ့ပါလား"

"ဟုတ်တယ် … အုပ်ချုပ်ရေးမှူးရေ … ဒီကလေးကိစ္စလာတာပဲ"

ကိုတင်ရက သူမြင်တွေ့ခဲ့ပုံနှင့် သူသိသမျှကို ရပ်ကွက်အုပ်ချုပ်ရေးမှူးအား ပြောပြသည်။

"ဖြစ်မှ ဖြစ်ရလေဗျာ … ဦးတင်ရနဲ့ တွေ့လို့သာပေါ့ … ဦးတင်ရ ဘယ်လိုလုပ်ချင်ပါသလဲ ပြောပါ … ကျွန်တော် ဆောင်ရွက်ပေးပါမယ်"

"ဒီကလေးက ဘာပဲဖြစ်နေဖြစ်နေပေါ့ဗျာ … မိဘဆွေမျိုးလည်းမရှိ၊ နေစရာစားစရာလည်းမရှိဆိုတော့ ဒီအတိုင်းပစ်ထားရင် သူ့ဘဝလေးပိုနစ်သွား ပျက်စီးသွားလိမ့်မယ်။ အဲဒါကြောင့် ကျွန်တော် မွေးမယ်ဗျာ။ လူကောင်းသူကောင်းလေး ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးချင်တယ်။ အဲဒါ အုပ်ချုပ်ရေးမှူးတို့က တရားဝင်အသိအမှတ် ပြုပေးပါဗျာ"

"ဟာ … သိပ်ကောင်းတာပေါ့ဗျာ၊ ဦးတင်ရရဲ့ စိတ်ဓာတ်ကို သိပ်လေးစားပါတယ်။ ဟောဒီအဖွဲ့ဝင်တွေကို သက်သေထားပြီး စာရွက်စာတမ်းနဲ့ တရားဝင်လုပ်ပေးပါမယ်"

"သူ့နာမည်ကိုလည်း မသိဘူး။ အားလုံးရှေ့မှာပဲ နာမည်ပေးလိုက်မယ်ဗျာ … လမ်းပေါ်က ကောက်ရလို့ … ကောက်ရပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်ဖျို့.. ကောင်းတယ် ... ကောင်းတယ်"

ကိုတင်ရ ပေးလိုက်သောနာမည်ကို အားလုံးက သဘောကျသွားကြသည်။ ကိုတင်ရလည်း ငတိုးတဖြစ်လဲ ကောက်ရလေးကို တွဲကာအိမ်သို့ ခေါ်လာခဲ့ပါသည်။

❑

"အကြောင်းစုံကတော့ အဲဒါပဲဆရာရေ့"

ကိုတင်ရ မောသွားသဖြင့် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်သည်။ ပြီးတော့ ဆက်ပြောလိုက်သေးသည်။

"ခုတော့ ... လူကောင်းလေးဖြစ်သွားပြီ ... လမ်းထဲမှာ ရေထမ်းရောင်းတယ်။ အိမ်လုပ်ငန်းတွေလုပ်တယ်။ ကျွန်တော်နဲ့ အတူ အလုပ်လိုက်လုပ်တယ်။ ရသမျှပိုက်ဆံကို ပြန်ပေးတယ်။ တစ်အိမ်သားလုံးကလည်း ချစ်ကြတယ်။ သူစာဖတ်တတ်သွားရင် ရှင်ပြုပေးမယ် ပြောထားတယ်လေ"

"ကောင်းလိုက်တာဗျာ ... ဝမ်းသာစရာပဲ။ သူ့လို စာမတတ်တဲ့ ကလေးတွေရှိရင် ပို့ပေးပါ ... ကျွန်တော်စေတနာနဲ့ သင်ပေးပါ့မယ်"

ကျောင်းသို့ သွားနေရမည့်
အရွယ်တွင်
လမ်းတကာ ဈေးတကာသို့
လှည့်လည်သွားပြီး
မိမိစားဝတ်နေရေးအတွက်
မကောင်းမှု
ဒုစရိုက်လုပ်ငန်းနှင့်
ဝမ်းကျောင်းနေရရှာသည်။

"ဟုတ်ကဲ့ဆရာ ... ဆရာ့စေတနာကို လေးစားပါတယ်"

ကိုတင်ရတို့ သားအဖ ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်သွားကြသည်။ ကျွန်တော်ကတော့တွေးပြီး ကျန်ခဲ့သည်။ ကလေးများ၏ ပကတိစိတ်ဓာတ်သည် အဖြူရောင်သက်သက်ဖြစ်သည်၊သို့သော် မကောင်းသော ပတ်ဝန်းကျင်၊ ဆိုးရွားသော ကံကြမ္မာကြောင့် အရောင်ပြောင်းပြီး ညစ်နွမ်းသွားရသည်။ ကိုတင်ရလို လူမျိုးများရှိလျှင် ကောက်ရလို ကလေးများဘဝသည် ယနေ့ ငွေကြယ်၊ နောင်ဝယ်လမင်း၊ နေတစ်စင်းလို ထွန်းလင်း တောက်ပလာကြမည် ဟူ၍။


"လှိုင်သာယာ ညောင်ရွာမှ ကိုတင်ရ မိသားစုသို့ အမှတ်တရ"

***မောင်အေးနှစ် (ပညာရေး)***

www.burmeseclassic.com



တင်ပေသော် (သထုံ)



# တရားခွင်အတွင်းက မြင်ကွင်းတစ်ခု

မတော်တရော် အပြုအမူမြင်ကွင်းတစ်ခုကို တွေးဆဆင်ခြင်စရာ အဖြစ်ရေးပြချင်ပါသည်။ ကျွန်ုပ်သည် အမြင်မတော်သော မြင်ကွင်းတစ်ခုကို မြင်တွေ့ခဲ့ရပါသည်။ ခရိုင်တရားရုံးတွင်ဖြစ်ပါသည်။ ယခုနှစ် (၂၀၁၃- ခုနှစ်) ပြီးခဲ့သော ဧပြီလ၏ ပူပြင်းလှသော နွေရာသီ၏ အပူဒဏ်ကို ကျွန်ုပ်တို့ အတော် ခံလိုက်ကြရသည်။ ထိုခရိုင် တရားရုံးတွင်ခရိုင်အဆင့်ရှိ တရားသူကြီး (အမျိုးသား) တစ်ဦး၏ အပူဒဏ်ကို အံတုလျက် အပူဒဏ်သက်သာလိုသက်သာငြား လုပ်ရှားပြုမူသည့်ပုံစံကို 'မကြည့်ချင် မြင်လျက်သား' ဖြစ်ခဲ့သမျှကို ဖော်ပြလိုခြင်းဖြစ်ပါသည်။

သင်္ကြန်ကာလ အစိုးရရုံးပိတ်ရက်အတွင်း၌ ကျွန်ုပ်တို့ အစိုးရဝန်ထမ်း (ဗုဒ္ဓဘာသာဝင်) အမျိုးသား အချို့သည် မိမိတို့နှင့် နီးစပ်ရာ အရပ်ဒေသ၊ ပတ်သက်ရာ ကိုးကွယ်ရာ ဘုန်းတော်ကြီးကျောင်း၊ တရားရိပ်သာများတွင် ဒုလ္လဘရဟန်းအဖြစ် သာသနာ့ဘောင်သို့ ခေတ္တဝင်ရောက် ရဟန်းပြုလေ့ရှိကြသည်ကို အများသူငါ သိကြပါလိမ့်မည်။

ကျွန်ုပ်အထက်က ဆိုခဲ့ပြီးသော ခရိုင်တရားရုံးမှ ခရိုင်အဆင့်တရားသူကြီး (အမျိုးသား) တစ်ဦးမှာလည်း သင်္ကြန်များကို ရုံးပိတ်ရက်

www.burmeseclassic.com



အတွင်း၌ ဒုလ္လဘ ရဟန်းပြုခဲ့ခြင်း ဖြစ် ဟန်တူပါသည်။ ရုံးများပြန်ဖွင့်သည့်အခါ ထိုတရားသူကြီးမှာ သာမန်သူ သူငါထက်ပိုပြီး ပူတတ်အိုက်တတ်ပုံရပါသည်။ ၄င်း၏ အလွန် ပူတတ်အိုက်တတ်သော အဖြစ်သနစ်ကို ကျွန်ုပ်တွေ့မြင်ခဲ့ရသည်မှာ များစွာစိတ်မကောင်း ဖြစ်ရပါသည်။

တရားခွင်အတွင်းမှာပင် ထိုတရားသူကြီးသည် ပြစ်မှုဆိုင်ရာမှုခင်းများ၊ တရားမမှုခင်းများ စစ်ဆေးရာ ၄င်း၏ တာဝန်ကျရာ တရားရုံးတွင် တရားသူကြီး၏ ထိုင်ခုံ၌ ထိုင်လျက်ပြုံးစစ ပြိတ်တိမျက်နှာပေးဖြင့် 'သူ၏ကတုံးပြောင်နေသည်ကို နေမတတ်ထိုင်မတတ်ဖြစ်နေပုံရသည်။' ၄င်း၏ ဦးခေါင်းပေါ် ဆောင်းထားသော ရွှေဖလားရောင် မောင့်ကြက်သရေခေါင်းပေါင်းကို ချွတ်လိုက်၊ စားပွဲခုံပေါ်ချလိုက်၊ ပြန်စွပ်လိုက်၊ချလိုက် ခေါင်းတုံးကိုပွတ်လိုက်နှင့် မကြာခဏ ပြုလုပ်၏။ ဝတ်ဆင်ထားသော ဝတ်ရုံအနက်ကြီးမှ အစိမ်းရောင် အနားကွပ် ရင်ဘတ်ဖုံးကော်လံပြားကိုလည်း စေ့မထားဘဲ ဟာလာ ဟင်းလင်းဖွင့်ထား၏။ ဝတ်ရုံအောက်က ရှပ်အင်္ကျီအဖြူ၏ ကော်လံကြယ်သီးကိုလည်း ဖြုတ်ထား၏။ အလွန်ပင် ပူအိုက်သည့်ပုံစံမျိုးကိုပြုလျက် ပါးစပ်ကလေပူများကို တဟူးဟူး မှုတ်ထုတ်ပြီး ဝတ်ရုံရင်ဖုံးကို ဝဲယာနှစ်ဖက် ယပ်တောင်ခတ်သလိုမျိုး လက်နှစ်ဖက်ဖြင့် မကြာခဏပင် လေဝင်အောင် ဖွင့်လိုက် ပိတ်လိုက် တဖျပ်ဖျပ် လုပ်နေ၏။ ထိုသို့ပြုနေရင်းကပင် အမှုသည်များကို သဘောမတွေ့ဟန်ဖြင့် ခပ်ထန်ထန်လှမ်း၍ ဟိန်းဟောက် မာန်မဲတတ်ပြန်သေးသည်။

ပုဆိုး၏
အောက်အနားကိုလုံး
ဆုပ်လိပ်တင် သိမ်းထုတ်ပြီး
ပေါင်တွင်းဂွဆုံ၌
ထိုးသိပ်ထား၏။

၄င်းခန္ဓာကိုယ် ခါးအောက်ပိုင်းတွင်ကား ဝတ်ထားသော ပုဆိုး၏ အောက်အနားကိုလုံး ဆုပ်လိပ်တင် သိမ်းထုတ်ပြီး ၄င်း၏ ပေါင်တွင်းဂွဆုံ၌ ထိုးသိပ်ထားသေး၏။ ပြီးလျှင် ဘယ်ဒူးပေါ် ညာဒူးတင်လိုက်၊ ညာဒူးပေါ် ဘယ်ဒူးတင်လိုက် ပြုရုံတွင်သာမက ဒူးနှစ်လုံးကိုလည်း လှုပ်ရမ်းလျက်နေပြန်၏။ အပေါ်ပိုင်း ကိုယ်ခန္ဓာပင် သိမ့်သိမ့်လှုပ်နေ၏။

ထိုမြင်ကွင်းသည် တရားစီရင်ရာ တရားရုံးတော်၏ စင်မြင့်ပေါ်၊ ခုံပေါ်တွင်ဖြစ်၍ ထိုရုံးခန်းခုံဘေး၏ စကြံလမ်းကဖြတ်သွားဖြတ်လာသူများ အားလုံးမြင်နိုင်ကြပါသည်။ ကျွန်ုပ်မြင်သကဲ့သို့ အခြားသူများလည်း မြင်ကြသည်

www.burmeseclassic.com



သာ။ ကြီးသူ၊ ငယ်သူ အရွယ်စုံ ပင်မြင်နိုင်ကြပါသည်။

တော်ပါသေးသည်။ ထိုတရားသူကြီးထိုင်ရာ ကုလားထိုင်ခုံ၊ စားပွဲခုံနှင့် စင်မြင့်တို့မှာ အရှေ့ဘက်တွင် အတားအဆီး ကာရံထားပြီး နီရဲသော အဝတ်ထည်လွှာ လွှမ်းပတ်ထားသောကြောင့် ၎င်း၏ ရှေ့မှောက်အောက်တွင်ရောက်ရှိနေကြသော ရှေ့နေ ရှေ့ရပ်များ၊ ဥပဒေဝန်ထမ်းများ၊ လက်နှိပ်စက်စာရေးနှင့် အမှုသည်ကြီးကြီးငယ်ငယ်၊ ကျားကျားမမတို့အတွက် မတော်တရော်မြင်ကွင်းမှ သက်သာခြင်းရကြပေသည်။

ကျွန်ုပ်မှုကား ထိုတရားသူကြီးထိုင်သည့် စင်မြင့်ခုံနေရာ၏ နံဘေးပြူတင်းပေါက် တည့်တည့်မှ စင်္ကြံလမ်းတွင် သွားရပ်မိနေရင်းက ဘေးတိုက် အနေအထားဖြင့် ကောင်းစွာ တွေ့မြင်ခဲ့ရခြင်းဖြစ်ပါသည်။ တစ်ကြိမ်လည်းမဟုတ် နှစ်ကြိမ်လည်း မဟုတ်။ တစ်ရက်လည်းမဟုတ် နှစ်ရက်လည်း မဟုတ်ပါ။ ကျွန်ုပ် စိတ်ထဲတစ်မျိုးကြီးပဲ ခံစားခဲ့ရပါသည်။

အကယ်၍များ ထိုတရားသူကြီး၏ လှုပ်ရှားမှုအဖုံဖုံ အလုံးစုံကို ၎င်း၏ ရှေ့မှောက်တွင် အဝိတ်၊ အကာ၊ အတားအဆီး တစ်စုံတစ်ရာ မရှိပြားအံ့၊ အရှေ့တွင် ရောက်ရှိလာကြသော လူသူပရိသတ်အတွက် မြင်ကြရမည့်မြင်ကွင်းမှာ 'အမြင်မတော် စင်ပေါ်ကခလောက်' ဖြစ်နေပေလိမ့်မည် မဟုတ်တုံလော။ ဒါမှမဟုတ် ကျွန်ုပ်တို့ ငယ်စဉ် တောင်ကျေးကလေးဘဝက အော်ဟစ်သီဆိုခဲ့ဖူးကြသော သီချင်းထဲမှ 'မုန့်လုံးစက္ကူကုပ်၊ ကြာကလပ်ပေါ် ဆွမ်းတော်တင်၊ ပလ္လင်ပေါ်က (---) ကလေးဆိုတာမျိုးလည်း ဖြစ်နိုင်သေး၏။ တွေးပြီးမြင်ကြည့်ကြပါလေကုန်။

တကယ်ဆိုလျှင် တရားရုံးများသည် အများပြည်သူလေးစားခံ့ညားကြရမည့် နေရာမျိုး ဖြစ်ပါသည်။ ယုံကြည်ကိုးစား အားထားကြမည့် နေရာမျိုးလည်းဖြစ်သည်။ အနီတရားသူကြီးသည် ဆန္ဒနှင့်ဘဝကို နားလည်သင့်သည်။ ကိုယ်ဖြစ်ချင်တာသာ ပြု၏။ တော်၏မတော်၏ မဆင်ခြင်။ ပညာရှိသော်လည်း သတိဖြစ်ခဲ၍လော မပြောတတ်။ သူ၏ လှုပ်ရှားမှုများသည်ကား မလျော်မကန် မတော်မမှန်။

ကျွန်ုပ် ကြားဖူးမှတ်ဖူးထားတာရှိပါသည်။ တရားခွင်ရှေ့မှောက် ရောက်လာကြကုန်သော ရှေ့နေ ရှေ့ရပ်များ၊ အမှုသည်များ၊ သက်သေများအနေဖြင့် တရားခွင်၌ မတော်တရော် တစ်စုံတစ်ရာ ပြောမှားဆိုမှား ပြုမူချက်များမှားခဲ့ကြသည်ရှိသော်-


"တရားရုံးအား မထီမဲ့မြင်မှု" ဖြင့်တရားစွဲဆိုခြင်း ခံရနိုင်ဖွယ်ရှိကြောင်း။ ယခုကျွန်တော် ဖော်ပြခဲ့သော တရားသူကြီး၏ ပြုမူပြောဆို၊ နေထိုင် လှုပ်ရှားပုံမျိုးသည်ကား ဘာကိုမထီမဲ့မြင် ပြုရာကျလေဘိသနည်း။ ပြုအပ် မပြုအပ် သတိချပ်သင့်သည် မဟုတ်ပါလော။

တွေးဆ ဆင်ခြင်စရာအဖြစ် ရေးပြချင်ပါသည်။

တင်မေဘော် (သထုံ)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



နီလေးမောင်

# ပလက်ဖောင်းပေါ်မှ လှည့်ကွက်များ

"ဟောဒီမှာ သံပုံးကလေး တစ်လုံး။ သေသေချာချာကြည့်ကြပါ။ မှောက်ကြည့်မလား၊ သွန်ကြည့်မလား၊ နှိုက်ကြည့်မလား။ ဘာမှမရှိဘူးနော်။ သေချာပြီလား။ ကဲ ... ဒီလိုဆိုရင် ဟောဒီ ပဝါလေးကို ပုံးပေါ်အုပ်လိုက်ပြီ ...

ကြားဖြတ် ကျွန်တော် တစ်ခု အစီရင်ခံချင်တာက၊ ထူးထူးခြားခြား ဒီနေ့ဟာ ကျွန်တော့်ရဲ့ မွေးနေ့နဲ့ တိုက်ဆိုင်နေပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ မွေးနေ့အတွက် ဆုမွန်ကောင်း တောင်းပေးကြပါခင်ဗျာ။ ကျွန်တော်ကလည်း တုံ့ပြန်တဲ့အနေနဲ့ ကလေးတွေအတွက် လက်ဆောင်ကလေးတွေ ပြန်ပေးပါ့မယ်။ ဒါပေမဲ့ ရုတ်တရက်ချက်ချင်း လက်ဆောင် ပစ္စည်းဝယ်ဖို့က လည်း မလွယ်ဘူးလေ။ ဒီတော့ ဖြစ်သလိုပဲ လုပ်ရတော့မှာပဲ ...

ဟောဒီ ဘာမှမရှိတဲ့ပုံး ထဲကို ကလေးတွေအတွက် လက်ဆောင်ပစ္စည်းတွေ ရောက်လာဖို့ အထက်ဆိုင်ရာပိုင်ရာတွေကို မေတ္တာရပ်ခံထားပါတယ်။ ခု ပစ္စည်းတွေ ရောက်လာပြီ။ ကလေးတွေကို ဝေပေးပါတော့မယ် ခင်ဗျား"

မှန်ပါသည်။

ဘာမှမရှိသောပုံးထဲမှ ဘီစကွတ်မုန့်များ၊ သကြားလုံးများ၊ ချောကလက်ထုပ်များ၊ ကလေးကစားစရာအမျိုးမျိုးကို တစ်ခုပြီး တစ်ခု နှိုက်ထုတ်နေသည်။ နောက်ဆုံး ခိုအရှင်များ တစ် ကောင်ပြီး တစ်ကောင် ထုတ်ယူနေပြန်သည်။

လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် ဩဘာပေးသံကြီး ထွက်ပေါ်လာသည်။ မျက်လှည့်ပွဲတစ်ခုမှ ပြကွက် သို့မဟုတ် လှည့်ကွက်ကလေးတစ်ခု ဖြစ်ပါသည်။

❖❖❖

ယခု ကျွန်တော်တင်ပြမည်က ပလက်ဖောင်းပေါ်မှ လှည့်ကွက်ကလေးများအကြောင်း ဖြစ်ပါသည်။ မျက်လှည့်ပြပွဲတွင် ပြနေသည့် မျက်လှည့်ဆရာ၏ ပြကွက်၊ လှည့်ကွက်သည် ဖြေဖျော်မှုနှင့် ယှဉ်နေသည်မို့ သူတစ်ပါးကို မထိခိုက်ပါ။ မျက်လှည့်ဆရာ ဘယ်လိုလှည့်သည်ကို သိမထားပါမှကြည့်ရသူအဖို့ ခံစားမှု အပြည့်အဝ ရှိမည်ဖြစ်သော်လည်း ...

ယခု ကျွန်တော်တင်ပြမည်

www.burmeseclassic.com



“ငါ့မိန်းမကို
အခန်းသော့ပိတ်ပြီး
တစ်ခါတည်း
ဆင်းလာခဲ့ဖို့ပြောကွာ။
ငါဒီကစောင့်မယ်။

လှည့်ကွက်များကတော့ သူတစ်ပါးကို ကောင်းကောင်းထိခိုက်ပါသည်။ ရေသာခို၊ အချောင်လိုက် ဖြတ်လမ်းစိတ်ဓာတ်ကို ဦးတည်ပါသည်။ သည်တော့ ကြိုတင်သိထားပါမှ ရှောင်နိုင်မည်၊ ဟန့်တားနိုင်မည် ဖြစ်ပါသည်။

❖❖❖

(၁)

“ချာတိတ် ဒူးယား တစ်ကျပ်ဖိုးပေးကွာ”

ရောင်းရငွေများကို ခေါင်းငုံ့ရေတွက်နေသော မောင်ဖိုးထူးက မော့ကြည့်လိုက်သည်။ တိုက်ပုံအင်္ကျီဝတ် လူရွယ်တစ်ယောက်လက်ထဲတွင်လည်း စက္ကူဘူးအပြာရောင်ကလေးတစ်ခုကို ကိုင်ထားသည်ကို တွေ့လိုက်ရသည်။

မောင်ဖိုးထူးက ဒူးယား (၄) လိပ်ပေး လိုက်သောအခါ ထိုလူရွယ်က ဆယ်တန်တစ်ရွက်ထုတ်ပေးသည်။

“အကြွေ အမ်းနိုင်တယ် မဟုတ်လား”

မေးစရာမလိုပါဘူး။ တစ်ဆယ်ကျယ်လောက်တော့ အမ်းနိုင်ပါသည်။ ဒီနေ့ ဒူးယား (၅) ဘူးရောင်းကုန်ခဲ့ပြီ မဟုတ်လား။

မောင်ဖိုးထူးက မြို့မ၊ ရွှေဂုံ ရုပ်ရှင်ရုံအောက်တွင် ဒူးယား၊ ခပေါင်းစီးကရက်ကို ဘမ်းကလေးလွယ်၍ ရောင်းသည်။ ရုပ်ရှင် မပြမီ အချိန်တွင်သာ ရောင်းကောင်းသည်။ တစ်နာရီခွဲပွဲ ရုပ်ရှင်ပြနေပြီမို့ ရုံအောက်တွင် လူရှင်းနေပြီ။ ဒါကြောင့် မောင်ဖိုးထူးက ရုပ်ရှင်ရုံမျက်နှာချင်းဆိုင် ပလက်ဖောင်းသို့ ကူးသွားကာ ခဏ ထိုင်နားရင်း ရောင်းရငွေများကို ရေတွက်နေချိန်၌ ဆေးလိပ်ဝယ်သော လူရွယ်ရောက်လာခြင်း ဖြစ်သည်။

မောင်ဖိုးထူးက ပိုက်ဆံပြန်အမ်းသောအခါ ထိုသူက လှမ်းမယူသေးဘဲ (၃၅) လမ်းထိပ်မှ အဆောက်အဦတစ်ခုကို လှမ်းကြည့်နေသည်။

“ဒီမှာ ချာတိတ် ဟောဟိုသုံးထပ်က တံခါးအပြာသုတ်ထားတဲ့အခန်းကို တွေ့တယ် မဟုတ်လား”

သူက လက်နှင့်ညွှန်ပြရင်း ပြောသည်။

“အဲဒါ ငါ့အခန်းပဲကွ။ ဟောဒီအထုပ်ကလေး သွားပေးပေးစမ်းပါကွာ။ ငါ့မိန်းမရှိတယ်။ ငါ ဒီမှာစောင့်နေတယ်။ တစ်ခါတည်းဆင်းလာခဲ့လို့ ပြောခဲ့ကွာ။ ရော့ … မင်း မုန့်ဖိုး (၅) ကျပ်ယူ ဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



မောင်ဖိုးထူးက ငွေငါးကျပ်ကို လှမ်းယူမိရက်သား ဖြစ်နေသည်။ သူသည် ငွေငါးကျပ်မြတ်ဖို့ အာပေါက်အောင် အော်၍ ခြေတောင့်အောင် လျှောက်ရသည် မဟုတ်ပါလား။ ယခု ငွေငါးကျပ် လွယ်လွယ်နှင့်ရမည်ဆိုတော့ ...

" ရပါတယ်။ ကျွန်တော် သွားပေးလိုက်ပါမယ် "

မောင်ဖိုးထူးက ပြောရင်း ထိုင်ရာမှထသည်။

" ငါ့မိန်းမကို အခန်းသော့ပိတ်ပြီး တစ်ခါတည်းဆင်းလာခဲ့ဖို့ ပြောကွာ။ ငါ ဒီကစောင့်မယ် ဟုတ်လား။ ဩော် ... မင်း လည်ပင်းက စီးကရက်ဘမ်းကို ဒီမှာပဲ ထားခဲ့ပါကွာ။ ငါ ကြည့်ထားပါ့မယ် "

မောင်ဖိုးထူးက ကျေးဇူးတင်စွာဖြင့် စီးကရက်ဘမ်းကို ထိုလူ့အနားမှာပင် ချထားလိုက်သည်။ ခဏကလေး တက်သွားမည်မို့ ဘမ်းနှင့်ဆိုလျှင် ရှုပ်နေဦးမည်။ မောင်ဖိုးထူးလမ်းကို ဖြတ်ကူးကာ တိုက်လှေကားပေါ်သို့ အပြေးကလေး တက်သွားသည်။

ဆေးအပြာ သုတ်ထားသော အခန်းတံခါးကို ခေါက်သည်။ ဖျတ်ခနဲ တံခါးပွင့်သွားသည်။

အတွင်းမှာ သံဘာဂျာတံခါး တစ်ထပ်ရှိသည်။

အသက်နှစ်ဆယ် ဝန်းကျင် မိန်းကလေးတစ်ယောက် ...

" အစ်မယောက်ျားက ဒီအထုပ်အပေးခိုင်းလိုက်လို့။ နောက်ပြီး တံခါးပိတ်ပြီး မြန်မြန်ဆင်းလာခဲ့တဲ့ "

" ဘာ ... ဘာ... ပြောတယ် "

" အစ်မယောက်ျား "

" ဘာယောက်ျားလဲ။ ငါက အပျိုဟဲ့။ ဘာလာကြောင်တာလဲ။ ပါးကျိုးသွားချင်သလား။ အမေရေ ... လာပါဦး။ ဟောဒီမှာ "

မိန်းကလေးက အိမ်ထဲ လှမ်းခေါ်သည်။

အဒေါ်ကြီးတစ်ယောက် ပြေးထွက်လာသည်။

" မင်းက ဘယ်ကလဲ။ ဘာလာလုပ်တာလဲ "

" ကျွန်တော့်ကို ဟိုအစ်ကိုကြီးက ခိုင်းလို့ပါ "

" ရှုပ်ရှုပ်ရှက်ရှက် ဘယ်အစ်ကိုကြီးလဲ "

မောင်ဖိုးထူး ခေါင်းရှုပ်သွားသည်။ အခန်းလည်း မမှားနိုင်ကြောင်း သူသိသည်။ ဒါပေမဲ့ အခြေအနေက သိပ်မလှလှတော့ ...

" ဟိုအောက်မှာ စောင့်နေ

**အိန္ဒိယလူမျိုး**
**သူဌေးမကြီးတစ်ယောက်က**
**မရှိဆင်းရဲသူများကို**
**အဝတ်အစားတစ်စုံစီ**
**ဝေငှပေးနေကြောင်း.....**

www.burmeseclassic.com

www.burmeseclassic.com





ပါတယ်"

"ဘယ်အောက်မှာလဲ"

"ဗာဒန်ပင်အောက်မှာ ပါ"

"သမီး သွားကြည့်စမ်း။ မရှိရင်တော့ မင်းအသေဘဲ။ မင်း မသွားနဲ့ဦး။ ဒီလိုအပေါက်ချိုးပြီး အလစ်သုတ်နေတာ ဘယ်လောက်ကြာပြီလဲ … ဟင်း"

မောင်ဖိုးထူး မျက်လုံးပြူးသွားသည်။

"ဘယ်သူမှလဲ မရှိဘူး အမေ။ အလကား ညာနေတာ"

မိန်းကလေး၏ အသံစာစာက ထွက်လာသည်။

မောင်ဖိုးထူး ဘာမှမစဉ်းစားလေတော့ အဒေါ်ကြီး တံခါးမဖွင့်နိုင်ခင် တစ်ချိုးတည်း ဆင်းပြေးရတော့သည်။

စာဖတ်သူသည် လှည့်ကွက်ကို ရိပ်မိနိုင်ပြီ ထင်ပါသည်။ ဟုတ်ပါတယ် မောင်ဖိုးထူးတစ်ယောက် ပလက်ဖောင်းပေါ်ရောက်သောအခါ ငွေငါးကျပ် ပေးခိုင်းသူကို မတွေ့တော့ပါ။ ထို့အတူ စီးကရက်ဘူးများ ရောင်းရငွေများ ပါသည့် သူ၏ဈေးတမ်းကလေးပါ မရှိပါလေတော့။ ငွေ ငါးကျပ်မက်မိ၍ ငွေငါးဆယ် ဆုံးခဲ့ရသည့် မောင်ဖိုးထူးကတော့ လမ်းလယ်မှာ တစ်ယောက်တည်း။

(၂)

အလားတူ လှည့်ကွက်ကလေးတစ်ခုကို ကြည့်ပါဦး။ သည်ဖြစ်ရပ်တွင်တော့ လိမ်သူထက် အလိမ်ခံရသူကို နားရင်းအုပ်ချင်စရာ ကောင်းနေသည်ကို တွေ့ရပါလိမ့်မည်။

ဒေါ်ထွေးက ပျံကျဈေးသည်။

ရွာမီး မုန့်တိုက်ရှေ့တွင် သကြားလုံးနှင့် ဘီစကွတ်မုန့်ရောင်းသည်။

တစ်နေ့ ဒေါ်ထွေးရွှေဘုံသာလမ်းဘက် ရောက်သွားသည်။ အဆောက်အဦတစ်ခုရှေ့တွင် လူတွေ စုရုံး စုရုံးဖြစ်နေသည်ကို တွေ့ရသဖြင့် ဝင်ကြည့်သည်။

အိန္ဒိယလူမျိုး သူဌေးမကြီးတစ်ယောက်က မရှိနွမ်းပါးသူများကို အဝတ်အစားတစ်စုံစီ ဝေငှပေးနေကြောင်း သိလိုက်ရသည်။

ဒေါ်ထွေး သိပ်ရှည်ရှည်ဝေးဝေး မစဉ်းစားပါ။ ချက်ချင်းဝင်၍ တန်းစီလိုက်သည်။ ခရီးသွားဟန်လွှဲ ဝတ်စုံတစ်စုံရလည်း နည်းသလား။

တိုးကြသည်၊ ဝှေ့ကြသည်၊ ရန်ဖြစ်ကြသည်။ ဒီဒုက္ခလည်း ဒေါ်ထွေးခံနိုင်ပါသည်။

ဒေါ်ထွေးနှင့် သက်ရွယ်တူလောက် မိန်းမတစ်ယောက် အနားကပ်လာသည်။

"ဒီပုံစံအတိုင်း ဆိုရင်တော့ ရှင်ရမှာမဟုတ်ဘူး"

"ဟင် … ဘာဖြစ်လို့လဲ"

ဒေါ်ထွေးက စိုးရိမ်တကြီး

www.burmeseclassic.com



# ပြည်တွင်း

ပြန်မေးသည်။

"သူဌေးက ဆင်းရဲတဲ့လူကိုသာ ပေးတာရှင့်။ ရှင့်မှာ နားကပ်နဲ့၊ ဆွဲကြိုးနဲ့ဆိုတော့ ဘယ်ပေးတော့မလဲ"

"ဟုတ်လား"

"ကျွန်မတောင် နားကပ်ကို ဖြုတ်ပြီးထားရတယ်။ ကြည့်ပါလား"

ထိုမိန်းမက စက္ကူထုတ်ကလေးကို ပြသည်။

"ကဲ … ကဲ … ရှေ့မှာ အိမ်ဝရောက်တော့မယ်။ မြန်မြန် ဖြုတ်လိုက်လေ။ ရှင့်နှယ် … အံ့ပါရဲ့။ လိုလဲလိုချင်ရဲ့ အ,လည်း အ,ပါ့တော်"

ဒေါ်ထွေးက နားကပ်နှင့် ဆွဲကြိုးကို ဖြုတ်လိုက်သည်။

"ရော့ … ရော့ … ကျွန်မ နားကပ်နဲ့ရော ထုတ်ထားလိုက်။ ကျွန်မတို့ တစ်ယောက်တလဲ ဝင်မယ်။ ကဲ … ရှင် အရင်သွား။ ကျွန်မပစ္စည်းတွေ ယူထားမယ်။ ရှင်ရပြီးမှ ကျွန်မ တစ်လှည့်ဝင်မယ်"

ဒီဇာတ်ကွက်၏ အလှည့်ကလေးကို ကြည့်ပါ။ အဓိကတရားခံသည် မည်သူပါနည်း။

အလကားရမည့် ဝတ်စုံကလေးပေါ်တွင် လောဘတက်မက်မိရာမှ စဉ်းစားဉာဏ်ကင်းမဲ့မိသည့် ဒေါ်ထွေးတစ်ယောက် လက်ဝတ်လက်စားများ ဆုံးရှုံးခဲ့ရပြီ မဟုတ်ပါလား။

(၃)

ကျွန်တော်သည် မှုခင်းကို တည်းဖြတ် ထုတ်ဝေနေသည်မှာ ရာဇဝတ်မှု လျော့နည်းရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ရေးကိုဦးတည်ပါသည်။ သို့ကြောင့် ရာဇဝတ်မှု လျော့နည်းရေး ပညာပေးဆောင်းပါးများနှင့် လူလိမ်လူညာတို့၏ လှည့်ကွက်၊ လိမ်ကွက်များကို ဖော်ထုတ်၍ စာဖတ်သူကို အသိပေးခဲ့ပါသည်။ သူတို့အထာကိုသိမှ သူတို့အညာကို ဖော်ထုတ်နိုင်မည်မဟုတ်ပါလား။

ဒီလိုဆိုတော့ စာဖတ်သူက ကျွန်တော့်ကို အထင်ကြီးသွားမလားဘဲ။ ဒီလူကိုတော့ လိမ်လို့မရဟု ထင်ကြလေမလား။

မထင်ပါနှင့်။ ကျွန်တော်လည်း ခံခဲ့ရပါသည်။ လူလိမ်ဆိုတာ ပလက်ဖောင်းပေါ်မှာသာ ရှိသည်မဟုတ်ပါ။ ပန်ကာအောက်မှာလည်း ရှိတတ်ပါသည်။

အလျှဉ်းသင့်လျှင် ကျွန်တော်ကိုယ်တိုင် ရှေးရှေးလွယ်လယ်ခံခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည့် ဖြစ်ရပ်ကလေးကို စာဖတ်သူတို့ကို သင်ခန်းစာ ရယူစရာအဖြစ် တင်ပြပါဦးမည်။

ယခု နောက်ဆုံးတင်ပြလိုသည့် အလှည့်ကလေးကတော့ ဒီလိုပါ။

တစ်နေ့နံနက် …

ကျွန်တော်၏အိမ်ဝသို့ လူသုံးလေးယောက် ရောက်လာသည်။ တိုက်ပုံအင်္ကျီကိုယ်စီနှင့် ဖိုင်တွေပိုက်လို့။

"ဘယ်သူ့ကို တွေ့ချင်လို့ ပါလဲခင်ဗျာ"

မျက်နှာစိမ်းများ ဖြစ်သော်လည်း နယ်မှ စာရေးဆရာများလားဟု စဉ်းစားမိ၍ ထွက်မေးမိသည်။

"ဥက္ကဋ္ဌကြီး ဦးဘသီအိမ်က လာတာပါ။ အိမ်ပေါ် ခဏ တက်မယ်နော်"

"တက်ပါ … တက်ပါ။ ရပါတယ်"

ဥက္ကဋ္ဌကြီး ဦးဘသီဟူသော နာမည်ကြားသဖြင့် ကျွန်တော်က လိုလိုချင်ချင်ပင် အိမ်ပေါ်ကို ဖိတ်ခေါ်လိုက်မိသည်။

ဦးဘသီဆိုသည်က ကျွန်တော်တို့အရပ်မှ ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌကြီးဖြစ်ပါသည်။

ရပ်ကွက် ကောင်စီဥက္ကဋ္ဌတာဝန်ကို ဆက်တိုက် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ပုဂ္ဂိုလ်ဖြစ်သလို၊ တည့်မတ်မှန်ကန်၍ လူချစ်လူခင်များသော ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်ပါသည်။

"ဘာကိစ္စပါလဲ"

"အေးဗျာ … ဥက္ကဋ္ဌကြီးကလည်း ပထမတော့ ကိုယ်တိုင်လိုက်မလို့ပဲ။ နောက်မှ အရေးတကြီးကိစ္စပေါ်လာလို့ မလိုက် နိုင်ဖြစ်သွားတယ်"

"ကျုပ်ကလည်း သူတို့ကိုအားနာလို့ မလိုက်ဖို့ပြောတာ။ သူ့မှာက တာဝန်တွေကြီးတယ်မဟုတ်လား"

ကျွန်တော့်အမေးကို မဖြေဘဲ သူတို့အချင်းချင်း ပြောနေသည်။

"ဘာကိစ္စများပါလိမ့်"

ကျွန်တော်က ထပ်မေးတော့မှ …

"ဒီလိုပါ ကျွန်တော်တို့ --မြို့မှာ ကျောင်းဆောက်ဖို့အတွက် ရန်ပုံငွေလိုနေပါတယ်။ အဲဒါ ဒီအရပ်က ဥက္ကဋ္ဌကြီးထံ အကူအညီတောင်းပြီး လိုက်ကောက်တာပါ။ ဥက္ကကြီးကတော့ (၂၅) ကျပ်ထည့်ပါတယ်။ အဲဒါ"

ဥက္ကဋ္ဌကြီး နာမည်ပါနေတော့ (၂) ကျပ် ထည့်လည်း

> သူတို့ ဘာအသင်း ညာအသင်းကို ကျွန်တော် စိတ်မဝင်စားသော်လည်း ဥက္ကဋ္ဌကြီးနာမည် ပါနေသည်မို့ လှူလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မကောင်း၊ ဒါကြောင့် (၅) ကျပ် ထည့်လိုက်ပါသည်။

ငွေ (၅) ကျပ်ရတော့ ဖြတ်ပိုင်းကလေးတစ်ခု ရေးပေးပြီး သူတို့ တခြားအိမ်ပေါ်တက်သွားကြပြန်သည်။

သူတို့အလှူခံသော မြို့မှာ ဥက္ကဋ္ဌဦးဘသီ၏ မြို့ဖြစ်သဖြင့် ဦးဘသီက ကူညီမှုပေးသည်ဟု ကျွန်တော် ထင်ခဲ့မိသည်။

သို့သော် …

တစ်လလောက်ရှိသော အခါ လူတစ်စု ရောက်လာပြန် ပါပြီ။

"ကဲ … ကဲ … ဥက္ကဋ္ဌကြီး ဦးဘသီဆီက အကူအညီ တောင်းပြီး လာကြတာပါ။ ကျုပ်တို့က … မြို့ကပါ။ မိဘမဲ့ကလေးတွေ စောင့်ရှောက်မှုအတွက် တတ်အားသရွေ့ ကူညီထည့်ဝင်ကြပါ"

"ရပါတယ်.. ရပါတယ်"

သူတို့ ဘာအသင်း ညာအသင်းကို ကျွန်တော် စိတ်မဝင်စားသော်လည်း ဥက္ကဋ္ဌကြီးနာမည် ပါနေသည်မို့ လှူလိုက်ပါသည်။ ဒီတစ်ခါတော့ သူတို့ ဆင်းသွားသော်လည်း ကျွန်တော့် အတွေးက ဆက်နေမိသည်။ ဘယ်လိုလဲ …

မကြာပါ။

လာပြန်ချေပြီ။

ယောကျ်ားတွေ၊ မိန်းမတွေ အုပ်စုတစ်စု။

"ကဲ … ကဲ … ဥက္ကဋ္ဌကြီး ဦးဘသီ တာဝန်ပေးလို့ပါ။ အနည်းဆုံး တစ်အိမ်တစ်ကျပ်တော့ ထည့်ဝင်ကြပါခင်ဗျား"

လာပြန်ပြီ ဥက္ကဋ္ဌကြီး ဦးဘသီတဲ့။

ပြောပုံကလည်း ခပ်ရင့်ရင့်။ တာဝန်ပေးလို့တဲ့။ အနည်းဆုံး တစ်အိမ်တစ်ကျပ်တဲ့။

ကျွန်တော် အောင့်သက်သက် ဖြစ်သွားမိပါသည်။

"လာကြပါ။ အိမ်ပေါ်တက်ကြပါ"

ကျွန်တော်က ခေါ်တော့ မိန်းမတစ်ယောက်နှင့် ယောကျ်ားနှစ်ယောက် တက်လာသည်။

"သူ့ရပ်ကွက်ဆိုတော့ ဥက္ကဋ္ဌကြီးကိုယ်တိုင် လိုက်လာနိုင်ရင် ကောင်းမယ်နော်"

"ဥက္ကဋ္ဌကြီးက မအားတော့ မလိုက်နိုင်ဘူးပေါ့ဗျာ"

သူတို့က ကျွန်တော့်အိမ်ပေါ် ထိုင်ရင်း ကျွန်တော့်ကို ဂရုမစိုက်ဘဲ သူတို့အချင်းချင်း အချီအချ ပြောနေသည်။ ကျွန်တော် စိတ် မရှည်နိုင်တော့။

ရင်ထဲတွင် တအုံနွေးနွေး ဖြစ်နေသော မရှင်းလင်းသည့်ကိစ္စကို ရှင်းရတော့မည်။

> "ခင်ဗျားတို့ အလှူခံတာကို မဝေဖန်လိုပါဘူး။ ဒါပေမဲ့ ရိုးရိုးသားသားလုပ်ရင် မကောင်းဘူးလားဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦး။ ခင်ဗျားတို့ကို ဥက္ကဋ္ဌကြီး ဦးဘသီက တာဝန်ပေးတာလား"

"ဗျာ"

"ဦးဘသီက ဒီလိုအလှူခံဖို့ ခိုင်းတာလားလို့ မေးတာပါ"

"မဟုတ် ··မဟုတ်ပါဘူး"

"ဒါဖြင့် စောစောက ဥက္ကဋ္ဌကြီးက တာဝန်ပေးတာဆို"

"ဒီကောင် စကားမှားသွားတာပါ။ ကျွန်တော်တို့က ··မြို့ကပါ။ လှူအိုရုံဆောက်ဖို့ အလှူခံထွက်တာပါ။ ဒီရပ်ကွက်မဝင်ခင်တည်းက ကျွန်တော်တို့ လူလိမ်လူညာမဟုတ်ကြောင်း ဥက္ကဋ္ဌကြီးဆီဝင်ပြီး သတင်းပို့ပါတယ်။ ဥက္ကဋ္ဌကြီးက လက်မှတ်ထိုးပေးထားတာ ရှိပါတယ်။ ကျွန်တော်တို့ ပြပါ့မယ်"

လူရည်လည်ပုံရသူက အမြန်ဝင်ရှင်းရင်း ဖိုင်တွေကို လှန်သည်။

"နေပါစေ။ ဘာမှမပြပါနဲ့"

"တချို့ရပ်ကွက်တွေမှာ ဆိုခိုင် နို့ဆီခွက်ကောက်သူ၊ ပလပ်စတစ် ကောက်သူတွေကတောင် သူတို့ရိုးရိုးသားသား လုပ်စားတာပါ။ သူခိုးမဟုတ်ဆိုတာ ရပ်ကွက်ကောင်စီမှာ သတင်းပို့ ထောက်ခံချက်ယူပြီးမှ အရပ်ထဲ ဝင်နေကြတာပဲ ဘာဆန်းလဲဗျာ။ ခင်ဗျားတို့က ဒီရပ်ကွက်မှာ အလှူခံမယ့်အကြောင်း ဥက္ကဋ္ဌကြီးဆီ သတင်းပို့တော့ သူက တာဝန်အရလက်မှတ်ထိုးပေးချင်ပေးမှာပေါ့။ ဒါကိုအခွင့်ကောင်းယူပြီး ဥက္ကဋ္ဌကြီးကပဲ တာဝန်ပေးသလိုလို ပုံမှားရိုက်မလိမ့်တပတ်လုပ်တာတော့မကောင်းဘူးဗျာ"

"ဒီသူငယ် စကားပြောမှားလို့ပါ"

"ထားပါ။ ခင်ဗျားတို့အလှူခံတာကို မဝေဖန်လိုပါဘူး။ ဒါပေမဲ့ ရိုးရိုးသားသားလုပ်ရင်မကောင်းဘူးလားဗျ"

အိမ်ပေါ် တက်လာစက ဥက္ကဋ္ဌကြီးက ဘာညာစသဖြင့် အာဘောင် အာရင်းသံနေသူတစ်စုယခုတော့ ငြိမ်သွားပြီ။ ကျွန်တော်လည်း ပြောလိုက်ရတော့ ကျေနပ်သွားသည်။

(၄)

သူတို့၏ လှည့်ကွက်ကလည်း မဆိုးပါ။ အရပ်ထဲမှ လူချစ်လူခင်များသော လူကြီးတစ်ယောက်၏နာမည်ကို အလွဲသုံးစားလုပ်ကာ ရှေ့တန်းတင်၍ ထိုပုဂ္ဂိုလ်ကပင် တာဝန်ပေးသယောင်၊ အလှူခံခိုင်းသယောင်၊ မလိမ့်တပတ် လုပ်သည်။ ၄င်းတို့မျက်နှာစိမ်းတွေအနေဖြင့် တစ်ကျပ်ရမည့်နေရာတွင် လူကြီးတစ်ယောက်၏နာမည်ကိုသုံးခြင်းဖြင့် နှစ်ကျပ်၊ သုံးကျပ်ရကြမည်။ ကျွန်တော်ပင်လျှင် ဥက္ကဋ္ဌကြီးနာမည်ပါသဖြင့် တစ်ကျပ်ထည့်မည့် နေရာတွင် ငါးကျပ်ကြီးများတောင် ထည့်ဝင်ခဲ့သည် မဟုတ်ပါလား။

(၅)

- မျက်နှာကျော တင်းတင်းနှင့် ပိုက်ဆံမထည့်လျှင် တက်ရိုက်တော့မည့်ပုံဖမ်းနေသည့် အဖွဲ့အစည်းအချို့ အမည်ခံထားသည့် အလှူခံ။
- အုပ်စုလိုက်လာ/အိမ်ပေါ် အတင်းတက်၊ မရ, ရ သလောက် အတင်းကပ်ယူသည့် အလှူခံ။
- မာဒင်္ဂထိုး နှလုံးမူကာ မပေးလျှင် အိမ်ရှေ့မှ မခွာသည့် အလှူခံ။

စသည့် စသည့် အလှူခံများကြားတွင် ကျွန်တော် တင်ပြခဲ့သည့် လူတစ်စု၏ အလှူခံပုံကလည်း မှတ်သားစရာမကောင်းပါလားခင်ဗျား။

**နီလေးမောင်**

မတ်လ၊ ၈၂ ခုနှစ်ထုတ်၊ မှခင်းမဂ္ဂဇင်းမှ ပြန်လည်ဖော်ပြပါသည်။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ကိုရဲ (ဉာဏ)

# "ငထွား ... ခါးနာသည်"

အကြွင်သူသည် ဒေါသထွက်နေသောသူကို တစ်ဖန်ပြန်ပြီး ဒေါသထွက်၏။ ထိုသူသည်ပထမ ဒေါသထွက်သော သူထက် မိုက်မဲသူ၊ ယုတ်မာသူဖြစ်၏။

(အပဏ္ဏကဇာတ် အဋ္ဌကထာ)

(၁)

အမည်က ငထွားဆိုသောလည်း ခန္ဓာကိုယ် အရပ်အမောင်း မထွားကြိုင်းပါ။ ဂင်တိုတို အရပ်ပုပုဖြစ်သည်။ အသားက မည်းသည်။ မွေးစကပင် သေးသေးကွေးကွေးကလေးဖြစ်သဖြင့် နောင်အခါ ထွားကြိုင်းစေရန် ရည်ရွယ်လျက် 'ငထွား' ဟုမှည့်ခေါ်ခဲ့ကြသော်လည်း ငထွားက မထွားပါ။ ပုတက်တက်ကလေးသာ ဖြစ်ခဲ့သည်။ ငထွားတို့ ဇာတိရွာမှာ ဧရာဝတီမြစ်နှင့် အကောက်တောင်ကြီးအကြား တောင်နှင့်မဝေး မြစ်နှင့်မကွာသည့် အိမ်ခြေ (၂၀) ခန့်သာရှိသော အင်းကြီးကုန်းရွာဖြစ်သည်။ ပျဉ်းမထုံး အင်းကြီးကို မေးတင်ထားသော အင်းကြီးကို အစွဲပြုကာ အင်းကြီးကုန်းဟု အမည်တွင်ခဲ့သည်။

အကောက်တောင်ကြီးကို အမှီသဟဲပြုကာ အသက်မွေးရသောရွာဖြစ်သည်။ လယ်၊ ကိုင်း လုပ်ငန်းလုပ်သူ အနည်းအကျဉ်းမျှ ရှိသော်လည်း အများစုမှာ သစ်၊ ဝါး၊ မီးသွေး၊ ဩဇာခြံ လုပ်ငန်းများကို လုပ်ကိုင်ကြသည်။

အင်းကြီးကုန်းရွာ၏ အနောက်မြောက်ဘက်တွင် ကွမ်းခြံကုန်းရွာ၊ အရှေ့မြောက်ဘက်တွင် ရွှေလှေရွာ၊ မြောက်ဘက်စူးစူးတွင် ကျောင်းရွာ၊ တောင်ဘက်တွင် ကျွန်းနစ်ပင်ရွာများရှိကြသည်။ အုပ်စုတွင်းရွာများဖြစ်ကြသဖြင့် မဝေးလှသဲ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်မျှ သွားလျှင်ရောက်နိုင်သည်။ ပျဉ်းမထုံးအင်းမှာ မိုးရာသီတွင်သာ ဧရာဝတီမြစ်ရေဝင်သဖြင့် ရေရှိပြီး နွေရာသီတွင် ခန်းခြောက်လေ့ရှိသည်။ ပျဉ်းမထုံး အင်းနှင့် ပတ်ဝန်းကျင် အနေအထားများကို တင်ပြနေရသည်မှာ....

ကျွန်ုပ်တို့ ဇာတ်လိုက်ကျော် အကြောင်းကို တင်ပြမည်ဆိုလျှင် ပျဉ်းမထုံးအင်းနှင့် ပတ်ဝန်းကျင် အနေအထားကို တင်ပြမှသာလျှင် ပြည့်စုံမည်ဖြစ်သောကြောင့် တင်ပြနေရခြင်းဖြစ်ပါသည်။

အင်းပတ်ဝန်းကျင် ရွာများ အနက်ရွှေလှေရွာမှာ သက်နုမြေနိမ့်ပိုင်းဖြစ်၍ ရေမြုပ်သော်လည်း ကျန်ရွာများမှာ သက်ရင့်မြေမြင့်များ ဖြစ်ရာ ရေမမြုပ်နိုင်။ သို့ဖြစ်ရာ ရွှေလှေရွာ တစ်ရွာတည်းသာ ရေလမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ လှေရှိသည်။ မြစ်ကြောင်းဖြင့် ခရီးသွားလိုပါက ရွှေလှေရွာသို့ လာပြီး မော်တော်စီးကြရသည်။ ရွှေလှေရွာမှာ ရွာကြီးဖြစ်သဖြင့် ရာသီမရွေး မော်တော်များ ဆိုက်ကပ်သည်။ တင်ပြခဲ့သည့်အတိုင်း ရွှေလှေရွာတွင်သာ လှေရှိပြီး အခြားရွာများက မရှိသောအခါ။ ရွှေလှေရွာသို့ အသွားအပြန်အတွက် ရွှေလှေရွာမှ လှေသမားများကို အားကိုးကြရသည်။ ရွှေလှေရွာမှ အကောက်တောင်သို့ ဩဇာသီးခူးရန်၊ မျှစ်ချိုးရန်၊ မီးသွေး၊ သစ်များ သယ်ယူနေကြသော လှေများက နိစ္စဓူဝ ရှိကြသည်။ အကယ်၍ လှေ မကြုံသည့်အခါဆိုပြဿနာ့။ တစ်ဖက် ကမ်းမှလှမ်း၍ အသံပြုလျှင် (ဒေသအခေါ် လှမ်း၍အူလိုက်လျှင်) ကြားရမြဲ။ လှေလာမြဲ။ သို့ဖြစ်ရာ သူ့အရပ်နှင့် သူ့ဇာတ်ဖြစ်သဖြင့် အဆင်ပြေသည်။

(၂)

"ထွေး ... လာခဲ့စမ်း"

ဘုန်းတော်ကြီး ဦးတေဇနိယ၏ရှေ့တွင် ထွေးဦးချရှိခိုးလျက်ရှိသည်။

"မင်းက ငပွကြီးဖြစ်နေပြီ၊ ကျောင်းသားချင်း ရန်ဖြစ်လည်း ထွေး၊ ကျောင်းသားနဲ့ ရွာသားရန်ဖြစ်လည်း ထွေး၊ မင်းမှာ တခြားဘာအပြစ်မှ မရှိဘူး။ အပြစ်ရှိတာက ရန်ဖြစ်တာပဲ။ ရန်ဖြစ်တော့လည်း လက်ပါတာချည်းပဲ။ ဘုန်းဘုန်းမင်းကို အပြစ်ပေးရလိမ့်မယ်။ ပါးစပ်နဲ့ဆုံးမလို့မရတော့ဘူး။ အပြစ်မပေးရင် ဘုန်းဘုန်းက ညီအရင်းမို့လို့ မဆုံးမဘူးဖြစ်နေမယ်။ အဲဒီတော့..."

ဘုန်းတော်ကြီးက လက်စွဲတော် ကြိမ်လုံးဖြင့် တဖြန်းဖြန်းရိုက်တော့သည်။ နှစ်ရက်လုံးလုံး ထွေးမထနိုင်အောင်ပင် ဆုံးမသည်။ နှစ်ရက်လုံးလုံး မထနိုင်တော့ ထွေးဦးကျိုးပြီဟု ထင်ကြသည်။ သို့ရာတွင် ထွေးက ဒုံရင်းဒုံရင်းပင်။ 'စီ' ခနဲဆိုလျှင် ထွေးပါစမြဲ။ ထွေးပါသမျှ ရန်ပွဲတွေမှာလည်း ထိပ်ပေါက်ခေါင်းကွဲဖြစ်ကြမြဲပင်။ ထွေးမည်သည့် အခါမျှ ခံရဘူးတာမရှိ။ ဦးအောင်အလျင်ဆော်သည် ချည်းဖြစ်သည်။ ဤမျှ ထွေးက လက်ယဉ်သည်။

ကျောင်းထိုင် ဆရာတော်မှာ အစ်ကိုရင်းဖြစ်ပြီး မူလတန်းကျောင်းရှိသည့် ရွှေလှေရွာသို့ မိုးတွင်းကာလ အသွားအလာ ခက်ခဲနေသဖြင့် ထွေးမှာ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ်ကျောင်းစားနေခွင့်ရခဲ့သည်။ ကျောင်းထိုင်

**'စီ' ခနဲဆိုလျှင် ထွေးပါစမြဲ။ ထွေးပါသမျှ ရန်ပွဲတွေမှာလည်း ထိပ်ပေါက်ခေါင်းကွဲ ဖြစ်ကြမြဲပင်။**

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏ ညီအရင်းဖြစ်သော ကြောင့် ထွေး လက်ယဉ်သည်ဟု ထင်လျှင်မှားပေမည်။ ထွေးက အပေါင်းအသင်း သူငယ်ချင်းတွေကို ခင်မင်သည်။ အနစ်နာခံသည်။ ခြေထောက်နာ၍ လမ်းမလျှောက်နိုင်သူ၊ သူငယ်ချင်းကို ထွေးက မနိုင်မနင်း ကုပ်ပိုးခေါ်သည်။ စားစရာရှိလျှင်လည်း ဝေမျှစားသည်။ တစ်ယောက်တည်း စားရမည့် အစားအစာဆိုက သူမစားဘဲပေး ကျွေးလေ့ရှိသည်။ ဤမျှအထိ စိတ်ရင်း ကောင်းသော်လည်း မဟုတ်မခံ အထိမခံသည့် ညာဉ်ကတော့ ပျောက်မသွား။

မှတ်မိသေးသည်။ ထိုအချိန်ကရွာဦးကျောင်းတွင် ဘုန်းကြီးပျံပွဲရှိသည်။ မြို့မှ ငှားထားသော ဇာတ်အဖွဲ့က ဗလာပွဲကပြမည်ဖြစ်၍ အနီးဝန်းကျင်မှ တဖွဲဖွဲလာကြသည်။

"ဦးဇင်းကြီးရဲ့ ရှာပနမှာ တို့ကဘာပြဿနာမှ မဖြစ်အောင် ထိန်းရမယ်။ ဦးဇင်းကြီး ဦးပုဟာ တို့ရဲ့ ဦးကြီးတော်လည်းဖြစ်တယ်။ ရပ်ရေးရွာရေးကို ဦးဆောင်ဦးရွက် လုပ်ခဲ့တာလည်းဖြစ်လို့ တို့က ဦးဇင်းကြီး နောက်ဆုံးခရီးမှာ သိုက်သိုက်ဝန်းဝန်း၊ ညီညီညာညာလုပ်ပေးရမယ်။ ဘာပြဿနာမှ မကြားချင်ဘူး"

ကျေးရွာဥက္ကဋ္ဌက ဤသို့ကြို တင်မှာကြားသကဲ့သို့…

"ရန်ဖြစ်တာ မကြားချင်ဘူးဟေ့။ ကိုယ့်ဆွေမျိုးသားချင်းတွေပဲ ကြည့်ကြမှာ၊ ဘာပြဿနာမှ မဖြစ်စေနဲ့"

ဆရာတော်က ထွေးကို ကြည့်လျက်မိန့်သည်။ သို့ရာတွင် ထိုညပွဲခင်းတွင် ရန်ဖြစ်သည်။ ခံရသူ သရက်ချောင်းရွာသား တိုးမောင် ခေါင်းကွဲသည်။ လက်နှိပ်ဓာတ်မီးဖြင့် ရိုက်သူမှာထွေး။ သေသေချာချာမှာထားပါလျက် ရန်ပွဲ ဖြစ်ပွားသည်ကို ဘုန်းတော်ကြီး စိတ်ဆိုး သွားသည်။ ထွေးကိုခေါ်မေးတော့ 'ရွှေလေ့ရွာသူ မခင်ထားကို စလို့' ဟုအဖြေရသည်။ ဘာမျှမဟုတ်သည့်ကိစ္စမို့ ထွေးကို ကျောင်းတိုင်တွင်ကပ်လျက် ကြိုးတုပ်ပြီး ကြိမ်လုံးနှင့်ရိုက်သည်။ ဒါဏ်ရာများကို ငှက်ပျောသီးနှင့်နယ်၊ နနွင်းမှုန့်ဖြင့် သိပ်၍ တောဆေးနည်းနှင့် ကုရသည်။

ဆရာတော်က ဤကဲ့သို့ နည်းမျိုးစုံဖြင့် ထွေးကို ဆုံးမခဲ့သည်မှာ ထွေး၏အသက်သုံးဆယ်သို့ပင် ရောက်ခဲ့ပြီ။

**ကျုပ်ရွှေမှာ**
**ဇော်ကားမော်ကား**
**လုပ်မယ်ဆိုရင်၊**
**ကျုပ်ကြည့်မနေတတ်ဘူး။**
**အဲဒါက ကျုပ်ညာဉ်ပဲ။**

www.burmeseclassic.com

www.burmeseclassic.com





(၃)

ညာဥ့်ဆိုးတို့ မည်သည် အလွယ်တကူ ပျောက်ပျက်မသွားတတ်ပါ။ အလျှဉ်းမသင့်ခဲ့ပါက ပြန်ပေါ်လာစမြဲပင်။

အင်းကြီးကုန်းရွာ မိဘများ အိမ်သို့ပြန်ရောက်စက ဘုန်းဘုန်း၏မိန့်မှာချက်များကြောင့်ထင်သည်။ ထွေးသတင်းထွက်မလာခဲ့။ မိဘနှစ်ပါးကလည်း ယခုမှပင် စိတ်နှလုံးကို ဒုန်းဒုန်းချနိုင်တော့သည်။ အိမ်ထောင်ချ ပေးချင်ကြသော်လည်း ထွေးက လက်ကြောတင်းသူမဟုတ်။ အသောက်အစား၊ လောင်းကစား မလုပ်သည်မှာပင် ထွေး၏ ကောင်းကွက်ကလေး ဖြစ်နေသဖြင့် မိဘများက ငယ်စဉ်က အတိုင်းပင် အလိုလိုက်ထားကြသည်။

"ထွေးရေ … သွားကြမယ်ဟေ့"

မိုးစင်စင်မလင်းခင် ခေါ်သံကြား၍ အိပ်ရာတွင်းမှ ထွေးလူးလဲထလိုက်သည်။ နောက်အလျှင်စလိုဖြင့် အိမ်တံခါးဖွင့်ရန် လှမ်းလိုက်သည်။ အမှတ်တမဲ့ဖြစ်၍ ရေနွေးခါတ်ဘူးကို တိုက်မိသည်။ ဓါတ်ဘူးလဲသွားသော်လည်း မကွဲသေး။ ထွေးက ထပ်ကန်ပစ်လိုက်သည်။ ဓါတ်ဘူးကွဲပြီး ထွေးလည်း ရေနွေးပူလောင်သည်။ ရွှေမြင့်တင်စေတီသို့ သွားရန်အစီအစဉ်ရှိသော်လည်း ထွေးမလိုက်နိုင်ယုံမက လေးငါးရက် အိပ်ရာတွင်းက မထနိုင်ခဲ့။ ထွေးက ဤမျှဒေါသကြီးသည်။

"ထွေးရယ်…ဓါတ်ဘူးကအသက်ရှိသလားဟယ်။ သူ့ဖာသာနေတဲ့ကိစ္စကို မင်းကကန်လိုက်တော့ ဓါတ်ဘူးလည်းကွဲ၊ လူလည်းလဲ၊ ဘာအကျိုးရှိသလဲကွယ်။ 'ကာရဏာ ကာရဏံ၊ မနတိဓနတီ တိဝါမနုဿော' တဲ့ 'အကြောင်းအကျိုးကို ခွဲခြားသိတတ်၍ လူဟုခေါ်သည်' လို့ တစ္ဆည်းသဒ္ဒါကျမ်းမှာ ဘုန်းဘုန်း ပြလို့ တွေ့ဘူးတယ်၊ အမေ့သားက လူပါကွယ်"

ခြေထောက်ဒါဏ်ရာကို ပြုစုရင်းက မိခင်ကြီးက မျက်ရည်စမ်းစမ်းဖြင့်ပြောရှာသည်။ တုန်တုန်ချိချိ မိခင်အိုကြီး၏ မျက်ရည်မြင်ရ၍ ထွေး စိတ်မကောင်းရာ အကောင်းဆုံးဖြစ်အောင် နေမည်။ သည်းခံစိတ်မွေးမည်ဟု ထွေးသံဓိဋ္ဌာန်ချလိုက်သည်။ ရက်ကြာလာတော့ ရေနွေးပူလောင်သော ဒါဏ်ရာက ရှင်းရှင်း ပျောက်သွားပြီ။ ဆုံးဖြတ်ချက်ကြောင့်လားမသိ၊ ထွေး၏စိတ်များ ကြည်လင်ပေါ့ပါးလှသည်။ ဘုရားရှင်အား နေ့ဆွမ်းကပ်ပြီး ဘုရားရှိခိုးမေတ္တာပို့သည်မှာ နေ့စဉ်။ မိဘများကလည်း စိတ်ချမ်းသာစွာ တပြုံးပြုံး။ သားငယ် ထွေး၏ အလိမ္မာရှိကို

www.burmeseclassic.com



ကျောင်း သို့သွား၍ လျှောက်တင်ရသည်မှာလည်း ခဏခဏ။ မကြာခင် သာသနာ့ဘောင် ဝင်တော့မည်ဟု ငထွားက လျှောက်တင်လိုက်ကြောင်းလည်း ပါသေးသည်။ ဆရာတော်ကမူ သာဓု ခေါ်ပြီး "ကျွတ်ချိန်တန်လျှင် ကျွတ်လိမ့်မည်" ဟုသာ တိုတိုမိန့်ကြားလိုက်သည်။ သုံးကြိမ်ပြည့်အောင်တော့ ဆရာတော် သာဓုမခေါ်သေး။

(၄)

"ဘဝသံသရာ××× ရှည်လျား×××မနေမနား××× တစ်သွားထဲသွားကြတာ××× ဘဝသံသရာတဲ့×××ရှည်လျား××× မနေမနား×××တစ်သွားထဲသွားကြတာ"

အသံဝါကြီးနှင့် အော်ဆိုလိုက်သော မောင်စိုး၏သီချင်းသံကြောင့် နေ့လယ်ပိုင်း အိပ်နေသော ငထွားနိုးသွားသည်။ စားပွဲတင်နာရီလက်တံများက လေးနာရီကို ညွှန်ပြနေသည်။ အဝတ်အစားလဲပြီး ငထွားထွက်လာခဲ့သည်။ ရွှေလေ့ရွာက သူငယ်ချင်းညိုညိုထွေး၏ မင်္ဂလာပွဲသွားရမည်။

"ငထွား … နင်ဆက်ဆက်လာခဲ့နော်။ မြို့ကလူတွေများမယ်။ ကျေးတာမွေးတာ နင်ပါမှာဖြစ်မှာ ဆက်ဆက်လာနော် သိလား"

ညိုညိုထွေးက မြို့သားနှင့်အကြောင်းပါသဖြင့် မျက်နှာမငယ်စေရန် ကြိုတင်မှာထား၍ ငထွားရောက်ခဲ့သည်။ အချိန်စောသေးသဖြင့် ညနေစာမကျွေးသေး၊ ငထွားက ချက်ရာပြုတ်ရာသို့ကြည့်လိုက်သည်။ ရွှေလေ့ရွာသူမခင်နှောင်းနှင့် လူတစ်ဦးရပ်လျက်စကားပြောနေသည်။ အမူအရာများအရ အချီအချ စကားများနေသည့်ပုံ။ စကားပြောသံကို မကြားရသော်လည်း တစ်ဖက်သို့ လှည့်၍သွားတော့မည့်ဟန်ပြင်သော ခင်နှောင်းအား မြို့သားက လက်မောင်းအိုးကို ဆုပ်ကိုင်လိုက်သည်။ ခင်နှောင်းက ထိုသူ၏လက်ကို ပုတ်ချလိုက်သည်။ မြို့သားက ထပ်ကိုင်လိုက်ပြန်သည်။ ပတ်ဝန်းကျင်တွင်လည်း အခြားလူများနှင့်။ အမြင်မတော်တော့ခြေ။ ငထွားထိုနေရာကို ရောက်သွားပြီး မြို့သားရှေ့ရပ် လိုက်သည်။ မြို့သားမှာ အတော် မူးနေပုံရသည်။ အရက်နံ့စူးစူးနှင့် လူမှာလည်း ဒယိမ်းဒယိုင်ရပ်နေရသည်။

"လူမြင်လို့ မသင့်တော်ပါဘူးဗျာ၊ တော်ကြပါတော့"

အသက်ငယ်ပုံရသော မြို့သားကို ငထွားက ယဉ်ကျေးစွာ ဟန့်

> "ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့သည်" ဟုကြားဘူးခဲ့သည်။ ယခုမူ ငထွားနှင့်ဆင်ကြီး ကျွန်းနှစ်ပင်ရွာအနီးမှာ တွေ့ကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



တားလိုက်သည်။

"ဘာကွ … မင်းက ဘာကောင်လဲ။ တောသားက လူပါးဝလို့"

ပြောပြောဆိုဆို မြို့သားက ထွေး၏ အင်္ကျီကိုဆွဲ၍ လက်သီးဖြင့်ထိုးလိုက်သည်။ သတိရှိသော ထွေးက အသာအယာ ရှောင်လိုက်ပြီး အနားရှိထင်းစဖြင့် မြို့သားကို ရိုက်ထည့်လိုက်သည်။ ခေါင်းကို ရိုက်မိ၍ မြို့သားကို ဆေးရုံသို့ အလျင်အမြန်ပို့ကြရသည်။ ထိုအမှုမှာ ပုဒ်မ-၃၂၅ ဖြစ်၍ ထွေးတစ်ယောက် ထောင်တွင် (၇) နှစ် သွားနေရလိမ့်မည်။

"ကျုပ်အတွက် ကျုပ်ဝမ်းမနည်းဘူး။ ကျုပ်ရှေ့မှာ စော်ကားမော်ကား လုပ်မယ်ဆိုရင်၊ ကျုပ်ကြည့်မနေတတ်ဘူး။ အဲဒါက ကျုပ်ညာဉ်ပဲ။ ကျုပ်ဆွေမျိုး စော်ကားခံရတာ မဟုတ်ရင်လည်း ကျုပ်ကြည့်မနေနိုင်ဘူး။ ကျုပ်တစ်သက် လွတ်ရက်မရှိနိုင်ဘူး။ကျုပ်ရှေ့မတရားတာမျိုး ကျုပ်ကြည့်မနေတတ်ဘူး"

ထောင်သို့ သွားကာနီး ထွေးပြောသွားသည့် စကားဖြစ်သည်။

"သားကသတိမထားခဲ့လို့ပါကွယ်။ မင်္ဂလာဆောင်သွားခါနီး အိမ်ရှေ့က သီချင်းသံလည်း သူ့အကြားသားကွယ်။ ဘဝသံသရာတဲ့လေ၊ ဘဝသံသရာဟာ ကရွတ်ကင်းလျှောက်သလိုပါပဲ၊ တဝဲဝဲတလည်လည်ပေါ့။ သား ထွေးဟာဘုန်းဘုန်းကရော၊ အမေကပါ ပြောပါများလို့ အသိတရားနဲ့ ဒေါသကို ထိန်းချုပ်ခဲ့ရှာပါတယ်။ ကောင်းအောင်နေပါလျက်နဲ့ ဒီကိစ္စမျိုး ထိပ်တိုက်တိုးတော့ ရှောင်မရဘဲ သားလေး ထောင်ကျသွားတယ်။ ကရွတ်ကင်းလျှောက်ပေါ့ကွယ်။ ဒီသံသရာက လွတ်မှ၊ ဒီသံသရာမှလွတ်မှ၊ အင်း … ဘုရား … ဘုရား။ ကျုပ်သားလေးစိတ်ကောင်းရှိတယ်။ ကျန်းမာချမ်းသာပါစေ"

မိခင်ကြီးဒေါ်ရွှေမြက တရားသမား ပီသစွာဆိုခဲ့သည်။ မိခင်ကြီး၏ အေးမြသော မေတ္တာကြောင့် ဖြစ်မည်။ မြို့သား၏ ဆွေမျိုးအင်အား၊ ငွေအင်အားနှင့် ပေါင်းလိုက်သောအခါ တောသား ထွေး ထောင် (၇) နှစ် အပြည့်ခံခဲ့ရသော်လည်း (၂) နှစ်မပြည့်သေးဘဲ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ထွေး ထောင်မှ ပြန်ခွင့်ရခဲ့သည်။

သြော် … ကောင်းမည်။ ဆိုးမည် ကြိုတင်မခန့်မှန်း၊ မတွေးဆနိုင်သော်လည်း သံသရာစက်ရဟတ်ကမူ လည်မြဲ၊ လည်လျက်ပါ။

(၅)

မိုးလက်ကျန် ဟေမာန်အဝင်တန်ဆောင်မုန်းလ။

မြင့်မောင်တို့ ရွှေလှေရွာက ယမန်နှစ်များအတိုင်း ဘုံကထိန်ပွဲလုပ်ကြဦးမည်။ ယခင်နှစ်များလိုပင် ဘုံကထိန်ပွဲတွင် အရုပ်ပြဇာတ်ကလေးထည့်ဦးမည်။ ပြဇာတ်တွင် ပါဝင်မည့် ပြဇာတ်မင်းသမီးကို မြို့မှငှါးရမည်။ ထိုတာဝန်ကို ယူထားသည့် မြင့်မောင်မှာ တန်ဆောင်မုန်းလဆန်းတွင်ပင် မြို့ပေါ်တက်ကာ မင်း သမီးငှါး၊ စရံပေးစာချုပ်ချုပ်ခဲ့ပြီး ရွာသို့ ပြန်ရောက်စဖြစ်သည်။ မြို့ပေါ်မှ အခြေအနေကို ပြန်လည်သတင်းပို့ရန် မြင့်မောင်အိမ်ပေါ်မှ ဆင်းလိုက်သည်။ မင်းသမီးခင်မြသွေးနှင့် ချုပ်ဆိုထားသော စာချုပ်ကလေးကိုလည်း လက်တွင်ကိုင်ထားလျက်…

"ဖတ် … ဖုတ်"

အသံကြားရာ ရွာလယ်လမ်းမဘက်သို့ မြင့်မောင် အကြည့်ရောက်သွားသည်။

တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်၊ လေးယောက် …။

ရွာသားများ ရွှေလှေရွာတောင်ဘက်သို့ ဒရောသောပါး

www.burmeseclassic.com



ပြေးနေကြသည်။ အရေးကြီးနေပြီ၊ ပြေးနေသူတို့၏ ပုံသဏ္ဌာန်များက အရေးကြီးသည့်ပုံ အထင်းသား ပေါ်နေသည်။ မြင့်မောင် မနေသာ တော့။ အိမ်ရှေ့ဘက် အလျှင်အမြန် ထွက်လိုက်သည်။

"ဘာဖြစ်ကြတာလဲ … ပြောကြပါဦး"

မြင့်မောင်၏အမေးကို မဖြေကြ ပြေးမြဲပြေးကြလျက်။ မီးလောင်သလား။ မဟုတ်နိုင် ဘာသံမှ မကြားရ။ ဘောလုံးပွဲတွင် ရန်ဖြစ်နေသလား။ အချိန်က ညနေငါးနာရီခန့်မို့ တွေးမိသော်လည်း ဘောလုံးကွင်းက ရွာမြောက်ဘက်တွင်မို့ မဖြစ်နိုင်။ ဘာမသိ ညာမသိနှင့်ပင် မြင့်မောင် ဒရောသောပါး ပြေးလိုက်ခဲ့သည်။



"ဟေ့ကောင်…ပြောပါဦးကွ။ ဘာဖြစ်နေကြတာလဲ"

အနားရောက်လာသော ရွှေတိုး၏ လက်ကိုဖမ်းဆွဲရင်း မြင့်မောင် မေးလိုက်သည်။

"အင်းသူကြီးကို လူတွေဝိုင်းရိုက်လိုက်လို့ကွ…လာ…လိုက်ခဲ့"

ရွှေတိုးက အမောတကော ဖြေရင်း ဆက်ပြေးနေသဖြင့် မြင့်မောင်ပါလိုက်ခဲ့ရ ပြန်သည်။ မြင့်မောင်တို့ရောက်တော့ ရွာထိပ်တွင် အင်းကြီးဆီ မျှော်ကြည့်နေသော လူအုပ်ကို မြင်လိုက်ရပြီး လူ လေး၊ ငါးယောက်မှာ အင်းတွင် လုပ်ထားသော ယင်းတိုင်များကိုကိုင်ပြီး ဝါးတန်းများပေါ်မှ တစ်ဖက် ကမ်းသို့ ကူးနေသည်ကိုလည်း တွေ့ရသည်။

"ဟာ…မြင့်မောင်။ ပြန်ရောက်ပြီလား"

ရွာကာလသား ခေါင်းဆောင် သောင်းလွင် (ယခုကွယ်လွန်) က လှမ်းမေးနေစဉ်တွင်…

"မင်းတို့က အပြေးလေ့ကျင့်နေကြတာလား။ အလုပ်ပြနေတာလား။ မင်းတို့ ဒီလိုပဲရပ်ကြည့်နေမှာလား"

အသံတစ်သံ ပေါ်လာသည်။

"ဟုတ်တယ်ဟေ့…လိုက်မယ်။ ဟော…ဟိုမှာလှေလာပြီ လှေနဲ့လိုက်မယ်။ ကြောက်တဲ့လူရှိရင် ကျန်ခဲ့ …"

စိန်မျောက်မျောက်က ဝါသနာအတိုင်း သေဖော်ညှိသည်။ ခုန်ဆွ ခုန်ဆွဖြင့် လှေဆီသွားသော စိန်မျောက်မျောက် နောက်က အကုန်

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းလိုက်လာသည်။ သည်ဘက်ကမ်းက အသံများကြောင့် ထင်သည် ယင်းတန်းပေါ်မှ လူများ အလျှင်အမြန် ကူးသွားရာ မမြင်ရတော့။

မိုးတဖွဲဖွဲရွာနေသည်။ အချိန်ကလည်း နွားရိုင်းသွင်းချိန်။

ပတ်ဝန်းကျင်တွင် နွားရိုင်းများကိုမမြင်ရဘဲ စိတ်ရိုင်းဝင်နေသော မနုဿများကိုသာ မြင်နေရသည်။ ရွှေလေ့နှင့် အင်းကြီးကုန်းမှ မနုဿများ။

"အဲဒီလူတွေ တစ်နေ့လုံး ငါ့အိမ်မှာ အရက်သောက်နေတာကွ။ မနက်က အရက်ဝင်သောက်နေပြီး မော်တော် မမှီတော့ဘူး။ ထပ်သောက်ကြပြန်တယ်။ တို့နယ်က လူတွေမဟုတ်ဘူးကွ။ ငါသိတာ ကျွန်းနှစ်ပင်က ဆင်ကြီးတစ်ယောက်ပဲသိတာ၊ မူးလာတော့ သူတို့က-

"လေ့ပို့တဲ့ အင်းသူကြီးက လူပါးဝတယ်တဲ့။ ပြန်ရင်တွေ့မယ်တဲ့။ ကြိမ်းသွားတယ်ကွ။ ဒီညနေအပြန်မှာ အင်းသူကြီးနဲ့တွေ့တော့ ဘာစကားပြော မတည့်သလဲတော့ မသိဘူးဟေ့… ဝိုင်းရိုက်လိုက်လို့ အင်းသူကြီး အတင်းလွတ်အောင် ပြေးခဲ့ရတာတဲ့၊ အခုအထိ အင်းသူကြီးပုန်းကောင်းနေတုန်း"

အရက်ရောင်းသည့် ကိုကျော်ဝ၏စကားလည်းဆုံး၊ တစ်ဖက်ကမ်းသို့လည်း ရောက်ခဲ့ပြီ။ ထဘီတိုတို ရေစိုစိုဖြင့် အင်းကြီးကုန်းရွာသူအချို့ကမူ လက်သီးလက်မောင်းတန်းလျက်။ 'သွေး' အရေးကြီးလျှင်သွေးနီးကြမည်ဆိုတာ ဒါပဲ ဖြစ်လိမ့်မည်။

(၆)

"ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့သည်" ဟုကြားဘူးခဲ့သည်။ ယခုမူ ထွားနှင့်ဆင်ကြီး ကျွန်းနှစ်ပင်ရွာအနီးမှာ တွေ့ကြပြီ။ အမျိုးထိလျှင် မချိအောင် နာတတ်သည့်၊ အမျိုးမဟုတ်သူကိုပင် တမင်အကြောင်းခံလေ့မရှိသည့် ထွားက ရှေ့ကဦးဆောင်ပြီး ကျွန်းနှစ်ပင်ရွာအထိလိုက်လာသည်။ တစ်ဖက်ကလည်း ကိုဆင်ကြီးဦးဆောင်ကာ ရင်ဆိုင်သည်။ တစ်ဖက်နှင့်တစ်ဖက်ကြားတွင် လူကြီးခါးသာသာ မြှုပ်သည့် ရိုးချောင်းကလေးခြားနေသည်။ သစ်ပင်ချုံပုတ်ပင်များကြောင့် တစ်ဖက်နှင့်တစ်ဖက်မမြင်ရ။ တစ်ဖက်ကငြိမ်နေ၍ တစ်ဖက်က ရိုးချောင်းကို ဖြတ်၍လိုက်သည်။

"အား…"

အော်လိုက်သည့် ဘက်က အသံနှင့်အတူ ရေပြင်တွင်သွေးနီရောင်လွှမ်းသွားသည်။ ဟိုဘက်ကမ်း လူစုက သစ်တုံးတိုနှင့် လှမ်းပစ်လိုက်ခြင်းက စိန်မောင်၏ ခေါင်းကို ထိသွားခြင်း ဖြစ်သည်။ အချိန်ကနေဝင်လုလု။ ဟိုဘက်ကမ်းမှ သစ်တုံးတိုဖြင့် ပစ်လိုက်ခြင်းက "တို့ ဒီမှာ စောင့်နေတယ်" ဟုသတိပေးလိုက်သလို ဖြစ်သွားသည်။ ဒီဘက်က လိုက်လာသည်ကို မြင်သော ကိုဆင်ကြီးတို့လူစုက အိမ်ကို ကပျာကယာ ပြန်ပြေးပြီး လက်နက်များယူလာကာ ကျွန်းနှစ်ပင်ရွာထိပ်မြေ အမြင့်ကစောင့်နေခြင်းပင်။ စောင့်သူကအမြင့်၊ လိုက်သူကအနိမ့်ဖြစ်နေ၍ လိုက်သူများက သတိထားပြီး ချုံပုတ်များ အကာအကွယ်ယူလိုက်သည်။ ကိုဆင်ကြီးမှာ အမည်နှင့်လိုက်လျောညီထွေဖြစ်လှသည်။ မြင့်မားသော အရပ်၊ ခိုင်ခန့်သော ကိုယ်ကာယနှင့်၊ ကိုင်ထားသည်က ထင်းခုတ်ဓားမအကြီးကြီး …

"သေချင်လို့ လိုက်လာကြတာပေါ့ကွာ"

ကိုဆင်ကြီး ခပ်တိုးတိုးပြောလိုက်သည်။ သူ့လူတွေကလည်း အရိပ်အခြေကြည့်ကာ အသံမပြု၊ ဂျင်ကလိမြားများကိုသာ အဆက်မပြတ် လွှတ်နေသည်။ အပွဲပွဲနှံ့

www.burmeseclassic.com

www.burmeseclassic.com



သည့် ငထွားကလည်း ရာဇဝင် အရိုင်းမခံပါ။ ချုံတစ်ခုကို အကာအကွယ်ယူလျက်က "လှစ်" ခနဲ ခုန်ထွက်လိုက်ပြီး တစ်ပါတည်း လက်ထဲရှိ ဓားရှည်ကို လှုပ်ရှားလိုက်သည်။ အောက်က "ပင့်" ၍ "ပက်" လိုက်သော ဓားရှည်အသွားက သခင်၏ လျင်မြန်ဖျတ်လတ်မှုကို တာဝန်ကျေစေသည်။ ကိုဆင်ကြီး၏ လည်ပင်းဆီသို့ တိတိကျကျ။

"အား ..."

အသံနက်ကြီးက ပတ်ဝန်းကျင်ကိုဖုံးသွားသည်။ အမြင့်မှနေရာယူထားသည့် ကိုဆင်ကြီးက အနီးဆုံး ချုံပုတ်တစ်ခု အတွင်းမှ လှစ်ခနဲ ထွက်လာသော ငထွားကို ဓားမကြီးဖြင့် **စီး**မိုးခုတ်လိုက်ပါသေးသည်။ သို့ရာတွင် နောက်ကျခဲ့လေပြီ။ တစ်ဆံခြည်မျှပင် နောက်ကျမခံသည့် ဤအသက်လုပွဲတွင် ဂျပုငထွား ကမပြောပလောက်သော အချိန်စောမှုကို မိမိရရ အသုံးချနိုင်ခဲ့သည်။ သို့ရာတွင် ကိုဆင်ကြီး၏ ဓားမကြီးကလည်း ငထွား၏ဘယ်ဘက်ပခုံးသားတစ်ဝက်ကို ဖဲ့ယူသွားသဖြင့် ပခုံးသားပေါ်ဖွေးခနဲ ဖြစ်သွားသည်။

လူပါးကလေး ငထွားကလျင်သည်။ ကိုဆင်ကြီးအရပ်ကြီးပြတ်

**အောက်က "ပင့်" ၍ "ပက်" လိုက်သော ဓားရှည်အသွားက ကိုဆင်ကြီး၏ လည်ပင်းဆီသို့ တိတိကျကျ။**

လဲသည်နှင့် တစ်ပြိုင်တည်း နောက်ဆုတ်သွားသည်။ ခေါင်းဆောင်များကိုထိသွားပြီဖြစ်၍ နောက်လိုက်များ ရှေ့မတိုးတော့ ကိုဆင်ကြီး၏ လူများက ပွစိပွစိလုပ်နေသော ဒီဘက်သို့ ဂျင်ကလိမိုးရွာ နေသေးသည်။

"အမလေး ... ကိုဆင်ကြီး သေပါပြီတော့ ... ဟီးဟီး"

မိန်းကလေး တစ်ဦး၏အော်ဟစ်ငိုသံကို ကြားကတည်းက အခြေအနေကို ရိပ်စားမိသည့် ဒီဘက်အဖွဲ့က ဒါဏ်ရာရ စိန်မောင်နှင့်ငထွားကိုတွဲပြီး ညအမှောင်ထုအားကိုးဖြင့် ဆုတ်ခွာသွားချေပြီ။

နွားရိုင်းသွင်းချိန် ဗိုလ်လုပွဲ (သို့မဟုတ်) မနုဿတို့၏ အသက်လုပွဲကြီး ပြီးဆုံးသောအခါ ငထွားက ထောင် (၁၀) နှစ်ကျပြီး၊ တုံးတိုဖြင့် ပစ်သော မောင်လှိုင်က ထောင် (၅) နှစ်ကျသည်။ နှစ်ဖက်စလုံးက ရှေ့နေရှေ့ရပ်များဖြင့် "ကာကွယ်မှုကို အသုံးပြုရခြင်း ဖြစ်ကြောင်း" တင်ပြခဲ့သေးသည်။ သို့ရာတွင် ရန်ဖြစ်နေစဉ် ကာကွယ်ခုခံမှုကို အသုံးချခွင့်မပြုခဲ့သဖြင့် ပေးသည့်အပြစ်ဒါဏ်ကိုသာ ရသွားကြပါသည်။

ငထွားနှင့်စိန်မောင် ဆေးရုံတက်နေစဉ် ဆရာတော်ဦးသောဓမ္မိယ ဆေးရုံရောက်ခဲ့သည့် တရားခံနှစ်

www.burmeseclassic.com

www.burmeseclassic.com



ဦးစလုံးမှာ ဆရာတော်၏ တပည့်များ ဖြစ်ကြသည်သာမက တစ်ချိန်က မောင်လှိုင်ခြေထောက်နာနေစဉ် ငထွားကပင် ကုပ်ပိုးခေါ်ခဲ့ရသည့် သူငယ်ချင်းအရင်းများပင်။ ဒေါ်သကို ရှေ့တန်းတင်၍ တစ်ရွာနှင့်တစ်ရွာ ဗိုလ်လုပွဲတွင် မောင်လှိုင်က ဟိုဘက်ကပဋ္ဌမံတပ်သား။ ငထွားကသည်ဘက်က လက်မရွံ့စစ်သူကြီး။ ဆရာတော်၏မေတ္တာရပ်ခံမှုကြောင့် တာဝန်ရှိသူများက ဆရာတော်အား တွေ့ဆုံခွင့်ပေးခဲ့သည်။

"ဒကာတို့…မဓုဝ မညတိ ဗာလော၊ ယာဝပါပံ နပစ္စတိ၊ ယဒါစ ပစ္စတိပါပံ၊ အထဒုက္ခံ နိဂစ္ဆတိ"

တဲ့ကွဲ့…။

"မကောင်းမှုကံ၏ မကောင်းသော အကျိုးကို မခံစားရသေးသမျှ၊ ကာလပတ်လုံး လူမိုက်တို့သည် မကောင်းမှုကံကိုပင် ပျားသကာ ထင်မှတ်နေကြ၏။ မကောင်းမှုကံ၏ အကျိုးပေးကို ခံစားရသောအခါတွင် ထိုလူမိုက်သည် အော်ဟစ်ငိုညည်း ကြီးစွာသော ဒုက္ခကို ခံစားနေရပြီကွဲ့။ ဒုက္ခတွေပေါ်ကွယ်…ဝဋ်ကြွေးရှိရင်လည်း ကြေကြပါတော့ ဒကာတို့"

ဆရာတော်က သည်မျှသာ မိန့်ပြီး ပြန်ကြွသွားသည်။ သံသရာခြားရဟာတ်ကမှ မရပ်မနားလည်မြဲလည်လျက်…

(၇)

အမိုက်ကြွေးကို ချေးနှင့်ဆေးပြီး ငထွားလွတ်လာခဲ့ပြန်ပြီ။ သို့ရာတွင် ယခင်ကငထွားမဟုတ်တော့။ သွက်လက် ဖျတ်လတ်ရှင်ပြခဲ့သော ငထွားသည် ယခုအခါတွင် တောင်ဝှေး ကလေးကိုသာ အဖော်ပြုနေရတော့သည်။ ရဲဘက်စခန်းတွင် ပင်ပန်းဆင်းရဲစွာ နေခဲ့ရသည် ထင်သည်။ ငထွား၏ ခါးတစ်ဖက်စောင်းနေပြီး ညအိပ်လျှင်ခါးကနာသည် ပြော၍ ကုသော်လည်း မရခဲ့ပါ။

အင်းကြီးကုန်းရွာကလေးမှ အခြားရွာများသို့ သွားလိုပါလျှင် ကျွန်းနှစ်ပင်ရွာဘက်မှလွဲ၍ ရွာမြောက်ဘက် ထိန်တောသချိုင်းကို ဖြတ်ကြရသည်။ သင်္ချိုင်းအလယ် ကုန်းမို့မို့တွင် အင်္ဂတေကွာစ ပြုနေသော ဒေါ်ရွှေမြ၏အုတ်ဂူဖြူဖြူကလေးကို ယနေ့တိုင်မြင်နိုင်ပါသေးသည်။ ပျဉ်းမထုံးအင်းကြီးဘေးတွင်ဖြစ်ခဲ့သော အသက်လုပွဲကြီးတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သော လူအချို့ပင်လျှင် မရှိကြတော့။ မမြဲသည့်သဘောတရားကို အဘယ်သူ အံ့တုနိုင်ပါမည်နည်း။

ဒေါ်ရွှေမြ၏ အုတ်ဂူရှေ့လမ်းမှ သင်သွားမည်ဆိုလျှင် တောင်ဝှေးကိုထောက်ပြီး အုတ်ဂူကို ငေးကြည့်နေသူ၊ ငိုနေသူတစ်ဦးအား တစ်ခါတစ်ရံ မြင်နိုင်ပါသေးသည်။

"အမေ့သားက ငယ်စဉ်ကတည်းက ကံငါးပါးကို လုံခြုံခဲ့တာပါကွယ် ပါဏာတိပါတာကံကြီးကို ချိုးဖောက်လိုက်မိတာကတော့။ မဟုတ်ရင် မခံတတ်တဲ့ကြီးနိုင်ငယ်ညှဉ်းလုပ်တာကို မခံတတ်တဲ့ သားလေးရဲ့ ဗီဇကြောင့်ပါ။ တစ်ကယ်တော့ ဒီလူသတ်ပွဲကြီးမှာ သားလေးပါဝင်ခဲ့ရတာဟာ "ကြားက ငထွား ခါးနာရတာပါ" လို့ သံဝေဂရအောင်၊ သတိတရားနဲ့ ရှောင်နိုင်အောင် ပြောဖြစ်အောင် ပြောလိုက်ကြစမ်းပါကွယ်"

ဂူတွင်းမှ ပြောနေသည်ဟု ကြားနေသယောင်ယောင်။

ကြာတော့ ကြာခဲ့ပါပြီ…။

ဒေါ်သခပ်သိမ်း ငြိမ်းကြပါစေ။

မွေးရပ်မြေအား အမှတ်ရ

လွမ်းဆွတ်စွာဖြင့်

**ကိုရဲ (ဥပဒေ)**

www.burmeseclassic.com



ထက်အောင်ကျော်
ကညွတ်ကွင်း



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ထက်အောင်ကျော် (ကညွတ်ကွင်း)

# ရုံးတော်က နှစ်ကြိမ်မြောက် မဆင်းခဲ့

(၁)

"ရုံးတော်က ××× နှစ်ကြိမ်မြောက် ဆင်းအလာ ××× တစ်ဦးကိုတစ်ဦး ××× ဒွေးမြေ့တဲ့ အကြည့်××× ပတ်သက်စရာ ××× ပြန်လည် ရှင်းနိုးစရာ××× တစ်သက်မှာ ××× ပြတ်ကြစဲကြပြီး×××"

အဆိုတော် ကိုင်ဇာ၏ 'အလွမ်းသီချင်းလေးက ကြေကွဲစရာ ပျံ့လွင့်လာသည်။ သီချင်းထဲက ချစ်သူနှစ်ဦး၏ အဖြစ်အပျက်ကို ရင်တနင့်နင့် ခံစားလိုက်ရသည်။

ချစ်သူနှစ်ဦး ရုံးတော်ပေါ်က ပထမအကြိမ်ဆင်းလာသည့် မြင်ကွင်းနှင့် နှစ်ကြိမ်မြောက် ဆင်းလာသည့် မြင်ကွင်းကို နှိုင်းယှဉ် ဖွဲ့ဆိုထားသည့် သီချင်းကောင်းတစ်ပုဒ် ဖြစ်သည်။

ရုံးတော်ကို ပထမတစ်ခေါက် လာစဉ်က တစ်ဦးနဲ့တစ်ဦး နူးညံ့သော ချစ်ခြင်းများစွာ ဖြင့် ဘဝတစ်သက်တာလုံး အတူလက်တွဲကြမည်ဟု ကျမ်းကျိန်လက်ထပ်ခဲ့ကြသည်။

သို့သော် အင်မတန်မှ ချစ်ကြသူ နှစ်ယောက်၊ ဘယ်လိုမှ မတွန်းလှန်နိုင်သည့် ကံတရား၏ အတိုက်အခိုက်များကို ခံကြရသောအခါ ရုံးတော်သို့ ဒုတိယအကြိမ် ရောက်ရပြန်သည်။

သည်အကြိမ်ကား ကွာရှင်းပြတ်စဲကြဖို့ဖြစ်သည်။

ရုံးတော်က××× နှစ်ကြိမ်မြောက် ဆင်းလာ×××လှေကားတစ်များ×××နည်းလှချည်လား ×××အပြုံးနဲ့သာ×××ကြုံဆုံပြီးခွဲခွာ×××တွေ့ဆုံကြုံကွဲ ××× ဘဝဓမ္မတာ×××

သီချင်းက နိဂုံးပိုဒ်ဖြင့် အဆုံးသတ်သွားချေပြီ။

သို့သော် ကျွန်ုပ်၏ အတွေးတို့ကား အဆုံးမသတ်နိုင်သေး။

အတိတ်ကာလ တစ်ခုဆီသို့ ပြေးလွှားခရီးနှင်နေဆဲ။

ဘယ်လိုမှ မတွန်းလှန်နိုင်သည့် ကံတရား၏ အတိုက်အခိုက်များနှင့် ဇနီးမောင်နှံ နှစ်ယောက်ကို မြင်ယောင်နေမိသည်။

သူတို့ကား ဦးဘရိုင်နှင့် ဒေါ်ရင်မေ။ မြို့နယ်တရားရုံးမှ

www.burmeseclassic.com



သည် နိုင်ငံတော်၏ အဆင့်အမြင့်ဆုံး ဗဟိုတရားစီရင်ရေးအဖွဲ့ထိတိုင် ပြဿနာတစ်ရပ်ကို ပို့ဆောင်ခဲ့ကြသည်။

ဖြစ်ချင်တော့ ထိုအချိန်တွင် သူတို့ ဇနီးမောင်နှံ ရုံးတော်က နှစ်ကြိမ်မြောက် မဆင်းရသေး။ တစ်နည်းဆိုရလျှင် လင်ခန်းမယားခန်း တရားဝင်မပြတ်မစဲ ရှိသေးသည့် အချိန်မင်ဖြစ်သည်။

(၂)

ပြဿနာအစ တစ်စကို ကနဦး ဆွဲထုတ်သူတို့ပင် အရှာရခက်သည့်အမှု။

ခင်ပွန်းဖြစ်သူက ပြဿနာရှာခြင်းလား …

ဇနီးသည်ကပင် ပြဿနာအစကို ဆွဲထုတ်ခြင်းလား။ သို့တည်းမဟုတ် …

သူတို့နှစ်ဦးစလုံးပင်ပြဿနာအစကို အတူတူ ဆွဲထုတ်နေကြခြင်းလား …

မည်သူမျှ တိတိပပ မသေချာနိုင်ခဲ့ကြ။

မည်သို့ပင်ဆိုစေ ဦးဘရင်ကတော့ သူ၏ ဇနီးဒေါ်ရင်မေသည် သူ မရှိခိုက် နေအိမ်အတွင်းရှိ ဗီရိုကို သော့တုဖြင့် ဖွင့်၍ ရွှေထည်ပစ္စည်းများကို ခိုးယူသွားကြောင်း တိုင်တန်းခဲ့သည်။

ရဲက စုံစမ်းထောက်လှမ်းသည်။ ပေါ်ပေါက်ချက်အရ ဒေါ်ရင်မေထံမှ ရွှေထည်ပစ္စည်းများကို သိမ်း၏။ သက်သေခံပစ္စည်းအဖြစ် ရုံးတော်သို့ တင်ပြ၏။

ဒေါ်ရင်မေကိုလည်း ပန်းဘဲတန်းမြို့နယ် တရားရုံးတွင် ၁၉၈၁ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ်-၁၅၂၉ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၈၀ ဖြင့် တရားစွဲဆိုခဲ့သည်။

ဤသည်က ပြဿနာ၏ အစနိဒါန်းပင် ဖြစ်ပါသေးသည်။

(၃)

ခင်ပွန်းက တရားလို
တရားခံက ဇနီးသည်

အမှုရင်ဆိုင်နေစဉ် ကာလ သက်သေခံပစ္စည်း ရွှေထည်ပစ္စည်းများ ပြန်ပေးထားပါရန်လည်း နှစ်ဦးစလုံးကပင် ယှဉ်ပြိုင်လျှောက်ထားကြ၏။

ပန်းဘဲတန်းမြို့နယ် တရားရုံးက ဦးဘရင်သို့ ခံဝန်ဖြင့် ပြန်ပေးထားရန် ကျင့်ထုံးပုဒ်မ-၅၁၆ က အရ အမိန့်ချမှတ်သည်။

ဤအမိန့်ကို ဒေါ်ရင်မေ မကျေနပ်။

ထို့ကြောင့် ရန်ကုန်တိုင်းတရားရုံးသို့ ပြင်ဆင်မှုတက်၏။ အမိန့်ကို ပြင်ဆင်ပေးပါရန် ၁၉၈၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ်-၃၄၃ တွင် လျှောက်၏။

သို့သော် သူမ၏လျှောက်ထားမှု မအောင်မြင်ခဲ့။

ပန်းဘဲတန်းမြို့နယ် တရားရုံးက အမှုကို ဆက်လက်ဆောင်ရွက်သည်။

တရားလိုပြ သက်သေများကို စစ်ဆေးကြားနာသည်။

စစ်ဆေးပေါ်ပေါက် ချက်များအရ ဒေါ်ရင်မေအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၈၀ အပါ ခိုးမှုဖြင့် စွဲချက်တင်ခဲ့သည်။

ရာဇဝတ်က ဦးဘရင်ဘက်မှ ရှိနေဆဲဖြစ်သည်။

ဒေါ်ရင်မေ အဖို့ကား မိအေးနစ်ခါနာကိန်း ဆိုက်နေသည်။ သက်သေခံ ရွှေထည်ပစ္စည်းပိုင်ဆိုင်မှု ကိစ္စမှာ ရှုံးသည့်အပြင် ခိုးမှုဖြင့်ပါ စွဲချက် တင်ခံရပြန်သည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၇၈ တွင် ခိုးမှုကို ဤကဲ့သို့ အဓိပ္ပာယ် ဖွင့်ဆိုထားသည်။

သူတပါးပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ခုခု ကို ထိုသူမသိစေဘဲ မရိုးမဖြောင့်သောသဘောဖြင့် တစ်နေရာမှတစ်နေရာ

www.burmeseclassic.com



သို့ ရွှေ့စေခြင်းသည် ခိုးမှုမြောက် သည်။

ဦးဘရင်နှင့် မိမိမှာ ရုံး တော်တွင် ထိမ်းမြား မင်္ဂလာလက် မှတ် ရေးထိုးပြီး တစ်ကြိမ်သာ ဆင်းခဲ့ရသေးသည်။

ရုံးတော်ကို ဒုတိယအကြိမ် သွား ကွာရှင်းပြတ်စဲ လက်မှတ် ထိုးပြီး နှစ်ကြိမ်မြောက် မဆင်းရ သေး။

ရှင်းအောင်ဆိုရလျှင် လင် ခန်းမယားခန်း တရားဝင် မပြတ်စဲ ရသေးသူများဖြစ်သည်။

ရွှေထည်ပစ္စည်းများကို သူ ပိုင်သလို ကိုယ်လည်းပိုင်သည်။ ထို့ကြောင့် ခိုးမှု မမြောက်နိုင်။

ဒေါ်ရင်မေ သည်လိုပဲ ခံယူ သည်။

ထို့ကြောင့် စွဲချက်ကို ပယ် ဖျက်ပေးပါရန် ရန်ကုန်တိုင်းတရား ရုံးသို့ ၁၉၈၁ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၄၅၇ တွင် လျှောက်ထားသည်။

သည်ပြင်ဆင်မှုမှာ ဒေါ်ရင် မေ အောင်မြင်ခဲ့၏။

သို့သော် သက်သေခံရွှေ ထည်များကိုလည်း အချင်းမဖြစ် ပွားမီက ထားရှိခဲ့သည့်အတိုင်း ဦးဘရင်၏ လက်ဝယ်ထားရှိစေ ရန်လည်း အမိန့်ချမှတ်ခဲ့ပြန်သည်။

> "မကွာရှင်းရသေးသော ဇနီးက လင်မယားပိုင် ပစ္စည်းများကို ယူသွားခြင်းမှာ ခိုးမှုမမြောက်"

ပုထုဇဉ်လူသားတို့ကား အတ္တမာန၏ သားကောင်များ သာဖြစ်သည်။

တရားရုံးက တရားဥပဒေ နှင့်အညီ ဆုံးဖြတ်ဖြေရှင်းလင့် ကစား မိမိအလိုဆန္ဒနှင့် မကိုက် ညီလျှင် သဘောမတူတတ်ကြ သည်မှာ ဓမ္မတာဟုပင် ဆိုရမည် ယခုလည်း ...

သက်သေခံရွှေထည်ပစ္စည်း နှင့် ပတ်သက်သည့် ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ဒေါ်ရင်မေ မကျေနပ် ...။

ဦးဘရင်ကလည်း ဒေါ်ရင် မေကို စွဲချက်မတင်ဘဲ လွှတ်သည့် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ် ...။

ကိုယ်စီ ကိုယ်င မကျေနပ် ချက်များဖြင့် ဗဟိုတရားရုံးသို့ ဆက်တက်ကြသည်။

ရန်ကုန်တိုင်း တရားရုံးက ချမှတ်သည့် အမိန့်များကို ပြင် ဆင်ပေးပါရန် လျှောက်ထားကြ လေတော့သည်။

'ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၇၈'

"မကွာရှင်းရသေးသော ဇနီးက လင်မယားပိုင်ပစ္စည်းများ ကို ယူသွားခြင်းမှာ ခိုးမှုမြောက် မမြောက်"

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်မှာ ဒေါ်ရင်မေ နှင့်(၁) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

(၂) ဦးဘရင် တည်းဟူသော ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု တွင် အဓိက စဉ်းစားသုံးသပ်ရသည့် အချက်တစ်ချက် ဖြစ်လာခဲ့သည်။

ဗဟိုတရား စီရင်ရေး အဖွဲ့သည် အမှု၏ ဖြစ်စဉ်အရပ်ရပ် ကို သုံးသပ် စစ်ဆေးခဲ့သည်။

ဒေါ်ရင်မေနှင့် ဦးဘရင်တို့ တင်သွင်းသည့် ပြင်ဆင်မှု (၂) မှုမှာ မူလမှုတစ်မှုတည်းမှ ပေါ်ပေါက်လာကြောင်း တွေ့ရ သည်။

ထို့ကြောင့် ယင်းတို့ကို ပူးပေါင်းကြားနာသည်။

ချမှတ်သော စီရင်ချက်မှာလည်း နှစ်မှုစလုံးနှင့် အကျုံးဝင်ခဲ့သည်။

"ပြစ်မှုဆိုင်ရာ အမှုပြီးဆုံးသောအခါ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ-၅၁၇ (ခ) အရ သက်သေခံပစ္စည်းများကို လက်ဝယ် ရရှိထိုက်သူကို ပေးစေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။

ဒေါ်ရင်မေသည် ဦးဘရင် သော့ခတ် သိမ်းဆည်းထားသည့် ရွှေထည်ပစ္စည်းများကို ယူသွားခဲ့ကြောင်း သက်သေခံချက်များအရ ပေါ်လွင်သဖြင့် ဦးဘရင်သာလျှင် လက်ဝယ်ရထိုက်သည်ဟု ရန်ကုန်တိုင်း တရားရုံး၏ ဆုံးဖြတ်ချက်မှာ မှားယွင်းသည်ဟု မဆိုနိုင်။

ဒေါ်ရင်မေ အနေဖြင့် ထိုပစ္စည်းများကို ပိုင်ဆိုင်သည်ဟု ဆိုလျှင် တရားမကြောင်းအရ အရေးဆိုနိုင်ပေသည်။

ဦးဘရင်နှင့် ဒေါ်ရင်မေတို့သည် မကွာရှင်းရသေးသော ဇနီးမောင်နှံ ဖြစ်သည်။

ဒေါ်ရင်မေက သက်သေခံပစ္စည်းများကို မိမိလည်း ပိုင်ဆိုင်သည်ဟု ယုံကြည်၍ ယူသွားခြင်းဖြစ်ရာ မရိုးမဖြောင့်သောသဘောဖြင့် ယူသွားခြင်းမဟုတ်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၈ အရ ခိုးမှုမမြောက်။ ထို့ကြောင့် ဒေါ်ရင်မေ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ အရ စွဲချက်တင်ရန် အကြောင်းမရှိပေ။

မူလရုံးက ဒေါ်ရင်မေ အပေါ် စွဲချက်တင်ထားခြင်းကို ရန်ကုန်တိုင်း တရားရုံးက ပယ်ဖျက်၍ ဒေါ်ရင်မေအား ပြန်လွှတ်ထားရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဒေါ်ရင်မေနှင့် ဦးဘရင်တို့ အသီးသီးက တင်သွင်းသည့် ဗဟိုတရားရုံး ၁၉၈၁ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၄၇၆ (ခ) နှင့် ၆၃၁ (ခ) တို့ကို ခွင့်ပြုရန်အကြောင်း မမြင်သဖြင့် ယင်းပြင်ဆင်မှုများကို ပလပ်လိုက်သည်။

ဗဟို တရားစီရင်ရေး အဖွဲ့၏ ဆုံးဖြတ်ချက်က ဦးဘရင်နှင့် ဒေါ်ရင်မေတို့၏ ပြစ်မှုကြောင်း ရင်ဆိုင်နေမှုကို နိဂုံးကမ္ပတ် အဆုံးသတ်သွားစေပါတော့သည်။

အတိတ်ဖြစ်ရပ်တို့က နှစ်ပေါင်းသုံးဆယ်ကျော် ကြာမြင့်ဟောင်းနွမ်းခဲ့ပါချေပြီ။

သို့သော်

"မကွာရှင်းရသေးသော ဇနီးက လင်မယားပိုင်ပစ္စည်းများကိုယူသွားခြင်းမှာ ခိုးမှု မမြောက်" ဟူသည့် စီရင်ထုံးကတော့ ယနေ့တိုင် သစ်ဆဲလွင်ဆဲပါတည်း။

ဝန်ခံချက်။ ။၁၉၈၃ ခုနှစ် ပြင်မှုဆိုင်ရာ စီရင်ထုံး၊ ဒေါ်ရင်မေနှင့်-

(၁) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

(၂) ဦးဘရင်ကို မှီငြမ်းကိုးကား ရေးဖွဲ့ခြင်းဖြစ်ပါသည်။

**ထက်အောင်ကျော်**
**(ကညွှတ်ကွင်း)**

www.burmeseclassic.com

www.burmeseclassic.com

# မောင်မြိုငြင်းဦ


ချောင်ဦး




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးညို (ချောင်းဦး)

# ကရွှေကြောက်ခံရသူများ

(၁)

**လူတစ်ယောက်ကို ကားတိုက်မိခြင်း**

ကွန်းချောင်းတံတားကျော်သည်နှင့် အမှောင်က လွှမ်းခြုံစပြုလာပေပြီ။

ကိုတင်ထွန်းက ကားရှေ့မီးတွေကို ဖွင့်လိုက်၏။

"ကညွှတ်ကွင်းမြို့" ဟူသော မြို့ဝင် ကမ္ဗည်းတိုင်ကို တွေ့ရသည်....။

ခပ်ရဲရဲ ခပ်ကဲကဲ ဝေါကနဲ ဝေါကနဲ မောင်းနှင်နေသော ဆိုင်ကယ်များကြောင့် ကား၏ အရှိန်ကို ကီလို (၂၀) ထိ သူ လျှော့ချလိုက်၏။

ခရီးလမ်းဆုံးက တောင်ငူ အထိသာ ဖြစ်သောကြောင့် သိပ်မလိုတော့.....။

အန္တရာယ်ကင်းကင်းနှင့် မှန်မှန် မောင်းသွားရန်ပဲ သူ ဆုံးဖြတ်ထားသည်။

သူ့ကားက တောင်ဂုံးထဲ ရွာကို လွန်လာ၏။

မြို့ထဲဝင်စ ပြုလာပြီဖြစ်၍ ကားလမ်း၏ ဘေးတစ်ဖက်တစ်ချက်မှာ ဆိုင်ကယ်တွေ စက်ဘီးတွေ ပိုများလာသည်။

မျက်စိလျှင်လျှင်နှင့် သတိကြီးစွာထားရင်း ကားကို မောင်းနေရသည်....။

ထိုစဉ်မှာပင် ရှေ့ခပ်လှမ်းလှမ်း၌ လူတစ်ယောက်ကို လှမ်းတွေ့လိုက်သည်။ ပီနံအိတ်တစ်လုံးကို ပခုံးပေါ်တင်ထမ်းထားသည့်..

အသက် ငါးဆယ်ခန့် ယောကျ်ားကြီးတစ်ဦး၊ အင်္ကျီအကွက်ကျဲနှင့် ပုဆိုးကို ခပ်တိုတို ဝတ်ထားသည်။ လက်ယာဘက်လမ်းပခုံးပေါ်မှာ ရပ်နေသည်။

သူ့အသွင်က လမ်း၏ အနောက်ဘက်သို့ ဖြတ်ကူးမည့်အသွင်၊ သူ့ကားလာနေ၍ စောင့်ဆိုင်းနေရသည့် ဟန်။

သည်နေရာမှာ လူကြီးမဟုတ်ဘဲ ကလေးငယ်တစ်ဦး ဆိုလျှင်တော့ စိုးရိမ်ရသည်။ ကားလာတာ မြင်သော်လည်း ဖြတ်ကူးချင် ကူးတတ်၏။ စိတ်မချရ။

"ဒီလူကြီးကတော့ ဖြတ်မကူးလောက်ပါဘူး"

သူက တွေးရင်း ပြုံးမိလိုက်သည်။....

ကားကို ပုံမှန်အတိုင်းပင် မောင်းလာခဲ့သည်။

ဤသို့ဖြင့် ရပ်နေသော ထိုလူကြီးနှင့် အလွန်နီးကပ်သော နေရာသို့ပင် ရောက်ရှိလာသည်။

ထိုအချိန်မှာပင် သူထင်မှတ်မထားသော အဖြစ်အပျက်က

www.burmeseclassic.com

www.burmeseclassic.com



ချောက်ခြားဖွယ်ရာ ဖြစ်ပျက်သွားခဲ့သည်။

စောစောက ရပ်နေသော လူကြီးသည် ကိုတင်ထွန်း၏ ကားအလွန် နီးကပ်စွာ ရောက်လာမှ လမ်းကို ဖြတ်ကူးလိုက်ခြင်း ဖြစ်သည်....။

"ဟာ..တိုက်..တိုက်.."

ကိုတင်ထွန်း အလန့်တကြား အော်လိုက်သည်။ တစ်ချိန်တည်းမှာပင် ဘရိတ်ကို နင်းချလိုက်သည်...။

သို့သော် နောက်ကျသွားပေပြီ....

"ဒုန်း......"

"ကျွီ..ကျွီ..ကျွီ"

ကျယ်လောင်သော အသံကြီးနှင့်အတူ ထိုလူကြီး လမ်းပေါ်လွင့်စင်ကျသွားတာ သူမြင်လိုက်သည်။

သူဘာမှ စဉ်းစားမနေတော့။

လဲကျနေသော လူကြီးကို ရှောင်ကာ ကားကို ဆက်မောင်းလာခဲ့သည်။

အောက်တန်းကျ စိတ်ဓာတ်ဖြင့် လူနာကို ပစ်ထားခဲ့ခြင်း မဟုတ်ပါ။

ကားတိုက်ခံရသူ၏ ဆွေမျိုးသားချင်းတွေ ရောက်လာလျှင်

**"ကျွီ..ကျွီ..ကျွီ"**
**ကျယ်လောင်သော**
**အသံကြီးနှင့်အတူ**
**ထိုလူကြီး**
**လမ်းပေါ်လွင့်စင်ကျသွားတာ**
**သူမြင်လိုက်သည်။**

သူ့အတွက် အခြေအနေမကောင်း၊ ဒေါသထွက်နေသည့် လူတွေကြားထဲမှာ သူ့အသက်အန္တရာယ် ရှိနိုင်သောကြောင့် ဖြစ်သည်။

**အဖြေရှာ မရတဲ့ ပုစ္ဆာ**

"ဒုန်း...."

"ကျွီ..ကျွီ..ကျွီ"

"ဒုန်း" ကနဲ့ ကျယ်လောင်သော အသံ၊ ဆူညံသွားသော ကားဘရိတ်အုပ်သံတို့ကြောင့် ကားလမ်းပေါ်မှာ ပြဿနာ တစ်ခုခုဖြစ်သွားပြီဟု ကိုလှမြင့်သိလိုက်သည်။

ကန့်စွန်းခင်း ရေလောင်းနေခြင်းကိုရပ်၍ ကားလမ်းပေါ် ပြေးတက်လိုက်သည်။

ကားငယ် တစ်စီးမောင်းသွားတာ တွေ့ရ၏။

သူ့လိုပဲ လမ်းပေါ်တက်လာသူတွေကို တွေ့ရသည်။ တစ်စတစ်စနှင့် လူအုပ်ကြီး ဖြစ်လာသည်။

သို့သော် ဘာဖြစ်သည်ကို သူတို့အားလုံး မသိကြ။

ကားလမ်းပေါ်မှာ ဘာမှမရှိ။

တစ်စုံတစ်ခုကို တိုက်မိတာတော့ သေချာသည်။ "ဒုန်း" ဟူသော အသံကြီးကို ကြားရသည်။ ပြီးတော့ ကားဘရိတ်

www.burmeseclassic.com

www.burmeseclassic.com





ဆွဲသံကြီး…

မောင်းနှင်သွားသည့် ကားတစ်စီးတော့ တွေ့လိုက်သည်။

"တိုက်မိတဲ့ လူကို ကားပေါ်တင်ပြီး မောင်းသွားတာဖြစ်မယ်"

လူတစ်ယောက်၏ မှတ်ချက်ပေးသံကို ကြားရသည်။

"ကားပေါ်က ပစ္စည်းတစ်ခုခု ပြုတ်ကျလို့ ပြန်ကောက်သွားတာလား"

တစ်ယောက်တစ်မျိုး မှတ်ချက်ပေးနေကြသော်လည်း ရေရာသော အဖြေကိုမူ မည်သူမျှ ရှာမတွေ့။

ဇဝေဇဝါ အဖြေများဖြင့် လူစု ကွဲစပြုနေစဉ်မှာပင် ကားလေးတစ်စီး ထိုနေရာသို့ ရောက်လာသည်။

ကားရပ်သည်နှင့် ရဲတပ်ဖွဲ့ဝင်သုံးဦး ဆင်းလာသည်။

"ကျွန်တော်ကားတိုက်မှုဖြစ်ခဲ့တာ ဒီနေရာပါ"

ကိုတင်ထွန်းက ကားပေါ်မှ ဆင်းရင်း ပြောလိုက်သည်။

"လူနာဘယ်မှာလဲ။ ကျွန်တော် တာဝန်ယူပါတယ်။ လူနာကို ဆေးရုံအချိန်မီ ပို့ရပါမယ်"

ကိုတင်ထွန်း အော်မေးနေသော်လည်း မည်သူမျှ အဖြေမပေးနိုင်ကြ။

"ဒီပုဂ္ဂိုလ်က လူတစ်ယောက်ကို ကားနဲ့ တိုက်မိပါတယ်ဆိုပြီး ရဲစခန်းလာ အဖမ်းခံတယ်။ တိုက်မိတဲ့ နေရာလည်း လိုက်ပြတယ်။ ဒါပေမယ့် အခင်းဖြစ်နေရာမှာ ဘာမှမရှိဘူး။ ဘယ်လိုဖြစ်တာလဲ"

ရဲအရာရှိ၏ စကားဆုံးသည်နှင့် ကိုလှမြင့်က ဝင်ပြောလိုက်သည်။

"ကျွန်တော်တို့လည်းတစ်ခုခုကို ကားတိုက်မိတဲ့ အသံကြီးကြားလို့ ချက်ချင်းရောက်လာကြတာပဲ။ ဒါပေမယ့် ဘာမှ မတွေ့ဘူး။ လူကိုတိုက်မိပြီး ကားပေါ်တင်သွားတာလို့ပဲ ထင်လိုက်တယ်"

"ဟာ မဟုတ်ပါဘူးဗျာ။ ကားပေါ်တင် မသွားပါဘူး။တိုက်မိတာတော့ တကယ်ပါ။ အသက် (၅၀) အရွယ်လောက်၊ ယောက်ျားကြီးတစ်ယောက်၊ လမ်းဘေးမှာ ရပ်နေတာ။ ကျွန်တော့်ကားအနီး ရောက်လာမှ ကားရှေ့ကို လမ်းဖြတ်ကူးလို့ တိုက်မိတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"လူတိုက်တာမှန်ရင် သွေးကွက်၊ သွေးစက်တော့ ရှိရမှာပေါ့။ ခု ဘာဆိုဘာမှ မရှိဘူးလေ။ ခင်ဗျား ကျန်းမာရေး ကောင်းရဲ့လား"

ရဲအရာရှိ စကားကြောင့် ကိုတင်ထွန်း ခေါင်းကို ခါယမ်းလိုက်သည်။

"ကိုယ့်ကိုယ်ကို ဒုက္ခဖြစ်မဲ့ အလုပ်မျိုး မဟုတ်ဘဲနဲ့ ကျွန်တော် လုပ်ပါမလား ဆရာ။

ဟောဒီမှာကြည့် ကျွန်တော့် ကား ရှေ့ဘန်ပါတောင် ချိုင့်သွားတယ်"

"ဟုတ်တော့ ဟုတ်တယ်။ ဒါပေမယ့် မဟုတ်ဘူးလို့ ပြောရမှာပဲ။ ကျုပ်တော့ ရူးချင်သလိုလို ဖြစ်လာပြီ"

"အေးဗျာ စဉ်းစားရတော်တော် ခက်သွားပြီ။ တိုက်မိတာတော့ အမှန်ပဲဗျ။ အဲဒီလူက အိတ်တစ်လုံးကို ထမ်းထားတယ်။အင်္ကျီကလည်း အကွက်ကျဲကြီးနဲ့"

ကားသမား၏ စကားသံကြောင့် ကိုလှမြင့် မျက်လုံးပြူးသွားသည်။

"အိတ်တစ်လုံး ထမ်းထားတယ်။ အင်္ကျီအကွက်ကျဲနဲ့ ဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ်။ ဒီလူကို ခင်ဗျား သိလား"

"သိတယ်…ဒါဦးသောင်းကြည်ပဲ"

"ဒါဆို သူဘယ်ရောက်သွားလဲ"

"သေသွားပြီ…လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက"

"ဗျာ"

ကိုလှမြင့် စကားကြောင့် ကားဆရာရော ရဲတွေပါ အံ့သြသွားကြသည်။

"ဟုတ်တယ် …. ဟိုး တံတားလေးနားမှာ ကားတိုက်ခံရလို့ ဆုံးသွားတာ ကျုပ်ကိုယ်တိုင် ဆေးရုံပို့ခဲ့ရတယ်။ အဲဒီတုန်းကလည်း အင်္ကျီ အညိုရောင် ကွက်ကျဲကြီးနဲ့ စပါးအိတ်ကို ပခုံးပေါ်မှာ ထမ်းထားတယ်တဲ့"

"ဒါဆိုရင်"

"ဟုတ်တယ်။ ဒါဦးသောင်းကြည်ပဲ ဖြစ်မှာပါ။ သူ ကြုံတွေ့ခဲ့ရတဲ့ ဖြစ်စဉ်အတိုင်း သရုပ်ပြခြောက်လှန့်ခြင်းလား။ဒါမှမဟုတ်။

မမြင်အပ်တဲ့ သတ္တဝါ (တစ္ဆေ၊ ပြိတ္တာ) ဘဝနဲ့ ကားတိုက်ခံရခြင်းလား ဆိုတာတော့ ဦးသောင်းကြည်ပဲ သိနိုင်လိမ့်မယ် ထင်တယ်"

ကိုလှမြင့်၏ စကားက လက်ငင်း ကြုံတွေ့နေရသည့်

**ကားတိုက်ခံရလို့ ဆုံးသွားတာ အဲဒီတုန်းကလည်း အင်္ကျီ အညိုရောင် ကွက်ကျဲကြီးနဲ့**

www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စဟာ
သရဲခြောက်ခံရတာဆိုတာ
ကျွန်တော်တို့အားလုံး
နားလည်လိုက်ပါတယ်။

ပြဿနာကို အဖြေရှာပေးလိုက်သလိုတော့ ဖြစ်ခဲ့၏။

သို့သော် ကိုတင်ထွန်း၏ စိတ်ထဲမှာတော့ ဟာတာတာကြီး ဖြစ်လျက် မတင်မကျနဲ့····

အဖြေမရှာနိုင်သည့် ပုစ္ဆာတစ်ပုဒ်ကို မျိုချထားရသလို ယနေ့ထိတိုင် ခံစားနေရဆဲဖြစ်ပါတော့သည်။

**သရဲခြောက်ခံရတဲ့ နယ်ထိန်းများ**

ကျွန်တော်တို့ ရောက်သွားတဲ့နေ့က ခင်ကြီးတစ်ရွာလုံး ချောက်ချောက်ချားချား ဖြစ်နေကြတယ်။

မီးမဖွားနိုင်လို့ ဆုံးတဲ့ အမျိုးသမီးက အရမ်းချောက်တယ်ဆိုပဲ။ အရုပ်အခေါ် အစိမ်းသေပေါ့။

အရင်က မောင်းထောင်းသံ စပါးကြိတ်သံတွေ တညံညံ လှော်ကပ်ပြန်သံပေး၊ ခြေအေး ဝမ်းရောင်တွေရဲ့ မယ်ဒလင်သံတွေနဲ့ စည်စည်ညံညံရှိတဲ့ ရွာဟာ နေဝင်လို့မှောင်တာနဲ့ လူသံသူသံ ဆိတ်သုဉ်းပြီး တထိတ်ထိတ် တလန့်လန့်ဖြစ်နေရတယ်လို့ ကောင်စီအတွင်းရေးမှူးက ပြောပြတယ်။

အတွင်းရေးမှူး ကတော်ကတော့ ကျွန်တော်တို့ နယ်ထိန်းအဖွဲ့ရောက်လာတဲ့အတွက် ဝမ်းသာနေတယ်။

"ဆုံးသွားတဲ့ အမျိုးသမီးက ဒီအိမ်မှာ စားအိမ်သောက် အိမ်မိသားစုလိုနေတာမို့ ဆုံးတဲ့နေ့ကစပြီး လာခြောက်နေတာ ညတိုင်းမအိပ်ရဘူး။ ဒီညဆရာတို့ ရောက်နေရင်တော့ သူလာရဲမှာ မဟုတ်ဘူး" လို့လည်း ပြောတယ်။

ခင်ကြီးရွာက ကျွန်တော်တို့ ကညွတ်ကွင်း ရဲစခန်းရဲ့ အရှေ့ဘက် (၆) မိုင်လောက် အကွာမှာရှိတယ်။ ပွင့်လင်းရာသီမှာ အဖြစ်များတဲ့ ကျွဲနွားခိုးမှု လျှော့နည်းပပျောက်ဖို့။ မှတ်တမ်းဝင် လူဆိုး၊ ရာဇဝင်လူဆိုးတွေ စစ်ဆေးဖို့ ကင်းလှည့်လာတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အဖွဲ့ခေါင်းဆောင်က ရဲတပ်ကြပ်ကြီး သန်းဆောင် (ယခု အငြိမ်းစား) ဖြစ်ပြီး ဒုတပ်ကြပ် ဝင်းထိန် (ကျောက်ကြီးမြို့နယ်မှာ ကျဆုံး)၊ ဒုတပ်ကြပ် အောင်သန်း (ကွယ်လွန်)၊တပ်သား ကျော်စိုးမင်း (ကွယ်လွန်) နဲ့ ကျွန်တော်တို့ ပါဝင်ပါတယ်။

ရဲတပ်ဖွဲ့ဝင် ၁၀၊ အမှုအခင်းများစွာ ကြုံတွေ့ စစ်ဆေးရာမှာ သေခြင်းမျိုးစုံနဲ့ သေတဲ့ အလောင်းမျိုးစုံ ကိုင်တွယ်စစ်ဆေးရတာလည်း ပါဝင်ပါတယ်။

ညဥ့်နက် သန်းကောင်မှ

www.burmeseclassic.com

www.burmeseclassic.com



သုသာန်သင်္ချိုင်းဂူတွေ မြေပုံတွေ ကြား ကင်းပုန်းဝပ်ရတာလည်း မကြာခဏဆိုတော့ ကျွန်တော် သရဲမကြောက်တတ်ဘူး။ သရဲ ချောက်မခံဘူးလို့ သရဲတစ္ဆေရှိတာ လည်း မယုံတဲ့စိတ်ရှိပါတယ်။

ခင်ကြီးရွာအရောက် သရဲ ချောက်တယ်ဆိုတော့ အတွေ့ အကြုံအဖြစ် သရဲလာချောက်ပါ စေလို့တောင် ဆုတောင်းမိပါ တယ်။

ကျွန်တော်ကပဲ ဆုတောင်း ကောင်းတာလား။ သရဲကပဲ ရဲကို မကြောက်တာလား မသိဘူး။ တကယ်ပဲ ကျွန်တော်တို့ အားလုံး သရဲခြောက်တာကို တစ်ညလုံး လိုမ့်ခံခဲ့ရပါတယ်။



**စပါးစေ့တွေနဲ့ ပက်တဲ့ သရဲ**

မှောင်တာနဲ့ လာလာခြောက် တဲ့ သရဲကြောင့် ဧည့်သည် ကျွန် တော်တို့ရော ကောင်စီ အတွင်းရေး မှူး မိသားစုတွေရော ညနေစာကို စောစောစားကြရတယ်။

ထမင်းစားပြီး ရေနွေးကြမ်း သောက်ရင်း စကားပြောနေတုန်း မှာ ဝိုးတဝါးကျန်နေတဲ့ အလင်း ရောင် ပျောက်သွားပြီ ညအမှောင် က တဖြေးဖြေး သိပ်သည်းလာ တယ်။

အတွင်းရေးမှူးကတော်က စားပွဲပေါ် မှန်အိမ်လာချပေးတယ်။ မှန်အိမ် အလင်းရောင်နဲ့ စကား ဆက်ပြောနေကြတယ်။

ပြောရဦးမယ်။ ကောင်စီ အတွင်းရေးမှူးရဲ့ အိမ်က လေး ပင်ပတ်လည် ခြေတံရှည်အိမ်မြင့် ပျဉ်ခင်းထရံကာ သွပ်မိုးအိမ်။

အိမ်ပေါ်တက်ဖို့ သစ်သား လှေကား မတ်မတ်ထောင်ထား တယ်။ လက်ကိုင်အဖြစ် ဝါးတစ် လုံးတန်းထားတယ်။

လှေကားထိပ် တည့်တည့် ဝင်ပေါက်အနီးရှိတဲ့ စားပွဲတန်း လျားမှာ ကျွန်တော်တို့ စကား ပြောနေကြတာပါ။

"ဒီနေ့ လာမချောက်တော့ ဘူးနဲ့ တူတယ်"

အတွင်းရေးမှူး ကတော်ရဲ့ စကားဆုံးတယ် ဆိုရုံရှိသေး။ ကျွန် တော်တို့ ကိုယ်ပေါ်စပါးတွေ ပက် ကျဲတာ ခံလိုက်ရတယ်။

အတွင်းရေးမှူး ကတော်နဲ့ သမီးတွေကတော့ "ဟော လာ

www.burmeseclassic.com

www.burmeseclassic.com



ဗြိ"လို့ အလန့်တကြား အော်ပြီး အတွင်းအိပ်ခန်းတွေထဲ ဝင်ပြေးကြတယ်။

စကားဝိုင်းမှာ ကျွန်တော် တို့ရဲ (၅) ယောက်နဲ့ ကောင်စီ အတွင်းရေးမှူးပဲ ကျန်ခဲ့တယ်။

အဲဒီနောက်မှာတော့ ဆယ်မိနစ်ခြား တစ်ခါလောက်ကို ဝင်ပေါက်ဘက်ကနေ စပါးတွေနဲ့ ပက်တာ လိုမ့်ခံနေရပါတယ်။

ဒီကိစ္စဟာ သရဲချောက်ခံရတာဆိုတာ ကျွန်တော်တို့အားလုံး နားလည်လိုက်ပါတယ်။

ကျွန်တော်တို့ အဖွဲ့မှာ ၃၀၃ အမေရိကန် ရိုင်ဖယ် ၂ လက်၊ ၃၀၃ အင်္ဂလိပ် နှာတို ၂ လက်နဲ့ အင်္ဂလိပ်စတင်းဂန်း တစ်လက်ပါတယ်။

ဘယ်သူကမှ ကျွန်တော်တို့ကို နောက်နောက်ပြောင်ပြောင် စပါးစေ့တွေနဲ့ လာပက်ရဲမှာမဟုတ်ဘူး။

သရဲခြောက်တာ သေချာနေပေမယ့် ကျွန်တော်တစ်မျိုး လှည့်စဉ်းစားတယ်။

တောရွာလေ့ ကိုယ့်လယ်က ထွက်တဲ့စပါးနှံတွေကို ဘုရားစင်မှာ ချိတ်ဆွဲ ပူဇော်လေ့ရှိတယ်။ အဲဒီစပါးနှံကို ကြွက်ကချီ အိမ်ခေါင်မိုးပေါ်ရောက်၊ ကျွန်တော်တို့အပေါ် တည့်တည့်ရေစာလျှောက်က ကျလာတာ ဖြစ်မယ်ပေါ့။

ကျွန်တော် ပြောလိုက်တာနဲ့ ကျော်စိုးမင်း ခေါင်မိုးအပေါ် တက်ကြည့်တယ်။ ဘာမှမတွေ့ဘူး ပြောပြီး ပြန်ဆင်းလာတယ်။

ကျွန်တော့် အနေနဲ့လည်း ပြောမယ့်သာပြောတာပါ။ ဝင်ပေါက်ကနေ ကျဲပက်တာနဲ့ အပေါ်က ကျလာတာ အသိသာကြီးပါ။

ခဏခဏ ပက်နေတော့ ဒုတပ်ကြပ်အောင်သိန်း သည်းမခံနိုင်တော့ဘူး။ သူက လူမျိုးခြား ဘာသာခြား သရဲဆိုတာ မယုံသူ။

"တစ်ယောက်ယောက်လာ လုပ်နေတာ ဖြစ်မယ်။ ဒီတစ်ခါ လုပ်ရဲရင်လုပ်ကြည့် သေနတ်နဲ့ ပစ်မယ်" ပြောပြီး အောက်ဆင်းသွားတယ်။ သူ့ သေနတ် အင်္ဂလိပ်နှာတို သေနတ်ကိုင်ပြီး လှေကားရင်း အမှောင်ထဲမှာ ရပ်နေတယ်။

သူကြိမ်းဝါးတာကို လန့်သွားတာနဲ့ တူတယ်။ စပါးတွေနဲ့ ကျဲပက်တာ မခံရတော့ဘူး။ဒီလိုနဲ့ နာရီဝက်လောက် ကြာသွားတယ်။

"ကဲလာပက်ရဲသေးလား"

ဒုတပ်ကြပ် အောင်သိန်းရဲ့ စကားတောင် မဆုံးသေးဘူး။စပါးတွေ တစ်ဖျောဖျော ကျလာပါတော့တယ်။ ကျတာမှ အရင်

သရဲကခြောက်ရင်း
မိန်းကလေးတွေက လန့်ပြီး
အော်ရင်း ဒီလိုနဲ့ပဲ
မိုးလင်းခဲ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထက် နှစ်ဆသုံးဆ ပိုများပြီးကျဲတဲ့ အချိန်လည်း နည်းနည်း ပိုကြာပါတယ်။ အဲဒီတော့မှ ဒုတပ်ကြပ် အောင်သိန်းတစ်ယောက် မျက်လုံးပြူး မျက်ဆံပြူးနဲ့ အိမ်ပေါ်ပြန်တက်ပြေးလာပါတော့တယ်။

အဲဒီညက ကျွန်တော်တို့ အားလုံး အိပ်ရေးပျက်ခဲ့ရပါတယ်။

ညဘော်တော်- နက်လာတော့ ကျွန်တော်တို့ အဖွဲ့က ဘုရားခန်းမှာ၊ အိမ်ရှင်မိသားစုတွေကတော့ အတွင်းခန်းတွေမှာ အသီးသီး အိပ်ယာဝင်ကြပါတယ်။

စပါးနဲ့ ကျပက်တာလည်း အဲဒီတော့မှ ရပ်သွားပါတယ်။

ဒါပေမယ့် တစ်ညလုံး မီးဖိုချောင်ထဲမှာ အိုးခွက်ပန်းကန်တွေ လှုန်လှောနေသံကြားနေရပါတယ်။

အိမ်ရှင်တွေရဲ့ အခန်းတွေထဲဝင်၊ စောင်တွေဆွဲသွား အိပ်ယာခင်းတွေ ဆွဲသွားနဲ့ လုပ်နေပါတယ်။

သရဲက ခြောက်ရင်း မိန်းကလေးတွေက လန့်ပြီး အော်ရင်း ဒီလိုနဲ့ပဲ မိုးလင်းခဲ့ရပါတယ်။

အဲဒီညက ကြုံခဲ့ရတဲ့ သရဲကတော့ အမျှဝေလည်းမရ၊တရားစာ ရွတ်လည်းမရ၊ ရဲလည်းမကြောက်နဲ့ ကျွန်တော့်အတွက် ရှားရှားပါးပါး အတွေ့အကြုံပါပဲ။

ထူးခြားတာ တစ်ခုရှိသေးတယ်။ လာပြီးကျဲတဲ့ စပါးတွေက တောင်ပျံစပါးတွေ ခင်ကြီးတစ်ရွာလုံးမှာ သူတို့တစ်အိမ်ပဲ စိုက်တဲ့ စပါးမျိုးလို့ ကောင်စီအတွင်းရေးမှူးက ပြောပြပါတယ်။

မိုးလင်းတော့ ကောင်စီအတွင်းရေးမှူးနဲ့ ကျွန်တော်တို့အဖွဲ့ အသုဘအိမ်ရောက် သွားတယ်။

ပျဉ်ထောင်အိမ်ကြီး ပေါ်အတက် လှေကားခုံပေါ်မှာ ဒန်မောင်းထောင်ချိုင့် တစ်လုံးတွေ့ရတယ်။ ကျွန်တော်တို့ အားလုံး တစ်ယောက်ကို တစ်ယောက် လက်တို့ပြီး ကြည့်မိကြတယ်။

**မောင်းထောင်ချိုင့်ထဲမှာက တောင်ပျံစပါးတွေ**

ညက မယ်မင်းကြီးမ သူ့အိမ်က စပါးတွေနဲ့ ကျွန်တော်တို့ကို လာပက်တယ်ဆိုတာ အဲဒီတော့မှ ပိုသေချာသွားပါတယ်။

**တစ္ဆေသရဲ ဆိုတာ**

တစ္ဆေ ကိုသောင်းကြည် ကားတိုက်ခံရတဲ့ ကိစ္စက ကိုလှမြင့် (ကညွှတ်ကွင်း၊ တောင်ပိုင်းရပ်) နေသူက ပြောပြခြင်းဖြစ်ပြီးခင်ကြီးရွာမှ သရဲခြောက်ခံရတဲ့အကြောင်းကိုတော့ နယ်ထိန်းတပ်ဖွဲ့ဝင်ကိုမြင့်စိုး (ယခု ဗိုလ်တဲရပ်) က ပြောပြခဲ့တာဖြစ်ပါတယ်။

မကြုံဘူးလို့ မယုံသူတွေ ရှိကြမှာ ဖြစ်ပေမယ့် တစ္ဆေသရဲဆိုတာ အပါယ်ဘုံသားပြိတ္တာတစ်မျိုးလို့ စာရေးသူကတော့ ယုံကြည်နေပါတယ်။

ပြီးတော့ သူတို့ဟာ နာမ်သဘာဝသာရှိတဲ့ အရာတွေမဟုတ်ပါဘူး။ ရုပ်နဲ့နာမ် တွဲလျက်သတ္တဝါ တစ်မျိုးလို့လည်း ယူဆပါတယ်။

ဒါကြောင့်သာ စပါးတွေ သယ်ယူကျဲပက် နိုင်တာ၊ အိုးတွေခွက်တွေ လှုန်လှော နိုင်တာ ဖြစ်ပါတယ်။

စာရေးသူကတော့ သူတို့ ကိုကံအကျိုးပေး အတိုင်း (၃၁) ဘုံမှာ ကျင်လည်နေရတဲ့ မမြင်အပ်တဲ့ သတ္တဝါတစ်မျိုးလို့ထင်မိပါတယ်။

စာဖတ်သူ မိတ်ဆွေရော ဘယ်လိုထင်လဲ ကျွန်တော်ကို ပြောပြစေချင်ပါတယ်။

**မောင်မှိုင်းညို (ချောင်းဦး)**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# တွေ့ရကြုံရ ရဲတပ်ဖွဲ့ဝင်ဘဝ ရယ်ရမလို ငိုရမလို အတွေ့အကြုံများ (၃)

ကျော်သူ

(၁)

"ဘယ်လိုလဲဗျ ခင်ဗျားရေးနေတဲ့ ရယ်ရမလို ငိုရမလို အတွေ့အကြုံများဆိုတာက တစ်ဖက်သားကို ဖော်ကောင်လုပ် အပုတ်ချနေတာများတယ်။ တကယ်ပဲ တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်မှန်တွေလားဗျာ"

ကျွန်တော်၏ မိတ်ဆွေတစ်ဦးက ကျွန်တော့်ကိုမေးလာသည်။

"ကျွန်တော်ရေးတာတွေဟာ ကျွန်တော့်ရဲတပ်ဖွဲ့ဝင် ဘဝ လုပ်သက်မှာ တကယ်ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်ကလေးတွေပါ။ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာစေလိုတဲ့ သဘောနဲ့ အပုပ်ချရေးနေတာ မဟုတ်ပါဘူး။ သူတစ်ပါး ထိခိုက်နစ်နာမသွားရအောင်လည်း တချို့ဖြစ်ရပ်တွေမှာ မြို့ရွာအမည်၊ လူနာအမည် စတာတွေကို ဖော်ပြမထားပါဘူး။

ကျွန်တော်ကမိတ်ဆွေ ဖြစ်သူကို ရှင်းပြရသည်။

"ဒါဖြင့်ခင်ဗျား ဘာရည်ရွယ်ချက်နဲ့ ရေးခဲ့တာလဲ"

မိတ်ဆွေဖြစ်သူက မေးလာပြန်သည်။

"ကျွန်တော်တို့ ရဲတပ်ဖွဲ့ ဝင်တွေဟာ အများပြည်သူနဲ့ ထိတွေ့ဆက်ဆံနေရတဲ့ အဖွဲ့အစည်းတစ်ခုပါ။ တခြားဌာန ဆိုင်ရာတွေထက်ကို ပြည်သူလူထုနဲ့ ရင်းရင်းနှီးနှီး ထိတွေ့ ဆက်ဆံနေကြရပါတယ်။ အကောင်းလည်း အပြောခံကြရတယ်။ မကောင်းလည်း အပြောခံကြရပါတယ်။ တကယ်တော့ ရဲတပ်ဖွဲ့ဝင်တွေဟာ တခြားသူတွေလို ချစ်တတ်တယ်၊ မုန်းတတ်တယ်၊ ဝမ်းသာတတ်တယ်၊ ဝမ်းနည်းတတ်တယ်။ အတွေ့အကြုံပေါ်မှာ ခံစားမှု ရှိတတ်ကြပါတယ်။ ဒီအကြောင်းလေးတွေကို စာဖတ်ပရိသတ် သိအောင်ရေးရတာပါ။ ပြီးတော့လည်း အတိတ်က ဖြစ်ရပ်ကလေးတွေကို စာဖတ်ပရိ သတ်သိအောင်ရေးရတာပါ။ ပြီးတော့လည်း အတိတ်ကဖြစ်ရပ် ကလေးတွေက ပစ္စုပ္ပန်ကာလမှာ သင်ခန်းစာယူစရာလေးတွေ ဖြစ်တတ်ကြပါတယ်။ ဒါကြောင့်လည်း လက်ရှိလုပ်ကိုင်နေကြတဲ့ ရဲတပ်ဖွဲ့ဝင်တွေ အတွက်လည်း သင်ခန်းစာယူနိုင်ကြပါစေဆိုတဲ့ စေတနာနဲ့ အတိတ်က အကြောင်းကလေးတွေ ပြန်ရေးဖြစ်ခဲ့တာပါဗျာ။

ကျွန်တော်က မိတ်ဆွေဖြစ်သူကို ကျေနပ်လောက်အောင် ထပ်ရှင်းပြရပြန်ပါတယ်။ ထိုအခါကျမှ ကျွန်တော့်မိတ်ဆွေကြီး သဘောပေါက် လက်ခံသွားခဲ့သည်။ ထို့ကြောင့်လည်း ကျွန်တော် တွေ့ကြုံခဲ့ရသမျှကို ဆက်လက်ရေးသားတင်ပြဖြစ်ခဲ့ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## (၂)
## လူကြီးစကား

၁၉၇၄ ခုနှစ်လောက်က ကျွန်တော်ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မိုင်းဖြတ်ရဲစခန်းတွင် ဒုရဲအုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့ရစဉ်က ဖြစ်၏။ ထိုစဉ်အချိန်က မြို့နယ်ရဲတပ်ဖွဲ့မှူးမှာ ပင်စင်ခွင့် ခံစားသွားပြီး လူစားထိုးရန်အတွက် မရောက်သေးပါ။ စခန်းမှူးမှာလည်း သင်တန်းတက်ရန် သွားနေသည်။ အရာရှိဆို၍ ကျွန်တော်သာလျှင်ရှိပြီး ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်နေရသည်။ ထိုအတွင်း တစ်ရက်တွင် မိုင်းဖြတ်မြို့ပေါ်ရှိ ကချင်သနက (၅) တပ်ခွဲရုံးမှ ကြေးနန်းစက်ဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် ရှမ်းပြည်နယ်ကောင်စီဝင် တစ်ဦးတို့သည်တာချီလိတ်မှ မိုင်းဖြတ်၊ ကျိုင်းတုံရဲစခန်းများသို့ ရဲစခန်းနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများ စစ်ဆေးရန် ညအိပ်ခရီးစဉ်ကို ပေးပို့လာသည်။ ကြေးနန်းစာအရဆိုလျှင် နက်ဖြန် ညနေပိုင်းလောက်တွင် ပြည်နယ်ရဲ တပ်ဖွဲ့မှူးနှင့်အဖွဲ့ မိုင်းဖြတ်ရဲစခန်းသို့ ရောက်ရှိလာမည်ဖြစ်ပါသည်။ ထို့ကြောင့်ကျွန်တော့်အနေဖြင့် ရဲလုပ်ငန်း ကိစ္စရပ်များ၊ လုံခြုံရေး ဆောင်ရွက်ရန်၊ တည်းခို



စားသောက် နေထိုင်ရေးတို့ကိုပါ စီစဉ်နေရသည်။

ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဦးထင်ကျော် (ရဲချုပ် (ငြိမ်း) ကွယ်လွန်) နှင့် ကျွန်တော်တို့ သူရ(၆) ကျောင်းဆင်းပြီး ရှမ်းပြည်နယ်ရောက်စကတည်းကပင် တွေ့ကြုံခဲ့ရပြီး ကျွန်တော်တို့ အပေါ်တွင် မိဘသဖွယ် စေတနာထားပြီးပြောဆိုဆုံးမသွန်သင်ခဲ့သူ တစ်ဦးပင်ဖြစ်ပါသည်။ ကျွန်တော်တို့အရာရှိငယ်များနှင့်လည်း ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးပင် ပြောဆိုဆက်ဆံတတ်သည်။ မသိနားမလည်သည်များကိုလည်း စိတ်ရှည်ရှည်ဖြင့် ရှင်းလင်းပြောပြတတ်၏။ ကျွန်တော့် အနေဖြင့်လည်း မင်းကြီး (ရဲမှူးကြီးအဆင့်ကို ကျွန်တော်တို့ ယခင် အခေါ်အဝေါ်အတိုင်း ခေါ်ဆိုကြပါသည်)အပေါ်တွင် ဖခင်တစ်ဦးသဖွယ်လေးစားချစ် ခင်ကြည်ညိုစိတ် ရှိပါသည်။ ထို့ကြောင့် မင်းကြီးစကား၊ မင်းကြီးအကြိုက်ကို ကျွန်တော် အမှတ်ထင်ထင် ရှိနေတတ်ခဲ့သည်။

"မင်းတို့က နယ်ခြားမှာနေတော့ ဝီစကီသောက်ဖြစ်မှာပေါ့။ ငါကတော့ တောင်ကြီးမှာ အာမီရမ်ပဲသောက်ရတယ်။ ဒီတော့ ငါပါလာတဲ့ ရမ်ကိုမင်းတို့ သောက်၊ ငါ့ကိုဝီစကီတိုက်ကြ ဟုတ်လား"

မင်းကြီးကပြောသဖြင့် ကျွန်တော်တို့ ဝီစကီ စီစဉ်ပေးရ သည်။ မင်းကြီးမှာ ညနေထမင်း မစားမီ ဝီစကီသောက်သည်။ မယ်မယ်ရရ အမြည်းမစီစဉ်နိုင်ဘဲ ဝီစကီတစ်ငုံသောက်လိုက် ဗိုလ်သာဆေးပြင်းလိပ်ကြီး ရှိုက်လိုက်နှင့် စကားစမြည် ပြောတတ်သည်။ ထိုစဉ်ကလည်း ဆေးပြင်းလိပ် ကုန်သွားသဖြင့် ကျွန်တော်တို့ တစ်ဖက်နိုင်ငံမှ ဝင်လာသော ကျူးဘားဆေးပြင်းလိပ်ကြီးများ ဝယ်ပေးခဲ့ဖူးသည်။ မင်းကြီးက နိုင်ငံခြားဆေးပြင်းလိပ်မကြိုက်၊ အညာဒေသထွက် ဗိုလ်သာ ဆေးပြင်းလိပ်မှဟု ဆိုသဖြင့် တာချီလိတ်မြို့အနှံ့ ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com



သာဆေးပြင်းလိပ် ရှာရသည်။ ကံကောင်းထောက်မစွာပင် အညာဒေသနှင့် အဆက်အသွယ်ရှိသော ဝပ်ရှော့ဆရာ တစ်ဦးထံမှ ဗိုလ်သာဆေးပြင်းလိပ် တစ်ထုတ်ရသဖြင့် မင်းကြီး သဘောကျသွားဖူးသည်။

ထို့ကြောင့် မိဘသဖွယ် လေးစားမှုဖြင့် တည်းခိုစားသောက် နေထိုင်ရေးတို့ကို စီစဉ်ရသည်။ နေထိုင်ရေးမှာ မြို့နယ် ရဲတပ်ဖွဲ့မှူး ပင်စင်ခွင့်သွားနေသဖြင့် လွတ်နေသော မြို့နယ်ရဲ တပ်ဖွဲ့မှူးအိမ်တွင် ထားရသည်။ စားသောက်ရေးမှာ ကျွန်တော့်ဇနီးကို ချက်ခိုင်းရသည်။ ညနေစာ ယမကာကိုလည်း ရှာရ၏။ မိုင်းဖြတ်မြို့ကလေးမှာထိုစဉ်က စည်ကားလှသေးသည်မဟုတ်။ ကားလမ်းဘေး ရွာတန်းရှည်မျှသာရှိသေးသည်။ မိုင်းဖြတ်မြို့တွင်လည်း လိုင်စင်စီချက်အရက် မရလည်း ဒေသချက်စပါးအရက်သာ သောက်ကြသဖြင့် ဆိုင်တန်းများတွင် နိုင်ငံခြားဖြစ် အရက် မတင်ကြပါ။ လိုက်လံ စုံစမ်းကြည့်ရာ မြို့ပိုင်ကြီး ဦးစိုင်းလေးထံမှ အလှုပြထားသော ဝှိုက်ဟော့စ်စကော့ တစ်လုံးနှင့် ဆေးပြင်းလိပ်သမားလက်ထောက် မြို့ပိုင် ဦးသော်ထံမှ ဗိုလ်သာ ဆေးပြင်းလိပ် တစ်ထုတ်

> **ရဲတပ်ဖွဲ့ဝင်တွေဟာ**
> **တခြားသူတွေလို**
> **ချစ်တတ်တယ်၊**
> **မုန်းတတ်တယ်၊**
> **ဝမ်းသာတတ်တယ်၊**
> **ဝမ်းနည်းတတ်တယ်။**

ရလာခဲ့သဖြင့် အဆင်ပြေသွားပါသည်။


မင်းကြီးလာမည့်နေ့ရက် တွင် နေ့ခင်း (၂)နာရီလောက်မှ မိုင်းဖြတ်ရဲစခန်းသို့ ဝင်လာသည်။ ရှေ့ပြေးလုံခြုံရေးအတွက် လင့်ရိဘာတစ်စီးနှင့် မင်းကြီးစီး သောစီဂျေဖိုက်တစ်စီးတို့ ရဲစခန်းသို့ ဝင်လာသည်။ မင်းကြီးကားပေါ်တွင် ပြည်နယ်ကောင်စီဝင် အရာရှိလည်းပါ၏။ ထုံးစံအတိုင်း ရဲတပ်ဖွဲ့ဝင်များနှင့် တန်းစီဆွေးနွေးမှာကြားခြင်း၊ ရဲစခန်းရုံးတွင် အမှုကြီးရှစ်မျိုးဖြစ်ပွားမှု ၊ ကားလမ်းဓားပြမှုကျဆင်းရေး ဆောင်ရွက်ချက်များ စစ်ဆေးသည်။ ရဲစခန်းလုံခြုံရေးဆောင်ရွက်ထားခြင်းများ စစ်ဆေးသည်။ အထူးသဖြင့် မြေစိုက်ဘန်ကာ၊ အိုဗာဟက်ဗန်ကာများနှင့် ဆက်သွယ်ရေး မြောင်းများ တူးဖော်ဆက်သွယ်ထားခြင်း၊ ခြံစည်းရိုးကို နှစ်ထပ်ကာပြီး ခြောင့်ကျင်းများ၊ ကျားလန် ခြောင့်များ ထောင်ထားသည်များကို စစ်ဆေးသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးအိမ်တွင် ပြန်၍အနားယူသည်။

ညနေ (၆)နာရီလောက်တွင် မင်းကြီးနှင့် ပြည်နယ်ကောင်စီဝင်တို့အား မြို့နယ်မှူးအိမ်ပေါ်တွင် ညစာစားရန် တည်ခင်းပေးရ

www.burmeseclassic.com

www.burmeseclassic.com





သည်။ ညစာ မစားမီ ယမကာ သုံးဆောင်ရန်လည်း စီစဉ်ပေးရ၏။ မင်းကြီးကတော့ ထုံးစံအတိုင်း ဝီစကီနှင့် ဆေးပြင်းလိပ် သောက်ရင်း ရုံဖန်ရုံခါမှ အမြည်းစားသည်။

"မင်းကြီးရယ်.. ရဲလုပ်ရတာ ကောင်းလိုက်တာဗျာ။ တောကြားတောင်ကြားထဲမှာတောင် လူကြီးလာရင် ဝီစကီလောက်နဲ့ ဧည့်ခံနိုင်ကြသေးတယ်" ဘေးမှ လိုအပ်သည်များ စောင့်ဆိုင်းလုပ်ကိုင်ပေးနေသည့် ကျွန်တော့်အဖို့မှာ ရင်ထဲတွင်အောင့် သက်သက်ဖြစ်သွားရသည်။ ကိုယ့်လူကြီးကို ကိုယ့်ဘာသာ စိတ်စေတနာ သန့်သန့်ရှင်းရှင်း ဧည့်ခံပြုစုခြင်းနှင့် ပတ်သက်၍ ခနဲ့သလို အပြောအဆိုခံရသည်ကို စိတ်မကောင်းဖြစ်သွားမိ၏။ သို့သော်မင်းကြီးက ပြည်နယ်ကောင်စီဝင်အား ချက်ချင်းပြန်ပြောသံကြားရ၏။

"ဒီလောက်လည်း အထင်မကြီးပါနဲ့ဗျာ။ ကျွန်တော်တို့ရဲ့တပ်ဖွဲ့ဝင် အတော်များများဟာ ပင်စင်သွားရင် တိုက်ဆောက်ကားစီးနိုင်တဲ့လူ ရှားပါတယ်။ တချို့ဆိုရင် နေစရာ၊ ထိုင်စရာ အိမ်တောင် မရှိကြတာ တွေ့ခဲ့ရပါတယ်"

မင်းကြီးပြောလိုက်သောစကားကြောင့် ပြည်နယ်ကောင်စီဝင်ဖြစ်သူမှာ ဘာစကားမှ မဆက်တော့ဘဲ ငြိမ်သွားသည်။ ထမင်း စားသောက်ပြီး အိပ်ရာဝင်သွားကြ၏။ နောက်တစ်နေ့တွင် ကျွန်တော်နှင့်တစ်ဖွဲ့က မိုင်းဖြတ်နှင့် ကျိုင်းတုံအစပ်အထိ ကားနှင့်လုံခြုံရေးလိုက်ပါ ဆောင်ရွက်ပေးသည်ကျိုင်းတုံအဖွဲ့မှ လာရောက်ကြိုဆိုပြီးမင်းကြီးနှင့်အဖွဲ့ ကျိုင်းတုံသို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

အထက်ပါစကားကို မင်းကြီးပြောခဲ့စဉ်က ကျွန်တော် အမှတ်မထားမိခဲ့ပါ။ သာမန်အားဖြင့်သာ ရယ်စရာသဘောထားခဲ့၏။ ကျွန်တော့်ဘဝကို ပင်စင်သွားသည်အထိ အလုပ်လုပ်သွားမည်။ပင်စင်ရလျှင် ခံစားရသည့်ဆုကြေးငွေဖြင့် အိမ်ခြံကလေးဝယ်မည်။ ခြံထဲ

www.burmeseclassic.com



> **ရဲတပ်ဖွဲ့ဝင်**
> **အတော်များများဟာ**
> **ပင်စင်သွားရင်**
> **တိုက်ဆောက်**
> **ကားစီးနိုင်တဲ့လူ**
> **မှားပါတယ်။**
> **တချို့ဆိုရင်**
> **နေစရာ၊ ထိုင်စရာ**
> **အိမ်တောင် မရှိကြတာ**
> **တွေ့ခဲ့ရပါတယ်''**

တွင် အပင်စိုက်၊ စာလေးပေလေး ရေးပြီး စိတ်ချမ်းမြေ့စွာနေနိုင်မည်ဟု တွေးထားမိခဲ့၏။

သို့သော် ဘဝဆိုသည်မှာ ပုံသေတွက်ဆထား၍မရ။ မင်းခယောက်ျား ကမ်းနားသစ်ပင်ဆိုသလို ၁၉၈၈ ခုနှစ် အရေးအခင်းကာလအပြီးတွင် ကျွန်တော်အလုပ်မှ နုတ်ထွက်ခဲ့ရသည်။ ပင်စင်လည်းမရ။ ဘာမှကြိုတင်ပြင်ဆင်ထားခြင်းလည်း မရှိသဖြင့် နေစရာအိုးမရှိ၊ အိမ်မရှိသဖြင့် မိသားစုငိုချင်းချရမလို ဖြစ်ခဲ့ရသည်။ ကံကောင်း ထောက်မသဖြင့်သာ ရန်ကုန်ရှိ ကျွန်တော့်ဇနီး၏အသွားက သူနှင့်လာနေရန် ခေါ်ထားသဖြင့်သာ ဘဝအရေးအတွက် စိတ်သက်သာခဲ့ပါသည်။

"သြော် လူကြီးစကားဆိုသည်မှာ မှားသည်မရှိပါ တကား" ဟုသာ ကျွန်တော် တွေးခဲ့မိရပါသတည်း။

(၃)

**တော်ပါသေးရဲ့**

ကျွန်တော်သည် ၁၉၇၀ ခုနှစ်တွင် ရဲအရာရှိငယ် သင်တန်း (သူရ-၆) ကျောင်းဆင်းပြီးနောက် ရှမ်းပြည်နယ်အရှေ့ ပိုင်းကျိုင်းတုံခရိုင်တွင် စတင် တာဝန်ကျခဲ့ရာ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်၊ လဲချားရဲစခန်းများတွင် ဒုရဲအုပ်အဆင့်ဖြင့် တာဝန်ထမ်းရွက်ခဲ့ရသည်။ ၁၉၇၇ ခုနှစ်တွင် ရှမ်းပြည်နယ်မှ ရထားရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရ၏။ ရထားရဲတပ်ဖွဲ့တွင်လည်း ရမည်းသင်းရထားရဲစခန်း (နှစ်ကြော့ပြန်)၊ ပျဉ်းမနားရထား ရဲစခန်း၊ ကြံခင်းရထားရဲစခန်း၊ အင်းစိန်ရထားရဲစခန်း၊ ရန်ကုန် ရထားရဲစခန်း (နှစ်ကြော့ပြန်)၊ မော်လမြိုင် ရထားရဲတပ်ခွဲရုံး၊ မြစ်ကြီးနားရထားရဲစခန်း၊ ရွာထောင်ရထားရဲတပ်ခွဲရုံး စသည်ဖြင့် လှည့်လည်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ရထား ရဲတပ်ဖွဲ့တွင် မြန်မာတိုးရစ်မိသားစုဟုပင် ကျွန်တော်တို့ မိသားစုအားအများက ကင်ပွန်းတပ်ခဲ့ကြသလို အချို့ကလည်း အလကားရတိုင်း လှည့်ပြောင်းနေသည်ဟု ဝေဖန်သုံးသပ်ကြသည်။ ရန်ကုန်၊ တောင်ဥက္ကလာတွင်နေသော ကျွန်တော့် ယောက်ဖအဘိုးကြီးကဆိုလျှင် မှတ်မှတ်ရရ သူမကွယ်လွန်မီကာလက မော်လမြိုင်ပြောင်းရမည့် ကျွန်တော့်ထံ ရောက်လာသည်။

"သုံးခါပြောင်းရင် သုံး... လောင်းနဲ့ သုံးယောက်မတောင်

www.burmeseclassic.com



မကျန်ဘူးဆိုတဲ့ စကားလိုမင်းမှာ ပြောင်းလိုက်ရတာကွယ်၊ ရဲထဲမှာ ကြီးပွားမှာလည်း မဟုတ်ပါဘူး။ အလုပ်က ထွက်လိုက်ပါတော့"

ကျွန်တော့်ကိုပြောသည်။

"ကျွန်တော်ကြီးပွားချမ်းသာချင်လို့ရဲလုပ်တာ မဟုတ်ပါဘူး။ ဝါသနာပါလို့ လုပ်နေတာပါ။ မထွက်နိုင်ပါဘူး"

ကျွန်တော်က ငြင်းသည်။

"မဟုတ်ဘူးလေကွယ်။ဝါသနာပါတိုင်း လုပ်နေလို့ မရသေးဘူး။ ဒီအတိုင်းဆိုရင် ငါ့မြေးတွေလည်း စာတတ်တော့မှာ မဟုတ်ဘူး။ ငါ နန္ဒဝန်ဈေးထဲမှာ ဆိုင်ခန်းတစ်ခန်း ဝယ်ပေးမယ်။ အရင်းအနှီးလည်း ထုတ်ပေးမယ်။ နေစရာ အိမ်လည်း ဝယ်ပေးမယ်။ ထွက်လိုက်ပါတော့"

ကျွန်တော့် ယောက္ခမကြီးက ဖြောင်းဖျသည်။ ကျွန်တော့် 'ဟင့်အင်း' ဟုသာ တွင်တွင်ငြင်းသဖြင့် အဘိုးကြီး လက်လျှော့ ပြန်သွားရ၏။ ကျွန်တော်မော်လမြိုင်ရောက်တော့ အဘိုးကြီး ဆုံးသွားခဲ့ရှာသည်။ ထိုသို့ ပြောင်းရွှေ့ခဲ့ရသည်များမှာလည်း ကျွန်တော် မှန်သည် ထင်လျှင် အလျှော့မပေးတမ်းအမှန်အတိုင်းလုပ်တတ်၍ ဟိုကတိုင်သည်ကတိုင်ဖြင့် တိုင်ကြသဖြင့် လူကြီးတွေက ပြောင်းရွှေ့ပေးနေရခြင်းဖြစ်၏။ "မှန်တာပြောလို့ ရွာပြင် ထုတ်ခံထားရတယ်" ဆိုသလိုဖြစ်နေ၏။ (ထိုပြဿနာများအကြောင်းကို အလျဉ်းသင့်လျှင် ကျွန်တော် တင်ပြသွားပါဦးမည်)

ကျွန်တော် ရန်ကုန်ရထားရဲစခန်းသို့ ဒုတိယအကြိမ် အမှုစစ်အရာရှိအဖြစ် ပြန်ရောက်ပြီးနောက် ၁၉၈၂ ခုနှစ်လောက်တွင် ဒုရဲအုပ်အဆင့်မှ ဒုရဲအုပ် (စခန်းမှူး) အဆင့်သို့ တိုးပြီး အမှုစစ်အရာရှိအဖြစ် ဆက်လက်ဆောင်ရွက်နေရစဉ်အတွင်း ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဦးထင်ကျော်အား ရဲရေးချုပ် (ဒုရဲချုပ်) အဆင့်တိုးမြှင့်ပေးပြီး ရန်ကုန်ရဲတပ်ဖွဲ့ဌာနချုပ်သို့ ပြောင်းရွှေ့ရောက်ရှိလာကြောင်း သတင်း ကြားသိရသော်လည်း အကြောင်းမတိုက်ဆိုင်သဖြင့် ကျွန်တော်နှင့် တွေ့ဆုံမိခြင်း မရှိသေးပါ။



တစ်နေ့ ညနေပိုင်းတွင် ဘူတာကြီး ရထားရဲစခန်းရုံးရှိ ကျွန်တော့်အား ဘူတာကြီးရထားရဲတပ်ဖွဲ့တပ်ခွဲ (၇) ရုံးသို့လာရန် တပ်ခွဲမှူးက အခေါ်ခိုင်းသည်။ကျွန်တော် တပ်ခွဲရုံးသို့ ရောက်သောအခါ ရထားရဲတပ်ဖွဲ့မှူးပါ ရုံးခန်းထဲရောက်နေသည်။ ကျွန်တော်က ရောက်ရှိကြောင်း သတင်းပို့ လိုက်၏။

"ဒီနေ့ ရဲရေးချုပ်ကြီးကတော် မန္တလေးက ရန်ကုန်ကိုညနေဝင်မယ့် ရထားနဲ့ပါလာမယ်။ ရဲရေးချုပ်ကြီး လာကြိုလိမ့်မယ်။ ရထားမဝင်ခင် ရောက်လာမှာဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီအခန်းမှ ခဏနားမယ်။ ဒါကြောင့် ရဲရေးချုပ်ကြီးကို ကြိုဆိုညှော်ခံဖို့ မင်းကို ခေါ်လိုက်ရတာ''

ရထားရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးက ပြောသည်။

''ဟုတ်ကဲ့ ခင်ဗျ''ဟု ကျွန်တော်က ပြောလိုက်ပြီး လက်ဖက်ရည်ပွဲ၊ မုန့်ပွဲများ စီစဉ်ခြင်းကို ကြီးကြပ် လုပ်ကိုင်သည်။ မကြာမီပင် ရဲရေးချုပ်ကြီးကား ရုံးခန်းရှေ့ဆိုက်လာပြီး ရဲရေးချုပ်ဦးထင်ကျော် ဆင်းလာသည်။ ကျွန်တော်တို့အဖွဲ့ အလေးပြုပြီး ဆီးကြိုလိုက်သည်။ ရေးချုပ်ကြီးရုံးခန်းထဲ ဝင်ထိုင်လိုက်၏။ ရထားဆိုက်ရန် နာရီဝက်မျှ လိုပေသေးသည်။ လက်ဖက်ရည်နှင့် မုန့်ပွဲများလိုက်ချခြင်း၊ ရေးချုပ်ကြီး၏ ရေနွေးကြမ်းခွက်တွင် ရေနွေးကြမ်းဖြည့်ခြင်းများ ကျွန်တော် လုပ်ကိုင်လျက်ရှိ၏။

''သူက ရှမ်းပြည်နယ်တုန်းက ကျုပ်တပည့်ဗျ။ အခု ဘယ်လိုအခြေအနေရှိသလဲ''

ကျွန်တော့်အား မေးငေါ့ပြပြီး ရဲရေးချုပ်ကြီးက ရထားရဲတပ်ဖွဲ့မှူးကို မေးသည်။ ရထားရဲတပ်ဖွဲ့မှူး ပြောချင်တုန်း အသင့်ဖြစ်သွားဟန်ရှိသည်။

''အလိုလေး…ရေးချုပ်ကြီးရယ် ရေးချုပ်ကြီး တပည့်ကတော့ ဗြဟ္မာကြီးဦးခေါင်းလိုပါပဲ ဟိုထားမရ ဒီထားမရနဲ့ ရောက်တဲ့ နေရာမှာ ပြဿနာ တက်တော့တာဘဲ ဆိုးလိုက်ပုံက မပြောပါနဲ့တော့''

ရထားရဲတပ်ဖွဲ့မှူး စကားကြောင့် ကျွန်တော်လန့်သွားသည်။ ရဲရေးချုပ်ကြီးဘက် လှည့်ကြည့်လိုက်တော့ ကျွန်တော့်ကို ပြုံး၍ တစ်ချက် ကြည့်သည်။ ထို့နောက် ရထား ရဲတပ်ဖွဲ့မှူးဘက်သို့ လှည့်၍ ပြောသည်။

''ဒီကလေးတွေဟာ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာတုန်းက ကာဘိုင်လေး တစ်လက်လွယ်ပြီး ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ကြရပါတယ်ဗျာ။ မြို့ကြီးပေါ် ဖြုံးခနဲ ရောက်လာတော့ အကျင့်မရသေးလို့ အရိုင်းအစိုင်းတွေလို ဖြစ်နေတာပါ။ အလုပ်ကတော့ တကယ်လုပ်ပါတယ်။ စိတ်ရှည်သီးခံပြီး သွန်သင် ဆုံးမပေးပါ မင်းကြီးရယ်။ လူတော်လူကောင်းကလေးပါ''

ရဲရေးချုပ်ကြီး စကားသံကြားမှ ကျွန်တော်။ ''ဟင်း'' ကနဲ သက်ပြင်းချမိခဲ့ရပါသည်။ ရဲရေးချုပ်ကြီးက ကျွန်တော်တို့ အလုပ်သင်ပြီးစ ကာလကပင်စ၍ အနွေ့ဝါသိက သွန်သင် ဆုံးမခဲ့သော ဆရာတပည့်ရင်း ဖြစ်၍သာ တော်တော့သည်။ နို့မဟုတ်လျှင် အစွန်အဖျားဒေသများသို့ ကျွန်တော် ပြန်လွင့်သွားနိုင်သည်ဟုလည်း တွေးမိခဲ့ရပါသည်။

''ကောင်းကောင်းနေကွာ။ ကာလဒေသ အပြောင်းအလဲကို သတိထား''

ရဲရေးချုပ်ကြီးကတော် မန္တလေးမှ ရထားနှင့် ပါလာပြီး ကားဆီသို့ လိုက်ပို့ရင်း ကျွန်တော် ရဲရေးချုပ်ကြီးအား အလေးပြု နှုတ်ဆက်စဉ် ရဲရေးချုပ်ကြီးက ဆုံးမစကား ပြောကြားသွားခဲ့သည်။ ကျွန်တော့်အတွက် အမှတ်တရ ဖြစ်ရပ်တစ်ခုပင်ဖြစ်ခဲ့ရပါသတည်း။

**ရိုသေလေးစားရပါသော ရဲချုပ်ဦးထင်ကျော် (ငြိမ်း- ကွယ်လွန်) အား အမှတ်တရ၊ ပူဇော်ကန်တော့သည့်အနေဖြင့် ရေးသား တင်ပြလိုက်ရပါသည်။**

**ကျော်သူ**

www.burmeseclassic.com

www.burmeseclassic.com



**လူကြီးမင်း လုပ်ငန်း ၏ ကောင်းသတင်းများ ပိုမိုကျယ်ပြန့်ပို့ ဖြစ်ရပ်မှန်မဂ္ဂဇင်း တွင်ကြော်ငြာပါ**


၂၀၁၂ ဇန်နဝါရီလ မှ စ၍ အထူးသက်သာသော ဈေးနှုန်းဖြင့်
ကြော်ငြာများလက်ခံနေပါပြီ ၊ နှစ်ပေါင်း ၃၀ ကျော်တစ်ပြည်လုံးသို့ ဖြန့်ချိ၍၊
အာဆီယံ နိုင်ငံများအထိပါ လစဉ်တင်ပို့သောမဂ္ဂဇင်းဖြစ်ပါသည် ၊
ပါဝင်ကြော်ငြာရန် ဖိတ်ခေါ်ပါသည် ။
ကြော်ငြာကိုယ်စားလှယ်တော်များလည်း ဆက်သွယ်နိုင်ပါပြီ ၊

| | | |
|---|---|---|
| နောက်ကျောဖုံး | ၄ ရောင် | ၁၀၀,၀၀၀/- |
| နောက်ကျောဖုံး ( အတွင်း ) | ၁ ရောင် | ၃၅၀၀၀/- |
| နောက်ကျောဖုံး ( အတွင်း ) | ၄ ရောင် | ၈၀၀၀၀/- |
| ရှေ့မျက်နှာဖုံး ( အတွင်း ) | ၁ ရောင် | ၃၅၀၀၀/- |
| ရှေ့မျက်နှာဖုံး ( အတွင်း ) | ၄ ရောင် | ၈၀၀၀၀/- |
| အတွင်းတစ်မျက်နှာ | ၁ ရောင် | ၂၀၀၀၀/- |
| အတွင်းမျက်နှာဝက် | ၁ ရောင် | ၁၀၀၀၀/- |

အမှတ် ၁၈၇ ၊ ဒုတိယထပ် ( ၃၄ လမ်းအထက် )
ကျောက်တံတားမြို့နယ် ၊
ဖုံး ၀၉၅၅၁ ၉၆၃၃၁ ၊ ၀၉၄၅၉ ၂၈၂၆၂၀
True.megazine@gmail.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ရွှေဖြူးကျော်

# လိုက်ဝိုက်ကွန်းကူးလမ်း

**အခန်း ( ၁ )**

ကျောက်ကြီးမြို့နယ် ရိုးမတောတွင်းတစ်နေရာ လက်ျာဘက်၌ စမ်းချောင်းကလေးတစ်ခုက တသွင်သွင် စီးဆင်းလျက် ကုန်းမြေမြင့်ပေါ်တွင် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ယာ၊ အင်ကြင်းပင်ကြီးများ အုပ်ဆိုင်းစွာ ပေါက်ရောက်နေသည်။ ထိုအပင်ကြီးများကြားမှာ တောခွေးနှင့်အလေ့ ကျပေါက်ပင်များ ဝါးပင်များ၊ ကြိမ်ပင်များ၊ ဒိုးနွယ်များဖြင့် တိုးမပေါက်အောင် ထူထပ်လျက်ရှိသည်။ စမ်းချောင်းကလေးအစပ် အနည်းငယ်ရှင်း၍ ပြေပြစ်သော မြေပြင်ကလေးပေါ်တွင် ထိုင်နေကြသူ သုံးယောက်ရှိကြသည်။ တစ်ယောက်က စိန်ကြီး၊ တစ်ယောက်က ဆင်ပေါက်ခေါ်သောင်းညွှန့်နှင့် ကျန်တစ်ယောက်က ဘညွှန့်တို့ ဖြစ်ကြသည်။ သုံးယောက်လုံး နယ်လှည့်ဆိုးခိုး တိုက်ခိုက်နေကြသည့် လူဆိုးလူမိုက်များ ဖြစ်ကြပြီး မည်သည့် ရွာမျှအတည်တကျမနေဘဲ ခြေသလုံးအိမ်တိုင် သွားလာနေကြသူများ ဖြစ်ကြလေသည်။

ယခု ဤနေရာတွင် လာရောက်ချိန်းဆို တွေ့ဆုံတိုင်ပင်ကြသည်ကလည်း ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ရန်ပင် ဖြစ်လေသည်။ စိန်ကြီးက တော၏တိတ်ဆိတ်ငြိမ်သက်မှုကို အရင်ဆုံး ဖျက်ဆီးလိုက်၏။

"မင်းတို့ကို ငါ ဒီနေရာချိန်းရတာကတော့ ပွဲပေါက်တစ်ခု တွေ့ထားလို့ပဲ။ မင်းတို့နဲ့ငါ တွဲလုပ်ခဲ့တာတွေ ငါ သဘောကျတယ်။ ခုလည်း တို့အတူတွဲလုပ်ကြဖို့ ခေါ်ပြီး တိုင်ပင်တာပဲ"

စိန်ကြီးက ပြောပြီးသည်နှင့် အရက်ခွက်ကို လက်စသတ်လိုက်ပြီး ဆေးလိပ်တိုကို ရှေ့က မီးဖိုထဲမှ မီးစတစ်စနဲ့ တို့လိုက်သည်။

ဘညွှန့်က စိတ်ဝင်တစားနားထောင်နေရာမှ ...

"အေး ... တို့ကလည်း မင်းနဲ့အလုပ်လုပ်ရတာ သဘောကျပါတယ်ကွာ။ ခုအလုပ်ကို ပြည့်ပြည့်စုံစုံ ပြောပြစမ်းပါဦး"

ဟု မေးမြန်းလိုက်သည်။ ဆင်ပေါက်သည် မည်သို့မျှမပြောသေးဘဲ အရက်ခွက်ထဲသို့ အရက်ငှဲ့ထည့်ရင်းမှ နားထောင်နေသည်။ စိန်ကြီးက ဆေးလိပ်ကို

www.burmeseclassic.com

www.burmeseclassic.com



အားရပါးရရှိုက်ဖွာလိုက်ရင်း …

"ငါကလည်းတို့ သုံးယောက် တိုင်ပင်ရအောင် ချိန်းထားတာပါပဲ။ ဒီကိစ္စ မင်းတို့ပါမှ ဖြစ်မှ။ ဒီလိုကွ ဖြူးမြို့ ပဲခူးလမ်း မြောက်ပိုင်းမှာ ဦးကံထွန်းဆိုတဲ့လူတစ်ယောက် ရှိတယ်။ ငါ လေ့လာမိသလောက် ကတော့ ဒီလူ တော်တော်ချမ်းသာ တယ်။ အဲဒီအိမ်ကို တိုက်လိုက်ရ ရင်တို့တော့ ထောပြီကွ။ မင်းတို့ ဘယ်လို သဘောရကြလဲ"

ဟု ပြောလိုက်သည်။

"မင်း သေသေချာချာလေ့ လာပြီးပြီလား။ မင်းဘက်က သေချာရဲ့လား"

ဟု ဆင်ပေါက်က ထမေး သည်။ စိန်ကြီးက တစ်စုံတစ်ရာ မဖြေသေးဘဲ ပြုံးနေလိုက်သည်။ ဘညွန့်က …

"ဟာ … မင်းကလည်းတို့ စိန်ကြီးနဲ့တွဲလုပ်ခဲ့တာ ကြာပြီ။ ဒီကောင်က မပိုင်ရင် ခြင်တောင် မရိုက်ဘူး။ ငါတော့ လုပ်မယ်။ အစီအစဉ်သာပြော"

ဟု ခပ်သွက်သွက် ဝင်ပြော လိုက်သည်။ ဆင်ပေါက်ကမည်သို့ မျှ မပြောတော့ဘဲ အရက်ခွက်ကို ကောက်မော့လိုက်သည်။ စိန်ကြီး က ကျန်နှစ်ယောက် မျက်နှာများ ကို စေ့စေ့ကြည့်ပြီး …



"ဒါက လောလို့တော့ မရ ဘူးကွ။ သေသေချာချာ အကွက်ချ စီစဉ်ရမယ်။ ဒီကနေ့ မင်းတို့ စီစဉ် စရာရှိတာတွေ စီစဉ်ပြီး နတ်တော် လဆုတ် ငါးရက်နေ့ကို တို့သုံး ယောက် ပြန်ဆုံမယ်။ နောက် ငါးရက်နေရင်ပေါ့ကွာ။ အဲဒီကမှ ဖြူးကို သွားကြမယ်။ ဆင်ပေါက် က မင်းမှာရှိတဲ့ သေနတ်ကိုယူခဲ့။ ဟုတ်ပြီလား"

သူတို့ သုံးဦး ထိုတော အတွင်းမှ လမ်းခွဲသွားကြလေ တော့သည်။

**အခန်း ( ၂ )**

ဆောင်းဥတု၏ သဘာဝ မြောက်ပြန်လေအေးနှင့်အတူ နှင်း ငွေ့များက ယှက်သိုင်းနေသည်။ မှိုင်းပြပြမိုးကုပ်စက်ဝိုင်းအောက် ဝယ် ကျောက်ကြီးမြို့နယ် မုန်းမြို့ ကလေးသည် စတင်လှုပ်ရှားသက် ဝင်လာပေသည်။ ကောက်ရိတ် မည့်သူများ လုပ်ငန်းခွင် ဝင်ရောက် ကာ ပျော်ပျော်ရွှင်ရွှင် တေးသီချင်း

www.burmeseclassic.com

www.burmeseclassic.com



သီဆိုသံများက ပျံ့လွင့်လာပေသည်။ မြို့ကလေး၏ ချောင်ကျကျ အရက်ဆိုင်ကလေးအတွင်း လူသူမရှိသလောက် ခြောက်ကပ်ကပ်ဖြစ်နေပေသည်။ ဆိုင်ရှင်သည်လည်း ပျင်းရိစွာ ငိုက်မြည်းနေလေသည်။ ရုတ်တရက် လူသုံးယောက် ဝင်ရောက်လာသဖြင့် ဆိုင်ရှင်သည် ဝမ်းပန်းတသာထ၍ ခရီးဦးကြိုပြုသည်။ ထောင့်ကျကျခုံများတွင် ဝင်ထိုင်ကြရင်း အရက်နှင့် အမြည်းများ မှာယူလိုက်ကြ၏။ စားသောက်ဖွယ်များကို လာချပြီး ဆိုင်ရှင်ထွက်သွားသည်နှင့် သုံးဦးသား ခေါင်းချင်းဆိုင်၍ တီးတိုးတိုင်ပင်ပြောဆိုနေကြ၏။ စိန်ကြီးက …

"ငါ ညက ငါ့မိန်းမအိမ်မှာ အိပ်တယ်။ ငါ့သေနတ်လည်းဖွက်ထားပြီးပြီ။ ဒီကိစ္စမှာ ငါ ခေါင်းဆောင်ပဲ။ ဒီအချိန်ကစပြီး ငါ့အစီအစဉ်အတိုင်း မင်းတို့ တစ်သဝေမတိမ်း လုပ်ကြဖို့လိုတယ်။ မင်းတို့ သဘောတူလား"

ဟု မေး၏။ ဆင်ပေါက်က ခေါင်းညိတ်ပြသည်။ ဘညွန့်က

"ဟာ … စိန်ကြီးကလည်း ကွာ အဆန်းလုပ်လို့။ အရင်လည်း မင်းပဲ ခေါင်းဆောင်ခဲ့တာပဲ။ တို့ ဘာပြောစရာရှိလဲ။ အလုပ်ဖြစ်ဖို့သာ အဓိကပဲမဟုတ်လား"

ဟု ပြောလိုက်သည်။

"အေး … ဒါဆို ဒီကနေ့ ဖြူးကိုသွားကြမယ်။ လူခွဲပြီး သွားမယ်။ ဖြူးရောက်ရင် ငါ့အသိ အိမ်မှာတည်းပြီး အခြေအနေ လေ့လာပြီး လုပ်ကြတာပေါ့။ ဖြူးက ဟုတ်ချီချွန်း စားသောက်ဆိုင်မှာ ဆုံကြမယ် ဟုတ်ပြီလား"

ဟု ပြောပြီး အရက်ခွက်ကို မော့ချလိုက်သည်။ ဆင်ပေါက်က အမြည်းတစ်ဖတ်ကို ကောက်ဝါးရင်း …

"ဒါဆို ငါအရင်သွားမယ်"

ဟုဆိုကာ အရက်တစ်ခွက် ကောက်မော့ချလိုက်သည်။ ထို့နောက် နာရီဝက်ခန့်အကြာတွင် သုံးဦးသား ငွေရှင်းပြီး ထပြန်သွားကြလေသည်။

ထိုနေ့ညနေ ငါးနာရီခန့်တွင် ဖြူးမြို့ဂုံးကျော်ရှိ ဟုတ်ချီချွန်း စားသောက်ဆိုင်ဝယ် လူစည်ကားလျက်ရှိသည်။ ထိုသို့ စည်စည်ကားကား သောက်စားနေကြသူတွေထဲဝယ် ခုံဝိုင်းတစ်ခု၌ စိန်ကြီး၊ ဆင်ပေါက်နှင့် ဘညွန့်တို့ သုံးဦးလည်း ပါဝင်ကြလေသည်။ ၎င်းတို့ သုံးဦးသား စကားစမြည် ပြောကြားခြင်းမရှိကြဘဲ ငြိမ်သက်စွာ စားသောက်နေကြ၏။ စားသောက်

> **ဒီလူ**
> **တော်တော်ချမ်းသာတယ်။**
> **အဲဒီအိမ်ကို**
> **တိုက်လိုက်ရရင်တို့တော့**
> **ထောပြီကွ။**

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျသင့်ငွေ ရှင်းပြီးသည်နှင့် အတူ ထွက်လာခဲ့ကြလေသည်။ ဖြူးမြို့ စက်တောင် ရပ်ကွက်ရှိ အိမ်တစ်လုံးတွင် သုံးဦးသား ရောက်ရှိနေကြပြီး အိမ်ရှင် ကိုသိန်းအောင်နှင့် စကား လက်ဆုံကျနေကြသည်။ ကိုသိန်းအောင်က …

"စိန်ကြီး … မင်း မရောက်တာ သုံးနှစ်လောက် ရှိတော့မယ်။ ငါကတော့ သတိရနေတာပဲ။ မင်း ဘယ်တွေ ရောက်နေလို့လဲ"

ဟု ဧည့်ဝတ်စကား ပြောသည်။

"ငါ ရွှေကျင်ဘက်ကို အလုပ်သွားလုပ်နေလို့ပါကွာ။ အခု လည်း တို့သူငယ်ချင်း သုံးယောက် မင်းဆီမှာ နှစ်ရက် သုံးရက်တည်းပြီး ရန်ကုန်ကို အလုပ်သွားလုပ်ကြမလို့ကွ"

ဟု စိန်ကြီးက ပြောသည်။ ကိုသိန်းအောင်မိန်းမ မခင်ညွန့်က

"အလိုတော် … ရန်ကုန်မြို့ကြီးကို အလုပ်သွားလုပ်ကြမလို့ဆိုတော့ လုပ်ငန်းလေးများ ကောင်းရင် ကျုပ်ယောက်ျားကိုလည်း ခေါ်ပါဦး။ ဒီမှာဆိုက်ကားနင်းလို့အဆင်မပြေဘူးတော့"

ဟု လှမ်းပြောလိုက်သည်။ စိန်ကြီးက ပြုံးပြီး …

"အေးပါဟ။ ငါကရော အလုပ်အကိုင်ကောင်းရင် ငါ့ကောင်ကြီးကို မခေါ်ဘဲ နေပါ့မလား … ဟား … ဟား"

ဟု ရယ်ရယ်မောမော ပြန်ပြောလိုက်သည်။ သည်သို့နှင့် ယင်းအိမ်တွင် ခရီးပန်းလာသည်မို့ နှစ်ခြိုက်စွာအိပ်မောကျခဲ့ကြလေသည်။

နံနက်လင်းသည်နှင့် အိမ်ရှင် ကိုသိန်းအောင်နှင့် ဇနီးဖြစ်သူ မခင်ညွန့်တို့ ဧည့်ခံကျွေးမွေးသည့် နံနက်စာကို သုံးဆောင်ပြီး နံနက်စောစော ပဲခူးလမ်းမကြီးအတိုင်း တောင်မှ မြောက်သို့ သုံးဦးသား လမ်းလျှောက်ထွက်ခဲ့ကြသည်။ လမ်းတွင် လုပ်ငန်းနှင့် ပတ်သက်ပြီး ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။ လမ်းလျှောက်လာရင်း ပဲခူးလမ်းမြောက်ပိုင်းသို့ ရောက်လာလျှင် စိန်ကြီးက "မင်းတို့ ဖြည်းဖြည်း လျှောက်တော့" ဟု သတိပေးလိုက်လျှင် သုံးယောက်လုံး ခြေလှမ်းများနှေးလိုက်ကြသည်။ ဖြူးချောင်းတံတား မရောက်မီ တံတားနှင့် ကိုက်(၂၀၀) ခန့်အကွာ လမ်းအရှေ့ဘက်ခြမ်းနှစ်ထပ်တိုက်ကြီးတစ်လုံးရှေ့ အရောက်တွင် စိန်ကြီးက "ဒီတိုက်ပဲ။ မင်းတို့ မသိမသာ အကဲခတ်ကြ" ဟု ပြော၏။ သုံးဦးသား မသိမသာ အကဲခတ်လိုက်ကြသည်။ ဆက်လျှောက်လာရင်းမှ ဖြူးချောင်းတံတားပေါ်ရောက်လျှင် သံမဏိဘောင်ကြီးများဘက်သို့ ကပ်လျှောက်ကြရင်း ခေတ္တရပ်လိုက်ကြသည်။ စိန်ကြီးကစတင်၍…

"မင်းတို့ ဘယ်လိုသဘောရလဲ"

ဟု မေးသည်။ ဘညွန့်က

"ဆင်ပေါက်· မင်းသေနတ်ဘယ်မှာလဲ"

ဟု မေးသည်။ ဆင်ပေါက်က …

"အဆင်သင့် ပါလာတယ်ကွာ။ ငါ မြို့စွန်မှာ ဖွက်ထားခဲ့တယ်။ ကျည်လေးတောင့်လည်း ပါတယ်"

ဟု ဖြေလိုက်သည်။ စိန်ကြီးက …

"ငါ့သေနတ်နဲ့ ကျည်ခုနစ်တောင့်လည်း ပါတယ်ကွ။ မင်းတို့သဘောတူရင် တို့အစီအစဉ် ဆွဲရုံပဲ"

ဟုပြောသည်။ ဘညွန့်က-

"ဒါဆို မင်း အစီအစဉ်အတိုင်း လုပ်ရုံပဲ"

ဟု ပြောလိုက်သည်။ စိန်ကြီးက ခေတ္တမျှ စဉ်းစားဟန်ပြုရင်း …

"ဒီတိုက်က ဖြူးချောင်းတံတားနဲ့နီးတော့ လိုအပ်လို့

www.burmeseclassic.com

www.burmeseclassic.com



သေနတ်သုံးရမယ်ဆိုရင် လူတွေမကြားအောင် တံတားပေါ် ရထားဖြတ်တဲ့အချိန်နဲ့ ကိုက်လုပ်ရမှာ။ ဒီတော့ ရထားချိန်တွေကို တို့စုံစမ်းထားရလိမ့်မယ်"

ဟု ပြောပြီး ထိုနေရာမှ ပြန်လှည့်ကာ ဖြူးချောင်းကမ်းပါးအတိုင်း ရထားလမ်းဘက်သို့ ကူးလိုက်ကြလေသည်။ ထိုမှ ဂုံးကျော်ဘက်သို့ ရထားလမ်းအတိုင်း ပြန်လျှောက်လာကြရင်း တိုက်ကြီး၏နောက်ဘက် အနေအထားကို မသိမသာ လေ့လာကြပြန်သည်။ ဂုံးကျော်ရောက်သော် ခေတ္တမျှနားပြီး ကွမ်းယာ၊ ဆေးလိပ်တို့ ဝယ်ကြသည်။ ထို့နောက် ဘူတာဘက်သို့ ဆက်လျှောက်လာပြီး ရထားအဝင်အထွက် အချိန်များကို စုံစမ်းမှတ်သားလိုက်ကြလေသည်။



## အခန်း ( ၃ )

စိန်ကြီးတို့တစ်သိုက် ဖြူးမြို့သို့ ရောက်ရှိနေသည်မှာ နှစ်ညအိပ်သုံးရက် ကြာသွားလေပြီ။ ယနေ့ညတွင် စီမံထားသည့်အတိုင်း ဦးကံထွန်း၏အိမ်ကို ဓားပြတိုက်ရန် အကွက်ချစီစဉ်ပြီး ဖြစ်၏။ ထိုည (၁၀) နာရီတိတိ အချိန်တွင်စိန်ကြီး၊ ဆင်ပေါက်နှင့် ဘညွန့်တို့လက်နက်ကိုယ်စီနှင့် ရထားလမ်းဘေး ဦးကံထွန်း တိုက်၏နောက်ဘက် အုတ်တံတိုင်းဘေး မှောင်ရိပ်ထဲတွင် တိတ်ဆိတ်စွာ ထိုင်နေကြသည်။ သတ်မှတ်ထားသည့်အချိန်မရောက်သေးသဖြင့် စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။ ခဏအကြာတွင်ရထားသံကြားရ၏။ စိန်ကြီးက အချက်ပေးလိုက်သည်နှင့် သုံးယောက်လုံးလှုပ်ရှားလာကြသည်။ ဦးကံထွန်းတိုက်နောက် အုတ်တံတိုင်းကိုကျော်၍ ခြံတွင်းသို့ ဝင်ရောက်လိုက်ကြသည်။ တိုက်ရှေ့သို့ ကွေ့ပတ်သွားကြပြီး စိန်ကြီးက တံခါးမကြီးရှေ့တွင် ရပ်၍ တံခါးကို ခပ်ပြင်းပြင်း ခေါက်လိုက်သည်။ အထဲမှ ...

"ဘယ်သူလဲ"

ဟု မေးသံကြားရသည်။ စိန်ကြီးက ...

www.burmeseclassic.com

www.burmeseclassic.com



"တံခါး ဖွင့်စမ်း"

ဟုလေသံမာမာဖြင့် အော်ပြောလိုက်သည်။ အထဲမှ တီးတိုးပြောဆိုသံများကြားရသည်။ ထိုအခိုက် ဖြူးချောင်းတံတားပေါ် သို့ ရထားစတင်ဖြတ်သန်းသည့် အသံဆူညံစွာထွက်ပေါ်လာသည်။ စိန်ကြီးက ဒုတိယကမ္ဘာ စစ်လက်ကျန် သူ့ရိုင်ဖယ်သေနတ်ကြီးဖြင့် တံခါးမကြီး မင်းတုံး နေရာလောက်ကို မှန်းပစ်လိုက်သည်။ ပြင်းထန်သည့်ကော်ဒိုက်ယမ်းအား ပေါက်ကွဲသံသည် တံတားပေါ် ရထားဖြတ်သံနှင့် ရောထွေးသွားသဖြင့် မည်သူမျှ သဲသဲကွဲကွဲ မကြားလိုက်ရပေ။ ကံကောင်းသည်က မည်သူမျှ တံခါးအနီးရပ်မနေကြဘဲ ဧည့်ခန်းရှိ ခုံများပေါ်တွင် ရှိနေကြခြင်းပင် ဖြစ်ပေသည်။ ဆင်ပေါက်က တံခါးကို သေးဆောင်းတိုက်ချလိုက်ရာ သေနတ်မှန်၍ နာနေသော မင်းတုံး ကျိုးပြီး တံခါးမှာ ဝုန်းခနဲ ပွင့်သွားလေသည်။ အထဲမှ ဦးကံထွန်းတို့မိသားစု ကြောက်ရွံ့ စိုးရိမ်စွာ ငေးကြည့်နေကြလေသည်။ သုံးယောက်သား သေနတ်၊ ဓားများဖြင့် တစ်မိသားစုလုံးကို ချိန်ရွယ်ချုပ်ကိုင်ကာ ရှိသမျှ ပစ္စည်းများကို ထုတ်ပေးနိုင်းလေသည်။ ဦးကံထွန်းက ပထမ ခေါင်းမာကြည့်သည်။ စိန်ကြီးက မျက်စပစ်ပြသဖြင့် ဘညွန့်က ဓားပြားနှင့် ဦးကံထွန်းအား ဖြတ်ရိုက်ချလိုက်သည်။ မယားနှင့်သား သမီးများ ငိုယိုကုန်ကြသည်။ ဦးကံထွန်းက မီးခံသေတ္တာသော့ကို ထုတ်ပေးလိုက်ရသည်။ စိန်ကြီးက ဦးကံထွန်း မိန်းမကို သေနတ်နှင့်ချိန်ပြီး မီးခံသေတ္တာသော့ ဖွင့်ခိုင်းသည်။ သေတ္တာပွင့်သည်နှင့် ရွှေထည်ပစ္စည်းများကို အသင့်ပါလာသည့် အိတ်နှင့် ကျုံးထည့်သည်။ ထိုအချိန်တွင် ဘညွန့်က အားလုံးကို ကြိုးနှင့်တုတ်သည်။ ပြီးသည်နှင့် သုံးဦးသား သုတ်ခြေတင် ထွက်သွားကြလေတော့သည်။ ခြေကျင်ခရီးဖြင့် အုတ်ဖြတ် ကျေးရွာသို့အရောက် ညတွင်းချင်း ခရီးပြင်းနှင်ကြသည်။ နံနက်လေးနာရီသာသာခန့် အုတ်ဖြတ်သို့ ရောက်သွားကြလေတော့သည်။ အုတ်ဖြတ်မှ သံလျှက်စွန်းသို့ လှေတစ်စီး ငှားပြီး စစ်တောင်းမြစ်ကို ကူးကြသည်။

သေနတ်မှန်၍
နာနေသောမင်းတုံး ကျိုးပြီး
တံခါးမှာ
ဝုန်းခနဲ
ပွင့်သွားလေသည်။

သံလျှက်စွန်းသို့ ရောက်သော်ကိုင်ပင်ကြသည်။ ဘညွန့်က …

"စိန်ကြီး … မင်းက အဖွဲ့ခေါင်းဆောင်ဆိုတော့ နောက်ကြောင်း မရှင်းခင်မှာ ပစ္စည်းတွေ မင်းပဲထိန်းသိမ်းထား။ လူစုခွဲပြီး ကိုယ်ယောင် ဖျောက်နေကြမယ်။

www.burmeseclassic.com



တစ်လကြာလို့ ဘာသံမှမကြားရင် အောင်ချမ်းသာက မင်းမိန်းမအိမ်မှာ ပြန်ဆုံပြီး ခွဲဝေကြတာပေါ့"

ဟု ပြောသည်။ ဆင်ပေါက်က …

"အေး … ကောင်းတယ်။ ဒီပစ္စည်းတွေကို လောလောဆယ် အလေးချိန် မှတ်သားထားကြတာပေါ့"

ဟုဆိုကာ ရွာထဲမှ ဈေးသည်တစ်ယောက်ဆီက အလေးချိန်ခွင် ငှားပြီး အကြမ်းချိန်တွယ် မှတ်သားလိုက်ကြလေသည်။ စိန်ကြီး၏ တိတ်တိတ်ပုန်းမယား အောင်ချမ်းသာရွာမှ ရှမ်းကပြားမုဆိုးမ နန်းရွှေကြည်အိမ်တွင် ပြန်ဆုံကြမည့်နေ့ရက်၊ အချိန်တို့ကို အတိအကျ ချိန်းဆို သဘောတူကာ လမ်းခွဲလိုက်ကြလေတော့သည်။ စိန်ကြီးသည် ရလာသည့်ပစ္စည်းများကို သိုဝှက်ယူဆောင်၍ မိန်းမအိမ်တွင် တစ်ညမျှနေလိုသော်လည်း နောက်ကြောင်းမအေးသေးသဖြင့် ရွှေကျင်မြို့သို့ အမြန် သွားရောက်လေသည်။ ရွှေကျင်မြို့သို့ ရောက်လျှင် ပါလာသည့် ပစ္စည်းများကို အရည်ကြို ပုံဖျက်ကာ အတောင့်ပုံသဏ္ဌာန် ပြုလုပ်ပြီး ယခင်ကလည်း ခိုင်းဖူးသည့်ရွှေပန်းတိမ်ဆိုင်တစ်ခုတွင် အလေးချိန် စစ်ဆေးခိုင်းလေသည်။ ဤတွင် စိန်ကြီး လွန်စွာအံ့ဩတုန် လှုပ်သွားရပေတော့သည်။ ရွှေတောင့်မှာ အတုကြီးဖြစ်နေပေသည်။ စိန်ကြီး စိတ်ဓာတ် အကြီးအကျယ်ကျသွားသည်။ ဘာ ဆက်လုပ်ရမည်ကို မသိဖြစ်နေပေသည်။ သူ့တစ်သက်တွင် ဤကဲ့သို့အဖြစ်မျိုး ကြုံဖူးရန်ဝေးစွာ ကြားပင် မကြားဘူးပေ။ ပင်ပန်းကြီးစွာ စွန့်စားတိုက်ယူလာရသည့် ပစ္စည်းများမှာ အတုများ ဖြစ်နေပေသည်။ ဘညွန့်နှင့် ဆင်ပေါက်တို့သည် အတည်တကျမရှိသော ခြေသလုံးအိမ်တိုင်များ ဖြစ်ကြပေရာ ရှာဖွေတွေ့ရှိရှင်းပြရန် မလွယ်လှပေ။ ထို့ပြင် ရှာဖွေတွေ့ရှိ၍ ရှင်းပြသည့်ထားဦး လုံးဝယုံကြမည်မဟုတ်ပေ။ စိန်ကြီး အကြပ်ရိုက်နေပေသည်။



## အခန်း ( ၄ )

ဤသို့ဖြင့် ချိန်းဆိုထားသည့် နေ့ရက်သို့ ရောက်လာခဲ့ပေရာ စိန်ကြီးသည် အောင်ချမ်းသာရွာသို့ အရောက်သွားရလေသည်။ သူ မိန်းမအိမ်တွင် တစ်ညအိပ်ပြီးအဖြေ အပျက်များကိုလည်း ပြောပြလေ သည်။ နောက်တစ်နေ့ မနက် ဆိုထားသည့်မနက် (၁၀)နာရီ

www.burmeseclassic.com

www.burmeseclassic.com



တွင် ဘညွန့်နှင့် ဆင်ပေါက်တို့ အတူတကွ ရောက်လာကြပေသည်။ စိန်ကြီးက ဘုရားစင်အောက် ဖျာကြမ်းတစ်ချပ်ပေါ်တွင် ထိုင်လျက် အရက်ပုလင်းနှင့်အရက်ခွက်အမြည်းပန်းကန်များက ရှေ့တွင် အဆင်သင့်။

"လာကြကွာ။ ငါ မင်းတို့ကို မျှော်နေတာ"

ဟု စိန်ကြီးက ခရီးဦးကြိုပြုလိုက်သည်။ ဘညွန့်နှင့်ဆင်ပေါက်တို့ ဝင်ထိုင်လိုက်သည်နှင့် စိန်ကြီးသည် ထိုင်နေသည့် ဖျာကြမ်းနံရံနှင့် ထောက်၍ အနည်းငယ် လန်နေသည့် နေရာအောက်ရှိ မိမိသေနတ်ကို သတိထားလိုက်၏။ အခြေအနေကို မီးစင်ကြည့်ကရန် ဆုံးဖြတ်ပြီးဖြစ်၏။ စိန်ကြီးက ညှို့ဝတ်ပြုနေသော်လည်း ကျန်နှစ်ယောက်က စိတ်စောနေလေသည်။ စိန်ကြီးမိန်းမကလည်း အနီးအပါးမှ အကဲခတ်လျက်ရှိသည်။ ထိုစဉ် ဘညွန့်က-

"ကဲ … စိန်ကြီးတို့ တိုက်လာတဲ့ပစ္စည်းတွေ ဝေစုခွဲကြရအောင်။ တို့လည်း အသုံးပြတ်နေတာကြာပြီ။ လုပ်ကွာ ကြာတယ်"

ဟုပြောလိုက်သည်။ စိန်ကြီးက သတိကြီးစွာထားရင်း…

"မင်းတို့စိတ်ထိန်းကြကွာ။ တို့တိုက်လာတဲ့ ပစ္စည်းတွေအားလုံး အတုတွေချည်းပဲကွ။ ငါလည်း အံ့ဩလို့ မဆုံးဘူး။ ငါ မင်းတို့ကို ပြောဖို့ လိုက်ရှာပါသေးတယ်ကွာ။ ဒါပေမဲ့ မတွေ့လို့။ ငါ မင်းတို့နဲ့တွဲခဲ့တဲ့ကာလတစ်လျှောက် မဟုတ်တာ လုပ်ခဲ့လို့လား။ ငါ့ကိုယုံပါကွာ"

ဟု တောင်းပန်ပြောဆိုလိုက်သည်။ ဘညွန့်နှင့် ဆင်ပေါက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ခေတ္တမျှ ငြိမ်နေလိုက်ကြသည်။ ပြီးမှဘညွန့်က …

"အေးကွာ … ဒါတော့ ဘယ်တတ်နိုင်မလဲ။ ဒီလောက် ချမ်းသာတဲ့ သူဌေးတစ်ယောက်ဆီက အတုတွေရခဲ့တာတော့စဉ်းစားစရာပဲ။ ဒါဆိုလည်း တို့ယုံရမှာပေါ့"

ဟု ငေါ့တော့တော့ ပြောလိုက်သည်။ စိန်ကြီးက အရက်နှင့် အမြည်းတွေ ညှို့ခံပေမယ့် ဆင်ပေါက်နဲ့ဘညွန့် လုံးဝမတို့ မထိဘဲ နှုတ်ဆက် ပြန်သွားကြသည်။ အပြန်လမ်းတွင် ဆင်ပေါက်က …

"ဘညွန့် … ဒါ လုံးဝ မဖြစ်နိုင်ဘူးကွ။ ဒီကောင် အချိုကြီးမို့ တို့ကို ဘတ်တာပဲဖြစ်ရမယ်"

"ကဲ … စိန်ကြီးတို့ တိုက်လာတဲ့ပစ္စည်းတွေ ဝေစုခွဲကြရအောင်။ တို့လည်း အသုံးပြတ်နေတာ ကြာပြီ။ လုပ်ကွာ ကြာတယ်"

www.burmeseclassic.com



ဟုပြောလိုက်ရာ ဘညွန့်က

"ဒါ သိပ်သေချာတာပေါ့ကွာ။ သူ့အိမ်ပေါ်မှာမို့ ငါ အသာအချိုသတ်လာခဲ့ရတာ။ ဒီကောင်က သိပ်လျှင်တယ်ကွ"

ဟု ပြောသည်။ ဆင်ပေါက်က သွားနေရာမှ ခဏ ရပ်လိုက်ပြီး ...

"ဒီကောင် ဘာပဲဖြစ်ဖြစ်အိမ်ပြန်မှာသေချာတယ်။ သူ့ မိန်းမအိမ်မှာ ကြာကြာမနေရဲဘူး။ တို့ ဒီကောင့်လမ်းကို သိနေတာပဲ။လမ်းက ဖြတ်ပြီး ရှင်းပစ်ကြတာပေါ့"

ဘညွန့်က ...

"ငါတို့မှာ သေနတ်မပါလာဘူး။ မင်းမှာ ဓားရှည်တစ်ချောင်း၊ ငါ့မှာ ဓားတိုတစ်ချောင်းပဲပါတာ။ တို့ လူပြတ်တဲ့၊ တောရှုပ်တဲ့နေရာတစ်ခုက စောင့်ပြီး အလစ်မှာ ဝင်သတ်တာပေါ့"

ဟု ပြောလိုက်ရာ ဆင်ပေါက်က ...

"အေး ... ကောင်းတယ်"

ဟု ထောက်ခံပေးလိုက်ပြီး နှစ်ဦးသား ဆက်လျှောက်သွားကြလေသည်။

စိန်ကြီးတစ်ယောက် သူ၏ မိန်းမအိမ်မှ နံနက် (၄)နာရီခန့် ထပြီး ပြန်ခဲ့သည်။ စိတ်ထဲတွင်တော့ ဆင်ပေါက်တို့နှစ်ယောက်

မင်းမှာ ဓားရှည်တစ်ချောင်း၊ ငါ့မှာ ဓားတိုတစ်ချောင်းပဲပါတာ။ တို့ လူပြတ်တဲ့၊ တောရှုပ်တဲ့နေရာတစ်ခုက စောင့်ပြီး အလစ်မှာ ဝင်သတ်တာပေါ့"

ဒီကိစ္စအပေါ် သိပ်မကျေနပ်ကြမှန်း သိနေသည်။ တစ်ခုခုစီစဉ်ကြမှာ သေချာသလောက် ရှိသည်။ စိန်ကြီးသည် အောင်ချမ်းသာမှ အပြန် လမ်းခရီးတွင် လူသူပြတ်သော တောတန်းတစ်ခုကို အဖြတ် အန္တရာယ် အငွေ့အသက်ကို ခံစားသိရှိလိုက်၏။ အတွေ့အကြုံများစွာ ရှိသူမို့ သတိကြီးစွာထားလျက် ခရီးဆက်နေ၏။ တစ်နေရာ အရောက်တွင် လက်ထဲမှ သေနတ်ကို အသင့်ကိုင်ပြီး နား၊ မျက်စိကို ရှင်ရှင်ထားနေရာမှ သစ်ကိုင်းခြောက် ကျိုးသံ ဖျောက်ခနဲ ကြားလိုက်သည်။ နီးရာသစ်ပင် တစ်ပင်ကို လှစ်ခနဲပြေးကပ်လိုက်သည်။ ဘညွန့်နှင့် ဆင်ပေါက်ကလည်း လျှင်သည်။ စိန်ကြီးနှင့် မလှမ်းမကမ်းမှ မျက်ခြေမပြတ် လိုက်နေရာမှ ခြေတစ်ဖက်က သစ်ကိုင်းခြောက်တစ်ခုကို နင်းမိလိုက်သည်နှင့် ချက်ချင်း ကိုယ်ရောင်ဖျောက်လိုက်ကြသည်။ စိန်ကြီးသည် မိမိနေရာမှ ချုံကွယ်တစ်ခုသို့ ပြေးကပ်လိုက်သည်။ စိန်ကြီးသစ်ကိုင်းခြောက်ကျိုးသံ ကြားရာဆီသို့ အာရုံစိုက်ကြည့်နေခိုက် ရိပ်ခနဲမြင်လိုက်သည့် မိမိနောက်မှ လူရိပ်ဆီသို့ သေနတ် ထိုးချိန်၍ပစ်လိုက်သည်။ ဆင်ပေါက် ကားခနဲနောက်

www.burmeseclassic.com



ပြန်လဲကျသွားသည်။ စိန်ကြီး နောက်ဘက်သို့ ဘညွန့် ဓားနှင့် ရောက်လာပြီး ထိုးချလိုက်သည်။ စိန်ကြီးက ကိုယ်တစ်ပတ်လှည့် ရှောင်ရင်း သေနတ်ဒင်နှင့် ရိုက်ချလိုက်သည်။ ရိုက်ချက်က မိသည်။ ဘညွန့် အားခနဲအော်ရင်းရှေ့သို့ ဟပ်ထိုးလဲကျသွားသည်။ စိန်ကြီးက ဦးခေါင်းကို သေနတ်ဒင်နှင့် ဆက်ကာဆက်ကာ ထုသည်။ ဘညွန့် သွေးအလိမ်းလိမ်းဖြင့် မလှုပ်တော့။ သေနေပြီ။ စိန်ကြီး ကိုယ်ကိုမတ်လိုက်သည်။ မတတ်နိုင် ကိုယ်က မဦးလျှင် သူတို့က ကိုယ့်ကို သတ်ပေမည်။ စိန်ကြီး အမောဖြေလိုက်သည်။ သေနတ်ကို့လည်း ကျည်ထိုးမောင်းတင်လိုက်သည်။ လှုသွားလမ်းကို ရှောင်ရင်း ထိုနေရာမှ အမြန်ခွာသည်။ တောစပ်အတိုင်း အမြန်ဆုံးလျှောက်သွားနေသည်။ နာရီဝက်ခန့်လျှောက်မိသည်နှင့် မျက်စိထဲ မီးတွေ ဝင်းဝင်းတောက်သွားသလို ခံစားလိုက်ရ၏။ ဒိန်းခနဲ ခံစားလိုက်ရသလို ခြေဖမိုးတစ်ဖက်တွင်လည်း မီးစနှင့်ထိုးလိုက်သကဲ့သို့ ပူသွားသည်။ ကြောက်လန့်တကြား အောက်သို့ငုံ့ကြည့်လိုက်သည်တွင် လက်ကောက်ဝတ်ခန့် မြွေပွေးကြီးတစ်ကောင်က ဣန္ဒြေရစွာ လျှောထွက်သွားပြီး ချုံထဲဝင်ရောက်သွားသည်။ စိန်ကြီး သူ့ကို ပိုးထိမှန်းသိလိုက်ပြီ။ အနီးအပါးတွင် ရွာဆက်က ဝေးသည်။ လှုသူပြတ်သည်။ အကူအညီအမြန်ရဖို့လိုသည်။ ခရီးရောက်နိုင်သမျှ ရောက်အောင်၊ ကူညီမည့်သူတွေ့အောင် အားတင်း၍လျှောက်နေသည်။ လမ်းမြန်မြန်လျှောက်လေ သွေးလှည့်ပတ်မှု မြန်လေ၊ မြွေဆိပ်က ပြန့်လေ။ ကြာလာတော့မျက်စိတွေ ပြာလာသည်၊ အာတွေ ခြောက်လာသည်၊ ရင်တွေ တုန်လာသည်။ တဖြည်းဖြည်းနှင့်မလျှောက်နိုင်တော့။ တစ်ကိုယ်လုံး လေးလံလာသည်။ စိန်ကြီး ခွေယိုင်လဲကျသွားသည်။ မျက်စိထဲတွင် မိမိပြုခဲ့သမျှ မကောင်းမှုအကုသိုလ်များကို ရုပ်ရှင်ပြသလို တစ်ကွက်ပြီး တစ်ကွက် မြင်ယောင်လာသည်။ ဂယောင်ချောက်ချား အသံနက်ကြီးနှင့် အော်သည်။ အသံက တဖြည်းဖြည်းတိမ်ဝင် သွားသည်။ အလွန်ရေငတ်လာသည်။ ဘာမျှမမြင်ရတော့၊ ဘာမျှ မကြားရတော့။အသိအာရုံထဲတွင် အမှောင်ထုကြီးက ဖုံးလွှမ်းသွားလေတော့သည်။

## အခန်း ( ၅ )

ဖြူးမြို့၊ ပဲခူးလမ်းမြောက်ပိုင်းရှိ ဦးကံထွန်းအိမ်တွင် ဓားပြတိုက်ခံရသည့်ည ဓားပြများ ထွက်သွားကြပြီးချိန်ဖြစ်သည်။ ဦးကံထွန်း၏ ဇနီးမယားနှင့် သမီး သား



www.burmeseclassic.com

www.burmeseclassic.com



များ ငိုယိုလို့ကောင်းတုန်းပင် ဖြစ်သည်။ ဦးကံထွန်းကတော့ ပြုံးစေ့စေ့နှင့် ရှေ့ကကွမ်းအစ်ကို ဆွဲပြီး ကွမ်းတစ်ယာကို ဖြည်းညင်းစွာ ယာနေသည်။ ဦးကံထွန်း၏ အမူအရာကို ကြည့်ပြီး သားသမီးနှင့် ဇနီးသည်တို့ အငို တိတ်သွားကြသည်။ အားလုံးက ဦးကံထွန်းကို နားမလည်စွာ ဝိုင်းကြည့် နေကြသည်။ ဦးကံထွန်းဇနီးက

"တော် တစ်သက်လုံး ပင်ပင်ပန်းပန်း ရှာဖွေစုဆောင်းလာတဲ့ ပစ္စည်းတွေ ပါသွားတာဘာကြောင့် ပြုံးစေ့စေ့ လုပ်နေရတာလဲ။ တော် ရူးသွားပြီလား"

ဟု မေးလိုက်သည်။

"မင်းတို့ သားအမိတွေ သရုပ်ဆောင် ပိုင်လွန်းလို့ ငါ သဘောကျနေတာပါ။ တကယ်တော့ ဓားပြတွေနောက်ပါသွားတာတွေ အားလုံး အတုတွေချည်းပဲကွ"

ဟု ဦးကံထွန်းက ဖြေလိုက်သည်နှင့် အားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ ဦးကံထွန်း သားကြီးက …

"အဖေ တကယ်ပြောနေတာလား"

ဟု မေးလိုက်သည်။ ဦးကံထွန်း ဘာမျှထပ်မပြောသေးဘဲ ကွမ်းယာကို ပါးစပ်ထဲထည့်ပြီး နေရာမှထသွားသည်။ အဝတ်ဗီရိုတံခါးဖွင့်ပြီး အံဆွဲထဲမှ ရွှေထည်ပစ္စည်းတွေကို ယူပြသည်တွင် အားလုံးငိုင်သွားကြပြီး ဝမ်းသာသွားကြသည်။ ဦးကံထွန်းဇနီးက စဉ်းစားနေရာမှ …

"သြော် … ကျုပ်သိပြီ။ တစ်လောလေးက ဖြူးဈေးထဲသွားတုန်း ပန်းတိမ်ဆရာကြီး ဦးတင်အောင်နဲ့တွေ့တယ်။ သူက နင့်ယောကျ်ားက ငါ့ဆီမှာ လက်ဝတ်လက်စားတွေ လာအပ်တိုင်းတစ်ပုံစံတည်းတူတဲ့ အတုနဲ့ တွဲအပ်တာ ဘာဖြစ်လို့တုန်းလို့မေးတယ်။ ကျုပ်က ရူးနေလို့လို့ ပြောလိုက်တယ်။ ကျုပ် အခုမှသဘောပေါက်တယ်။ တကယ်တော့ ကျုပ်ယောကျ်ား အမြော်အမြင်ကြီးပုံကို ချီးကျူးပါတယ်တော်"

> **လက်ဝတ်လက်စားတွေ လာအပ်တိုင်း တစ်ပုံစံတည်းတူတဲ့ အတုနဲ့တွဲအပ်တာ ဘာဖြစ်လို့တုန်း**

ဟု ပြောလိုက်ပြီး တစ်ဆက်တည်း …

"ဒါနဲ့ တော် ဓားပြတိုက်ခံရမယ်ဆိုတာ ဘယ်လို ကြိုသိနေတာလဲ"

ဟု မေးလိုက်သည်။ ဦးကံထွန်းက …

"ဘယ်လိုလုပ် ကြိုသိရမလဲကွ။ ဒါပေမဲ့ သူခိုးတို့၊ ဓားပြ ထွင်းသမားတို့၊ အို … ကုန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် အိမ်ကအလုပ်သမား တွေကအစ အချိန်မရွေး ယူသွား နိုင်တာပဲကွ။ ဘယ်သူမှစိတ်မချ ရဘူး။ ငါက ဥစ္စာကံစောင့်ဆိုတာ သိပ်လက်မခံချင်ဘူး။ ဉာဏ်ကို အားကိုးတာ။ ဒါကြောင့် မီးခံ သေတ္တာထဲမှာ အမြဲတမ်းအတုတွေ ပဲထည့်ထားတာ။ အတုနဲ့ အစစ် တွေကို လုပ်ခိုင်းကတည်းက အမှတ်အသား လုပ်ထားတယ်။ အဲဒါကိုလည်း ပန်းတိမ် ဆရာတင် အောင်နဲ့ ငါ နှစ်ယောက်တည်းပဲ သိတယ်''

ဟု ရှင်းပြသည်။ သူ့ဇနီးက နှုတ်ခမ်းစူလျက် ...

''ဒါဆိုလည်း ကျုပ်တို့ကို ပြောပြထားရောပေါ့။ ကျုပ်တို့မှာ ငိုလိုက်ရတာတော်''

ဟု ရန်တွေ့သည်။ ဦးကံ ထွန်းက ...

''မင်းတို့ကြိုသိထားရင် မနေ မြောတော့ ဒီလို သရုပ်ဆောင်ကြ မှာ မဟုတ်ဘူး။ ဒါဆို ဓားပြတွေ သိသွားရင် ငါ့ကိုရန်ရှာကြမှာပေါ့ ကွ .. ဟား .. ဟား .. ဟား''

ဟု ရယ်မောပြောလိုက် သည်။ သားကြီးက ...

''ဖေဖေ ဒီကိစ္စ ရဲတိုင်မှ ထင်တယ်''

ဟု အကြံပေးသည်။ ဦးကံ ထွန်းက ...

''နေပါစေ သားရယ်။ ရဲ တွေကို ဒုက္ခမပေးပါနဲ့။ အဖေတို့ ဘာပစ္စည်းမှ ဝါသွားတာ မဟုတ် ဘူး။ ဓားပြတွေ သူ့အကုသိုလ်နဲ့ သူ သွားပါလိမ့်မယ်''

ဟု ပြောပြီး မိသားစုလုံး အသီးသီးအိပ်ရာဝင်သွားကြလေ တော့သည်။

ရွှေဖြူးကျော်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဝင်းသောင် (ရမည်းသင်း)

# ဂျက် ကင်း ကွင်း စံမင်း

"စခန်းမှူး အလုပ်များနေတာပဲ။ ကျွန်တော်တို့ လာမိတာ အားနာစရာဖြစ်နေပြီ"

"ဦးမင်းဆွေတို့ပါလား။ လာပါ ... လာပါ။ အလုပ်များတယ် မဟုတ်ပါဘူး။ ကျွန်တော်တို့အတွက် နေ့စဉ်ဓမ္မဝလုပ်ရိုးလုပ်စဉ် အလုပ်တွေပါပဲ။ ထိုင်ကြပါဗျာ"

စခန်းမှူးသည် မြို့နယ်တရားရုံးသို့ တရားစွဲတင်ရသည့် အမှုတွဲများ စိစစ်လက်မှတ်ရေးထိုးနေစဉ် ရုံးခန်းတွင်းဝင်လာသည့် အသိမိတ်ဆွေ ဦးမင်းဆွေနှင့် အဖော် လူငယ်တစ်ဦးတို့အား ရင်းရင်းနှီးနှီး ဖိတ်ခေါ်ကာ သူ၏ စားပွဲရှေ့ရှိ ထိုင်ခုံတွင် ထိုင်ခိုင်းလိုက်သည်။

"ဦးမင်းဆွေ တစ်ယောက်တည်း မဟုတ်ဘဲ အဖော်ပါလာတယ်ဆိုတော့ ကိစ္စရှိမယ် ထင်တယ်"

"ဟုတ်ပါတယ်။ ဟောဒီ ကျွန်တော့်တူကိစ္စ စခန်းမှူးနဲ့ ပြောပြဆွေးနွေးချင်လို့ လာခဲ့တာပါ"

"ဟုတ်ကဲ့။ ဒါဆိုလည်း ပြောပါ ဦးမင်းဆွေ"

"ဒီလိုပါ ဒီနေ့မနက် (၉) နာရီလောက်က ကျွန်တော် တူလေးဟာ ဝယ်စရာရှိတဲ့ ပစ္စည်းတွေဝယ်ဖို့ ငွေငါးသောင်းကျော်နဲ့ ရန်ကုန်မြို့ထဲသွားတယ်။ ဟိုတုန်းကလည်း ကျွန်တော့်တူဟာ ရံဖန်ရံခါ နယ်က ရန်ကုန်လာပြီး ပစ္စည်းဝယ်နေကျမို့ အမှတ်မဲ့ပဲ နေမိတယ်"

"သူက ရန်ကုန်ကမဟုတ်ဘူးလား ဦးမင်းဆွေ"

"မဟုတ်ဘူးဗျ။ ဇေတာင်တွင်းကြီးက ကုန်သည်တစ်ဦးပါ။ သူ့ဆိုင်အတွက် လိုအပ်တဲ့ကုန်ပစ္စည်း ရန်ကုန်လာဝယ်လိုက်၊ နယ်ကဆိုင်မှာ တင်ပြီး ပြန်ရောင်းလိုက်ပေါ့။ ဒီနေ့တော့ သူမြို့ထဲအရောက် ပြဿနာ တက်တော့တာပဲ"

"ဟုတ်လား။ ဘယ်လို ပြဿနာပါလိမ့်ဗျာ"

"ကဲ ... ငါ့တူ မင်းကိစ္စ မင်းပဲဆက်ပြောပြကွာ"

"ဒီလိုပါခင်ဗျာ ... ဒီနေ့မနက်စောစောပဲ ဦးလေးအိမ်က

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြီး လိုတဲ့ကုန်ပစ္စည်းတွေ ဝယ်ဖို့ မြို့ထဲသွားပါတယ်။ မဟာဗန္ဓုလလမ်းနဲ့ ပန်းဆိုးတန်းလမ်း ဆုံ မီးပွိုင့်မှာ လမ်းဖြတ်ကူးဖို့ မီးနီ အချက်ပြစောင့်နေတုန်း အသက် (၅၀) လောက်ရှိမယ့် လူကြီးတစ်ယောက်နဲ့ တွေ့ပါတယ်"

လူငယ်သည် စကားပြောနေရင်း စကားလုံးရွေးနေသလား မသိ ခဏရပ်သွားသည်။

"အဲဒီတော့"

စခန်းမှူးက စကားဆက်ပြောအောင် လမ်းကြောင်းပေးလိုက်တော့မှ လူငယ် စကားဆက်ပြောဖြစ်သည်။

"အဲဒီလူကြီးက သူ အထက်အညာက လာကြောင်း၊ ရွာကျောင်းထိုင် ဆရာတော်ကြီးက ကျောင်းအတွက် မီးစက်အသေး (၁) လုံးဝယ်ဖို့ သူ့ကိုလွှတ်လိုက်ကြောင်း၊ သူက ဆရာတော်ကို မြို့ကြီးပြကြီး မရောက်ဘူးလို့ မသွားမလာတတ်ကြောင်း ပြန်လျှောက်တယ်တဲ့။ 'ဟဲ့ ... ဒကာကြီး၊ ဒကာကြီးမှာ ပါးစပ် မရှိဘူးလား' လို့ မေးတော့ 'ရှိပါတယ်ဘုရား' လို့ ဖြေလိုက်တယ်တဲ့။ 'ပါးစပ်ရှိ ရွာတွေ့တာပဲ။ မေးစမ်းသွားပေါ့' ဆိုတော့ ထပ်ပြီး ဆင်ခြေ မတက်ဝံ့တာမို့ ရွာက

လွှယ်အိတ်ထဲက
အသစ်ချပ်ချွတ်
ဘဏ်ပက်ကင်ထုပ်
လေးငါးထုပ်
ပလက်ဖောင်းပေါ်
ဖြုတ်ခနဲ ကျလာတယ်။

ထွက်လာခဲ့ရတာ ထွက်ဟဲ့ ... ထွက်ဟဲ့ဆိုလို့သာ ထွက်လာရတယ် ဘယ်ကစ ဘာလုပ်ရမယ် မသိဘူး ငါ့တူ ရယ်တဲ့။ ဦးကြီးကို ကူညီပါလို့ သူမြို့ပေါ်တက်လာတဲ့အကြောင်း ဇာတ်စုံခင်း ပြောပြပြီး တတွတ်တွတ် တောင်းပန်တယ်"

"ဒါနဲ့ အဲဒီလူကြီးကို သနားသွားရော ဆိုပါတော့"

"ဟုတ်ကဲ့။ ကျွန်တော်လည်း ရန်ကုန်သားမဟုတ်ဘူး။ တောင်တွင်းကြီးက ရန်ကုန်မှာ ကုန်ဝယ်ဖို့လာတာလို့ ပြောလိုက်တော့ 'ဟေ ... ဟုတ်လား။ ဝမ်းသာလိုက်တာ။ သူတော်ကောင်း နတ်ကောင်းမ,တယ်လို့သာ ကြားဖူးတယ်။ တစ်ခါမှ မကြုံခဲ့ဖူးဘူး။ ခုတော့ ဒက်ထိကြုံရပြီ။ ဝမ်းသာလိုက်တာ ငါ့တူရယ်တဲ့"

"အဲဒီတော့ ဘာဆက်ပြောဖြစ်ကြသေးလဲ"

"ငါ့တူက ကုန်ရောင်းကုန်ဝယ်နဲ့ ရန်ကုန်ကို ခဏ ခဏရောက်ဖူးတယ်။ တောင်တွင်းကြီးသားဆိုတော့ မြေလတ်သားကပဲ။ ငါ့လို အညာသားထက်စာတော့ လည်လည်ဝယ်ဝယ်ရှိမယ်ဆိုတာ ယုံပါတယ်။ ဦးကြီးဝယ်လိုတဲ့

www.burmeseclassic.com

မီးစက်ကလေးနဲ့ ကက်ဆက်ကလေးတစ်လုံး အမှန်အကန် ရအောင် ဝယ်ပေးကွာတဲ့။ ဒီနေ့ သွားစရိတ်၊ လာစရိတ်၊ စားစရိတ် ဒကာခံပါ့မယ်တဲ့''

''အဲဒီတော့ ငါ့ညီက သူ တောင်းတဲ့ အကူအညီ ပေးလိုက်တယ်ပေါ့''

လူငယ်သည် စခန်းမှူး၏ အမေးကို သူ ကြုံတွေ့ရတဲ့အတိုင်း တစ်ထပ်တည်းတူနေသဖြင့် ဘာမှ ပြောမထွက်ဘဲ စခန်းမှူးကို သိလှချည်လား၊ မှန်လှချည်လား ဆိုတဲ့ အကြည့်နဲ့ ကြည့်ကာ စကားမဆက်နိုင်ဘဲ ဖြစ်နေသည်။ အတန်ကြာမှ စကားဆက်ဖြစ်ကြသည်။

''ဒါနဲ့ ဆက်ပါဦး ငါ့ညီ''

''ကျွန်တော်က အရောင်းအဝယ်တစ်ဖက်နဲ့ ဒီနေ့ကုန်ဝယ်ပြီး မနက်ဖြန်ပြန်ရမှာမို့ မကူညီနိုင်တဲ့အကြောင်း တောင်းပန်တော့ ဒီတစ်ခါ ဦးကြီးတော့ ခက်ကပြီကွယ်လို့ ပြောပြီး သူလွယ်ထားတဲ့ လွယ်အိတ်ကြီးထဲက တဘက်တစ်ထည်ကို ထုတ်ပြီး အဆီပြန်နေတဲ့ သူ့မျက်နှာကို သုတ်မယ့်ဟန်ပြင်လိုက်တာ လွယ်အိတ်ထဲက အသစ်ချုပ်ချုပ် ဘဏ်ပက်ကင်ထုတ် လေးငါးထုတ် ပလက်ဖောင်းပေါ် ဖြုတ်ခနဲ ကျလာတယ်။ ဦးကြီးပိုက်ဆံထုတ်တွေ ကျကုန်ပြီ၊ ကျကုန်ပြီလို့ ပြောပြီး ကျွန်တော်ကိုယ်တိုင် ကောက်ပြီး လွယ်အိတ်ကြီးထဲ ပြန်ထည့်ပေးလိုက်ရတယ်''

''အဲဒါနဲ့ပဲ အဲဒီပုဂ္ဂိုလ်ကြီးကို ပစ်ပြီးယုံလိုက်တယ် ဆိုပါတော့ ငါ့ညီ''

စခန်းမှူးသည် လူငယ်ပြောပြချက်များကို စိတ်ဝင်တစား နားထောင်နေရင်းက ရုတ်တရက်ဖြတ်မေးလိုက်သည်။

''ဟုတ်ပါတယ် စခန်းမှူး။ သူကြည့်ရတာ ကျွန်တော်တို့ မြေလတ်ပိုင်းနဲ့ အထက်အညာဒေသက ဦးကြီးများ ပုံသဏ္ဌာန်အတိုင်းမို့ ယုံကြည်မိသွားတယ်။ ဒါကြောင့် သနားစိတ်ဖြစ်ပေါ်မိလို့ ကက်ဆက်ဆိုတာ စိန့်ဂျွန်းဈေး သွားဝယ်။ ဆိုင်တွေ အများကြီး ဆိုတော့ စိတ်ကြိုက်ဆစ် စိတ်ကြိုက်ပစ္စည်း ရွေးဝယ်လို့ရတယ်။ ပြောပြီး စိန့်ဂျွန်းဈေး ဘယ်လိုသွားရတယ်ဆိုတာ စီးကရက်ဘူးခွံပေါ်မှာ မြေပုံညွှန်းဆွဲပြတော့ လာပြန်ပြီတစ်ယောက်။ စိန့်ဂျွန်းဈေးသွားဝယ်ဖို့ပြောတာ မင်းပါ ဆိုသုံးယောက်ရှိပြီ ကောင်လေး တဲ့။ မင်းတို့လုပ်ပုံက မျက်မမြင် ပါဆိုမှ ညှဉ့်မှောင်မှောင် အပ်ကောက်ခိုင်းသလို အ‚အ ပုံပြောခိုင်းသလို ဖြစ်နေသတဲ့။ အမျိုးမျိုးလှည့်ပတ်ပြီး သနားအောင် တောင်းပန်တိုး



www.burmeseclassic.com



လျှိုးတောင်းဆိုနေတော့ မငြင်းသာတော့ဘဲ၊ ကဲဗျာ ဦးကြီး ကျွန်တော်လိုက်ပို့ပေးမယ်။ လာ ··ဘတ်(စ်)ကား ဂိတ်သွားစို့ဆိုတော့ မင်းမှာလည်း မအားမလပ်တဲ့ကြားက ငါ့ကို လိုက်ပို့ပြီး အကျိုးဆောင်ပေးရမှာ ဘတ်(စ်)ကားနဲ့ဆို ခရီးဖင့်တော့မှာပေါ့။ သုံးဘီးအငှားကားနဲ့ သွားမယ်ဆိုပြီး မလှမ်းမကမ်းမှာ ရပ်နေတဲ့ သုံးဘီးကားကို သူကိုယ်တိုင် လက်ခုပ်တီးခေါ်လိုက်တာ သုံးဘီးကား ချက်ချင်းရောက်လာတယ်''

''ကားပေါ်မှာ ပါစင်ဂျာတွေပါတယ်။ ရမယ်မထင်ဘူး''

''ဘယ်သွားမလဲ''

''စိန့်ဂျွန်းဈေး''


''လမ်းကြုံတယ်၊ တက်ပါ။ ယာဉ်စီးခ သင့်သလောက်ပေးပါ''

''ဒါနဲ့ ကျွန်တော်တို့ အဲဒီသုံးဘီးကားကိုစီးဖြစ်ခဲ့ပါတယ်''

●●●

ပါစင်ဂျာနဲ့ အငှားကား ဆရာ အပေးအယူ တည့်ပြီမို့ သုံးဘီးအငှားကလေး တလိမ့်လိမ့် ခရီးစဖြစ်သည်။

ကားထွက်လာပြီး သိပ်မကြာဘူး။ ကားပေါ်ပါလာတဲ့ လူနှစ်



ယောက်ထဲက တစ်ယောက်က အိတ်ထဲက ဖဲချပ်လေး (၃) ချပ်ကို ကားကြမ်းပြင်ပေါ်ချပြီး မှောက်လိုက် လှန်လိုက်လုပ်ရင်း ငွေတချို့လည်း ချထိုးလိုက်၊ အလျော်အစားလုပ်လိုက် တွေ့ရတယ်။

''ငါ့ညီတို့ တစ်ချီ တစ်ချီ လောင်းကြေးမနည်းပါလားကွယ့်။ အဲဒါ ဘာကစားနည်းလဲ။ ညီမောင်တို့ နှစ်ယောက်တည်း ကစားလို့ရတာလား။ ဘေးလူဝင်ကစားလို့ကော မရဘူးလား''

''ဘယ်နှယောက်ပဲ ကစားကစား အလှည့်နဲ့ ကစားရင် ရပါတယ် အစ်ကိုကြီး။ မှောက်ထားတဲ့ ဖဲသုံးချပ်အနက် သတ်မှတ်ထားတဲ့ ဖဲတစ်ချပ်ကို မှန်အောင်ထောက်ပြပြီး လောင်းကြေးထပ်တာပါ။ အလွန်လွယ်ပါတယ်။ ထိုးသားအနေနဲ့ မျက်စိတော့ လျင်ရမယ်။ ဒိုင်လက်ထဲမှာရှိတဲ့ ဖဲသုံးချပ်ကို ဒိုင်က လက်ထဲမှာ မှောက်လျက်ကိုင်ပြီး ကုလားဖန်ထိုး ဖဲမွှေမယ်။ ပထမအကြိမ် အဲဒီဖဲသုံးချပ်ကို အောက်မှာ သုံးချပ်တန်းပြီး မှောက်ထားမယ်။ ထိုးသားတွေ မထိုးမီ မှောက်ထားတဲ့ ဖဲသုံးချပ်ကို မှောက်ထားတဲ့နေရာမှာပဲ ထိုးသားတွေမြင်အောင် လှန်ပြမယ်။ အဲဒီနေရာမှာပဲ အဲဒီဖဲသုံးချပ်ကို သူ့နေရာမှာသူ ပြန်မှောက်ထားမယ်။ ပြီးရင် မှောက်ထားတဲ့အတိုင်း ဘေးဘယ်ညာလက်နဲ့ မြန်မြန်ရွှေ့မယ်။ ဒိုင်လုပ်သူရဲ့ လက်လှုပ်ချက်ကို မျက်ခြည်မပြတ်ကြည့်ပြီး ဘယ်ဖဲချပ်ဟာဖြင့် သတ်မှတ်ထားတဲ့ ဖဲလို့ ပြောပြီး ငွေပုံလောင်းရမှာ မှန်ရင် ဒိုင်က လျော်မယ်။ မှားရင် ဒိုင်စားမယ်။ ဝါးမယ်ပေါ့''

''ငါ့ညီအစ်ကို ကစားချင်တယ် တစ်ပွဲလောက် မင်းတို့နှစ်ယောက် ကစားပြ''

ကနဦးကစားနေသော လူရွယ် နှစ်ယောက် ကစားတာကို သေသေချာချာကြည့်ပြီးနောက် အညာသားကြီး ဝင်ကစားရာ သုံးကြိမ်ဆက်တိုက် အလျော်ရတယ်။

''ဒီအစ်ကိုကြီးကိုတော့ ပိုင်

www.burmeseclassic.com

www.burmeseclassic.com



ပယ်ရတော့မယ်''

''ဘာလို့လဲဟ။ ခုမှ ကစားလို့ ကောင်းတုန်းဟာ''

''အလကား စတာပါ။ အစ်ကိုကြီးရာ ကြောက်သွေးပါ ရင် ဖောက်ထုတ်ပစ်မယ့် ဒိုင်ပါ။ ကဲ ... ကြိုက်သလောက်ထိုး။ ကြိုပြီးပြောထားချင်တာကတော့ ခုကစားနေတာ ကျွန်တော် အရှုံးအနိုင်မရှိသေးဘူး။ ရှုံးလေးငါးရာ နိုင်လေးပါးရာပဲ။ ကျွန်တော်ကိုင် ကစားနေတာ ငွေတစ်သိန်းဆိုတော့ အောက်ရှိ တစ်သိန်းလို့ သိထားပြီး အဲဒီထက်တော့ ပိုမထိုးနဲ့ပေါ့။ ဘာလို့လဲဆို မလျော်နိုင်ရင် နှစ်ဦးနှစ်ဖက် မကောင်းဘူး။ လောလောဆည်ကတော့ ဟောဒီ အစ်ကိုနဲ့ ဒီအစ်ကိုကြီးတို့ နှစ်ယောက်ပဲ လူသစ်တွေမို့ အသိပေးတာပါ''

''နိုင်ချင်လို့ ကစားတာ နိုင်တော့ မကောင်းဘူးလား''

''လောင်းကစားတယ်ဆိုတာ ပွဲမပြီးခင်ပြောလို့မရသေးပါဘူး။ အိမ်အပြန် ငွေပါမှ နိုင်တယ်လို့ ပြောနိုင်တာပါ။ ဆက်ကစားကြပါဦး။ ခုမှ မနက် (၁၀)နာရီပဲ ထိုးသေးတာပဲ''

''ဟေ့ ... ဒီလိုလုပ်မယ်ကွာ။ သုံးဘီးဆရာကို ပုတ်ပြတ်နဲ့ ငှားပြီး လူရှင်းတဲ့ဘက်မောင်း

**မှောက်ထားတဲ့**
**ဖဲသုံးချပ်အနက်**
**သတ်မှတ်ထားတဲ့**
**ဖဲတစ်ချပ်ကို**
**မှန်အောင်ထောက်ပြပြီး**
**လောင်းကြေးထပ်တာပါ။**

ခိုင်းမယ်။ မကောင်းဘူးလား''

''တစ်နာရီလောက် ကစားပြီးမှ ဝယ်စရာရှိတာ ဝယ်ကြမယ်ငါ့တူ''

တကယ်တော့ ကုန်ဝယ်မယ့်လူငယ်သည် ကားပတ် မောင်း၍ လောင်းကစားမယ့် အစီအစဉ်ကို သိပ်မကြိုက်။ စောစောက အညာသားကြီး သုံးကြိမ်လောင်းတာ သုံးကြိမ်အလျော်ခံ ရတာမြင်ထားတော့ အညာသားကြီးလောင်းတဲ့ဘက် ထည့်လောင်းရင် ကောင်းမလား အတွေးရောက်လာတာနဲ့ အညာသား ဦးကြီးအစီအစဉ်ကို မငြင်းပယ်ဘဲ သဘောတူလိုက်တယ်။

အညာသားကြီးသည် သူကိုယ်တိုင်လည်း လောင်းကစားသလို လူငယ်ကိုလည်း သူ့အိတ်ထဲက ငွေထုတ်ပေးကာ ကစားစေသည်။ ပထမတွင် အညာသား ဦးကြီးနဲ့လူငယ်တို့ တစ်ယောက်လျှင် တစ်သောင်းခန့်နိုင်နေကြသည်။ ကစားရင်း ကစားရင်း အနိုင်တွေပြန်ထွက်ကာ အိတ်ထဲမှ တစ်သောင်းကျော်စီ ပြန်ရှုံးကြရာ အရင်းမစိုက် လေ့ထိုးလိုက်တဲ့ လူငယ်အတွက် မထောင်းသာသော်လည်း အညာသား ဦးကြီးအတွက် အတော်ပင် ထိခိုက်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဘယ်ကြောင့် ဆိုသော် လူငယ်သည် သူ့ငွေ မထုတ်ဘဲ အညာသားဦးကြီး အိတ်ထဲက ထုတ်ပေးတဲ့ငွေနဲ့ လောင်းကစားနေ၍ဖြစ်သည်။ အညာသား ဦးကြီး အတွက် နှစ်ယောက်စာ ရှုံးနေပြီမို့ အိတ်ထဲက (၂)သောင်းကျော်ထွက်သွားပြီ ဖြစ်ပါတယ်။

"လှေမျော လှေနဲ့လိုက်၊ ငွေမျောငွေနဲ့ လိုက်ဆိုတဲ့စကား ဘယ်သွားထားမလဲ။ ဟောဒီမှာ လိုက်စရာငွေတွေမှ အများကြီး ရှိသကွ။ ကဲ … ကဲ … ငါ့တူ မင်းကြိုက်သလောက် ယူကစား စမ်း။ ဦးကြီးလည်း ဆက်ချမယ်"

ဦးကြီးသည် စလွယ်သိုင်းလွယ်ထားသော လွယ်အိတ်ကြီးကို ရှေ့သို့ဆတ်ခနဲထိုးပြကာ ပြလိုက်ရာ လူငယ် အံ့အားသင့်သွားသည်။ အကြောင်းမှာ ငွေအရွက်ကြီး ဘဏ်ပက်ကင်ထုပ်များ မနည်းမနောမြင်တွေ့လိုက်သောကြောင့်ဖြစ်သည်။ အရင်းမစိုက် လှေထိုးလိုက်နေရသော လူငယ်သည် ဆက်ကစားချင်စိတ်များ တဖွားဖွားပေါ်လာပြီး ဦးကြီးအိတ်တွင်းကငွေ အချို့ ရှုံးလိုက်၊ နိုက်သုံးလိုက်နှင့် ဆက်ကာ ဆက်ကာ ကစားဖြစ်သွားသည်။ ဦးကြီးဆီက ငွေယူကစား

"လှေမျော လှေနဲ့လိုက်၊
ငွေမျောငွေနဲ့လိုက်
ဆိုတဲ့စကား
ဘယ်သွားထားမလဲ။
ဟောဒီမှာ လိုက်စရာငွေတွေမှ
အများကြီးရှိသကွ။"

တာ ဘယ်လောက်မှန်းပင် မမှတ်မိတော့ပါ။ ဒါပေမဲ့ အကြောင်းမဟုတ်။ ကိုယ့်အိတ်ထဲကငွေမှ မဟုတ်ဘဲနော်။

"ဒီမှာ ငါ့တူ ဥစ္စာရင်လို ဥစ္စာရင်ခဲတဲ့ကွ။ ငါ့ချည်း အားမကိုးဘဲ မင့်ငွေနဲ့လည်း ဆက်ကစားဦး။ ငါလည်း ဆရာတော့် ငွေ တစ်ဝက်လျော့သွားပြီ ငါ့တူရေ"

"ဟုတ်ကဲ့"

လူငယ်သည် အညာသား ဦးကြီးပြောတာ မှန်နေသဖြင့် ဘာမှမပြောသာဘဲ သူ့ကိုယ်ပိုင်ငွေ နှင့် ကစားဖြစ်သွားသည်။ ထုံးစံအတိုင်း တစ်ခါလျော် ဆယ်ခါစားဆိုသလို ဖြစ်နေရာ သူ့အိတ်ထဲမှ ကုန်ဝယ်မယ့်ငွေ ငါးသောင်း ကုန်သွားသည်။ အဲဒီအချိန်ကျမှ လူငယ်သည် ဤကစားနည်းသည် လိမ်တဲ့ကစားနည်းဖြစ်ကြောင်း ကျောချမ်း စားပြမှန်း သိဆိုသလို သဘောပေါက်တော့သည်။

"ဦးကြီး ကုန်ဝယ်မယ့် ငွေ ငါးသောင်းလည်း ကုန်ပြီ။ ကျွန်တော် မကစားတော့ဘူး"

"ဟေ … ငါ မင့်ကို ယောက်ျားလို့ထင်ထားတာ ဒီ တစ်ခါအတွက်လွဲပြီ။ ကစား

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ကြွေတစ်လှည့် ကြက်တစ်ခုန်ပဲ။ အားမလျှော့ဘဲ ဆက်ကစားစမ်းပါ ငါ့တူရာ"

"ရှိတဲ့ငွေကုန်မှ ဘာနဲ့ ဆက်ကစားမှာလဲဗျ ဦးကြီးရ"

"မင်းကတော့လေ သိပ်စိတ်ပျက်ဖို့ ကောင်းတဲ့သူငယ်ပဲ။ ရှေးကဆိုရိုးစကားတွေ ရှိထားခဲ့တာ မေ့နေပါလားကွာ။ ရွှေရှိငွေရှိသတဲ့ဟာ ကိုယ့်လူရ။ ရွှေပေါင်ထားကစားပေါ့"

လူငယ်၏ လည်တိုင်၌ဆွဲထားသော ရွှေဆွဲကြိုးကြီးနှင့် လက်တွင် ဝတ်ဆင်ထားသော ရွှေလက်စွပ်တို့ကို ရည်ညွှန်းကာ အညာသားဦးကြီးက ပြောလိုက်သည်။

"ဟာ … ဒါတော့ မဖြစ်ဘူး။ ကျွန်တော် မကစားတော့ဘူးဗျာ"

"ဒါဆို မင်းက ငါ့ဆီက ယူကစားထားတဲ့ ငွေနှစ်သောင်းကျော်ကို ဘယ်လိုပြန်ဆပ်မှာလဲ"

"ဒါ … ဒါက ဦးကြီး ပေးကစားတာလေ။ ကျွန်တော်က ချေးတာမှ မဟုတ်ဘဲ"

"ခုမြင် ခုတွေ့ သွေးမတော်၊ သားမစပ်တဲ့သူ တစ်ယောက်ကို ငါက ငွေနှစ်သောင်းကျော် အလကားပေးရအောင် ငါက လော်ပန်မှ



မဟုတ်တာ"

"ဒါတော့ ကျွန်တော် … ကျွန်တော်"

"ဟော့ကောင် … ဒါတော့ … ဟိုဟာတော့ ဆိုတဲ့စကားနဲ့ ငါ့ကို တောသားဆိုပြီး ကလိမ်ကျမယ် မကြံနဲ့ ကိုယ့်လူ။ အူပွင့်သွားမယ်။ မင့်ဆွဲကြိုးနဲ့ လက်စွပ်၊ နာရီပါ ချွတ်စမ်း … ။ ဒီကိစ္စ ကျုပ်မတရားလုပ်တာ မဟုတ်ဘူးနော်။ ဒီငနဲ ကျုပ်ငွေတွေယူပြီး လောင်းကစားပစ်တာ ခင်ဗျားတို့အမြင်ပဲ။ နည်းသလားဗျာ။ တစ်ချိန်ချိန် ရဲနဲ့ ရှင်းရလင်းရရင် ညီမောင်တို့အမြင်မို့ သက်သေလိုက်ပေးဖို့ မမေ့ကြပါနဲ့ဗျာ"

ဦးကြီးသည် လက်ထဲမှ ဓားမြှောင်ကို ထိုင်ခုံတွင် ဒုတ်ခနဲထိုးစိုက်ပြီး ခပ်တင်းတင်းပြောလိုက်သည်။

လောင်းကစားဖို့ ပုတ်ပြတ်ငှားထားသော ဆုံးဘီးကလေးလည်း လိမ့်ကာ လိမ့်ကာနှင့် ဒေါပုံမြို့နယ်ဘက် ဖြတ်ဆင်းသွားသည်။ လူငယ်တစ်ယောက်ကတော့ တံတားတစ်ဖက်စွန်းမှာ ဆင်းကျန်ရစ်ခဲ့သည်။

ထိုလူငယ်သည် တခြားမဟုတ်။ တောင်တွင်းကြီးက ကုန်လာဝယ်သည့် လူငယ်ဖြစ်သည်။

●●●

စခန်းမှူးသည် အတွေ့အကြုံရှိသော စခန်းမှူးဖြစ်သည်။ သူ့နယ်ထိန်းအဖွဲ့ကလည်း ချက်ကနဲဆို နားခွက်ကမီးတောက်သူများဟု တင်စားရလောက်အောင် မှုခင်းဖော်ထုတ်ရာမှာ လျှင်မြန် သွက်လက်သူများဖြစ်၍ မိတ်ဆွေဦးမင်းဆွေနဲ့လူငယ်ကို တစ်ပတ်အတွင်း တရားခံမိအောင် ဆောင်ရွက်ပေးမည်ဟု ကတိပေးလိုက်သည်။

ဒုစရိုက်သမားဆိုတာ လူပဲဖြစ်သည်။ လူဆိုသည်က ပင်ကိုယ်စရိုက်၊ ပင်ကိုယ်အမူအကျင့် ပြောင်းခဲသည်။ ပြောင်းကို မပြောင်းတဲ့သူကများသည်။ လူငယ် ပြောပြနေစဉ်ကတည်းက ဒီအမှုကို ကျူးလွန်

www.burmeseclassic.com

www.burmeseclassic.com



**''ဒါဆို မင်း ငါ့ဆီက ယူကစားထားတဲ့ ငွေနှစ်သောင်းကျော်ကို ဘယ်လိုပြန်ဆပ်မှာလဲ'**

သူသည် စံမင်းဖြစ်ကြောင်း စခန်းမှူး သိပါသည်။ စံမင်းသည် သမားရိုးကျဒုစရိုက် သမားမျိုး မဟုတ်။ စကားအသုံး အနှုန်း စကားလုံးကြွယ်ဝသည်။ စကားပြောကောင်းသည်။ သဏ္ဍာန်လုပ် သရုပ်တူအောင်လည်း ပြောတတ် ဆိုတတ် ဝတ်စားဆင်ယင်တတ်သည်။ ပြောကြစို့ဆို အိုက်တင်က အကယ်ဒမီရှော့ပါပဲ။ သူ ဘယ့်လောက်တော်တော် သူ့ထက်သာတဲ့၊ စွမ်းတဲ့သူနဲ့ တွေ့တော့လည်း ပြေးလွတ်မယ် မထင်ပါဘူးလေ။

●●●

''ကျွန်တော့်တူရဲ့ အမှုအတွက် ခေါ်တာလား စခန်းမှူး''

''ဟုတ်ကဲ့ ဦးမင်းဆွေ''

''တရားခံက စခန်းမှူး ခန့်မှန်းထားတဲ့သူပဲလား''

''ဟုတ်ပါတယ်။ စံမင်းပဲ။ ဒါပေမဲ့ သူ သေပြီ''

''ဟာ ... ဘာဖြစ်လို့လဲ ဟင်''

''အသုဘအိမ် ဖဲဝိုင်းမှာ အသတ်ခံရတယ်''

''အဖြစ်က ဒီလိုပါ။ မနေ့ညဦးက အသုဘအိမ် ဖဲဝိုင်းမှာ ကိုးမီးဒိုင်ကိုင်တာ အတော်ကြွသတဲ့။ အဲဒီတော့ ရှုံးတဲ့လူထုံးစံအတိုင်း ရှုံးမဲမဲတာပေါ့။ ရွှေဆွဲကြိုး၊ လက်ကောက်၊ နာရီ၊ လက်စွပ်တွေ ဝိုင်းထဲမှာ ချပေါင်တယ်။ ဘယ်သူမှ အပေါင်မခံဘူး။ ဘာလို့လဲဆိုတော့ ဝိုင်းထဲမှာ ကစားနေသူတွေက မြွေမြွေချင်း ခြေမြင်တယ်။ ဒုစရိုက်သမားရဲ့ ပစ္စည်းဟာ ဒုစရိုက်မှုနဲ့ မကင်းဘူး။ နောက်ကြောင်းမရှင်းဘူးလေ။ ပြဿနာဖြစ်တာနဲ့ ရဲလာသိမ်းရင် ကိုယ့်ငွေအခြောက်တိုက် ဆုံးကရောပဲမို့လား''

''ဟော့ကောင်တွေ ငွေများများကိုင်ကစားမယ့် ဒိုင်နဲ့မှ ကစားချင်တယ်ဆိုရင် ခဏပဲစောင့်နေကြ။ ငါ ခုပဲငွေရှာပြီး ပြန်ခဲ့မယ်''

အဲသလိုပြောပြီး ပုဇွန်တောင်ညောင်တန်းတစ်ဝိုက်က ငွေချေးတဲ့သူဆီမှာ ပစ္စည်းတွေ ထားပြီး ငွေချေးခဲ့တာ ငွေမှ အများကြီးပဲ ပါလာသတဲ့။

''ဟောဒီမှာ ဖဲထုပ်သစ်လည်း ဝယ်ခဲ့တယ်။ လပ်ကီးမရှိတဲ့ ဖဲထုပ်ဟောင်း သိမ်းလိုက်ဟေ့''

စံမင်းသည် ပါးစပ်က ပြောလည်းပြော၊ လက်ကလည်း ဖဲထုပ်သစ်ကို ဖရော ဖရော မြည်အောင် ကုလားဖန် ထိုးလိုက်သည်။ ဖဲဝိုင်းလောင်းကစားသမား

www.burmeseclassic.com

www.burmeseclassic.com



များရဲ့ သဘောသဘာဝအတိုင်း ဒိုင်စားလိုက် လျှော်လိုက်နဲ့ မနက် (၂)နာရီပင် ထိုးသွားပြီဖြစ်သည်။

"ဟော့ … တင်လှိုင် မဲကြီးဆိုင်က တစ်လုံးသွားဝယ်ခဲ့။ ပိုတဲ့ ပိုက်ဆံ မင်းယူ။ ငါ့ကိုတော့ ပြန်မထိုးနဲ့။ ဒိုင်စား စားချင်စား။ ငွေငါးရာက ငါးထောင်လည်း ဖြစ်နိုင်တယ်ကွ"

"ဟုတ်ကဲ့ … အစ်ကိုစံမင်း"

တင်လှိုင်ဆိုသူသည် ဖဲရိုက် အလွန်ဝါသနာပါသူဖြစ်သည်။ သို့သော် ဝိုင်းထဲဝင်ကစားနိုင်သူ မဟုတ်။ ဘိုင်ကောင်သာ ဖြစ်သည်။ ဝိုင်းထဲက ဘယ်သူနိုင်းမလဲ။ ကြိုက်တာခိုင်း သွက်သွက်လက်လက် လုပ်ပေးတတ်သည်။ နိုင်းသူပေးသလောက် သဒ္ဓါကြေးသာ ယူပါသည်။ ဖဲ ဘယ်လောက်ဝါသနာပါသလဲဆို မိုးစင်စင်လင်း ဝိုင်းသိမ်းမှ ဝိုင်းနားက ခွာတတ်သည်။ အလွန်အမင်း အိပ်ချင်လျှင် ဝိုင်းဘေးတွင် ပုဆိုးခြုံကာ ကွေးကွေးလေး အိပ်နေတတ်သူ ဖြစ်သည်။



တိုတိုပြောရရင် ပစ္စည်းတွေပေါင်ခဲ့သမျှငွေကုန်ရော။ မကုန်ရှိမလား။ အရက်ကလည်းအတော်မူးနေတာကိုး။ အဲဒီမှာပဲ အိမ်ရှင်အမျိုးသမီးဆီမှ သူ ငွေချေးတယ်။ အမျိုးသမီးက မရှိဘူးလို့ ပြောတယ်။ ဖွတ် နားပူနားဆာလုပ်ပြီး ပြောနေတော့ အိမ်ရှင်အမျိုးသမီးက ကျွန်မတို့ အကောက်အစားယူပြီး ဝိုင်းထောင်တာလည်း မဟုတ်ဘူး။ ရပ်ကွက် မလေ့လို့ဖြစ်နေတာမို့ ဖဲဝိုင်းကို စိတ်ရှုပ်တဲ့ကြားက လက်ခံနေရတာလို့ ရှင်းပြတာကို စံမင်း ဘယ်လိုသဘောပေါက်သွားလဲ မသိဘူး။ အိမ်ရှင်အမျိုးသမီးကို ဖေတွေ ငါတွေနဲ့ ကိုင်တုတ်ဆဲတာ ဘယ်လိုမှ တားမရဘူးတဲ့။

နောက်ဆုံးတော့ အိမ်ရှင်အမျိုးသမီးရဲ့သားက အိမ်မှာရှိတဲ့ အဝတ်လျှော်တုတ်နဲ့ တအားလွှဲရိုက်လိုက်တာ အုတ်ဆက်ပြုတ်ပွဲချင်းပြီး သေသွားသတဲ့။

"ဦးမင်းဆွေရေ … ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသလို လူရယ်လို့ဖြစ်လာရင်လည်း သေဘေးက ပြေးမလွတ်ဘူးဗျနော်"

**ဝင်းသောင်(ရမည်းသင်း)**

**စံမင်းသည် သမားရိုးကျ**
**ဒုစရိုက်သမားမျိုးမဟုတ်။**
**စကားအသုံးအနှုန်း**
**စကားလုံးကြွယ်ဝသည်။**
**စကားပြောကောင်းသည်။**
**သဏ္ဍာန်လုပ်**
**သရုပ်ဆောင်လည်း**
**ပြောတတ်ဆိုတတ်**
**ဝတ်စားဆင်ယင်တတ်သည်။**


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မြတ်နီ

# ကြာပွတ်ကိုင် သစ္စာဘက်တော်သားတို့ရဲ့ ခံတပ်

**ယခင်တစ်ပတ်မှ အဆက်**

နိုင်ငံသားတစ်ဦးအနေနဲ့ ဥပဒေကပေးထားတဲ့ ခံစားခွင့်ကိုမရဘဲ နစ်နာဆုံးရှုံးနေရတဲ့ကိစ္စဟာ အလွန် မဖြစ်အပ်တဲ့ကိစ္စလို့ ဖိုးဖြူစင်ယုံကြည်ထားပါတယ်။ ဒါကြောင့်လည်း ဒီကိစ္စကို ပြန်လည်ဖော်ထုတ်ဖို့စီစဉ် ဆောင်ရွက်တဲ့အနေနဲ့ ခြေလှမ်းဖြစ်စေခဲ့ပါတယ်။ အဲဒါကတော့ အဆင့်မြင့်တဲ့တိုင်းတရားရုံးကို ဖြစ်ကြောင်း ကုန်စင်အကျယ်တဝင့် ရှင်းလင်းပြီး မောင်ချစ်ဆွေရဲ့ ဥပဒေနှင့်အညီ အကျိုးခံစားခွင့် ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါရန် အစီရင်ခံစာတစ်စောင် ပေးပို့ခဲ့ခြင်းပင် ဖြစ်ပါတယ်။

တိုင်းတရားရုံးရဲ့ တုန့်ပြန်မှုကတော့ မဆုတ်မဆိုင်းဆိုတာလို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ ဖိုးဖြူစင်တင်ပြခဲ့တဲ့ အစီရင်ခံစာနဲ့ ရက်သတ္တနှစ်ပတ်လောက်အကွာမှာ အကြောင်းပြန်ကြားခဲ့တာဖြစ်ပါတယ်။ အဲဒီပြန်ကြားစာမှာ တိကျတဲ့ လမ်းညွှန်ချက်တစ်ရပ်လည်း ပါလာခဲ့ပါတယ်။ သက်ဆိုင်ရာထောင်တာဝန်ခံအရာ ရှိက တောင်းဆိုတဲ့အတိုင်း ထောင်မို့ဝရမ်းကို (၃) နှစ်(၆)လလို့ ပြင်ဆင်ရေးသားပြီး ပြန်ပို့ပေးလိုက်ပါလို့ ဆိုထားပါတယ်။

တိုင်းတရားရုံးရဲ့ လမ်းညွှန်ချက်ကို ဖိုးဖြူစင်ဘဝင်မကျခဲ့ပါဘူး။ ဒါပေမယ့် အထက်အဆင့် ရုံးရဲ့ ညွှန်ကြားချက်ဖြစ်တဲ့အတွက် လိုက်နာဆောင်ရွက်ဖို့ပဲရှိတယ်လို့ သဘောထားလိုက်ပါတော့တယ်။ ကိုယ်ယုံကြည် ထားတာကို အသေကိုင်စွဲပြီး ခရီးဆက်နေရင်း မောင်ချစ်ဆွေအတွက်ပိုပြီး နစ်နာစေမှာကို စိုးရိမ်တာလည်း ပါတာပေါ့လေ။ ဒီလိုနဲ့ပဲဖိုးဖြူစင်ဟာ မှန်တယ်လို့မထင်၊ ဘဝင်လည်းမကျပေမယ့် ထောင်ပို့ဝရမ်းကို (၇)နှစ် အစား (၃)နှစ် (၆)လလို့ ပြင်ရေးပေးပြီး အကျဉ်းထောင်ကို ပြန်ပို့ပေးခဲ့ရပါတော့တယ်။ မှတ်ချက်ရေးရာမှာ လည်း "လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အမှတ် ၂/၈၀ ပါအကျိုးခံစားခွင့်များကို ထည့်သွင်းစဉ်းစားပြီး

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ချမှတ်ခြင်းဖြစ်သည်''လို့ ထောင်တာဝန်ခံအရာရှိ တောင်းဆိုတဲ့အတိုင်း ရေးသားပေးလိုက်ပါတယ်။ ကိုယ်ယုံကြည်ထားတဲ့အချက်ကို အလျှော့ပေးလိုက်လျှော့ခဲ့ရပေမယ့် အဲဒီလို အလျှော့ပေးလိုက်လျှော့ခဲ့ရတဲ့အတွက် မောင်ချစ်ဆွေအနေနဲ့ ရသင့်ရထိုက်တဲ့ ခံစားခွင့်ကို ရရှိတော့မှာဖြစ်လို့ ဝမ်းသာစရာတော့ ဖြစ်ရတာပဲလို့ အကောင်းဘက်က ရှုမြင်နိုင်ဖို့ မိမိကိုယ်မိမိ ဖြေသိမ့်ရပါတော့တယ်။

## ချီလေတည့်ချီလေ

မောင်ချစ်ဆွေရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စဟာ နှစ်နဲ့ချီပြီး အချိန်ကာလကြာမြင့်စွာ ငုပ်လျှိုးနေခဲ့ပြီး ကန့်ရေပြင်လိုငြိမ်သက်နေခဲ့ရာကနေ တစ်ချိန်မှာတော့ ရုတ်တရက်လှုပ်လှုပ်ရှားရှားကြားကာ လှုပ်လှုပ်ခတ်ခတ်ဖြစ်လာခဲ့ရပါတော့သည်။

''ချစ်ဆွေရဲ့ကံကြမ္မာကတော့ လိုက်လေဝေးလေ ဖြစ်နေပြီထင်တယ် အစ်ကိုရေ''

ဖိုးဖြူစင်က ထောင်ပို့ဝရမ်းကို ပြင်ဆင်ရေးသားပြီး အကျဉ်းထောင်ကို ပြန်လည်ပေးပို့ခဲ့ပြီးတဲ့နောက် မျှော်လင့်ချက်ကြီးစွာနဲ့ သက်ဆိုင်ရာအကျဉ်းထောင်ကို ချီတက်သွားခဲ့ကြတဲ့ ကိုကျော်ဝင်းတို့ရဲ့ အပြန်ခရီးဟာ လေးကန်ဖင့်နွေးပြီး စိတ်မသက်မသာနဲ့ ပြန်ရောက်လာခဲ့ကြပါတယ်။

''ဆရာကြီးရေ… ချစ်ဆွေတော့ ထီပေါက်ပြီးလက်မှတ်ပျောက်နေပြီ ထင်ပါရဲ့ဗျာ''

ကိုပန်ကြီးကလည်း စိတ်မသက်မသာနဲ့ ငြီးရှာပါတယ်။ ဖိုးဖြူစင်က ဘာမှမမေးသေးဘဲ သူတို့ဘာဆက်ပြောမယ်ဆိုတာ စောင့်နေခဲ့ပါတယ်။

''မူလရုံးက ထောင်ပို့ဝရမ်းကို ပြန်ပြင်ပေးရင် အဆင်ပြေမယ်လို့ ပြောခဲ့ပေမယ့် တစ်မျိုးဖြစ်လာပြန်ပါပြီ''

ကိုကျော်ဝင်းဟာ အတော်စိတ်မသက်မသာ ဖြစ်နေပုံရတာတွေ့ရပါတယ်။

''နေပါဦး ကိုကျော်ဝင်းရဲ့ အခုဘာပြောလိုက်ပြန်လို့လဲ''

ဖိုးဖြူစင်က စိတ်အေးအေးထားပြီး ပြန်မေးလိုက်ပါတယ်။

''သူတို့အနေနဲ့ ဒီကိစ္စကိုလက်ခံဆောင်ရွက်ပေးလို့မရဘူးတဲ့။ ညွှန်ကြားရေးမှူးချုပ်ဆီ ဆက်တင်ပြရဦးမယ်တဲ့။ အခြေအနေကတော့ အတော်စိတ်ဓာတ်ကျစရာပါပဲ''

> **နိုင်ငံသားတစ်ဦးအနေနဲ့ ဥပဒေကပေးထားတဲ့**
> **ခံစားခွင့်ကိုမရဘဲ နှစ်နာဆုံးရှုံးနေရတဲ့ကိစ္စဟာ**
> **အလွန်မဖြစ်အပ်တဲ့ကိစ္စ……**

www.burmeseclassic.com

www.burmeseclassic.com





မောင်ချစ်ဆွေရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စအတွက် ကိုကျော်ဝင်း စိတ်မသက်မသာဖြစ်နေသလို ဘဝင်မကျနိုင်ဖြစ်နေပုံရတာကိုလည်း ဖိုးဖြူစင် အကဲခတ်နိုင်ခဲ့ပါတယ်။ ဒီကိစ္စအတွက် မောင် ချစ်ဆွေအနေနဲ့ နိုင်ငံတော်က ပေးအပ်တဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကို ရထိုက်တယ်။ ရရမယ်လို့ ယုံကြည်ထားတဲ့အကြောင်း ဆုံးခန်းတိုင်အောင် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်မယ့်အကြောင်း အားပေးနှစ်သိမ့် ပြောကြားခဲ့ရပါတယ်။

မကြာခင်မှာပဲ သက်ဆိုင်ရာ ထောင်တာဝန်ခံအရာရှိက သူ့တာဝန်ခံထားရတဲ့ညွှန်ကြားရေးမှူးထံ မောင်ချစ်ဆွေကိစ္စနဲ့ စပ်လျဉ်းပြီး တင်ပြခဲ့တဲ့ အစီရင်ခံစာ မိတ္တူတစ်စောင်ကို ဖိုးဖြူစင် လက်ခံရရှိခဲ့ပါတယ်။ အဲဒီအစီရင်ခံစာကို ဖိုးဖြူစင် ဂရုပြုပြီးလေ့လာဖတ်ရှုခဲ့ပါတယ်။ နိုင်ငံတော်က ထုတ်ပြန်ခဲ့တဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်နဲ့ နိုင်ငံတော်တရားရုံးချုပ်ရဲ့ ညွှန်ကြားချက်များကို အဓိပ္ပာယ်ကောက်ယူရာမှာ အချို့သော အချက်များမှာ ဖိုးဖြူစင်နဲ့ ထောင်တာဝန်ခံအရာရှိအကြားသဘောထားအမြင်ကွဲလွဲမှုနေမှု ရှိနေတာ တွေ့ရ ပါတယ်။ ဒါမျိုးဟာ ဖြစ်လေ့ဖြစ်ထရှိတတ်တဲ့ သဘောသဘာဝပေပဲလို့ ဖိုးဖြူစင် ခံယူထားခဲ့ တာပါပဲ။ ထောင်တာဝန်ခံအရာရှိက လွတ်ငြိမ်း ချမ်းသာခွင့် အမိန့်အမှတ် ၂/၈၀ ၊ အပိုဒ် (၈၁) ကို ရည်ညွှန်းပြီး ပြစ်ဒဏ်တစ်ဝက်ထုတ်နုတ်ပေးရမည့် အခွင့်အရေးသည် အခြားပြစ်မှုများနှင့် သာ သက်ဆိုင်ပြီး လူသတ်မှုနှင့် သက်ဆိုင်ခြင်းမရှိသည်မှာ ရှင်းလင်းပါသည်လို့ ဆိုခဲ့ပါတယ်။ ဒီလို အဓိပ္ပာယ်ကောက်ယူမှုကို ဖိုးဖြူစင်သဘော မတူနိုင်ခဲ့ပါ။ အပိုဒ် (၈)မှာ (နိုင်ငံသားတစ်ဦးသည် ဤအ မိန့်ထုတ်ပြန်သည့်နေ့မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုများနှင့် ပတ်သက်၍ ဤအမိန့်အရ လုံးဝလွတ်ငြိမ်းချမ်းသာခွင့်မရသော်လည်းလူသတ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ခံရသူသည် ထောင်ဒဏ် (၁၀)နှစ်ထက်ပို၍ ကျခံခြင်းမရှိစေရ။ လူသတ်မှုမှအပ အခြား ပြစ်မှုတစ်ရပ်ရပ်နှင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် စီရင်ခြင်းခံရသူသည် ကျူးလွန်သော ပြစ်မှုအတွက် သတ်မှတ်ထားသော ထောင်ဒဏ်၏ ထက်ဝက်ထက်ပို၍ ကျခံခြင်းမရှိစေရ။ မည်သို့ပင်ဖြစ်စေ ထောင်ဒဏ် (၃) နှစ်ထက်ပို၍

www.burmeseclassic.com

www.burmeseclassic.com



> **လူသတ်မှုဆိုလျှင် ပြစ်ဒဏ်ဘယ်လောက် အထိသာစီရင်ရမယ်၊ လူသတ်မှုမဟုတ်တဲ့ အခြားအမှုတွေဆိုလျှင် ပြစ်ဒဏ်ဘယ်လောက်အထိသာ စီရင်ရမယ်လို့စီရင်ပိုင်ခွင့် အာဏာကိုလျှော့ပေါ့သတ်မှတ်ပေးလိုက်တဲ့ သဘောလို့ထင်မြင် ယူဆပါတယ်။**

ကျခံခြင်းမရှိ စေရ) လို့ ဖော်ပြပါရှိပါတယ်။

အထက်ပါစာပိုဒ်မှ 'အပ' ဆိုတဲ့ စကားရပ်အား ပြစ်ဒဏ်ထက်ဝက်လျှော့ပေါ့ပေးရမယ့် ကိစ္စကို ရည်ညွှန်းတယ်လို့ ထောင်တာဝန်ခံအရာရှိက ကောက်ယူပုံရပါတယ်။ ဖိုးဖြူစင်ကတော့ မှ 'အပ' ဆိုတဲ့ စကားရပ်ဟာ ထောင်ဒဏ်တစ်ဝက် လျှော့ပေါ့ခွင့်နဲ့ မဆိုင်ဘူး။ အမှုအမျိုးအစားကို ခွဲခြားဖို့အတွက် ဖြစ်တယ်လို့ ကောက်ယူပါတယ်။ လူသတ်မှုဆိုလျှင် ထောင်ဒဏ် (၁၀)နှစ်ထက် မပိုစေနဲ့။ သတ်မှတ်ထားတဲ့ထောင်ဒဏ်ရဲ့ ထက်ဝက်ဟာ (၃)နှစ်ထက်ပိုနေမယ်ဆိုရင်လည်း (၃)နှစ်ထက် မပိုစေနဲ့လို့ အဓိပ္ပာယ်ရတယ်လို့ ဖိုးဖြူစင်က ကောက်ယူပါတယ်။ လူသတ်မှုဆိုလျှင် ပြစ်ဒဏ်ဘယ်လောက် အထိသာ စီရင်ရမယ်၊ လူသတ်မှုမဟုတ်တဲ့ အခြားအမှုတွေဆိုလျှင် ပြစ်ဒဏ်ဘယ်လောက်အထိသာ စီရင်ရမယ်လို့ စီရင်ပိုင်ခွင့် အာဏာကိုလျှော့ပေါ့ သတ်မှတ်ပေးလိုက်တဲ့ သဘောလို့ထင်မြင်ယူဆပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့် အမိန့် အပိုဒ် (၈)မှာ "လူသတ်မှုဖြစ်လို့ ပြစ်ဒဏ်ရဲ့တစ်ဝက်ကို လျှော့ပေါ့မပေးရ ၊ လူသတ်မှုမဟုတ်တဲ့ အခြားပြစ်မှုများကိုသာလျှင် ပြစ်ဒဏ်ရဲ့ထက်ဝက်လျှော့ပေါ့ သတ်မှတ်ပေးရမည်" ဆိုတဲ့ တိကျတဲ့ဖော်ပြချက်လုံးဝမပါရှိခဲ့တာကို ဖိုးဖြူစင် သတိပြုခဲ့မိပါတယ်။ ထောင်တာဝန်ခံအရာရှိ က "ပြစ်ဒဏ်တစ်ဝက်ထုတ်နုတ်ပေးရမည့် အခွင့်အရေးသည် အခြားပြစ်မှုများနှင့်သာ သက်ဆိုင်ပြီး လူသတ်မှုနှင့်မသက်ဆိုင်ပါ" ဟုဆိုခဲ့ရာ ဘယ်ပြဋ္ဌာန်းချက် ဘယ်ဖော်ပြချက်ကို ရည်ညွှန်းကိုးကားတယ် ဆိုတာတော့ မဖော်ပြခဲ့ပါဘူး။

ဒီနေရာမှာ ဖိုးဖြူစင် သတိပြုမိခဲ့တဲ့ အချက်တစ်ခုလည်း ရှိပါသေးတယ်။ အဲဒါကတော့ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အပိုဒ် (၈)မှာပဲ သုံးထားတဲ့အသုံးအနှုန်း ဖြစ်ပါတယ်။ လူသတ်မှုနဲ့ လူသတ်မှု မဟုတ်တဲ့ အခြားပြစ်မှုတွေကို ပြစ်ဒဏ်မည်၍မည်မျှထက်ပို၍ ကျခံခြင်း မရှိစေရလို့ဖော်ပြရာမှာ "ဤအမိန့် အရ လုံးဝလွတ်ငြိမ်းချမ်းသာခွင့် မရသော်လည်းဆိုတဲ့ စကားရပ်နဲ့ ယှဉ်တွဲသုံးနှုန်းဖော်ပြထားတာ ဖြစ်ပါတယ်။ ဒီစကားရပ်အရ လူသတ်မှုနဲ့ အခြားပြစ်မှုတွေမှာ ပြစ်ဒဏ်မည်၍မည်မျှထက်ပို၍ကျခံခြင်း မရှိစေရဆိုခြင်းသည် ပင်လျှင် လွတ်ငြိမ်းချမ်းသာခွင့် ပေးထားပြီးဖြစ်တဲ့သဘော သက်ရောက်နေပါတယ်။ အဲဒီလို သဘောသက်ရောက်တဲ့အတွက် မည်၍မည်မျှထက်ပို၍ ကျခံခြင်းမရှိတဲ့ တရားခံတွေဟာ လွတ်ငြိမ်းချမ်းသာခွင့် ခံစားခွင့်ရပြီး ဖြစ်လို့နောက်ထပ် ထပ်မံပြီး ပြစ်ဒဏ်ကလျှော့ပေါ့ပေးဖို့မလိုတော့တဲ့ သဘောဖြစ်ပါတယ်။ လူသတ်မှုမှာ

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဒဏ် (၁၀)နှစ်ထက် မပိုလျှင် လူသတ်မှုမဟုတ်တဲ့ အခြားပြစ်မှုတွေမှာ ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ ပြစ်ဒဏ်ရဲ့ ထက်ဝက် (သို့မဟုတ်) (၃)နှစ်ထက်မပိုလျှင် လွတ်ငြိမ်းချမ်းသာခွင့် အကျိုးခံစားခွင့် ထပ်မရနိုင်တော့တဲ့သဘော ဖြစ်ပါတယ်။ အခုမောင်ချစ်ဆွေကိစ္စမှာလည်း လူသတ်မှုလည်းဖြစ်ပြီး ထောင်ဒဏ် (၁၀) နှစ်ထက်လည်း မပိုတဲ့အတွက် ထောင်ဒဏ်က ထပ်မံလျှော့ပေါ့ပေးဖို့ အခက်အခဲတွေ့ရတယ်ဆိုတာမျိုး ဖြစ်ပါတယ်။ ထောင်တာဝန်ခံအရာရှိက အဲဒီလိုအမိန့်ကြော်ငြာစာ ယူ့ကို ကောက်ယူတဲ့အပေါ်မှာ ဖိုးဖြူစင် ငြင်းဆိုကန့်ကွက်စရာ မရှိပါဘူး။ အဲဒီလိုအမိန့်ကြော်ငြာစာ ကောက်ယူနိုင် စရာအခြေအနေလည်း ဖြစ်နေခဲ့တာပါပဲ။ ဒါပေမယ့် လူသတ်မှု မဟုတ်တဲ့ အခြားပြစ်မှုတွေဆိုရင်တော့ ပြစ်ဒဏ်တစ်ဝက်လျှော့ပေါ့ခံစားခွင့်ရှိတယ်။ လူသတ်မှုသာ ခံစားခွင့်မရှိခြင်း ဖြစ်တယ်ဆိုတာကိုတော့ ဖိုးဖြူစင်သဘော မတူနိုင်ဖြစ်ရပါတယ်။ ထောင်ဒဏ် (၁၀)နှစ်ထက်မပိုတဲ့ လူသတ်မှုတွေကို ထပ်မံပြီး ပြစ်ဒဏ်လျှော့ပေါ့ပေးလို့မရဘူးဆိုရင် ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်ရဲ့ တစ်ဝက် (သို့မဟုတ်) ထောင်ဒဏ် (၃) နှစ်ထက်မပိုတဲ့ အမှုတွေလည်း လွတ်ငြိမ်းချမ်းသာခွင့်မရှိဘူးလို့ သဘောရရှိပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့်ခံစားခွင့်ပေးရာမှာ လူသတ်မှုနဲ့ လူသတ်မှုမဟုတ်တဲ့ အမှုတွေကို တသီးတခြားစီ ခွဲခြားသုံး သပ်ရှုမြင်တဲ့ အမြင်သဘောထားကို ဖိုးဖြူစင်သဘောမတူခဲ့တာ ဖြစ်ပါတယ်။

ဒီပြဿနာမှာ အချို့ကိစ္စတွေ၊ အကြောင်းအရာတွေကို ဆက်စပ်နှိုင်းယှဉ်မှု ပြုအပ်တယ်လို့ ဖိုးဖြူစင် ယူဆခဲ့ပါတယ်။ ဥပမာအားဖြင့် လွတ်ငြိမ်းချမ်းသာခွင့် အပိုဒ် (၉)မှာ (နိုင်ငံသားတစ်ဦးဦးသည် ဤအမိန့်ထုတ်ပြန်သည့်နေ့မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်အကျခံနေရပါက ကျခံနေရသော ပြစ်ဒဏ်ကို အောက်ပါအတိုင်း လျှော့ပေါ့ကျခံခွင့်ပြုလိုက်သည်။ (ဂ)ထောင်ဒဏ် ကျခံနေရသူများသည် သာမန်ရရှိသော လျှော့ရက်နှင့်နုတ်ရက်များအပြင် ချမှတ်ထားသော ထောင်ဒဏ်၏ ထက်ဝက်လျှော့ရက်အဖြစ် ရရှိစေရမည်) လို့ ပါရှိပါတယ်။ လူသတ်မှုမဟုတ်ဘဲ အခြားပြစ်မှုက အကျဉ်းသားတွေသာ ကျခံရတဲ့ ပြစ်ဒဏ်ရဲ့တစ်ဝက်ကို လွတ်ငြိမ်းချမ်းသာခွင့် အဖြစ် ခံစားခွင့်ရစေ။ လူသတ်မှုနဲ့ ပတ်သက်တဲ့ အကျဉ်းသားတွေတော့ ခံစားခွင့်မရရှိစေနဲ့လို့ ကန့်သတ်ခံစားခွင့်ပြုတာမျိုး လုံးဝမဟုတ်ပါဘူး။ အဲဒီလို ဆက်စပ်နှိုင်းယှဉ် သုံးသပ်ကြည့်ခဲ့မိတဲ့အတွက်လည်း လူသတ်မှုနဲ့ လူသတ်မှုမဟုတ်တဲ့အခြားပြစ်မှုတွေကို တသီးတခြားစီရှုမြင်

**အကျဉ်းကျခံနေရတဲ့ အကျဉ်းသားတစ်ယောက်က**

**နိုင်ငံတော်ကပေးအပ်တဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကို**

**ရလိမ့်နိုးနိုးနဲ့ပင်ပန်းကြီးစွာ စောင့်ဆိုင်းငံ့လင့်နေရတဲ့ကိစ္စဟာ**

**သက်သောင့် သက်သာအေးအေးဆေးဆေး**

**အချိန်ယူစောင့်ဆိုင်းနေသင့်တဲ့ ကိစ္စမဟုတ်ဘူး**

www.burmeseclassic.com

www.burmeseclassic.com



သုံးသပ်တဲ့ သဘောထားအမြင်ကို ဖိုးဖြူ စင်သဘောမတူနိုင်ခဲ့တာ ဖြစ်ပါတယ်။

မောင်ချစ်ဆွေရဲ့ လွတ်ငြိမ်းချမ်းသာခွင့် ကိစ္စအတွက် တရားဝင်စတင်ဆက်သွယ် လှုပ်ရှားလာခဲ့သူဟာ သက်ဆိုင်ရာထောင်တာဝန်ခံ အရာရှိဖြစ်ပါတယ်။ မူလရုံးက ဘယ်လိုရည်ရွယ်ချက်မျိုး သဘောအဓိပ္ပာယ်မျိုးနဲ့ စီရင်ချက်ချခဲ့တယ်ဆိုတာ မေးမြန်းခဲ့ပါတယ်။ တကယ်လို့ တရားခံကို လွတ်ငြိမ်းချမ်းသာခွင့်ခံစားစေလိုတဲ့ ရည်ရွယ်ချက်သဘောထားရှိခဲ့တယ်ဆိုလျှင် (၇) နှစ်ကျခံစေဆိုတဲ့ ထောင်ပို့ဝရမ်းကို (၃)နှစ် (၆)လလို့ ပြင်ဆင်ပေးပို့ဖို့ ထောင်ဝရမ်းကိုပင် ပြန်လည်ပေးပို့ခဲ့ပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့် ကိစ္စအတွက် အလွန်အလုပ်များနေတဲ့ အချိန်မှာ အထက်ပါအတိုင်း ဆက်သွယ်ဆောင်ရွက်လာခဲ့တဲ့ ထောင်တာဝန်ခံအရာရှိအနေနဲ့ အကျဉ်းသားတစ်ဦးအနေနဲ့ နိုင်ငံတော်ကပေးအပ်တဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကို အမှန်တကယ်ခံစားခွင့်ရစေလိုတဲ့ စေတနာနဲ့ ဆက်သွယ်ဆောင်ရွက်မှု ပြုခဲ့တာဖြစ်ပါတယ်ဆိုတာ ယုံမှား သံသယဖြစ်စရာမရှိဘူးလို့ ဖိုးဖြူစင်အကောင်းဘက်က ရှုမြင်ခဲ့တာပါပဲ။



မောင်ချစ်ဆွေအနေနဲ့ လွတ်ငြိမ်းချမ်းသာခွင့်အဖြစ် ပြစ်ဒဏ်တစ်ဝက်ကို ခံစားခွင့်ရသင့်တယ်လို့ ယုံကြည်ခဲ့ပေမယ့် မူလရုံးက စီရင်ခဲ့တဲ့ကာလနဲ့ထောင်ပို့ဝရမ်းကို ပြန်ပြင်ပေးရမယ့် ကာလတွေမှာ ကွာဟချက်တွေ ရှိနေလို့ထောင်ပို့ဝရမ်းကို ပြင်မပေးဘဲ ကြောင်းကျိုးပြည့်စုံစွာ ပြန်ကြားခဲ့ပါတယ်။ ဒီကိစ္စအတွက် တိုင်းတရားရုံးကို လမ်းညွှန်မှုတောင်းခံရာမှာ တိုင်းတရားရုံးက ထောင်ပို့ဝရမ်းကို ထောင်တာဝန်ခံအရာရှိ ကတောင်းဆိုတဲ့အတိုင်း ပြင်ဆင်ပေးဖို့လမ်းညွှန်ခဲ့တဲ့အတွက် ဖိုးဖြူစင်ဘဝင်မကျပေမယ့် အထက်အဖွဲ့အစည်းရဲ့ လမ်းညွှန်ချက်နဲ့အညီ ထောင်ပို့ဝရမ်းကို

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ပေးပို့ခဲ့တာပါပဲ။ တိုင်းတရားရုံး အနေနဲ့လည်း အကျဉ်းသား တစ်ဦးရသင့်ရထိုက်တဲ့ အခွင့်အရေးတစ်ရပ် နစ်နာဆုံးရှုံးမှု မရှိရလေအောင် အပြုသဘော ဆောင် လမ်းညွှန်ခဲ့ တာဖြစ်မယ်လို့ပဲ ဖိုးဖြူ စင်က အကောင်းဘက်က ရှုမြင်ခဲ့ပါတယ်။

အဲဒီလိုအဆင့်ဆင့် အချိန်ယူ ဆောင်ရွက်ပြီးကာမှ ထောင်တာဝန်ခံအရာရှိ က အခုကိစ္စမှာ နိုင်ငံတော်ရဲ့လွတ်ငြိမ်းချမ်း သာခွင့်အမိန့်အရ လူသတ်မှုဖြစ်တဲ့အတွက် လွတ်ငြိမ်းခံစားခွင့်ရရှိပြီးဖြစ်လို့ ပြစ်ဒဏ် တစ်ဝက်လျှော့ပေါ့ခွင့်ပေးဖို့ မလိုကြောင်း ကြောင်းကျိုးဖော်ပြကာ အထက်အဖွဲ့အစည်း ကို အစီရင်ခံ တင်ပြခဲ့တဲ့အတွက် ဖိုးဖြူစင် စိတ်ရှုတ်ထွေးစရာ ဖြစ်ခဲ့ရပြန်ပါတယ်။

စာတွေ အပြန်ပြန်အလှန်လှန် ရေး နေကြရင်း မောင်ချစ်ဆွေရဲ့ကိစ္စဟာ အချိန် အတော်ကြာ အဖြေမထွက်ဘဲ ကြန့်ကြာနေခဲ့ ပါတယ်။ ဒီကိစ္စ ကြန့်ကြာနေရတဲ့အတွက် တိုင်းတရားရုံးကို အစီရင်ခံ တင်ပြတဲ့အခါ မှာလည်း တိုင်းတရားရုံးက ထောင်တာဝန်ခံ အရာရှိရဲ့ တင်ပြချက်အရ သူ့ရဲ့ ညွှန်ကြား ရေးမှူးချုပ်က ဘယ်လိုညွှန်ကြားလာမယ် ဆိုတာကို စောင့်ကြည့်ဖို့ အကြောင်းပြန်ကြား ခဲ့ပြန်တဲ့အတွက် ဖိုးဖြူစင် စိတ်မောရပြန်တာ ပါပဲ။

ထောင်ထဲမှာ အကျဉ်းကျခံနေရတဲ့ အကျဉ်းသား တစ်ယောက်က နိုင်ငံတော်ကပေးအပ်တဲ့ လွတ်ငြိမ်း ချမ်းသာခွင့်ကို ရလိမ့်နိုးနိုးနဲ့ပင်ပန်းကြီးစွာ စောင့်ဆိုင်းငံ့လင့်နေရတဲ့ ကိစ္စဟာ သက်သောင့်သက်သာ အေးအေးဆေးဆေး အချိန်ယူစောင့်ဆိုင်းနေသင့်တဲ့ ကိစ္စမဟုတ်ဘူးလို့ ဖိုးဖြူစင်က ယူဆခဲ့ပါတယ်၊ တတ်နိုင်သ၍ ဖြစ်နိုင်သ၍ မြန်မြန်ဆန်ဆန် အဖြူအမည်းသဲသဲကွဲကွဲဖြစ်အောင် ဆောင်ရွက်သင့်တဲ့ ကိစ္စလို့ထင်ပါတယ်။

အကျဉ်းသားအနေနဲ့ အမှန်တကယ်ခံစားခွင့်ရထိုက်တဲ့ ကိစ္စဖြစ်ပါလျက် အခုလိုနှစ်နဲ့ချီပြီး စာတွေ အပြန်အလှန် ကူးလူးရေးနေကြခြင်းဖြင့် အချိန်တွေကြန့်ကြာနေမယ်ဆိုလျှင် တရားစီရင်ရေးနယ်ပယ်မှာ ကိုးကားပြောဆိုလေ့ရှိကြတဲ့ 'အမှန်တရား (တရားမျှတမှု) ကို ကြန့်ကြာအောင်ပြုလုပ်ခြင်းဟာ အမှန်တရား (တရားမျှတမှု)ကို ငြင်းကွယ်ရာရောက်သည်'။ (Justic delay is Justic denied) ဆိုတဲ့ ဥပ ဒေဆိုရိုးစကားအတိုင်း

**ညွှန်ကြားချက်တစ်ရပ်ဟာ သာမန်ရုံးကိစ္စတွေ၊**
**စီမံခန့်ခွဲရေး ကိစ္စတွေမှာ လိုက်နာရမှုဖြစ်ပေမယ့်**
**စီရင်ချက်ချမှတ်ရတဲ့ တရားစီရင်ရေး**
**ကိစ္စမျိုးအတွက်တော့ လုံလောက်မှုမရှိသလို**
**တရားဝင်မှုမဖြစ်ပါဘူး**

www.burmeseclassic.com

www.burmeseclassic.com





ဖြစ်နေပေလိမ့်မယ်လို့လည်း ဖိုးဖြူစင်တွေးမြင်နေခဲ့မိပါတယ်။ အချင်းဖြစ်ကိစ္စမှာ မိုးမခရွာသားအကျဉ်းသမား လေးမောင်ချစ်ဆွေဟာ နိုင်ငံတော်က အကြောင်းအားလျော်စွာ ပေးအပ်လာတဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကို ရထိုက်ခံစားထိုက်တယ်လို့လည်း သူယုံကြည်နေခဲ့ပါတယ်။ အဲဒီယုံကြည်ချက်နဲ့အတူ ဖိုးဖြူစင်ဟာ ခိုင်မြဲတဲ့သန္နိဋ္ဌာန်နဲ့ နောက်ကိုနှစ်လမ်းပြန်မဆုတ်တော့ဘဲ ရှေ့ကိုတစ် လှမ်းတိုးလိုက်ပါတော့တယ်။ အဲဒါကတော့အစီရင်ခံစာ အရှည်ကြီးတစ်စောင်ပြုစုကာ တိုင်းတရားရုံးနဲ့ ဗဟိုတရားရုံးတို့ထံ ပေးပို့ခဲ့ခြင်းပဲဖြစ်ပါတယ်။

အစီရင်ခံစာအရှည်ကြီးမှာ မောင်ချစ်ဆွေရဲ့လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စနဲ့ ပတ်သက်တဲ့အချက်အလက် အားလုံးကို ဖြစ်ကြောင်းရယ်တဲ့ ကုန်စင်ဆိုတာလို ပြည့်ပြည့်စုံစုံဖော်ပြခဲ့ပါတယ်။ ၁၉၈၀ ပြည့်နှစ် နိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်၊ အဲဒီအမိန့်အရ ထုတ်ပြန်ခဲ့တဲ့ ဗဟိုတရားရုံးချုပ်ရဲ့ ညွှန်ကြားချက်နှစ်စောင်၊ အကျဉ်းဦးစီးဌာနက စတင်ဆက်သွယ်လာတဲ့စာ၊ အဲဒီစာကို ရည်ညွှန်းတဲ့ဖိုးဖြူစင်ရဲ့ ပြန်ကြားစာ။ ထောင်ပို့ဝရမ်းကို ပြင်ဆင်ရေးသားရမယ့်ကိစ္စအတွက် တိုင်းတရားရုံးသို့ တင်ပြချက်နဲ့ တိုင်းတရားရုံးရဲ့ လမ်းညွှန်ချက်၊ တိုင်းတရား ရုံးရဲ့လမ်းညွှန်ချက်နဲ့ အဲဒီလမ်းညွှန်ချက်အရ ထောင်ပို့ဝရမ်းကို ပြင်ဆင်ရေးသားကာ သက်ဆိုင်ရာအကျဉ်းထောင်သို့ ပေးပို့ခဲ့တဲ့စာ၊ အဲဒီကိစ္စအတွက် သက်ဆိုင်ရာဌာနများသို့ စဉ်ဆက်မပြတ်ပေးပို့ခဲ့တဲ့ နှိုးဆော်စာများ၊ ထောင်တာဝန်ခံအရာရှိမှ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြတဲ့အစီရင်ခံစာ၊ ညွှန်ကြား ရေးမှူးချုပ်ရဲ့ဆောင်ရွက်ချက်ကို စောင့်ဆိုင်း ကြည့်ရှုဖို့ညွှန်ကြားလာတဲ့တိုင်းတရားရုံးရဲ့ စာ စသည်တို့ကို စီကာစဉ်ကာ ကျယ်ကျယ်ပြန့်ပြန့် တင်ပြတဲ့ အစီရင်ခံစာရှည်ကြီးဖြစ်ပါတယ်။ မောင်ချစ်ဆွေရဲ့အမှုကို စစ်ဆေးစီရင်ခဲ့တဲ့ မူလတရားသူကြီးရဲ့ စီရင်ဆုံးဖြတ်မှုနဲ့ သူ့ရဲ့အမြင်သဘောထားများအပြင် ဖိုးဖြူစင်က သူ့ရဲ့ထင်မြင်ချက်များကိုပါ ထည့်သွင်း ဖော်ပြခဲ့တာ ဖြစ်ပါတယ်။

၁၉၈၀ ပြည့်လွန်နှစ်ကာလမှာ ကြုံတွေ့ခဲ့ရတဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန် ကိစ္စဟာ အခုဒီစာကို ပြန်လည်ရေးသားဖြစ်တဲ့အချိန်မှာ နှစ်ပေါင်း (၃၀) ခန့် ကြာခဲ့ပါပြီ။ အထက်အဖွဲ့အစည်းများကို ရေးသားတင်ပြခဲ့တဲ့ အစီရင်ခံစာကြီးမှာ ဘဝင်မကျရမှုတွေ၊ မကျေနပ်မှုတွေ ပုဂ္ဂလိကခံစားမှုအတွေး အမြင်တွေနဲ့အတူ အကောင်းဘက်ရှုမြင်ချက်အားနည်းနေတာမျိုးတွေပင် ပါရှိနေနိုင်ပါတယ်။ နှစ်ပေါင်း (၃၀) ဆိုတဲ့ အချိန်အတိုင်းအတာနဲ့ လျော်ညီတဲ့ အတွေ့အကြုံမပြည့်ဝမှု၊ မရင့်ကျက်မှုတွေကြောင့် ဖိုးဖြူစင်ရဲ့ အစီရင်ခံစာရှည်ကြီးဟာ အကဲဆတ်မှုတွေနဲ့မာထောင့်ထောင့် ဖြစ်ကောင်း ဖြစ်နေနိုင်ပေမယ့် ဒီအစီရင်ခံစာနဲ့ ဒီဖြစ်ရပ်ကတော့ ဖိုးဖြူစင်ရဲ့တရား

www.burmeseclassic.com

www.burmeseclassic.com



သူကြီးသက်တမ်းကာလအတွင်း မှတ်မှတ်ထင်ထင် ဖြစ်ကျန်ရစ်တာကတော့ အမှန်ပါပဲ။

**ချိန်ခါရောက်ပြီထင့်**

နှစ်နဲ့ချီပြီး ဇာတ်မျောကြီးဖြစ်နေခဲ့တဲ့ မောင်ချစ်ဆွေရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စဟာ တိုင်းအဆင့် ဗဟိုအဆင့်တွေပါ ပါဝင်လာကြပြီဖြစ်လို့ တစ်ဆင့်ထက်တစ်ဆင့်တော့ နီးလာပြီလို့ ဖိုးဖြူစင် အကောင်း မြင်ဘက်ကရှုမြင်ပြီး ဖိုးဖြူစင်ကိုယ့်ကိုယ်ကို အားပေးနှစ်သိမ့်နေရပေမယ့် စိတ်မြန်လက်မြန် ရှိလှတဲ့ ကျောင်း ဆရာ ကိုကျော်ဝင်းကတော့ စိတ်ဓာတ်ကျသွားလို့လား စိတ်မရှည်တော့လို့လားမသိ ဖိုးဖြူစင်ရဲ့ ရုံးကို အရောက်အကျဲသွားပါတော့တယ်။

ဒါပေမယ့် ကာယကံရှင်ဖြစ်တဲ့ ကိုပန်ကြီးခမျာတော့ မကြာမကြာ ရောက်လာပြီး အခြေအနေ ကို စုံစမ်းတာမပျက်ခဲ့ပါဘူး။ ပြောမယ့်သာ ပြောရတယ် သူ့ကိုကြည့်ရတာလည်း သိပ်အားတက် သရောမရှိလှပါ ဘူး။ တိုင်းတရားရုံးမှာ ဒေါနဲ့မာန်နဲ့ပြင်းပြင်းထန်ထန် ထက်ထက်သန်သန်ပြောဆိုခဲ့ပေ မယ့် ကာယကံရှင်တွေကို တော့ ဖိုးဖြူစင် အသိပေးသင့်သလောက်သာ အသိပေးပြောဆိုပြီး နှစ်သိမ့် အားပေးနေရပါတော့တယ်။

တစ်နေ့မှာတော့ ထူးခြားတယ်လို့ပြောနိုင်တဲ့ ဆက်သွယ်မှုတစ်ခု ပေါ်ပေါက်လာခဲ့ပါတော့တယ်။ အဲဒါကတော့ မောင်ချစ်ဆွေရဲ့ အမှုတွဲကိုတင်ပို့ပေးဖို့ ညွှန်ကြားလာတဲ့တရားရုံးချုပ်ရဲ့ ညွှန်ကြားစာ ရောက်ရှိ လာခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အမှုတွဲတောင်းခေါ်စာမှာ အလျင်အမြန်လူလွတ်ပေးပို့ရမယ်လို့ ပါရှိတဲ့အတွက်လည်း အားတက်စရာတော့ ဖြစ်လာခဲ့ရပါတယ်။

"ဆရာကြီးကိုလည်း ကျွန်တော်တို့အရမ်းအားနာမိပါတယ်။ ဆရာကြီးအနေနဲ့ စိတ်ပင်ပန်း လူပင်ပန်း ခံပြီး ကြိုးစားဆောင်ရွက်ပေးနေတာ သိပါတယ်။ တရားရုံးချုပ်က အမှုတွဲယူကြည့်ပြီး လွတ်ငြိမ်း ချမ်းသာခွင့်၊ အကျိုးခံစားခွင့်နဲ့ အကျုံးမဝင်ဘူးလို့များ ဆုံးဖြတ်လိုက်ရင်တော့ လမ်းဆုံးသွားပြီလို့ ဆိုရတော့မှာပေါ့နော်"

ကိုပန်ကြီးက ကာယကံရှင်ဖြစ်နေတဲ့အတွက် ဖြစ်နိုင်ချေရှိလာနိုင်တာတွေကို တွေးတောပူပင် နေရှာပါ တယ်။

"အဲဒီလိုတော့ ဖြစ်လိမ့်မယ်မထင်ပါဘူး။ အဆင်ပြေသွားမှာပါ"

ဖိုးဖြူစင်လည်း အားပေးနှစ်သိမ့်စကားပြောရုံမှအပ တခြားဖြေစရာမရှိတော့တဲ့ အခြေအနေ ဖြစ်ပါ တယ်။

"ဆရာကိုကျော်ဝင်းကိုလည်း ကျွန်တော် သတင်းသွားပို့ခဲ့ပါသေးတယ်။ သူက ဟာသပုံပြင်လေး တစ်ခုတောင် ပြောလိုက်သေးတယ်"

"ဟုတ်လား ဘာပုံပြင်များလဲဗျာ ပြောပြပါဦး"

"ဟာ ဟိုဘာမှမဟုတ်ပါဘူးဆရာကြီး သူက နောက်ပြောင်ပြီးပြောတာပါ"

ကိုပန်ကြီးက သူ့ကို ကိုကျော်ဝင်းပြောပြတယ်ဆိုတဲ့ ပုံပြင်ကို ပြန်ပြောပြရမှာ ဝန်လေးနေပုံ အားနာနေပုံရပါတယ်။ ဖိုးဖြူစင်က အတင်းအကြပ်ပြောခိုင်းတော့မှ မဝံ့မရဲပြောပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားက ဟာသလို့ပြောတာပဲဆရာကြီးရဲ့။ ဘာတဲ့ မီးသတ်အရာရှိကြီးတစ်ယောက်ဆီကို လူတစ်ယောက်က ဖုန်းဆက်ပြီး အခုကျွန်တော်တို့ရပ်ကွက်မှာ မီးလောင်နေပါတယ်လို့ သတင်းပို့တယ်တဲ့။ မီးသတ်အရာရှိက စားပွဲပေါ်မှာ တယ်လီဖုန်းတွေအများကြီးနဲ့ အလုပ်ရှုပ်နေလို့ အဲဒီကိစ္စဆိုရင် လျှောက်လွှာသုံးစောင်ရေးပြီး တင်လိုက်ပါလို့ ပြန်ပြောတယ်တဲ့။ ဒါနဲ့ ဖုန်းဆက်တဲ့လူက အခုမီးလောင်နေတာ လူကြီးမင်းရဲ့ အိမ်ဘေးကကပ်လျက် အိမ်ပါလို့ပြောတော့မှ မီးသတ်အရာရှိကဟာ ဒါဆိုရင် အရေးကြီးတယ်ဗျို့။ လျှောက်လွှာနဲ့တင်မဖြစ်ဘူး။ ဓာတ်ပုံတစ်ပုံစီပါ ကပ်ပြီးသေချာအောင် ပို့လိုက်ပါ လို့ ပြောတယ်တဲ့။ အဲဒီတော့ ကိုယ်နဲ့ကြီးရယ် အစ်ကို့ကို ပြောလိုက်စမ်းပါ။ အမှုတွဲတင်ပို့တဲ့အခါမှာ ဓာတ်ပုံသုံးပုံလိုသေးသလားလို့ မေးတယ်လို့ အဟဲဟဲ"

"ခွေးကောင် အတော်နောက်တဲ့ကောင် ပြောလိုက်ပါကိုယ်နဲ့ကြီးရာ။ အခုအမှုတွဲတောင်းတာ မီးသတ်အရာရှိမဟုတ်ပါဘူး။ နိုင်ငံတော်မှာ တရားရေးနဲ့ ပတ်သက်တဲ့ တာဝန်အရှိဆုံး ရာထူးအကြီးဆုံး ပုဂ္ဂိုလ်ကြီးက အမှုတွဲတောင်းခေါ်တာပါလို့ ပေးပို့ရမယ့် အဆင့်အတန်းကိုတောင် ချက်ချင်းလူလွှတ် ပို့ပေးရမယ်လို့ သတ်မှတ်ပြီး လူလွှတ်ပေးပို့ခိုင်းတာလို့ ပြောလိုက်စမ်းပါ"

"ဟုတ်ပါတယ်ဆရာကြီးရယ် ဒါကို သူသိပါတယ်။ သူကဆရာကြီးမို့ နောက်ပြောင်တဲ့ သဘောနဲ့ ပြောတာပါ။ ကျွန်တော့်ကိုတောင် မှာလိုက်ပါတယ်။ ခင်ဗျားကြောက်မနေနဲ့တဲ့။ ဒီပုံပြင် အကြောင်းမေးရင် ပြောသာပြောတဲ့။ ခင်ဗျားပြောပြီးရင် ကျုပ်ကိုဆဲမှာသေချာတယ်တဲ့။ အဲဒီလိုတောင် ပြောလိုက်ပါသေးတယ် ခင်ဗျ"

ဖိုးဖြူစင်လည်း မချိပြုံးပြုံးပြီးတော့သာ နေလိုက်ရပါတော့တယ်။ ကိုကျော်ဝင်း ပြောပြတဲ့ ပုံပြင်လေးကို ဖိုးဖြူစင်လည်း ဖတ်ဖူးပါတယ်။ ဗြူရိုကရေစီယန္တရားနဲ့ ကြိုးနီစနစ်ကိုသရော်တဲ့ နိုင်ငံခြားဟာသလေးဖြစ်ပါတယ်။ အရေးတကြီးအလျင်အမြန် ဆောင်ရွက်ရမယ့်ကိစ္စကို စာတိုစာရှည်တွေ ရေးနေတာနဲ့ နှစ်နဲ့ချီပြီး အချိန်တွေကြာနေခဲ့တာကို ရည်ညွှန်းပြီးကိုကျော်ဝင်းက ကလိလိုက်တာ ဖြစ်တယ်ဆိုတာ ဖိုးဖြူစင် သဘောပေါက်ပါတယ်။ ထောင်ထဲကနေလွတ်တော့လေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ စောင့်စိုင်းနေခဲ့ရတဲ့ အကျဉ်းသားနဲ့ လွတ်မယ့်ရက်ကို လက်ချိုးရေတွက်ရင်း စိတ်ပင်ပန်းဆင်းရဲစွာနေကြရတဲ့ မိဘများအတွက်တ

**ငါက ရာထူးကြီးတယ်၊ အာဏာရှိတယ်ဆိုပြီး**
**တရားရုံးရဲ့စီရင်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်မယ်ဆိုရင်**
**အဲဒါလွတ်လပ်တဲ့ တရားစီရင်ရေးမဟုတ်တော့ဘူး။**

www.burmeseclassic.com

www.burmeseclassic.com



တော့ ဘေးကကပ်လျက်အိမ်မှသာမဟုတ် ကိုယ့်အိမ်ကို မီးလောင်နေသလို ဖြစ်နေမှာပဲလို့ ဖိုးဖြူစင်တွေး နေခဲ့မိပါတယ်။



**မိုးလားတိမ်လား မြူလေးလား**

"တရားခံချစ်ဆွေ (ဘ) ဦးရှိန်၏ အပြစ်ကျဝရမ်းပေါ်မှ ကြေညာချက်အမှတ် ၂/၈၀ လွတ်ငြိမ်း ချမ်းသာခွင့်နှင့် ပတ်သက်သည့် ခံစားခွင့်ကိစ္စ" ဒါကတော့နိုင်ငံတော် တရားရုံးချုပ် တံဆိပ်ခတ်နှိပ်ထားတဲ့စာရဲ့ အကြောင်းအရာ ဖော်ပြချက်ဖြစ်ပါတယ်။

တရားရုံးချုပ်ရဲ့စာက ဖိုးဖြူစင် တိုင်းတရားရုံးကို လိပ်မူတင်ပြခဲ့တဲ့ အစီရင်ခံစာရှည်ကြီးရဲ့ စာအမှတ်နဲ့ ရက်စွဲကိုရည်ညွှန်းထားပါတယ်။ တရားရုံးက လိပ်မူပေးပို့ခဲ့တာကတော့ တိုင်းတရားရုံးဖြစ်ပြီး ဖိုးဖြူစင်ရဲ့ရုံးကို မိတ္တူပေးပို့ခဲ့တာ ဖြစ်ပါတယ်။

တရားရုံးချုပ်ရဲ့စာအရ ဖိုးဖြူစင် တင်ပြခဲ့တဲ့ အစီရင်ခံစာပါအကြောင်းအရာတွေ နောက်ကြောင်း ဖြစ်စဉ်တွေကိုကောက်နှုတ်ဖော်ပြထားပါတယ်။ တရားရုံးချုပ်ရဲ့စာထဲက အရေးကြီးတဲ့ကောက်ချက်တွေထဲမှာ ပထမအချက်အဖြစ် (မူလရုံးက မောင်ချစ်ဆွေကို ပြစ်ဒဏ်ချမှတ်ရာမှာ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ပါ အကျိုးခံစားခွင့်များကို ပေးပို့ဖို့ရည်မှန်းချက်ရှိကြောင်း၊ ထောင်ပို့အမိန့်ရေးစဉ် ကလည်း လွတ်ငြိမ်းချမ်းသာခွင့် အကျိုးခံစားခွင့်ကို အကျဉ်းထောင်မှ တွက်ချက်လျှော့ပေါ့ပေးဖို့ ရည်ရွယ်ချက်နဲ့ ပေးပို့ခဲ့ကြောင်း တွေ့ရှိရတယ်) လို့ ဆိုထားပါတယ်။ ဒီအချက်အရ မောင်ချစ်ဆွေဟာ လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိထိုက်ကြောင်း အဓိပ္ပာယ် ကောက်ယူလို့ရတဲ့အတွက် မောင်ချစ်ဆွေအတွက် အလားအလာ ကောင်းဖြစ်နိုင်တယ်လို့ ဖိုးဖြူစင် မှတ်ယူပါတယ်။

ဒုတိယအချက်ကတော့ (နိုင်ငံတော်ရဲ့လွတ်ငြိမ်းချမ်းသာခွင့်အမိန့်မှာ လူသတ်မှုနဲ့ ပြစ်ဒဏ်စီရင်ခြင်းခံရတဲ့သူကို ထောင်ဒဏ် (၁၀)နှစ်ထက်ပိုပြီး ကျခံခြင်းမရှိစေရလို့ ရေးသားဖော်ပြထားပြီး ထောင်ဒဏ်တစ်ဝက်လျှော့ပေးရမယ်လို့ ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ဒါကြောင့် မောင်ချစ်ဆွေကို ထောင်ဒဏ် (၇)နှစ် ချမှတ်ထားခြင်းဟာ ထောင်ဒဏ် (၁၀)နှစ်မကျော်တဲ့အတွက် လွတ်ငြိမ်းချမ်းသာခွင့် အကျိုးခံစားခွင့်အရ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဒဏ်လျှော့ပေါ့ပေးဖို့ အကျဉ်းထောင်အနေနဲ့ အခက်အခဲရှိလို့ ထောင်ပို့အမိန့်ကို ပြင်ဆင်ရေးသားပေးဖို့ အကျဉ်းထောင်က မူလမြို့နယ်တရားရုံးကို မေတ္တာရပ်ခံခဲ့တာဖြစ်ကြောင်း ဖော်ပြထားပါတယ်။

ဒုတိယ ဖော်ပြချက်အရဆိုလျှင် မောင်ချစ်ဆွေဟာ ထောင်ဒဏ် (၁၀)နှစ်ထက် မကျော် (၇)နှစ်သာ ကျခံရတာဖြစ်လို့ နောက်ထပ်အကျိုးခံစားခွင့်မရှိတော့တဲ့သဘောလို့ အဓိပ္ပာယ်ကောက်ယူနိုင်စရာ ဖြစ်နေပါတယ်။ ဒီအချက်ကတော့ မောင်ချစ်ဆွေအဖို့ အလားအလာမကောင်းတဲ့ သဘော ဖြစ်နေပါတယ်။

တတိယအချက်မှာ မြို့နယ်တရားရုံးက ပြင်ဆင်ချက်ဝရမ်းပေးပို့ခဲ့တဲ့နေ့ရက်ဟာ ၂-၈-၈၃ ဖြစ်တဲ့ အလျောက် တရားရုံးချုပ်ရဲ့ ဒုတိယညွှန်ကြားချက် (၁၃-၁-၈၁) နဲ့ ညီညွှတ်ကြောင်း တွေ့ရှိရတယ်) လို့ ဆိုပါတယ်။ ထောင်ဒဏ် (၇)နှစ်အစား (၃)နှစ် (၆)လလို့ထောင်ပို့ဝရမ်း ပြင်ဆင်ပေးပို့ခဲ့ တာဟာ တရားရုံးချုပ်ရဲ့ ဒုတိယညွှန်ကြားချက်နဲ့ ညီညွှတ်တယ်လို့ဆိုတဲ့အတွက် ဒီအချက်အရဆိုရင် မောင်ချစ်ဆွေအတွက် မျှော်လင့်စရာ အလားအလာ ရှိလာပြန်တယ်လို့ တွေးစရာဖြစ်လာရပြန်ပါတယ်။

စတုတ္ထအချက်ကတော့ (မူလစီရင်ချက်မှာ ထောင်ဒဏ် (၇)နှစ်ဖြစ်နေပြီး ပြင်ဆင်ပေးပို့တဲ့ ထောင်ပို့ ဝရမ်းမှာ (၃)နှစ် (၆)လဖြစ်လို့ ကွဲလွဲနေကြောင်း စီရင်ချက်အမိန့်နဲ့ထောင်ပို့ဝရမ်းပါ ပြစ်ဒဏ်များတူညီ ရရှိဖို့လိုအပ်ကြောင်း၊ တိုင်းတရားရုံးရဲ့ လမ်းညွှန်ချက်ဟာ အယူခံရုံးပြင်ဆင်မှုရုံးရဲ့ စီရင်ချက်မဟုတ်ကြောင်း) ရှင်းလင်းတိကျစွာ မီးမောင်းထိုးပြလိုက်တဲ့အချက်ပဲ ဖြစ်ပါတော့တယ်။

တရားစီရင်ရေးနယ်ပယ်မှာ ကျင့်သုံးရမြဲဖြစ်တဲ့ အစဉ်မပြတ်စွဲမြဲမှတ်သားထားအပ်တဲ့ မူတစ်ရပ်လည်း ဖြစ်ပါတယ်။ ဒီလိုတိကျတဲ့မူတစ်ရပ် သတ်မှတ်ပြဋ္ဌာန်းထားတာကို ယေဘူယျအား ဖြင့် သဘောပေါက်သိရှိထား ပြီး ဖြစ်ပေမယ့် အခုကိစ္စမှာ အဲဒီမူအဲဒီပြဋ္ဌာန်းချက်နဲ့အညီ ဆောင်ရွက်ဖို့လိုအပ်တယ်ဆိုတဲ့ အချက်ကို သတိမပြုမိခဲ့ရာရောက်ခဲ့ရတယ်လို့ဖိုးဖြူစင် မိမိကိုယ်မိမိဝေဖန်မိပါတယ်။ လမ်းညွှန်ချက် (သို့မဟုတ်) ညွှန်ကြား ချက်တစ်ရပ်ဟာ သာမန်ရုံးကိစ္စတွေ၊ စီမံခန့်ခွဲရေး ကိစ္စတွေမှာ လိုက်နာရမြဲဖြစ်ပေမယ့် စီရင်ချက်ချမှတ်ရတဲ့ တရားစီရင်ရေး ကိစ္စမျိုးအတွက်တော့ လုံလောက်မှုမရှိသလို တရားဝင်မှုမဖြစ်ပါဘူး။ အထက်အဆင့်ရုံးများက အယူခံမှုပြင်ဆင်မှု ဖွင့်ပြီးချမှတ်တဲ့ ဆုံးဖြတ်ချက် စီရင်ချက်အမိန့်ကသာ အောက်ရုံး (မူလရုံး) ရဲ့ စီရင်ချက် အမိန့်တစ်စုံတရာကို ဥပဒေနဲ့အညီ တရားဝင်ပြင်ဆင်ချမှတ်ရာ ရောက်ပါတယ်။ ဒီအချက်ဟာ အလွန်အရေး ကြီးပါတယ်။

ထောင်ပို့ဝရမ်းကို ပြန်ပြင်ပေးဖို့ အကျဉ်းထောင်ဘက်က ဆက်သွယ်အကြောင်းကြားခဲ့စဉ်က ဖိုးဖြူစင် က ပြင်ဆင်ဆောင်ရွက်ပေးခြင်း မရှိခဲ့ပါဘူး။ တရားရုံးချုပ်ရဲ့ ပထမညွှန်ကြားချက်အရ ထောင် တာဝန်ခံက ဆောင်ရွက်ပေးရမယ့် ကိစ္စလို့ ထင်မြင်တာကတစ်ကြောင်း၊ ကိုယ့်ရုံးက ချမှတ်ခဲ့တဲ့အမိန့်ကို ကိုယ့်ရုံးကပဲ ပြန်ပြင်ဆင်သလိုဖြစ်နေလို့ ပြင်ဆင်မှုဖွင့်ပြီး အောက်ရုံးရဲ့အမိန့်ကို ပြင်ဆင်ပေးရမယ်ဆိုတဲ့ ရှင်းလင်းတိကျတဲ့ အတွေးအမြင်မျိုး မတွေးမိ၊ မသိမိခဲ့တဲ့အချက်ဟာ ကိုယ့်အတွက် အဖိုးတန်တဲ့ သင်ခန်းစာတစ်ခုကို ရရှိစေခဲ့ တယ်လို့ ဖိုးဖြူစင် ခံယူခဲ့ရပါတော့တယ်။ အကြောင်းအားလျော်စွာ ဖြစ်တောင့်ဖြစ်ခဲ ပေါ်ပေါက်လာတဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စဖြစ်တဲ့အတွက် သမရိုးကျ ကျင့်သုံးမြဲဖြစ်တဲ့ တရားစီရင်ရေးလုပ်ထုံးလုပ်နည်းကို

www.burmeseclassic.com

www.burmeseclassic.com



**နိုင်ငံတော်ကို သစ္စာခံထားရတဲ့ ပြည်သူ့ဝန်ထမ်းတွေ၊ အဖွဲ့အစည်းတွေဟာ အပြစ်မဲ့သူတွေ၊ ဥပဒေနဲ့အညီ ခံစားခွင့် ခံစားထိုက်သူတွေအတွက် အခွင့်အရေးတွေ မဆုံးရှုံးရလေအောင် အခိုင်အမာ ရပ်တည် အကာအကွယ် ပေးနိုင်တဲ့ ခံတပ်ကြီးတွေ အဖြစ်တွေမြင်ခွင့်ရလေလေ၊ ပို၍ကောင်းလေလေ……**

BURMESE CLASSIC .com

သတိမမူမိဘဲ သီးခြားဖြစ်စဉ်တစ်ခုအနေနဲ့ စဉ်းစားတွေးမြင်ခဲ့တဲ့အတွက်လည်း ကျင့်သုံးရမြဲမှုနဲ့ ပတ်သက်လို့ လစ်ဟာသွားခဲ့ရတာ ဖြစ်ပါတယ်။ တကယ်လို့ ဒီကိစ္စမှာ အထက်အဆင့်ရုံးက ပြင်ဆင်မှုဖွင့်ပြီး ဆောင်ရွက်ရမယ်ဆိုတာ ကြိုတင်သိမြင်ခဲ့တယ်ဆိုရင်တောင် ကိုယ့်အထက်အဆင့်ရုံးကို ဘယ်ပုံဘယ်နည်း စီစဉ်ဆောင်ရွက်ပေးပါလို့ တင်ပြဖို့ မလွယ်လှသလို လုပ်ရိုးလုပ်စဉ်လည်း မဟုတ်ပါဘူး။

တရားရုံးချုပ်က မီးမောင်းထိုးပြခဲ့တဲ့ ဒီအချက်ကို သတိမမူခဲ့မိတာ ဖိုးဖြူစင်တစ်ဦးတည်းသာ မဟုတ်ပါဘူး။ အကျဉ်းထောင်တာဝန်ခံအရာရှိနဲ့ တိုင်းတရားသူကြီးများပါ အပါအဝင်ဖြစ်တယ်လို့ ဆိုနိုင်ပြီး ယူတတ်မယ်ဆိုရင် ဒါဟာ သင်ခန်းစာကောင်း တစ်ရပ်လို့ ခံယူနိုင်ဖွယ်လည်း ဖြစ်ပါတယ်။ ဒီပြဿနာ စတင် ပေါ်ပေါက်လာစဉ်ကတည်းက တိုင်းတရားရုံးအနေနဲ့ ပြင်ဆင်မှုဖွင့်ပြီး အမိန့်ကို ပြင်ဆင်ပေးခဲ့မယ်ဆိုရင် အခုလို နှစ်နဲ့ချီအချိန် ကြာမြင့်စွာ စာတိုစာရှည်တွေ ရေးနေဖို့ပင် လိုမယ်မဟုတ်ဘူးလို့လည်း တွေးမိပါတယ်။

ပဌမအချက်အဖြစ် (ဘယ်လိုပဲဖြစ်ဖြစ် ထောင်ပို့အမိန့်မှာ ဖော်ပြထားတဲ့ပြစ်ဒဏ်ဟာ စီရင်ချက်ပြစ်ဒဏ်နဲ့ ကိုက်ညီစေရမှာဖြစ်တယ်။ ဒါကြောင့်မူလရုံးရဲ့ စီရင်ချက်ကို ပြင်ဖို့လိုတယ်။) လို့ ညွှန်ပြလိုက်ပါတယ်။ ချမှတ်ခဲ့တဲ့ ပြစ်ဒဏ်က ထောင်ဒဏ် (၇)နှစ်ဖြစ်ပြီး ထပ်မံပြင်ဆင်ပေးပို့ထားတဲ့ ထောင်ပို့အမိန့်က (၃)နှစ် (၆)လဖြစ်နေတယ်လို့ ထောက်ပြပါတယ်။ ဒါကြောင့်စီရင်ချက်အမိန့်နဲ့ ထောင်ပို့အမိန့်တူညီမှုရှိအောင် တိုင်းတရားရုံးက ပြင်ဆင်မှုဖွင့်ပြီး သင့်လျော်သော အမိန့်ကိုချမှတ်ကာ ထိုအမိန့်နဲ့ လျော်ညီတဲ့ ထောင်ပို့ဝရမ်းကို အကျဉ်းထောင်က ပို့ပေးပါလို့ တရားရုံးချုပ်က ညွှန်ပြခဲ့ပါတယ်။

"တရားရုံးချုပ်ရဲ့စာကိုဖတ်ရတာလည်း သည်းထိတ်ရင်ဖို ရုပ်ရှင်ဇာတ်ကား တစ်ခုကို ကြည့်နေရသလိုပါပဲဗျာ။ ဒီစာထဲမှာချစ်ဆွေအတွက် ခံစားခွင့်ရနိုင်တဲ့ မျှော်လင့်ချက်တွေ ပါနေသလို မျှော်လင့်လို့မရနိုင်တာတွေလည်း ပါနေတယ်"

တရားရုံးချုပ်ရဲ့ ညွှန်ကြားစာကို အပြန်ပြန်အလှန်လှန် ဖတ်ခဲ့ကြပြီးတဲ့နောက် ကိုကျော်ဝင်း ဆီက စကားသံစတင်ပေါ်ထွက်လာခဲ့ပါတယ်။ ကိုပန်ကြီးကတော့ ဘာမှဝင်မပြောဘဲ မျက်နှာငယ် လေးနဲ့ နားထောင်နေရှာပါတယ်။ သူ့အနေနဲ့ ကျောင်းဆရာတစ်ဦးဖြစ်တဲ့ ကိုကျော်ဝင်းလောက်မတွေးတတ် မမြင်တတ်လို့လည်း ဖြစ်မယ်ထင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်ဝင်းက ဖြစ်စေချင်တဲ့ ဆန္ဒကလည်း တက်သန်နေ၊ စိုးရိမ်ပူပင်စိတ်ကလည်း ရှိနေတော့ ဒီညွှန်ကြားချက်အပေါ် အကောင်းဘက်ကနေ စိတ်ချလက်ချမရှုမြင်နိုင်ဘူးပေါ့လေ။ ကိုယ်ကတော့ ဒီစာထဲမှာပါတဲ့နောက်ဆုံး အချက်အရ မောင်ချစ်ဆွေဟာ ခံစားခွင့်ရလိမ့်မယ်လို့ ယုံကြည်နေပါတယ်"

ဖိုးဖြူစင်က သူ့ရဲ့ထင်မြင်ယူဆချက်ကို အေးအေးဆေးဆေးပြောပြခဲ့ပါတယ်။

"ဘယ်အချက်လဲအစ်ကိုရ လင်းစမ်းပါဦး"


"ပထမအချက်က တရားရုံးချုပ်အနေနဲ့ မူလရုံးရဲ့ပြစ်ဒဏ်ချမှတ်ခဲ့တဲ့ သဘောထားအမြင်၊ ရည်ရွယ်ချက်နဲ့ ဆန္ဒသဘောထားတွေကို မှားတယ်လို့ ဆိုမထားဘဲ အသိအမှတ်ပြုလက်ခံထားတဲ့ အချက်ပါပဲ။ နောက်တစ်ခါ မူလရုံးက ပြင်ဆင်ပေးပို့ခဲ့တဲ့ ထောင်ပို့ဝရမ်းဟာ တရားရုံးချုပ်ညွှန်ကြားချက်နဲ့ ညီညွတ်ပါတယ်လို့ လက်ခံထားပါတယ်။ စီရင်ချက်ပါ ပြစ်ဒဏ်နဲ့ ထောင်ပို့ဝရမ်းပါ ပြစ်ဒဏ် တူညီအောင် ပြင်ဆင်ရမယ့်အပိုင်းမှာ မူလရုံးရဲ့ စီရင်ချက်ကို ပြင်ဆင်အမိန့်ချမှတ်ဖို့လိုတယ်လို့ ဖော်ပြ ထားပြီး ပြင်ဆင်ပေးပို့ထားတဲ့ ထောင်ပို့ဝရမ်းကို ပြင်ဆင်အမိန့်ချဖို့ဆိုတာမပါဘူး။ အဲဒီတော့ (၇)နှစ်ဆိုတဲ့အမိန့်နဲ့ (၃)နှစ် (၆)လဆိုတဲ့အမိန့်နှစ်မျိုး ကွဲလွဲနေရာမှာ ၃ နှစ် ၆ လဆိုတာကို ပြင်ဆင်အမိန့်ချဖို့ မလိုဘူး။ (၇)နှစ်ဆိုတာကိုသာ ပြင်ဆင်အမိန့်ချရမယ့် သဘောလို့ ကိုယ်က အဓိပ္ပာယ်ကောက်တယ်။ ဒါလည်း ကိုယ့်အနေနဲ့ ဆန္ဒစွဲနဲ့ရှုမြင်နေတာ ဖြစ်မလားမသိဘူး"

ဖိုးဖြူစင်က သူ့ထင်မြင်ချက်ကို ရှင်းပြခဲ့တာဖြစ်ပါတယ်။ ပြောမယ့်သာ ပြောနေရတယ်။ သူ့ထင်မြင်ယူဆချက်ဟာ စိတ်ချလောက်အောင် ခိုင်မာသေချာမှု ရှိလှတာမဟုတ်ဘူးလို့လည်း ထင်နေမိပါတယ်။

"အဲဒါဆိုအစ်ကိုရာ တိုင်းတရားရုံးက သင့်လျော်တဲ့အမိန့်ကိုချမှတ်ရန်ဘာညာပြောမနေတော့ဘဲ (၃) နှစ် (၆) လလို့ ပြင်ဆင်အမိန့်ချပါလို့ ညွှန်ကြားလိုက်ရင်ပြီးတာပဲ မဟုတ်လား အစ်ကိုရာ"

ကိုကျော်ဝင်းကရယ်ကျဲကျဲနှင့် အားမလိုအားမရဆိုလာပါတယ်။

"ဒီမှာငါ့ညီရဲ့တရားစီရင်ရေးကိစ္စဆိုတာ သူငယ်တန်းကလေးတွေကို ဝလုံးတစ်ထောင် ရေးခိုင်းထားတာမျိုးလို သွားလုပ်လို့ရတာမျိုး မဟုတ်ဘူးကွ။ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေစည်း မျဉ်းစည်းကမ်း လုပ်ထုံး လုပ်နည်းတွေနဲ့အညီ လုပ်ရတာ။ ခုကိစ္စကိုပဲကြည့်လေ၊ တိုင်းတရားရုံးက သင့်မြတ်သော အမိန့်ချမှတ်ပါလို့ ဆိုထားတာ။ ဒါက တရားရုံးရဲ့ လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ကို လေးစား အသိအမှတ်ပြုထားတာ။ တို့ကအခွင့်အာဏာ အမြင့်ဆုံးတရားရုံးပဲ၊ အောက်ရုံးက



www.burmeseclassic.com

www.burmeseclassic.com



ဟိုလိုအမိန့်ချလိုက် ပါ။ ဒီလိုအမိန့်ချ လိုက်ပါလို့ ဝင်ရောက်စွက်ဖက်တာ မဟုတ်ဘူး။ အေး… အောက်ရုံးရဲ့ အမိန့်က မှားနေတယ် ဥပဒေနဲ့ မညီဘူးလို့ တွေ့ရှိရင် အမှုတွဲတောင်းခေါ်ပြီး နည်းလမ်းတကျ ပြင်ဆင်မယ်။ ဒါဟာ တရား စီရင်ရေးနယ်ပယ်မှာ ကျင့်သုံးမြဲဖြစ်တဲ့ ထုံးနည်း ဟောင်းတစ်ခုဖြစ်တယ်။ ငါက ရာထူးကြီး တယ်၊ အာဏာရှိတယ်ဆိုပြီး တရားရုံးရဲ့ စီရင် ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်မယ်ဆိုရင် အဲဒါ လွတ်လပ်တဲ့ တရားစီရင်ရေးမဟုတ်တော့ဘူး။ ခုကိစ္စမှာပဲ ကြည့်လေ တို့တတွေအောက်ခြေမှာ စာကိုအရှည်တွေရေးပြီး နှစ်နဲ့ချီရှုပ်ပြီးလည်နေတဲ့ ကိစ္စကို ဥပဒေနဲ့အညီဘယ်ပုံ ဘယ်နည်းဆောင် ရွက်ပါလို့ လမ်းညွှန်ပေးခဲ့တဲ့ ကိစ္စဟာ ဘယ်လောက်နည်းလမ်းကျပြီး ဘယ်လောက်သိမ်မွေ့ တယ်ဆိုတာ တွေ့ကြပြီ မဟုတ်လား။



BURMESE CLASSIC .com

အလုပ်များနေတဲ့ ကျောင်းဆရာတစ်ယောက်က သူ့အလုပ်တွေကို လုပ်နိုင်ဖို့အတွက် တပည့်တွေကို ဝလုံးတစ်ထောင်ရေးခိုင်းထားပြီး သူ့အလုပ်သူ ဆက်လုပ်နေခဲ့တယ်ဆိုတဲ့ပြက်လုံးနဲ့ ကိုကျော်ဝင်းကို ဖိုးဖြူစင်က ကလိလိုက်တာဖြစ်ပါတယ်။

"ဟုတ်ပါ့ဗျာဟုတ်ပ။ အင်မတန်သိမ်မွေ့နက်နဲလှပါတယ်။ ကျွန်တော်က ဥပဒေသမား မဟုတ်လို့ မသိနားမလည်လို့ ပြောမိတာပါ။ ခြံထဲမှာ နွားဘယ်နှကောင်ရှိတယ်ဆိုတာ ခြေထောက်တွေကိုရေ လေးနဲ့စား၊ ဂျိုတွေပါထည့်ရေ ခြောက်နဲ့စား အမြီးတွေပါထည့်ရေ ခုနစ်နဲ့စားပြီး အကောင်ရေ ပြန်ဖွဲ့တာမျိုးထက်စာရင် တစ်ကောင်နှစ်ကောင်လို့ ရေလိုက်ရင် ပိုမြန် ပိုကောင်းမလားလို့ ပြောကြည့်မိတာပါ။ ပညာရပ်တော့ မမြောက်ဘူးလို့ ဆိုနိုင်မှာပေါ့နော် ဟဲ ဟဲ"

ဖိုးဖြူစင်နဲ့ ကိုကျော်ဝင်းတို့ အပြန်အလှန် နောက်ပြောင်ကျီစယ်ပြောဆိုနေကြတာကိုကြည့်ပြီး ကိုပန်ကြီး ခမျာ ပြုံးရမလို မဲ့ရမလို ဖြစ်နေခဲ့ရှာပါတော့တယ်။

❖❖❖

"ဆရာအကြောင်းကြားလိုက်တဲ့ သတင်းရရခြင်း ကျွန်တော်တို့ ချက်ချင်းလာခဲ့ကြတာပါ ဆရာချစ်အွေ့ရဲ့ ပြင်ဆင်မှုကို အမိန့်ချလိုက်ပြီဆို၊ ဘယ်လိုတဲ့လဲဆရာ၊ ကျွန်တော်ဖြင့် ရင်တွေခုန်နေတော့တာပါပဲ အဘိုးကြီး အဘွားကြီးတွေလည်း၊ ခြေမကိုင်မိလက်မကိုင်မိဆိုတာလို ယောက်ယက်ခတ်ကျန်ခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ခရီးရောက်မဆိုက် ကတိုက်ကရိုက် အလောတကြီးမေးလာတဲ့ ကိုပန်ကြီးရဲ့ စကားကို ဖိုးဖြူစင်က ရုတ်တရက်ပြန်မဖြေသေးဘဲ၊ သူစိတ်ငြိမ်သွားအောင် စောင့်နေခဲ့ရပါတယ်။

"အစ်ကိုပြောတဲ့ တိုင်းတရားရုံးရဲ့ အမိန့်က ရောက်လာပြီလား"ကိုကျော်ဝင်းကတော့ တည်တည် ငြိမ်ငြိမ်ပဲ ဆက်မေးပါတယ်။

"ဟုတ်ပါတယ်၊ တိုင်းရုံးက အမှုတွဲနဲ့ အမိန့်ရောက်လာပါပြီ၊ တိုင်းရုံးက ဝန်ထမ်းတစ်ဦး ကိုယ်တိုင် လာပို့တာပါ၊ တိုင်းရုံးရဲ့စီရင်ချက်ကို ဗဟိုတရားရုံးကို အမြန်တင်ပြရမယ်ဆိုလို့ အဲဒီဝန်ထမ်းပဲ၊ တရားရုံးချုပ်ကို ဆက်သွားပါပြီ၊"

BURMESE CLASSIC .com

"အော်,...ဟုတ်လား၊ ဒါနဲ့ အမိန့်က....."

"အမိန့်က ဒီအမှုတွဲမှာပါလာပါတယ်။ ကဲ့..၊ ကိုယ်ပဲဖတ်ပြပါမယ် လိုရင်းပဲပေါ့နော်၊ ပထမပိုင်းမှာ အမှုဖြစ်စဉ်တွေကို ရေးထားတာတွေကိုတော့ ထားလိုက်ပါတော့ အရေးကြီးတဲ့ အမိန့်ကိုပဲ ဖတ်ပြတော့ မယ် (....ထို့ကြောင့် တရားခံမောင်ချစ်ဆွေအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရ ပြစ်ဒဏ် (၇) နှစ် သတ်မှတ်ထားခြင်းအပေါ်၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ပါ၊ အကျိုးခံစားခွင့်များ ရရှိသဖြင့် ထိုခံစားခွင့် များကို ထည့်သွင်းစဉ်းစား၍ မောင်ချစ်ဆွေအား အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်နှင့် ၆ လ ကျခံစေရန် ပြင်ဆင်မိန့် ချမှတ်လိုက်သည်။)-တဲ့၊ စီရင်ချက်နဲ့ထောင်ပို့ဝရမ်းက ဒီနေ့ဒါမှမဟုတ် မနက်ဖြန်ဆို အကျဉ်းထောင်ကို ရောက်လောက်ပါပြီ၊ ကဲ ဘယ့်နှယ်လဲ ကျောင်းဆရာကျေနပ်ပြီလား၊ ဒီကိစ္စကတော့ ရှာလည်နေပါပြီလို့ တစ်မျိုး၊ ဒီပုံနဲ့တော့ မိုးကြီးချုပ်လို့တောင်မှ အိမ်ပြန်ရောက်ပါတော့မလားလို့တဖုံ မောင်ရင်ပြောခဲ့တဲ့ ကိစ္စ၊ အခုလမ်းဆုံးတော့ ရွာကို ရောက်တော့တာပဲ မဟုတ်လား ဘာများပြောချင်ပါသေးသလဲ။"

ဖိုးဖြူစင်က-တိုင်းရုံးရဲ့ အမိန့်ကို ဖတ်ပြပြီးနောက်မှာ ကိုကျော်ဝင်းကို ခပ်ထွေထွေပြောလိုက်ကြပါ တယ်။ "လမ်းဆုံးလို့ ရွာရောက်တာတော့ ဟုတ်သွားပါပြီပေါ့အစ်ကိုရယ် ကျွန်တော်က နေဝင်ရွာကပ် မှန်းထားတာ၊ အခုတော့ ရောက်တော့ရောက်ပါရဲ့ သန်းကောင်ယံ-လွန်မြောက်မှ ပြန်ရောက်လာတာဆိုတော့ မချင့်မရဲတော့ ဖြစ်မိပါတယ်။ ပေးတော့ပေးပါရဲ့...ပေးသလောက်တော့ မရသလိုများ ဖြစ်နေသသလားလို့"

"ဟာ ဆရာလည်း ကျွန်တော်ကတော့ နဂိုချမှတ်ထားတဲ့ ပြစ်ဒဏ်စေ့မှ ပြန်ရောက်တော့မှာပဲလို့ တောင် ထင်ထားတာ၊ အခုပြန်ရောက်လာတော့မယ်ဆိုတော့ နေဝင်ချိန်ရောက်ရောက် သန်းကောင်ချိန် ရောက်ရောက် ပြန်ရောက်တော့မှာကိုပဲ ကျေနပ်နေပါပြီ။ ရောက်သင့်တဲ့ ရောက်ရမယ့်အချိန်ကို ပြန်မ ရောက်ရတာကတော့ 'ကံ'ပေါ့ဆရာရယ်၊ သူ့ရဲ့ အတိတ်ကံကြောင့်လို့ပဲဆိုရတော့မှာပေါ့၊ ကျွန်တော် ကတော့ အတော် ဝမ်းသာနေပါပြီ"

ကိုပန်ကြီးက ကိုကျော်ဝင်းရဲ့ စကားကြောင့် ဖိုးဖြူစင်ကို အားနာသွား ပုံရပြီး ကတိုက်ကရိုက်ဝင် ပြောပါတယ်။ ဖိုးဖြူစင်နဲ့ကိုကျော်ဝင်းတို့ကတော့ ပြောမနာ၊ဆိုမနာရင်းနှီး ကျွမ်းဝင်ကြသူတွေဖြစ်လို့ အပြန် အလှန်ထေ့ကြငေါ့ကြ ကလိကြတာတွေကို ပေါ့ပေါ့ပါးပါး သဘောထား ပြီး ရယ်နေခဲ့ကြတာပါပဲ။ အကျဉ်း ထောင်ကို အချိန်မီ လိုက်သွားကြမယ့် ကိုကျော်ဝင်းနဲ့ ကိုပန်ကြီးတို့ တက်တက်ကြွကြွနဲ့ နှုတ်ဆက်ထွက်ခွာ

www.burmeseclassic.com

www.burmeseclassic.com



သွားကြတဲ့အခါမှာ ဖိုးဖြူစင်ဟာ ပုခုံးထက် ဦးခေါင်းထက်က ဝန်ထုပ်ကြီးတစ်ခုကျသွားသလို စားပွဲပေါ်က မောင်ချစ်ဆွေရဲ့ အမှုတွဲကြီးကို ငေးမောကြည့်နေခဲ့မိပါတော့တယ်။

နေဝင်ရှာကပ်ဖို့ မျှော်လင့်ထားပေမယ့် သန်းကောင်ယံလွန်တော့မှ ပြန်ရောက်လာတော့တယ် ဆိုတဲ့ ကိုကျော်ဝင်းရဲ့ စကားသံက ဖိုးဖြူစင်ရဲ့ နားထဲက မထွက်နိုင်အောင် ဖြစ်ခဲ့ရသလို အဲဒီလို ဖြစ်ခဲ့ရတာဟာ မောင်ချစ်ဆွေရဲ့ အတိတ်ကံကြောင့်လို့ပဲ ဆိုရတော့မှာပေါ့ဆိုတဲ့ ကိုပန်ကြီးရဲ့ စကားသံကိုလည်း သူကြားယောင်နေခဲ့မိတာပါပဲ။

ဖိုးဖြူစင်က မောင်ချစ်ဆွေရဲ့ အမှုတွဲပါ နေ့စဉ်မှတ်တမ်းတွေထဲက မှတ်စုစုလေးတွေကိုလည်း ပြန်ဖတ်ကြည့်မိပါတယ်။ အမှုတွဲပါ မှတ်တမ်းအရ မောင်ချစ်ဆွေစတင် အချုပ်ခံရတာ ၃-၆-၇၉ ရက်နေ့ဖြစ်ပြီး တိုင်းတရားရုံးမှာ ပြင်ဆင်မှု အမိန့်ချမှတ်ပြီး အမှုပြီးပြတ်တဲ့နေ့က ၃-၁-၈၅ ဖြစ်ကာ အမှုစစ်နေတဲ့ ကာလအတွင်း အာမခံပေးထားတဲ့ ကာလတွေ၊ အမိန့်မချမီ ချုပ်ရက်တွေပါ၊ ထည့်သွင်း တွက်ချက်ကြည့်လိုက်တဲ့အခါ မောင်ချစ်ဆွေကျခံခဲ့ရတဲ့ ပြစ်ဒဏ်ကာလဟာ (၄) နှစ် (၂) လနဲ့ (၂၆) ရက် ဖြစ်နေတာတွေ့ရပါတယ်။ သူဟာ နောက်ဆုံးပြင်ဆင် သတ်မှတ်တဲ့ ပြစ်ဒဏ် (၃) နှစ် (၆) လသာ ကျခံ ရမယ်ဆိုလျှင်၊ သူအမှန်တကယ် ကျခံခဲ့ရတဲ့ ပြစ်ဒဏ်ကာလဟာ ပိုနေပြီး ထောင်ထဲမှာ (၈) လ (၂၆) ရက် ပိုနေခဲ့ရတဲ့ သဘောဖြစ်နေပါတယ်၊ ထောင်ထဲမှာ ချည်း (၄) နှစ်နီးပါး (၃ နှစ် ၁၁ လ ၂၁ ရက်) နေခဲ့ရတဲ့အတွက် ထောင်ကပေးလေ့ရှိတဲ့ လျှော့ရက် ဆုမှတ်ရက်စေ့တဲ့ နှုတ်ရ လျှော့ရမယ့် ရက်တွေပါ ထည့်တွက်လျှင် ထောင်ထဲမှာ သူပိုနေခဲ့ရတဲ့ ကာလဟာ (၈) လ (၂၆) ရက်ထက်ပင် ပိုနေ ဦးမှာဖြစ်ပါတယ်။ ဒါဆိုရင် သူဟာ နိုင်ငံတော်က လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့ (၃) နှစ် (၆) လဆိုတဲ့ ကာလကို အပြည့်အဝ ခံစားခွင့်မရဘဲ ဆုံးရှုံးနစ်နာခဲ့ရတာဖြစ်ပြီး အကြမ်းဖျင်းတွက်ကြည့်တဲ့အခါ သူဟာ ထောင်ထဲမှာ (၁) နှစ်နီးပါး ပိုပြီးနေခဲ့ရတဲ့ သဘောပင်ဖြစ်နေနိုင်မယ် ထင်ပါတယ်။

BURMESE CLASSIC .com

အဆိုးထဲက အကောင်းကို ရှာကြည့်တတ်တဲ့ အကောင်းမြင်ဘက်က သုံးသပ်ကြည့်လျှင်တော့ မောင်ချစ်ဆွေဟာ ထောင်ထဲမှာ ၂ နှစ်ကျော် ဆက်နေရမယ့် အနေအထားကနေ လွတ်မြောက်လာခဲ့ ကာ သူ့ကိုမျှော်နေရှာတဲ့ မိအိုဖအိုကြီးတွေရဲ့ ရင်ခွင်ကို ပြန်လည်ခိုဝင်ခွင့်ရလာတာကတော့ ကြည်နူး ဝမ်းမြောက်

အဆင့်ဆင့်သော တာဝန်ရှိအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များဟာ မတူကွဲပြားတဲ့အမြင်တွေ ရှိခဲ့ကြ လင့်ကစား သဘောရိုးနဲ့ဆောင်ရွက်ခဲ့ကြတာသာ ဖြစ်တယ်ဆိုတာ ယုံမှားသံသယရှိစရာမလိုသလို အကျဉ်းသားတစ်ဦးတစ်ဦးကို ထိခိုက်နစ်နာစေလိုတဲ့ စေတနာမျိုး၊ ရည်ရွယ်ချက်၊ ကြံရွယ်ချက်မျိုး မရှိခဲ့ကြတာကိုလည်း.....

www.burmeseclassic.com

www.burmeseclassic.com



စရာပေပဲလို့ ဆိုနိုင်ကောင်းမယ် ထင်ပါတယ်။ အဲဒီလို ရလဒ်ကောင်းရဖို့အတွက် သူ့အမှုကို စစ်ဆေးခဲ့တဲ့ မြို့နယ်တရားရုံးနဲ့ တရားရုံးချုပ် အဆင့်များအပါအဝင် အကျဉ်းထောင်မှ တာဝန်ရှိ ပြည်သူ့ဝန်ထမ်းများပါ စုပေါင်းဆောင်ရွက်ခဲ့ကြရတာ ဖြစ်ပါတယ်။

BURMESE CLASSIC .com

ဒဿနိက ပညာရှိကြီး ဂိုဆက်ဗီးယားက "ရှေ့နေများဟာ အပြစ်မဲ့သူများအတွက် ခံတပ်၊ ရာဇဝတ်ကောင်များအတွက် ကြာပွတ်ဖြစ်ရမယ်လို့ ဆိုခဲ့ပါတယ်။ တကယ်တော့ အဲဒီအဆိုအမိန့်ဟာ ရှေ့နေများအတွက် သာမဟုတ်၊ တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေ၊ အကျဉ်းဦးစီးဌာန ဝန်ထမ်းတွေသာမက ဆိုင်ရာဥပဒေတွေနဲ့အညီ တာဝန်ယူဆောင်ရွက်နေကြရတဲ့ ပြည်သူ့ဝန်ထမ်းတွေ အတွက်ပါ ရည်ညွှန်းကောင်းတဲ့ အဆိုအမိန့်တစ်ခုအဖြစ် ဖိုးဖြူစင်က ချဲ့ထွင်စဉ်းစားမိပါတယ်။ နိုင်ငံတော်ကို သစ္စာခံထားရတဲ့ ပြည်သူ့ဝန်ထမ်းတွေ၊ အဖွဲ့အစည်းတွေဟာ အပြစ်မဲ့သူတွေ၊ ဥပဒေနဲ့အညီ ခံစားခွင့် ခံစားထိုက်သူတွေအတွက် အခွင့်အရေးတွေ မဆုံးရှုံးရလေအောင် အခိုင်အမာ ရပ်တည် အကာအကွယ် ပေးနိုင်တဲ့ ခံတပ်ကြီးတွေ အဖြစ်တွေ့မြင်ခွင့်ရလေလေ၊ ပို၍ကောင်းလေလေ၊ ဖြစ်လာမှာပဲလို့ ထင် မြင်မိသလို စိတ်ကူးနဲ့မှန်းဆတောင့်တ နေမိခဲ့မိပါတယ်။

အကျဉ်းသားဘဝမှာ ဘယ်သူမှတစ်နာရီ တစ်မိနစ်မျှတောင် မနေချင်ကြတာဆိုတော့ အခုလို တစ်နှစ်နီးပါးလောက် ထောင်ထဲမှာ ပိုနေခဲ့ရတဲ့သူ့အဖို့ နစ်နာဆုံးရှုံးခဲ့ရတာအမှန်ပဲ ဖြစ်တယ်လို့ ဖိုးဖြူစင် သဘောထားခဲ့ပါတယ်။ ဒါကြောင့်လည်း ကိုကျော်ဝင်းကပေးတော့ ပေးပါရဲ့။ ဒါပေမယ့် ပေးသလောက်တော့ မရခဲ့ဘူးလို့ပြောခဲ့တာ မလွန်ဘူးလို့လည်း ထင်ခဲ့မိပါတယ်။ ဒါပေမယ့် ကိုပန်ကြီးကတော့ ရသလောက် အမြတ်ပဲလို့ တွက်ခဲ့ဟန်တူပါတယ်။ မောင်ချစ်ဆွေအဖို့ နစ်နာဆုံးရှုံးခဲ့ရတာ ဆိုစေဦးတော့ ဒါဟာ သူ့ရဲ့ အတိတ်ကံကြောင့်ပဲလို့ အကောင်းဘက်က ရှုမြင်ခဲ့တာတွေ့ရပါတယ်။ သနားကြင်နာခြင်း၊ သည်းခံခြင်း ခွင့်လွှတ်တတ်ခြင်းဆိုတဲ့ သဘောတရားရဲ့ အဆုံးအမတွေနဲ့ စဉ်ဆက်မပြတ် ဖြတ်သန်းလာခဲ့ကြရတဲ့ မြန်မာ လူမျိုးအများစုကြီးရဲ့ စရိုက်လက္ခဏာပင် ဖြစ်လေမလားလို့လည်း ဖိုးဖြူစင်တွေးခဲ့မိတာပါပဲ။

ရောက်တတ်ရာရာ တွေးနေခဲ့ရာကနေ လွန်ခဲ့တနှစ်ပေါင်း နှစ်ဆယ်လောက်က ဖြစ်လေမလားမသိ။ သူကြည့်ခဲ့ရဖူးတဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကား ဖိုးဖြူစင်ပြန်ပြီး သတိရမိပါတယ်။ နှစ်အတန်ကြာခဲ့ပြီဆိုတော့ ဇာတ်လမ်းအတိအကျတော့ သူမမှတ်မိတော့ပါဘူး။ ရုပ်ရှင်ဇာတ်ကားအမည်က သံမဏိသစ္စာ ဆိုထင်ပါရဲ့။ အဲဒီဇာတ်ကားမှာ လူတစ်ယောက်ဟာ လူသတ်မှုနဲ့ ပြစ်ဒဏ်စီရင်တာခံခဲ့ရပါတယ်။ ထောင်ထဲမှာ နှစ်ရှည်ကြာစွာ အကျဉ်းကျခံခဲ့ရပါတယ်။ တကယ်တော့ သူဟာ လူသတ်မှုကို တကယ်မကျူးလွန်ခဲ့ရဘဲ ပြစ်ဒဏ်စီရင်ခံခဲ့ရတာ ဖြစ်ပါတယ်။ အသတ်ခံရတယ်ဆိုတဲ့လူကလည်း တကယ်မသေခဲ့ပါဘူး။ အမှန်တကယ် သေသွားတယ်လို့ အကွက်ချအမှုဆင်ပြီး တရားခံကို အပြစ်ရအောင် ဖန်တီးခဲ့ကြတာ ဖြစ်ပါတယ်။ တကယ်တော့ အသတ်ခံရတယ်ဆိုတဲ့လူက ခြေရာ ဖျောက်ရုပ်ဖျက်ပြီး အခြားတစ်နေရာမှာ ရှိနေခဲ့တာပါ။ လူသတ်မှု ကျူးလွန်တယ်ဆိုတဲ့လူ ပြစ်ဒဏ်ခံခဲ့ရပြီး ထောင်ကပြန်လွတ်လာခဲ့ပြီးတဲ့နောက် သူသတ်လို့သေခဲ့ပါတယ်ဆိုပြီး ရုပ်ဖျက်ခြေရာဖျောက်နေခဲ့ သူကို ပြန်တွေ့ခဲ့ရပါတော့တယ်။ ဒီတစ်ကြိမ်မှာတော့ ထောင်ကထွက်လာတဲ့လူက အရင်တုန်းက သူသတ်လို့ သေခဲ့ပါပြီဆိုတဲ့လူကို တကယ်ပဲသတ်လိုက်ပါတော့တယ်။ ဒီလိုနဲ့တရားရုံးကို ရောက်ရပြီး

www.burmeseclassic.com



လူသတ်မှုနဲ့ပဲ အမှုစွဲဆိုခဲ့ရပြန်ပါတယ်။ လူသတ်မှု နှစ်မှုမှာ အသတ်ခံရတယ်ဆိုတဲ့ သေသူကတော့ တစ်ဦးတည်း ဖြစ်နေပါတယ်။ အမှုကိုစစ်ဆေးလိုက်တာ နောက်ဆုံးတော့ အမှုမှန်ပေါ်ပေါက်ပြီး ပထမအမှုကို စစ်ဆေး စီရင်ခဲ့စဉ်က တရားခံကို မှားယွင်းစွာ ပြစ်ဒဏ်စီရင်ခဲ့တာ ဖြစ်တယ်ဆိုတာ အမှန်အတိုင်း ပေါ်ပေါက်လာ ပါတော့တယ်။

"ရှုံးမင်းခင်ဗျား လူကြီးမင်းက ဒီအမှုမှာ သေသူကို ကျွန်တော်က သတ်တယ်ဆိုပြီး ကျွန်တော့် အပေါ် စွဲချက်တင်စစ်ဆေးနေပါတယ်။ တကယ်တော့ သေသူဟာ လွန်ခဲ့တဲ့နှစ်များစွာ ကတည်းက ကျွန်တော်က သတ်ခဲ့လို့ သေခဲ့ပြီးပါပြီ။ အဲဒီအမှုကြောင့်ပဲ ကျွန်တော်ဟာ နှစ်ပေါင်းများစွာ ထောင် ဒဏ်ကျခံခဲ့ရပြီးပါပြီ။ ဒီအချက်ကို အထောက်အထားခိုင်ခိုင်လုံလုံ တိတိကျကျ ကျွန်တော်တင်ပြခဲ့ပြီးပါပြီ။ အဲဒီလိုတစ်ချိန်က ကျွန်တော်သတ်ခဲ့လို့ သေခဲ့ပြီးဖြစ်တဲ့လူကို အခုတစ်ခါ ကျွန်တော်က သတ်ပြန်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ခင်ဗျာ" လို့ ရုံးတော်ကိုမေးခွန်းထုတ်ခဲ့ပါတယ်။

နောက်ဆုံးမှာတော့ တရားခံကခုလို လျှောက်လဲတင်ပြခဲ့ပါတယ်။

"ရုံးမင်းခင်ဗျား အခုအမှုတွဲမှာ တွေ့ရှိရတဲ့အချက်အရ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာတုန်းက ကျွန်တော် ဟာ အဲဒီလူကို တကယ်သတ်ခဲ့တာမဟုတ်ဘူးဆိုရင် သတ်ခဲ့ပါတယ်ဆိုပြီး ပြစ်ဒဏ်စီရင်ခံခဲ့ရတဲ့ ကျွန်တော်ဟာ ဘဝပျက်နစ်နာဆုံးရှုံးခဲ့ရတာ မဟုတ်ပါလား။ ဒီလိုဆိုရင် ကျွန်တော့်ဘဝတစ်ခုလုံး ရင်းနှီးပေးဆပ်ခဲ့ရတဲ့ ကျွန်တော့်ရဲ့ နစ်နာဆုံးရှုံးခဲ့ရမှုအတွက် ဘယ်ပုံဘယ်နည်းစဉ်းစားပြီး ဘယ်သူ က ဘယ်လိုအလျော်ပေးမှာပါလဲ ခင်ဗျား"တဲ့။

BURMESE CLASSIC .com

မောင်ချစ်ဆွေရဲ့ဖြစ်ရပ်ကို ဖိုးဖြူစင် ဉာဏ်မီသ၍ ခြုံငုံသုံးသပ်ကြည့်ပါတယ်။ ဒီပြဿနာ ဖြစ်ပေါ် စေခဲ့ရတဲ့ အခြေခံအကြောင်းရင်းဟာ နိုင်ငံတော်က ထုတ်ပြန်ကြေညာခဲ့တဲ့အမိန့်ကြေညာချက်နဲ့ တရားရုံးချုပ်က ထုတ်ပြန်ခဲ့တဲ့ ပထမညွှန်ကြားချက်အကြား အဓိပ္ပာယ်ကောက်ယူရာမှာ မတူကွဲပြားတဲ့ အယူအဆတွေ ဖြစ်ပေါ်နိုင်စရာဖြစ်ခဲ့တဲ့ အချက်လို့ထင်ပါတယ်။

မောင်ချစ်ဆွေ အမှုကိုစီရင်ခဲ့တဲ့ မူလရုံးက ပထမညွှန်ကြားချက်အတိုင်း ထိုက်သင့်တဲ့ပြစ်ဒဏ် (၇) နှစ်စီရင်ပြီး လွတ်ငြိမ်းချမ်းသာခွင့် အမိန့်နဲ့ အကျုံးဝင်တယ်။ ခံစားခွင့်ရှိတယ်လို့ မှတ်ချက်ရေးတယ်။ သူချမှတ်တဲ့ ပြစ်ဒဏ် (၇)နှစ်ဟာ ထိုက်သင့်တဲ့ ပြစ်ဒဏ်သာဖြစ်တယ်။ လွတ်ငြိမ်းချမ်းသာ ခွင့်အမိန့်ပါ ခံစားခွင့်ကို ထည့်သွင်းစဉ်းစားခြင်းမပြုရသေးပါဘူး။ ဒါကြောင့် သူစီရင်တဲ့ ထိုက်သင့်တဲ့ ပြစ်ဒဏ်ရဲ့တစ်ဝက်ကို ပထမညွှန်ကြားချက်အရ အကျဉ်းထောင်က လျှော့ပေါ့ပေးလိမ့်မယ်လို့ ယုံကြည်ခဲ့တယ်။ ထိုစဉ်က ဂဟည်ဆဲ ညွှန်ကြားချက်အရမူလရုံးတရားသူကြီးရဲ့ ဆောင်ရွက်ချက်ဟာ မှားတယ်လို့ မဆိုနိုင်ဘူး ထင်ပါတယ်။

နိုင်ငံတော်ရဲ့ အမိန့်ကြေညာချက်အရ လူသတ်မှုကို ထောင်ဒဏ် (၁၀)နှစ်ထက်ပိုပြီး ပြစ်ဒဏ် မပေးရလို့ပါတဲ့အတွက် မူလရုံးက စီရင်ထားတဲ့ပြစ်ဒဏ် (၇) နှစ်ဟာ (၁၀)နှစ်ထက်မပိုတဲ့အတွက် လွတ်ငြိမ်း ချမ်းသာခွင့် ခံစားပြီးဖြစ်တယ်။ ထပ်မံလျှော့ပေးဖို့မလိုဘူးဆိုတဲ့ ထောင်တာဝန်ခံအရာရှိရဲ့ အယူအဆဟာလည်း မှားယွင်းမှုမရှိဘူးလို့ ဆိုရမှာပဲ ထင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အကောက်အယူကွဲပြားနေစရာတွေ ရှိနေလို့ တရားရုံးချုပ်က ဒုတိယညွှန်ကြားချက်ကိုထပ်မံထုတ်ပြန်ခဲ့တာ ဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။ ဒုတိယညွှန်ကြားချက်အရ မူလရုံးက ပြစ်ဒဏ်စီရင်ရာမှာ ထိုက်သင့်တဲ့ပြစ်ဒဏ်ကို စီရင်၊ လွတ်ငြိမ်းချမ်းသာခွင့် ရထိုက်တယ်ဆိုလျှင် မူလရုံးကပဲ ဆုံးဖြတ်ပြီးအပြီးသတ်ချမှတ်တဲ့ ပြစ်ဒဏ်ကို စီရင်ရမယ်လို့ ညွှန်ကြားလိုက်တော့ အငြင်းပွားဖွယ် ပြဿနာတွေ ကင်းရှင်းသွားပါတယ်။ တရားရုံးနဲ့ အကျဉ်းထောင်အကြား အယူအဆမတူကွဲပြား စရာလည်းမရှိတော့ဘဲ ပြေလည်ချောမွေ့သွားပါတယ်။ ပထမညွှန်ကြားချက်နဲ့ ဒုတိယညွှန်ကြားချက်အကြား စီရင်တဲ့အမှုအချို့မှာသာ မောင်ချစ်ဆွေလိုဖြစ်ရပ်မျိုး ကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။

ဖြေရှင်းရခက်ခဲကြန့်ကြာနေပြီး လိပ်ခဲတည်းလည်း ဖြစ်နေတဲ့ ပြဿနာကို စနစ်တကျစုစည်းသုံးသပ်ပြီး ပြင်ဆင်မှုဖွင့်ကာ ဥပဒေနဲ့အညီ ပြန်လည်တည့်မတ်စေခဲ့တဲ့ တရားရုံးချုပ်ရဲ့ လမ်းညွှန် ထိန်းသိမ်းပေးခဲ့မှုကလည်းသတိမမူလို့ ဥမမြင်ဆိုတာမျိုးဖြစ်ခဲ့တဲ့ အဖိုးတန်သင်ခန်းစာ တစ်ခုရရှိစေခဲ့တာပါပဲ။

အဆင့်ဆင့်သော တာဝန်ရှိအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များဟာ မတူကွဲပြားတဲ့အမြင်တွေ ရှိခဲ့ကြလင့်ကစား သဘောရိုးနဲ့ဆောင်ရွက်ခဲ့ကြတာသာ ဖြစ်တယ်ဆိုတာ ယုံမှားသံသယရှိစရာမလိုသလို အကျဉ်းသား တစ်စုံတစ်ဦးကို ထိခိုက်နစ်နာစေလိုတဲ့ စေတနာမျိုး၊ ရည်ရွယ်ချက်၊ ကြံရွယ်ချက်မျိုး မရှိခဲ့ကြတာကိုလည်း ရိုးရှင်းစွာ ရှုမြင်နိုင်တယ်လို့ ထင်ပါတယ်။

မောင်ချစ်ဆွေကိစ္စမှာ ကိုကျော်ဝင်း၊ ကိုပန်ကြီးတို့လို ထက်ထက်သန်သန်လိုက်ပါအကျိုးဆောင်ပေးခဲ့ကြသူတွေ ရှိလို့ ရလဒ်တစ်စုံတရာရရှိခဲ့သလို၊ အဲဒီလိုအနေအထားမျိုး မရှိလို့ ရလာဒ်ကောင်းတစ်စိတ်တစ်ပိုင်းကိုပင် ခံစားခွင့်မရရှိခဲ့သူတွေလည်း ရှိကောင်းရှိနေနိုင်လေမလားလို့ ဖိုးဖြူစင်တွေးကြည့်ခဲ့ဖူးပါတယ်။

BURMESE CLASSIC .com

မောင်ချစ်ဆွေလိုဖြစ်စေ၊ မောင်ချစ်ဆွေထက် ပိုရှုံးနစ်နာမှုတစ်စုံတရာရှိခဲ့သူတွေက ဖြစ်စေ အထက်မှာတင်ပြခဲ့တဲ့ 'သံမဏိသစ္စာ' ရုပ်ရှင်ဇာတ်ကားထဲက လူသတ်မှုတရားခံလို ""ကျွန်တော့်ရဲ့ နစ်နာ ဆုံးရှုံးရမှုအတွက် ဘယ်ပုံဘယ်နည်းစဉ်းစားပြီး ဘယ်သူတွေက ဘယ်လိုလျော်ကြေးပေးမှာလဲ"" ဆိုတဲ့ မေးခွန်းကိုကာယကံရှင်များရဲ့ ကိုယ်စားဖိုးဖြူစင်က မိမိကိုယ်မိမိ စိတ်ထဲမှာမေးကြည့်ခဲ့မိပါတယ်။ အဲဒီမေးခွန်းအတွက် ကြောင်းကျိုးညီညွတ်တဲ့ လုံလောက်တဲ့ အဖြေတစ်စုံတရာကို ဖိုးဖြူစင်ရှာမတွေ့ခဲ့ပါဘူး။ အမှန်ကို ဝန်ခံရလျှင် နှစ်ပေါင်းသုံးဆယ်တိုင် ကြာလာခဲ့ပြီဖြစ်သည့်တိုင်အောင်လည်း စိတ်ထဲမှာ ရှိခဲ့ဖူးတဲ့ ဒီမေးခွန်းအတွက် ကြောင်းကျိုးညီညွတ်တဲ့လုံလောက်တဲ့ အဖြေတစ်စုံတစ်ရာကို ရှာမတွေ့ခဲ့သေးတာအမှန်ပါပဲ။

""ရောက်သင့်တဲ့အချိန်ပြန်မရောက် (လွတ်သင့်တဲ့အချိန်မှာ ပြန်မလွတ်)သေးတာကတော့ သူ့ရဲ့အတိတ်ကံကြောင့်ပဲဆိုရတော့မှာပဲ"" ဆိုတဲ့ မိုးမခရွာသား ကိုပန်ကြီးရဲ့ စကားသံကတော့ ဖိုးဖြူစင်ရဲ့အကြားအရုံထဲမှာ တိုးတိတ်ညင်သာစွာ ပျံ့လွင့်နေဆဲပါပဲ။

မြတ်နိုး

www.burmeseclassic.com